

ခင်ဖြိုးပိုင်(MESI)

# Change Management & Leadership

## ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု

**BUSINESS INSTITUTE**

*Professional Myanmar Business Leader*

"One Leader Can Change The World"

"ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကို ပြောင်းလဲနိုင်စွမ်းရှိတယ်"

အလုပ်ရှာနေသူများ၊ ကုမ္ပဏီရုံးဝန်ထမ်းများ၊ စီမံခန့်ခွဲမှုမန်နေဂျာများ၊
စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံဦးဆောင်သူများ) အားလုံးအတွက်
**"Change Management & Leadership"**
ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု
မဟာဗျူဟာ စာအုပ်ကောင်းဖြစ်ဖို့ အားထုတ်ရေးသားထားလျှက်. . .

*********

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ဒီဇင်ဘာ၊ ၂၀၁၈

ထုတ်ဝေသူ - ဦးဇင်ဖြိုးပိုင် (Myanmar Entrepreneur SME Business Institute)
အမှတ်(၃၃)၊ မြောင်းမြလမ်း၊ စမ်းချောင်း။
ဖုန်း - ၀၉ ၇၈၈၈၈၈၄၃၄၊ ၀၉ ၈၈၈၉၉၇၇၄

ပုံနှိပ်သူ - ဦးဝင့်ဗိုလ်ဗိုလ်
နန်းသဇင် ပုံနှိပ်တိုက်(၀၀၄၄၁)

မျက်နှာဖုံးဒီဇိုင်း - မြတ်မာလာ (MESI)

အတွင်းဒီဇိုင်း - စန်းမင်းထိုက် (MESI)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၅၀၀၀ ကျပ်

Change Management Leadership — စာမျက်နှာ -၃၂၀
ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲ ဦးဆောင်မှု
ဇင်ဖြိုးပိုင် (MESI)
ဒီဇင်ဘာ၊ ၂၀၁၈
၅.၄ x ၈.၄ လက်မ

# မာတိကာ

## Change Management & Leadership

## ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု


- ဆရာဇင်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်းချုပ် ၁၁
- စာရေးသူ၏ အမှာစာ (ကျေးဇူးတင်လွှာ) ၁၃
- ခေါင်းဆောင်ဖြစ်ဖို့ခေါင်းဆောင်တွေထံမှလေ့လာကြပါစို့ ၁၅
- ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ ၁၈
- စာအုပ်မိတ်ဆက် ၂၅

Change Management & Leadership (New Book)

ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု

# အပိုင်း(၁)

## Job Seeker Level

### မိမိကိုယ်တိုင် ဦးဆောင်မှု အလုပ်ရှာဖွေမှုအဆင့်


- How to Career Planning ၃၅
  (အသက်မွေးဝမ်းအစီအစဉ် ဘယ်လိုရေးဆွဲမလဲ)
- Change ပြောင်းလဲမှုလား ...? ၃၈
  Chance အခွင့်အရေးလား...?
- **How to write your "CV & RESUME"?** ၄၂
  **(သင့်ရဲ့ကိုယ်ရေးအကျဉ်းကို ဘယ်လိုရေးသားမလဲ)**
- **How to Interview** ၄၇
  **(အင်တာဗျူး ဘယ်လိုဖြေဆိုမလဲ)**
- **ဘဝရဲ့အချိန်နာရီ (၁၂-၃)** ၅၂
- **Work Life Balance** ၅၇
  **(အလုပ်နဲ့ ဘဝပုံစံ မျှတစီမံခန့်ခွဲမှု)**
- **Update (8-Q)** ၆၂
  **စွမ်းရည်(၈)မျိုး အကြောင်း**
- **Job Career Opportunity** ၆၇
  **(အလုပ်အကိုင် အခွင့်အလမ်းများ)**
- **GROWTH (ဖွံ့ဖြိုးတိုးတက်ရေးပုံစံဖြင့်)** ၇၂
  **Level-1 အဆင့် ပြောင်းလဲတိုးတက် စီမံဦးဆောင်မှု ပုံစံ**

# အပိုင်း(၂)

## Supervisory Staff Level
## လုပ်ငန်းခွင်ဝင် ဦးဆောင်မှုအဆင့်


- ❖ Self - Management (ကိုယ်တိုင် စီမံခန့်ခွဲမှု) ၇၇
- ❖ Time Management (အချိန်ကို စီမံခန့်ခွဲခြင်း) ၈၀
- ❖ JD for Supervisor (စီမံကြီးကြပ်သူ၏ တာဝန်များ) ၈၃
- ❖ **Teamwork (အသင်းအဖွဲ့နှင့် ဆောင်ရွက်ခြင်း)** **၈၉**
- ❖ **Meeting Management (အစည်းအဝေး စီမံခန့်ခွဲမှု)** **၉၅**
- ❖ **Socail Communication** (လူမှုဆက်ဆံရေး) **၉၉**
- ❖ Systematic Reporting (စနစ်တကျ အစီရင်ခံတင်ပြမှုပုံစံများ) ၁၀၅
- ❖ ဂျပန်နည်းစနစ်ကောင်း 5-S System စီမံခန့်ခွဲနည်း ၁၀၉
- ❖ ခေါင်းဆောင်မှု သင်ခန်းစာ (၁) မကြောက်တတ်တဲ့ ကြောင်လား (သို့မဟုတ်) သူရဲကောင်းဘဝလို ရဲရင့်တဲ့ ခြင်္သေ့လား ၁၁၃
- ❖ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့ ၁၁၆
- ❖ GROWTH (ဖွံ့ဖြိုးတိုးတက်ရေးပုံစံဖြင့်) Level-2 အဆင့် ပြောင်းလဲတိုးတက် စီမံဦးဆောင်မှု ပုံစံ ၁၁၈

# အပိုင်း(၃)

## Staff Manager Level

## ဝန်ထမ်းမန်နေဂျာ ဦးဆောင်မှုအဆင့်


- Professional Manager ၁၂၇

  (ထူးချွန်သော စီမံခန့်ခွဲသူ)
- Change Management ၁၃၁

  **(ပြောင်းလဲမှုကို စီမံခန့်ခွဲခြင်း)**
- **POLC Management Function** ၁၃၆

  **(စီမံခန့်ခွဲမှုပုံစံ)**
- **Problem Solving & Decision Making** ၁၄၂

  **ဆုံးဖြတ်ချက်ချခြင်းနှင့် ပြဿနာဖြေရှင်းခြင်း**
- **PDCA** ၁၄၇

  **လုပ်ငန်းတိုးတက်စီမံခန့်ခွဲနည်း**
- **SMART Management** ၁၅၁

  **နည်းစနစ်ဖြင့် စီမံခန့်ခွဲမှု**
- **အောင်မြင်ရေး (10-C)** ၁၅၅
- **GROWTH (ဖွံ့ဖြိုးတိုးတက်ရေးပုံစံဖြင့်)** ၁၅၈

  **Level-3 အဆင့် ပြောင်းလဲတိုးတက် စီမံဦးဆောင်မှု ပုံစံ**

# အပိုင်း(၄)

## Business Owner Level

### စီးပွားရေးလုပ်ငန်းရှင် ဦးဆောင်မှုအဆင့်


❖ How to Become CEO (CEO ဖြစ်ရန်နည်းလမ်းများ) ၁၆၃

❖ 5 Levels of Leadership (ခေါင်းဆောင်မှုအဆင့် ၅-ဆင့်) ၁၆၈

❖ **Leadership Powers (ခေါင်းဆောင်မှုဆိုင်ရာ အာဏာများ)** ၁၇၅

❖ **5M Business Management (စီးပွားရေးစီမံခန့်ခွဲမှု 5M ပုံစံ)** ၁၈၁

❖ **7 Steps of Business Millionaire (မီလျံနာစီးပွားရေးအဆင့် ၇-ဆင့်)** ၁၈၆

❖ **အောင်မြင်တိုးတက်သော လုပ်ငန်းများအတွက်** (မဟာဗျူဟာ ၁၀-ချက်) ၁၉၇

❖ ကမ္ဘာကျော်လုပ်ငန်းတွေ Franchise ဘယ်လိုထူထောင်ကြသလဲ ၂၀၃

❖ နိုင်ငံခြားနဲ့ ဘယ်လိုပုံစံ လုပ်ငန်းပေါင်းစည်းဆောင်ရွက်နိုင်ပြီလဲ ၂၀၈

❖ MOU လုပ်ငန်းနှစ်ဦးသဘောတူ ဆောင်ရွက်နည်းများ ၂၁၂

❖ ခေါင်းဆောင်မှုသင်ခန်းစာ (၂) မိုင်ထောင်ချီခရီး တဦးတည်ပျံသန်းမလား (သို့မဟုတ်) အသင်းအဖွဲ့နဲ့ပျံသန်းမလား ၂၁၆

❖ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့ ၂၂၀

❖ GROWTH (ဖွံ့ဖြိုးတိုးတက်ရေးပုံစံဖြင့်) Level-4 အဆင့် ပြောင်းလဲတိုးတက် စီမံဦးဆောင်မှု ပုံစံ ၂၂၂

# အပိုင်း(၅)

## Country Leader Level

### နိုင်ငံအဆင့် ဦးဆောင်မှုအဆင့်


- Difference in Myanmar & Singapore (မြန်မာ နှင့် စင်္ကာပူ ကွာခြားချက်) ၂၂၇
- P - Potential (ဖြစ်လာနိုင်ခြေ)နဲ့ P - Preparation (ပြင်ဆင်ထားမှု) ၂၃၆
- **PESTEL Business Analysis (နိုင်ငံစီးပွားရေးဆိုင်ရာ PESTEL ဆန်းစစ်သုံးသပ်မှုများ)** ၂၄၀
- **Business Systems in World (ကမ္ဘာတဝှမ်းရှိ စီးပွားရေးစနစ်များ)** ၂၄၇
- **မြန်မာ့စီးပွားရေး ဘာကြောင့်ကျသလဲ** ၂၅၁
- **International Trading** (နိုင်ငံတကာ ကုန်သွယ်ရေး) ၂၅၆
- What is FDI ..? (နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြုပ်နှံမှုဟူသည်) ၂၆၂
- ခေါင်းဆောင်မှု သင်ခန်းစာ (၃) မိမိနိုင်ငံကို ဦးစွာကယ်တင်မှာလား (သို့မဟုတ်) ကမ္ဘာ့ကြီးကို ကယ်တင်ဖို့ကြိုးစားမလား ၂၆၈
- GROWTH (ဖွံ့ဖြိုးတိုးတက်ရေးပုံစံဖြင့်) Level-5 အဆင့် ပြောင်းလဲတိုးတက် စီမံဦးဆောင်မှု ပုံစံ ၂၇၂

## အပိုင်း(၆)

### နိုင်ငံ စီးပွားရေး၊ ပညာရေး အင်တာဗျူးမှတ်တမ်းများ


- ❖ ၂၀၁၆ အလွန် မြန်မာ့စီးပွားရေး အလားအလာ (City FM အင်တာဗျူး) ၂၇၅
- ❖ မြန်မာ့စီးပွားရေးနှင့် ပညာရေးကဏ္ဍ (Mizzima Media အင်တာဗျူး) ၂၈၂
- ❖ စွန့်ဦးတီထွင်မှုနှင့် AEC ခေတ်ပြိုင်စီးပွားရေးကဏ္ဍ (ပြည်မြန်မာ အင်တာဗျူး) ၂၈၉
- ❖ Entrepreneur Myanmar Magazine နှင့် Interview ၂၉၅


## အပိုင်း(၇)

### နိဂုံးချုပ်


- ❖ 5 Levels of Leadership စီမံခန့်ခွဲသွားမှု အဆင့်(၅)ဆင့် ၃၀၁
- ❖ The Law of Balance in Management & Leadership နှစ်ဖက်မျှတသော စီမံမှုနှင့် ဦးဆောင်မှု ဥပဒေသများ ၃၀၄
- ❖ Management & Leadership (ကမ္ဘာကျော် ဥပဒေသများ) ၃၀၇
- ❖ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့ (နေ့စဉ်ခေါင်းဆောင်စိတ်များ နှိုးကြားရေးသံစဉ်ဌါန်) ၃၂၂


MESI
ဇင်ဖြိုးပိုင်
MYANMAR BUSINESS LEADER CONFERENCE
Entrepreneur
Myanmar

# ဆရာဇော်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်း

ဆရာဦးဇော်ဖြိုးပိုင်သည်MESI Business Institute သင်တန်းကျောင်းအား ဦးစီးထူထောင်ထားပြီး CEO နှင့် Principal တစ်ဦးအဖြစ် တာဝန်ယူထားလျက် မြန်မာနိုင်ငံအနှံ့ မြို့ပေါင်း ၂၈ မြို့အထိ စီမံခန့်ခွဲမှုဆိုင် Seminar များ၊ အင်္ဂလန်နိုင်ငံအသိအမှတ်ပြု UK Diploma သင်တန်းများဖြင့် စီမံခန့်ခွဲမှု သင်သန်းသားပေါင်း (၁၀၀၀)ကျော်သို့ သင်တန်းများလည်း ပို့ချခဲ့ပြီးဖြစ်ပါသည်။

ဆရာသည် စင်္ကာပူနိုင်ငံတွင် စီးပွားရေးဖြင့် ကျောင်းပြီးထားပြီး ယခုတွင် Switzer Land နိုင်ငံ၊ Poland နိုင်ငံတို့မှ International Management နှင့် Business Administration မဟာဘွဲ့များ တက်ရောက်ထားပြီးဖြစ်ပါသည်။ ဆရာသည် www.bagantrade.com (နိုင်ငံတကာ B2B) အွန်လိုင်းစီးပွားရေးလုပ်ငန်းများတွင် အဖွဲ့ဝင် Director အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ စွန့်ဦးတီထွင် တိုးတက်ရေး UNIDO ကမ္ဘာ့ကုလသမဂ္ဂ UN စီမံချက်အတွက် စီးပွားရေးအကြံပေးလုပ်ငန်းများအား ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံစီးပွားရေး တိုးတက်ရေးအတွက် SMEs ဌာနများ၊ MOC စီးပွားကူးသန်းဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သလို ကုမ္ပဏီများ Telenor ကိုယ်စားလှယ်များ၊ Shopping Mall များတွင် ကုမ္ပဏီအကြံပေးအဖြစ်ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီဖိတ်ခေါ်ဝန်ထမ်းစွမ်းရည်မြင့် သင်တန်းများကိုလည်း အခါအားလျော်စွာ ပို့ချပေးလျက်ရှိပါသည်။

ဆရာသည် Best Seller No (1) စာရင်းဝင် ကုမ္ပဏီစီမံခန့်ခွဲမှု မဟာဗျူဟာ စာအုပ်အား ပါဝင်ရေးသားပြုစု ထုတ်ဝေထားပါသည်။ ဆရာသည်MRTV-4

MRTV, Myanmar Time, City FM သတင်းမီဒီယာများတွင်လည်း စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အင်တာဗျူးများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ဆရာသည် www.mesimagazine.com (အွန်လိုင်းစီးပွားရေး မဂ္ဂဇင်း) ဝက်ဘ်ဆိုက်များအား ဦးစီးထူထောင်ထားပြီး MESI Enterpreneur SMEs (Facebook Page) တွင် စီမံခန့်ခွဲမှုဆောင်းပါးများအား လစဉ်ရေးသားဖော်ပြပေးလျက်ရှိပါသည်။

ဆရာသည် အာစီယံနိုင်ငံ (စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်)နိုင်ငံများသို့ စီးပွားရေးလေ့လာရေးခရီးများသွားရောက်ထားပြီး အခါအားလျော်စွာ စင်္ကာပူနိုင်ငံတွင် ကမ္ဘာ့နံပါတ်(၁) Tony Robgin ၏ အောင်မြင်ရေးသင်တန်းများ၊ Millionaire Mind သန်းကြွယ်သူဌေးတို့၏ စိတ်ဓာတ်သင်တန်းများအား စင်္ကာပူတွင် သွားရောက်လေ့လာထားပြီး Life Winning Management စာအုပ်နှင့် Mastery Business Millionaire (ထူးချွန်ကျွမ်းကျင် မီလျံနာ စီးပွားရေး ဦးဆောင်ရှင်) စာအုပ်အား ရေးသားပြုစု ထုတ်ဝေထားပါသည်။ ဆရာသည် လက်ရှိတွင် Business Consultant အဖြစ် အကြံပေးခြင်း၊ Trainer အဖြစ် သင်တန်းများ ပောာပြောပို့ချခြင်းနှင့် အသိပညာဖြင့် ဘဝကို အသက်မွေးလျက်ရှိပါသည်။

❖ ❖ ❖ ❖

## စာရေးသူ၏ အမှာစာ
### (ကျေးဇူးတင်လွှာ)
*******************

အားလုံးရဲ့ဆရာသခင် မြတ်စွာဘုရားရှင်၏ တရားတော်တွေရဲ့ ဆုံးမမှုနဲ့အတူ မိခင်-ဖခင်တို့၏ လမ်းညွှန်မှုနှင့် ဆရာသခင်တို့ရဲ့ သင်ကြားပို့ချပေးမှုနဲ့ မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တို့၏ ပံ့ပိုးကူညီအားပေးမှု အကြံဉာဏ်တွေနဲ့အတူ ပတ်ဝန်းကျင်ရဲ့လိုအပ်ချက်တွေကို သုသေသနပြုစုရေးသားထားလို့ အားလုံးသော လူမှုဝန်းကျင်အတွက် အကျိုးရှိစေရမည်ဟု ယုံကြည်ချက်ဖြင့် ရေးသားပြုစုထားပါတယ်။

One Leader Can Change The World - ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကိုပြောင်းလဲနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့အတူ နိုင်ငံအတွက် ဦးဆောင်နိုင်သော ခေါင်းဆောင်ကောင်းများ၊ အဖွဲ့အစည်းများအတွက် ဦးဆောင်နိုင်စွမ်းသော လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအတွက် ဦးဆောင်နိုင်စွမ်းသော ဝန်ထမ်းများနှင့် အနာဂတ်သို့ ဦးဆောင်နိုင်စွမ်းသော အနာဂတ်လူငယ်များအတွက် (ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုဦးဆောင်မှု)ဖြင့် ပြောင်းလဲတိုးတက်မှုများ ဖန်တီးနိုင်ဖို့ ရည်ရွယ်ရေးသားပြုစုထားပါတယ်။

***One Person Can Change The World***

*လူသားတစ်ဦးဟာ ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်တယ်*

***One Book Can Change The All***

*စာအုပ်တစ်အုပ်ဟာ လူသားအားလုံးကို ပြောင်းလဲစေနိုင်ပါတယ်*

လူသားတို့၏ ဘဝတွေကို ပုံစံမတူစွာ ရှင်သန်ရပ်တည်စေတာ (ပညာ) ပါ။ အသိပညာဆိုတာ စာအုပ်စာပေမှ သင်ယူလေ့လာခြင်းပင်ဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ် (၁) လူကြိုက်များဆုံးသော Think & Growth Rich စာအုပ်ဖြစ်လာဖို့ ဒေါ်လာ (၅-သန်း) ပေးပြီး စာရေးဆရာ (နပိုလီယံဟေး) အား ရေးသားမှုဝေစာအုပ်ထုတ်စေခဲ့တယ်. . .။ သို့သော် ထိုစာအုပ်သည် ကမ္ဘာမှာ ဒေါ်လာ (သန်း ၅၀) မက လူသားတို့ရဲ့ဘဝတွေကို ပြောင်းလဲစေနိုင်ခဲ့ပါပြီ။ ယနေ့ ကမ္ဘာမှာ စာဖတ်နှုန်းတွေမြင့်လာပြီဖြစ်သလို (၂၁ ရာစု) အသိပညာအတက် ပညာနဲ့ ဦးဆောင်လာတဲ့ခေတ်မှာ (အသိပညာဦးဆောင်မှုဖြင့် လူမှုဝန်းကျင်သို့ အားလုံးတိုးတက်ပြောင်းလဲစေဖို့ ယုံကြည်အားပေးလိုက်ပါတယ်)

အတိုင်းအဆမသိ ပြောင်းလဲနေတာဟာ လူမှုဘဝတွေပဲဖြစ်ပါတယ်- လူသားတဦးရဲ့ ဘဝဟာ အတိုင်းအဆမရှိ တန်ဖိုးကြီးမြတ်လှပါတယ်။ လူသားတစ်ဦးရဲ့ ဘဝတစ်ခု အောင်မြင်လာရင် အနီးစပ်ဆုံးဖြစ်တဲ့ မိမိမိသားစု၊ မိမိ ပတ်ဝန်းကျင်သို့ အကျိုးပြုပေးနိုင်သလို၊ ပိုမိုတန်ဖိုးရှိတဲ့ လူတစ်ဦးဖြစ်လာရင်တော့ နိုင်ငံအတွက်၊ လူသန်းပေါင်းများစွာအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ပေးနိုင်တဲ့ ဘဝအထိ တန်ဖိုးမြင့် ပြောင်းလဲသွားစေနိုင်တာမို့- လူတိုင်း ပြောင်းလဲရေးအတွက် အခြေခံလိုအပ်ချက် (၂-ရပ်) ဖြစ်သော (ရုပ်ပိုင်းဆိုင်ရာ) နှင့် စိတ်ပိုင်းဆိုင်ရာအတွက် ယခုစာအုပ်သစ် (ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုဖြင့်) အဆင့်ဆင့် ရာထူးတိုး၊ လစာတိုး၊ ဝင်ငွေတိုး၊ စည်းစိမ်ချမ်းသာတိုးပွားပြီး ဘဝတစ်သက်စာ စီမံခန့်ခွဲဦးဆောင်ဖို့ စု၊ တု၊ ပြု ရေးသား မှတ်တမ်းပြုလိုက်ပါတယ်။

# ခေါင်းဆောင်ဖြစ်ဖို့
# ခေါင်းဆောင်တွေထံမှလေ့လာကြပါစို့

********************

**"ကျွန်တော့်ဘဝကိုပြောင်းလဲစေခဲ့သော ဆရာသခင်ကျေးဇူးရှင်များ"**

Leader are Learner – Learn form Leader (ခေါင်းဆောင်ဆိုတာ လေ့လာနေသူ - ခေါင်းဆောင်များထံမှ လေ့လာနေသူ) ဆိုတဲ့အတိုင်း ကျွန်တော် ခေါင်းဆောင်တစ်ဦးဖြစ်လာဖို့ ခေါင်းဆောင်ကောင်းများစွာထံမှ လေ့လာသင်ယူခဲ့ပါတယ်။ ကျွန်တော့်ဘဝကို ပြောင်းလဲစေခဲ့တဲ့Mentor နည်းပြအတုယူကြီးစားခဲ့သော. . . ကျေးဇူးရှင် ဆရာသခင်များဖြစ်တဲ့. . .

လူနတ်တို့၏ ဆရာသခင် (မြတ်စွာဘုရားရှင်) ၏ အဆုံးအမများနှင့် (ကိုယ်တိုင်သာ ကိုယ့်ဘဝရဲ့ကိုးကွယ်ရာဆိုတဲ့ - မိမိကိုယ်တိုင် ဦးဆောင်မှုရဲ့ သဘောတရား၊ တရားရှာ ကိုယ်မှာတွေ့ဆိုတဲ့ - အရာရာဟာ ကိုယ်ရဲ့ခန္ဓာတွင်းမှာသာ ရှိနေနိုင်တဲ့ ကျင့်ကြံအားထုတ်ယုံကြည်မှုရဲ့သဘောတို့အားလေ့လာခဲ့ရပြီး)

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး (ဗိုလ်ချုပ်အောင်ဆန်း)၏ ရိုးသား ကြိုးစားမှုပုံစံနှင့် (မိမိအတွက် ရိုးသားမှု နဲ့ ကြိုးစားမှုဆိုတဲ့ ကိုယ်ကျင့်တရား၊ အများအတွက် ပေးဆပ်မှုနှင့် ဦးဆောင်မှုဆိုတဲ့ ခေါင်းဆောင်တို့ရဲ့ သဘောတရားတွေကို လေ့လာခွင့်ရခဲ့ပြီး)

ကျောင်းဆရာဘဝမှ ချမ်းသာတဲ့သူဌေးကြီးဖြစ်လာသူ Jack Ma – Alibaba ၏ အရှုံးမပေးအောင်နိုင်ရေးစိတ်နှင့် (ဖြစ်ချင်ရင် ဖြစ်နိုင်တဲ့နည်းလမ်းရှိတယ်ဆိုတဲ့စိတ်ခံယူချက်တွေ၊ ဒီနေ့ခက်မယ်- မနက်ဖြန်ပိုခက်မယ်- နောင်နေ့တော့ ရောင်နီသန်းလာမှာပါဆိုတဲ့ Someday for Something တနေ့တော့ တစ်စုံတစ်ရာ ဖြစ်လာမှာပါဆိုတဲ့ ယုံကြည်ခိုင်မာတဲ့ ကြိုးစားမှုတွေကို အမြနှလုံးသွင်းလေ့လာခဲ့ပြီး)

ကမ္ဘာ့နံပါတ် (၁) စိတ်ဓါတ်မြင့်တင်ရေးဟောပြောသူ Tony Robbin ၏ မလုပ်နိုင်ရင် မဖြစ်ဖြစ်အောင်လုပ်၊ မဖြစ်ဖြစ်အောင် လုပ်ရင် လုပ်နိုင်တယ်ဆိုတဲ့ (I Must – I Can) ဆိုတဲ့ စိတ်ဓါတ်တို့နဲ့ အတိုင်းအဆမသိတဲ့ စိတ်တို့ရဲ့ ပါဝါတွေကို စင်္ကာပူနိုင်ငံတွင် လေ့လာခွင့်ရခဲ့ပြီး)

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ လေးစားရတဲ့ ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်၏ ချစ်တဲ့အလုပ်ကိုလုပ်ပြီး၊ လုပ်တဲ့ အလုပ်အပေါ် အကောင်းဆုံးအားထုတ်ကြိုးစားပုံ၊ မေတ္တာ-စေတနာအရင်းခံပြီး အားလုံးသို့ ကောင်းစေဖို့ မျှတမှန်ကန်သော ဦးဆောင်ဟောပြောလမ်းညွှန်မှုကို လေ့လာသင်ယူခွင့်ရရှိခဲ့ပြီး)

ပြည်တွင်းသာမက၊ ပြည်ပမှရှိကြတဲ့ ဆရာသခင်၊ ကျေးဇူးရှင်များအားလုံး၏ နည်းပေးလမ်းပြ သင်ယူခဲ့လို့သာ ယခုကဲ့သို့ (Change Management & Leadership) ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုစာအုပ်တစ်အုပ် ရေးသားနိုင်ခြင်းဖြစ်ကယ်လို့ ခံယူထားပါတယ်။ အနာဂတ်လူငယ်ခေါင်းဆောင်တိုင်းသို့ အကောင်းဆုံးသော အကြံပေးချက်အနေနဲ့. . .

Leader are Learner – Learner from Leader ခေါင်းဆောင်ဆိုတာ လေ့လာနေသူ - ခေါင်းဆောင်များထံမှ လေ့လာသင်ယူနေဖို့ပါ. . .။

ကျေးဇူးရှင် ဆရာသခင်အားလုံးသို့ ဂါရဝထားလျှက်. . .

အတိုင်းအဆမသိသော စကြဝဠာကြီးမှာ အမှန်တရားများစွာရှိနေဦးမှာပါ။

လေ့လာရင်း၊ သင်ယူရင်း၊ ရှာဖွေရင်းဖြင့် ကိုယ်တိုင်ဦးဆောင်သော ဘဝရဲ့ အရှင်သခင်ဖြစ်ဖို့. . .

Change Management Leadership

(ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုဆီသို့)

ဆန္ဒမွန်ဖြင့်

ဇော်မြိုးဝိုင် (MESI)

# ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ

*******************

ဒီစာအုပ်ကို ဖတ်ရှုရာတွင် အလုံးစုံကို ယုံကြည်ရမည်၊ လက်ခံရမည်၊ မှန်ကန်လိမ့်မည်ဟု မယူဆစေချင်ပါဘူး၊ ကိုယ်တိုင် လက်တွေ့ တွေ့ကြုံနေရတဲ့ အခြေအနေအပေါ် မူတည်ပြီး မှန်ကန်သလား ချင့်ချိန်စဉ်းစားကြည့်ပါ။ (ပညာဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှား+အမှန်ကို ခွဲခြားပြီး ပိုမိုကောင်းဖို့ ဆုံးဖြတ်နိုင်စွမ်းသော အတတ်ပညာပင်ဖြစ်ပါတယ်) ကိုယ်တိုင်တွေးခေါ် လက်ခံယုံကြည်မှု ရှိမှသာ ဤစာအုပ်ပါ လမ်းညွှန်ချက်တွေအတိုင်း လူမှုရေး၊ စီးပွားရေး၊ ဘဝရေးရာ အဖြာဖြာတိုးတက်အောင်မြင်ဖို့ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲ ဦးဆောင်မှုသို့ အားပေးလိုက်ပါတယ်။

စာတစ်အုပ်၊ အကြောင်းအရာတစ်ခုကို အပြည့်အဝ နားလည်ဖို့ဆိုရာမှာ (၁) Believe အကြောင်းအရာအပေါ်မှာ ယုံကြည်စိတ်ရှိဖို့ (၂)General ရေဘူယျအားဖြင့် (တဖက်သက်) အမိပ္ပါယ် သတ်မှတ်ချက်တွေကို အစွဲမထားဖို့နဲ့ (၃) Intresting လေ့လာနေတဲ့ အကြောင်းအရာအပေါ်မှာ စိတ်ပါဝင်စားမှု၊ အာရုံစူးစိုက်မှုအပြည့်ရှိဖို့ဆိုတဲ့ ယခုအချက် (၃-ချက်) ကို လိုက်နာပြီး အသိပညာ အနှစ်သာရ တန်ဖိုးတွေကို ရရှိစေဖို့ တိုက်တွန်းလိုက်ပါတယ်။

- အကြောင်းအရာ အားလုံးထဲမှ မိမိယုံကြည်မှုရှိတဲ့အပိုင်းများကို တွေးခေါ်ယူဆကြည့်ပါ။
- ဖော်ပြထားတဲ့ လမ်းညွှန်ချက်တွေကို သေချာနားလည်သဘောပေါက်အောင် လေ့လာပါ။

- စာဖတ်ရင်း မျက်လုံးထဲမှာမြင်လာအောင် ပုံဖော်တွေးခေါ်ပါ။ ဆက်နွယ်မှုတွေကို ထပ်မံစဉ်းစားပါ။

- ကြိုက်နှစ်သက်သော အကြောင်းအရာများကို မျဉ်းတား၊ ဘောင်ခတ်အမှတ်အသားများပြုပါ။

- တချို့သော အရေးကြီးတဲ့အချက်များကို မသိစိတ်ထဲသို့ရောက်အောင် ထပ်ခါထပ်ခါဖတ်ရှုပါ။

- ကြိုက်နှစ်သက်တဲ့ တချို့အချက်များကို ကိုယ်ပိုင်မှတ်စုစာအုပ်ထဲတွင် ပြန်လည်ပြုစုထားပါ။

- ပတ်ဝန်းကျင်သို့ လုပ်ဖော်ကိုင်ဖက်များသို့ စာအုပ်ပါအမြင်များ ဖလှယ်ပြီး ဆွေးနွေးမျှဝေကြည့်ပါ။

- တစ်လတစ်ခါ ပြန်လည်ဖတ်ရှုပြီး ပြောင်းလဲတိုးတက်မှုသို့ လက်တွေ့စီမံခန့်ခွဲဦးဆောင်သွားပါ။

- အသိပညာတစ်ခုကို တဖက်ကမ်းကျွမ်းကျင်ဖို့ လေ့လာတဲ့အခါ (Learn - လေ့လာလိုစိတ်) ပြင်းပြမှုရှိဖို့လိုအပ်ပြီး (Unlearn - မခံယူအပ်သော အယူအဆအမှားတွေကို ပယ်ထုတ်နိုင်ဖို့) နဲ့ (Relearn လေ့လာပြီးသောအရာတွေကို ထူးချွန်ကျွမ်းကျင်ဖို့) ထပ်ခါထပ်ခါ လေ့လာနေမှသာ စာတွေ့ + လက်တွေ့ နယ်ပယ်မှာ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲ ဦးဆောင်မှုတွေကို ဖန်တီးသွားနိုင်မှာ အသေချာပင်ဖြစ်ပါတယ်။

- လောကစကြာဝဠာမှာ မမြင်နိုင်သော ဆန်းကြယ်အံ့ဩမှုများနဲ့ ပြည့်နက်နေပါတယ်။ ယခင်မသိတာတွေ ယခုသိရှိနားလည်ကြီးစားလာသလို၊ နောင်မှာလည်း ပညာတွေ စဉ်ဆက်မပျက်လေ့လာရင်း မသိတာတွေကို မရှိတာတွေ များစွာပိုင်ဆိုင်နိုင်မှာဆိုတဲ့ ယုံကြည်ချက် Though အတွေးသည်၊ Action လုပ်ဆောင်မှုကိုဖြစ်စေပြီး၊ Result ရလဒ်ကောင်းတွေကို ဖန်တီးသွားနိုင်တာမို့ အသိပညာဦးဆောင်မှုဖြင့် ဘဝရဲ့ရည်မှန်းချက်တွေကို ဖန်တီးသွားစေပါ။

**စီမံခန့်ခွဲမှုဆန်သော - အချိန်တိုတို အကျိုးရှိရှိ စာပေဖတ်ရှုလေ့လာနည်း**

(အရေးကြီးတာ အရေးမကြီးတာ ၈၀ % လေ့လာခြင်းဟာ. . . ဘဝမှာ သိချင်တာ သိသင့်တာ ၂၀ % ပညာကိုပဲ သိရှိစေပါတယ်)

(အဓိကဖြစ်တာ အရေးကြီးတာ ၂၀ % လေ့လာခြင်းဟာ. . . ဘဝမှာ သိသင့်တာ လိုအပ်တာ ၈၀ % ပညာကို ရရှိစေနိုင်ပါတယ်)

စာပေဖတ်ရှုလေ့လာရာမှာလည်း (စီမံခန့်ခွဲ ဦးဆောင်မှုဖြင့်) လေ့လာဖတ်ရှုခြင်းဖြင့် အရာရာမှာ (စီမံခန့်ခွဲ ဦးဆောင်သွားပုံသည်သာ) အဓိကဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့အတူ Management & Leadership ပညာရပ်တွေကို ဆက်လက်လေ့လာဆည်းပူးဖို့ ယခုစာအုပ်နှင့်အတူ အားပေးရေးသားလိုက်ပါတယ်။

ကောင်းမွန်သော စီမံခန့်ခွဲဦးဆောင်မှုသည်သာ. . .

- မိမိအတွက် တိုးတက်အောင်မြင်သော အသက်မွေးဝမ်း
- အဖွဲ့အစည်းအတွက် တိုးတက်အောင်မြင်စေသော နည်းလမ်း
- နိုင်ငံအတွက် တိုးတက်အောင်မြင်စေသော မဟာအစွမ်း

တိုးတက်မှု၊ အောင်မြင်မှု အရာရာတို့သည် (ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု) အပေါ်တွင်သာ မူတည်၏။

***We Can Change (ကျွန်ုပ်တို့ ပြောင်းလဲနိုင်ပါတယ်)***

ပြောင်းလဲချင်တဲ့ လူငယ်တွေ ဒီစာဖတ်ပြီးပြောင်းလဲဖို့ ကိုယ်တွေပြောင်းလဲမှုနဲ့ အားပေးထားပါတယ်။ We can Change!

ယခင်ကျွန်တော် - ပတ်ဝန်းကျင်အထင်ကြီးဖို့နဲ့ မရှိတာကို အရှိလုပ်ပြီး ကိုယ်တိုင်လက်တွေ့ မကြိုးစားခဲ့တာတော့အမှန်ပဲ။

ယခုကျွန်တော် - ပတ်ဝန်းကျင်က အထင်ကြီးဖို့ထက် ကိုယ်တိုင်က အောင်မြင်တိုးတက်ဖို့ ကြိုးစားရမယ်ဆိုတာသိလာတယ်။

ယခင်ကျွန်တော် - အဆင်မပြေမှုတွေနဲ့ ကြုံလာရင် သူများလွှဲချတဲ့ ပတ်ဝန်းကျင်နဲ့ ဘေးလူတွေကိုပဲ အပြစ်မြင်ဖူးတယ်။

ယခုကျွန်တော် - အဆင်မပြေမှုနဲ့ကြုံလာရင် ကိုယ့်ကိုကိုယ် အပြစ်မြင်တယ်၊ ဘာပြောင်းလဲသင့်သလဲတွေးမိလာတယ်။

ယခင်ကျွန်တော် - လူတွေအထင်ကြီးဖို့ ကြွားဝါလိုတဲ့စိတ်နဲ့ အောင်မြင်ခြင်း နာမည်ကြီးခြင်းကို အရမ်းလိုချင်ခဲ့တာပေါ့။

ယခုကျွန်တော် - အောင်မြင်ဖို့ထက် ကိုယ်လုပ်တဲ့ လုပ်ရပ်တိုင်းကို စိတ်ကျေနပ်ပြီး နိမ့်ချပြီးနေရတဲ့ ဘဝကိုကြိုက်လာတယ်။

ယခင်ကျွန်တော် - အောင်မြင်ချမ်းသာခြင်းဟာ ကံတရားပဲ ကိုယ်တိုင် မကြိုးစားပဲ အရာရာကံကိုပဲ အပြစ်ပုံချခဲ့ဘူးတယ်။

ယခုကျွန်တော် - ကံဆိုတာအလုပ် - အလုပ်တွေအဆင်ပြေအောင် ကြိုးစားလိုက်ရင် ကံကောင်းခြင်းပဲလို့ လက်ခံလာတယ်။

ယခင်ကျွန်တော် - ကိုယ့်ပျော်ဖို့အတွက် အချစ်ရေးကို ဦးစားပေးပြီး ဘဝကြီးကို မျက်လုံးမှိတ်ပြီး မိုက်ရူးရဲဆန်ခဲ့ဖူးတာပေါ့။

ယခုကျွန်တော် - အများအတွက် အလုပ်အကျွေးပြုရင်း အချစ်ရေးထက် ဘဝကိုအလုပ်ထဲမှာ စိတ်နှစ်ကိုယ်နှစ်ဖြစ်စေခဲ့ပြီ။

ယခင်ကျွန်တော် - သူငယ်ချင်းအပေါင်းအသင်းတွေကြားမှာ ဝင်ငွေ

အနည်းဆုံးဖြစ်လို့ သိမ်ငယ်တဲ့အတွေးတွေနဲ့လူပေါ့။

ယခုကျွန်တော် - သူငယ်ချင်းတွေအားကျလောက်တဲ့ ဝင်ငွေနဲ့ လူတွေအတွက် ပြန်လည်ကူညီရမယ်ဆိုတဲ့ အတွေးတွေနဲ့ပါ။

ယခင်ကျွန်တော် - အားတဲ့အချိန်မှာ အချိန်ဖြုန်း၊ ပျော်ရွှင်မှုကိုမက်တက်ပြီး ဘဝရဲ့ရည်ရွယ်ချက်ကောင်းကောင်း မရှိခဲ့ပါဘူး။

ယခုကျွန်တော် - အားတဲ့အချိန်မှာ အသိပညာရဖို့နဲ့ အလုပ်အတွက်ပြင်ဆင်ရမယ်ဆိုတဲ့စိတ်နဲ့ အလုပ်တွေပဲစဉ်းစားနေမိပြီ။

ယခင်ကျွန်တော် - ကိုယ်ရဲ့အရည်အချင်းအားနည်းမှုကို မမြင်ပဲ ကိုယ့်ရဲ့ထမင်းရှင် ကုမ္ပဏီတွေကို အပြစ်မြင်ခဲ့ဘူးတယ်။

ယခုကျွန်တော် - ကိုယ့်ရဲ့အရည်အချင်းတွေတိုးတက်နေမှ ညီမျှတဲ့အကျိုးရလဒ်ကို ဖြစ်စေတဲ့ မျှတတဲ့ပေးဆပ်မှုကိုမြင်ခဲ့ပြီ။

ယခင်ကျွန်တော် - သူများနိုင်ငံကိုပဲ အထင်ကြီးလေးစားခဲ့ပြီး နိုင်ငံခြားထွက်မှ အောင်မြင်တိုးတက်မယ်လို့ ထင်ခဲ့မိတာပေါ့။

ယခုကျွန်တော် - နိုင်ငံခြားမထွက်ပဲ ကိုယ့်နိုင်ငံမှာနေရင်း အောင်မြင်အောင် ဖန်တီးရင်း နိုင်ငံကိုအကျိုးပြုဖို့ကို သိလာတယ်။

ယခင်ကျွန်တော် - ဘဝတစ်ခု အဆင်ပြေစွာရပ်တည်ဖို့ အလုပ်တခုဖို့အတွက်ကို သူများတွေဆီ အောက်ကျခဲ့ဖူးတာပေါ့။

ယခုကျွန်တော် - ထချို့လုပ်ငန်းတချို့မှာ ရင်းနှီးမြုပ်နှံမည့်သူတွေကတမ်းလှမ်းလာရင်း စွန့်ဦးတီထွင်လုပ်ငန်းရှင်ဖြစ်စေခဲ့ပြီ။

ယခင်ကျွန်တော် - ကိုယ်အတွက်ပြောင်းလဲမှုဖြစ်ဖို့ အများကပြောင်းလဲပေးမှရမယ်ဆိုတဲ့ သူများကိုအားကိုးခဲ့ဘူးတာပေါ့။

ယခုကျွန်တော် - ကိုယ်ပြောင်းလဲဖို့အတွက် ကိုယ်တိုင်ပြောင်းလဲမှရမယ်ဆိုတဲ့ ခံယူချက်နဲ့ ကိုယ်တိုင်ပြောင်းလဲယူနေပြီ။

------------×××××× ကျွန်တော်ဘဝကို ပြောင်းလဲပေးခဲ့တဲ့ အဆင်ပြေမှု၊ အဆင်မပြေမှု၊ ကူညီခဲ့သူ၊ မကူညီခဲ့သူ အရာအားလုံးကို ကျေးဇူးတင်နေမိပါတယ် ×××××--------------

ဒီစာကို ရေးသားခြင်းမှာ ကြွားဝါခြင်းလုံးဝမပါပါဲ၊ လူတိုင်းလည်း ပြောင်းလဲနိုင်တယ်ဆိုတာ လက်ခံနိုင်ဖို့နဲ့ လက်ရှိအခွင့်အရေးများစွာပေါ်လာတဲ့ နိုင်ငံစီးပွားရေး၊ တိုးတက်ရေးအခွင့်အလမ်းတွေမှာ ကျွန်တော်တို့ လူမျိုးတွေကို အောင်မြင်စေချင်ပါတယ်၊ ပြောင်းလဲပြီးကြိုးစားကြည့်စေချင်တယ်။ ပြောင်းလဲယူနိုင်တဲ့ သူတိုင်း ဖြစ်နိုင်ပါလိမ့်မယ်။ ဖွဲ့တော့ မလျှော့နဲ့ပေါ့။

ကျွန်တော်လည်း သူညဘဝက ပြောင်းလဲခဲ့သူပါ။ ဒီလိုပြောင်းလဲခြင်းကို အားလုံးလည်း လုပ်နိုင်ပါလိမ့်မယ်။ ဖြစ်ချင်တဲ့ ဆန္ဒသာရှိပါစေ ပြောင်းလဲဖို့နည်းလမ်းရှိပါတယ် (There is a will . . . There is a way) ကျွန်တော်ရဲ့ပြောင်းလဲမှုစာတွေက ထာဝရအားဖြစ်နိုင်ပါစေ။

ကျွန်တော်ဟာ ပြောင်းလဲနိုင်ခဲ့တယ်ဆိုရင်၊ ကျွန်တော်ကို ပြောင်းလဲစေခဲ့တဲ့ အချက်တွေက. . .

(၁) တကယ်တော့ ကိုယ့်ရဲ့ဘဝကို ပြောင်းလဲစေတာ ကိုယ့်ရဲ့အလုပ်ပါ၊ အလုပ်လုပ်တဲ့အခါ အကောင်းဆုံးကြိုးစားပါ။

(၂) သိချင်ရင် ရှာဖွေလေ့လာပါ၊ အရာအားလုံးဟာ ဆရာကောင်းတွေ၊ မိတ်ဆွေကောင်းတွေကြောင့်ပါ၊ သူတို့ကို ချဉ်းကပ်ပါ။

(၃) စာများများဖတ်ရင်း ဘဝအောင်မြင်မှုအဖြေတွေကို ရှာဖွေပါ၊ အားလုံးစာဖတ်ပြီးပြောင်းလဲဖို့ ကျွန်တော်အာမခံပါတယ်။

If you believe, you can see the change (သင်ရဲ့ယုံကြည်လက်ခံမှုဟာ ပြောင်းလဲမှုတွေကို မြင်နိုင်ပါလိမ့်မယ်)

ကျွန်တော့်တို့အားလုံးရဲ့အတွေးသာပြောင်းလိုက်ပါ၊ ဘဝကြီးက ပြောင်းလဲသွားပါလိမ့်မယ်။

***I Must = I Can***

*(မဖြစ်ဖြစ်အောင်လုပ်ရင် = လုပ်နိုင်ပါတယ်)*

***Seeing... Someday for Something***

*(တနေ့မှာတော့ တစ်စုံတစ်ရာဆိုတာ-မြင်ယောင်ယုံကြည်ရင်း)*

***Living with Believing***

*(ယုံကြည်မှုနဲ့ ရှင်နေဖို့ပါ)*

## စာအုပ်မိတ်ဆက်

## Change Management & Leadership (New Book)

## ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု

********************

အားလုံးတိုးတက်ပြောင်းလဲရေးနဲ့ သက်ဆိုင်နေခြင်းသဘောရှိတဲ့ (စီမံခန့်ခွဲခေါင်းဆောင်မှုအဆင့် - ၅ ဆင့်) အကြောင်းကို စာအုပ်အဖြစ်ပြုစုလျက် နိုင်ငံခြား စက်ဘုပ်၊ ထိုင်းသင်တန်းများမှ Leadership သင်တန်းများ၊ ကမ္ဘာကျော် ခေါင်းဆောင်မှုစာအုပ်များ၊ လုပ်ငန်းဦးဆောင်စဉ်နှင့် ကုမ္ပဏီအကြံပေးခဲ့မှု အတွေ့အကြုံများနှင့် လက်ရှိနိုင်ငံစီးပွားရေးလိုအပ်ချက်များကို သုသေသနပြုစုရေးသားလိုက်တဲ့ ***"Change Management & Leadership"*** စာအုပ်အကြောင်း မိတ်ဆက်ဖော်ပြလိုက်ပါတယ်။

ဘယ်အဆင့်မှာ နေသူဖြစ်ဖြစ်ပါစေ၊ ယခုစာအုပ်ဟာ အားလုံးနဲ့ အကျိုးဝင်တဲ့ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့ အဆင့်ဆင့်တက်လှမ်းကြိုးပမ်းပုံနှင့် စီမံခန့်ခွဲဆောင်းခေါင်မှု၏ သဘောတရားများကို စုစည်းတင်ပြထားတဲ့ စာအုပ်ကောင်းဖြစ်ဖို့နဲ့ လူတိုင်းပြောင်းလဲတိုးတက်ရေးသို့ ရည်ရွယ်ထုတ်ဝေလိုက်ပါတယ်။

## 5 Level of Leadership (ခေါင်းဆောင်မှု အဆင့် ၅ ဆင့်)

Responsibility (တာဝန်ယူမှု)

| Leadership Level | မိမိဘဝ | အလုပ် | ဝန်ထမ်း | အဖွဲ့အစည်း | နိုင်ငံ |
|---|---|---|---|---|---|
| Country Leader | မိမိအတွက် | + အလုပ် | + ဝန်ထမ်း | + အဖွဲ့အစည်း | + နိုင်ငံ |
| Business Owner | မိမိအတွက် | + အလုပ် | + ဝန်ထမ်း | + အဖွဲ့အစည်း | |
| Staff Manager | မိမိအတွက် | + အလုပ် | + ဝန်ထမ်း | | |
| Supervisory Staff | မိမိအတွက် | + အလုပ် | | | |
| Job Seeker | မိမိအတွက် | | | | |

Change Management & Leadership

Other ( တခြားနှင့် ဆိုင်သော )

အဆင့် (၁) Job Seeker Level - ဘဝအတွက် အလုပ်ရှာဖွေနေသူ အဆင့်

အဆင့် (၂) Supervisory Staff Level - လုပ်ငန်းခွင်အတွက် ဝန်ထမ်းအဆင့်

အဆင့် (၃) Staff Manager Level - အလုပ်နှင့် ဝန်ထမ်းများအတွက် စီမံခန့်ခွဲမှုအဆင့်

အဆင့် (၄) Business Owner Level - စီးပွားရေးလုပ်ငန်း အဖွဲ့အစည်း အတွက် ဦးဆောင်မှုအဆင့်

အဆင့် (၅) Country Leader Level - အများပြည်သူ နိုင်ငံနှင့် တိုင်းပြည် အတွက် ဦးဆောင်မှုအဆင့်

Levels အဆင့်များ မြင့်လာသည်နှင့်အမျှ (Responsibility - တာဝန်ယူမှုများ) ပိုလာပြီး၊ (Other - တခြားနဲ့ဆိုင်သော) ထည့်သွင်းစဉ်းစားမှုတွေကို တာဝန်ယူဆောင်ရွက်လာရမှာဖြစ်ပါတယ်။

အဆင့် (၁) Job Seeker Level - ဘဝအတွက် အလုပ်ရှာဖွေနေသူ အဆင့်မှာ . . . (မိမိဘဝအတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ် ပါတယ်။

အဆင့် (၂) Supervisory Staff Level - လုပ်ငန်းခွင်အတွက် ဝန်ထမ်းအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

အဆင့် (၃) Staff Manager Level - အလုပ်နှင့် ဝန်ထမ်းများအတွက်

စီမံခန့်ခွဲမှုအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများ အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

အဆင့် (၄) Business Owner Level - စီးပွားရေးလုပ်ငန်းအားလုံး အတွက် ဦးဆောင်မှုအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများအတွက်) + (လုပ်ငန်းအဖွဲ့အစည်းအတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

အဆင့် (၅) Country Leader Level - အများပြည်သူ နိုင်ငံနှင့် တိုင်းပြည်အတွက် ဦးဆောင်မှုအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများအတွက်) + (လုပ်ငန်းအဖွဲ့အစည်းအတွက်) + (နိုင်ငံတော်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

Levels ခေါင်းဆောင်မှုအဆင့် မြင့်လာလေလေ၊ Responsibility တာဝန်ယူမှုအဆင့်မြင့်လာပြီး၊ Other တခြားအတွက် ပိုမိုဦးဆောင်ကြိုးစား သွားဖို့သဘောတရားဟာ "Change Management & Leadership" ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသဘောပင်ဖြစ်ပါတယ်။

ခရီးစတင်ခြင်းမှသည် ခရီးလျှောက်လှမ်းမှုနှင့် ခရီးပန်းတိုင်ရောက်ရှိမှု တို့သည် (၁-မိုင် နဲ့ မိုင်ထောင်ချီခရီး) တိုင်းဟာ ဆက်စပ်လျှက်ရှိနေသလိုLevel (၁) မှသည် Level (5) သို့ရောက်နိုင်ဖို့ဟာ အဆင့်တစ်ခုချင်းဟာ ချိတ်ဆက်နေ လျှက်ရှိပုံနှင့် Level အဆင့် (၁-၅) ချင်းမှာ သိသင့်တဲ့အရည်အချင်းများ ဖြစ်တဲ့. . . .

အဆင့် (၁) Job Seeker Level - ဘဝအတွက် အလုပ်ရှာဖွေနေသူ အဆင့်အတွက် (ဘဝအသက်မွေးဝမ်းကျောင်းရွေးချယ်နည်း၊ အလုပ်ရှာဖွေနည်း၊ လုပ်ငန်းခွင်ဝင်ပြင်နည်းများ) ကို ဖော်ပြထားပြီး. . .

အဆင့် (၂) Supervisory Staff Level - လုပ်ငန်းခွင်အတွက် ဝန်ထမ်း အဆင့်အတွက် (အလုပ်၏မူဝါဒများ၊ အသင်းအဖွဲ့နှင့်ဆောင်ရွက်ပုံများ၊ ကုမ္ပဏီ လုပ်ငန်းတာဝန်များ) ကို ဖော်ပြထားပြီး. . .

အဆင့် (၃) Staff Manager Level - အလုပ်နှင့် ဝန်ထမ်းများအတွက် စီမံခန့်ခွဲမှုအဆင့်အတွက် (ဝန်ထမ်းရေးရာဦးဆောင်မှုပုံစံများ၊ စီမံခန့်ခွဲ ဦး ဆောင်မှု၏ ဥပဒေသများ၊ Manager အရည်အချင်းများ) ကို ဖော်ပြထားပြီး

အဆင့် (၄) Business Owner Level - စီးပွားရေးလုပ်ငန်းအားလုံး အတွက် ဦးဆောင်မှုအဆင့်မှာ (ကုမ္ပဏီတိုးတက်အောင်မြင်ရေး၊ ကိုယ်ပိုင်စီးပွား ရေးဦးဆောင်မှုပုံစံ၊ လုပ်ငန်းများတိုးချဲ့နည်းများ) ကို အကြံပေးထားပြီး. . .

အဆင့် (၅) Country Leader Level - အများပြည်သူ နိုင်ငံနှင့်တိုင်းပြည်အတွက် ဦးဆောင်မှုအဆင့်အတွက် (နိုင်ငံစီးပွားရေးလည်ပတ်ပုံ များ၊ နိုင်ငံ၏ စီးပွားရေးစနစ်များ၊ နိုင်ငံတကာ ဝင်လာမည့် စီးပွားရေးပုံစံများ)ကို တင်ပြပေးထားပြီး. . "The Law of Management & Leadership" (ပြောင်း လဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု) ဥပဒေသများကို စုစည်းရေးသားပေး ထားပါတယ်။

လက်ရှိမြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲရေးလိုအပ်ချက် (နိုင်ငံရေး၊

စီးပွားရေး၊ လူမှုရေး၊ ကုမ္ပဏီအဖွဲ့အစည်းရေးရာ) အားလုံးအတွက် အကျိုးရှိစေတဲ့ စာအုပ်ကောင်းဖြစ်ဖို့ သီအိုရီသာမက၊ လက်တွေ့ဖြစ်နိုင်ချေနှင့် နိုင်ငံခြားမှ Leadership သင်ကန်းများ၏ အတွေးအမြင်၊ ကမ္ဘာကျော်စာအုပ်များ၏ အနှစ် သာများကို ပေါင်းစပ်ရေးသားထားပြီး. . .

(အလုပ်ရှာနေသူများ၊ ကုမ္ပဏီရုံးဝန်ထမ်းများ၊ စီမံခန့်ခွဲမှုမန်နေဂျာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံဦးဆောင်သူများ) အားလုံးအတွက် "Change Management & Leadership" ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု မဟာဗျူဟာ စာအုပ်ကောင်းဖြစ်ဖို့ အားထုတ်ရေးသားထားလျှက်. . .

One Leader Can Change The World

(ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကိုပြောင်းလဲစေနိုင်ပါတယ်)

One Book Can Change The All

(စာအုပ်တစ်အုပ်ဟာ အားလုံးရဲ့ဘဝတွေကိုပြောင်းလဲစေနိုင်ဖို့)

Change Management & Leadership စာအုပ်ဖြင့် စီမံခန့်ခွဲ ဦးဆောင်လျှက် ပြောင်းလဲတိုးတက်သော လူမှုဝန်းကျင်၊ အဖွဲ့အစည်းများ၊ နိုင်ငံတော်ဖြစ်လာဖို့ ယုံကြည်မျှဝေရေးသားလျှက်. .

ဆန္ဒမွန်ဖြင့်
ဇင်ဖြိုးပိုင် (MESI)

◆◆◆



✣ အတန်းထဲမှာ ထူးချွန်မှုကို "IQ" မြင့်ပြီး အမှတ်ကောင်းတာနဲ့ တိုင်းတယ် ✣


✣ ဘဝထဲမှာ အောင်မြင်မှုကို "EQ" မြင့်ပြီး ရလဒ်ကောင်းတာနဲ့ တိုင်းတယ် ✣

**အတန်းထဲမှာ အမှတ်ကောင်းပြီး ထူးချွန်သလို**
**ဘဝထဲမှာ ရလဒ်ကောင်းပြီး အောင်မြင်ပါစေ။**

ZIN PHYO PAING
MESI Business Institute

# အပိုင်း (၁)

# Self Leadership Level (1)




## Job Seeker Level

## မိမိကိုယ်တိုင် ဦးဆောင်မှု အလုပ်ရှာဖွေမှုအဆင့်

*အဆင့် (၁) **Job Seeker Level** - ဘဝအတွက် အလုပ်ရှာဖွေနေသူ အဆင့်မှာ . . . (မိမိဘဝအတွက်) ပြောင်းလဲတိုးတက်ဖို့ စိမ်ဦးဆောင်သော အဆင့်ဖြစ်ပါတယ်။*




## The Law of Leading Other and Following Other
(အများနောက်လိုက်ခြင်းနှင့် အများအတွက်ဦးဆောင်ခြင်း ဥပဒေသ)

**Management is Following Other**
**(စီမံမှုဆိုတာ အများနောက်လိုက် စီမံပေးခြင်းဖြစ်ပြီး)**

**Leadership is Leading Other**
**(ခေါင်းဆောင်မှုဆိုတာ အများအတွက်ရှေ့မှာနေပြီး ဦးဆောင်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**
***"အများနောက်လိုက် စီမံပေးဖို့လိုအပ်သလို အများအတွက် ရှေ့မှာနေပြီး ဦးဆောင်ပေးဖို့လည်းလိုအပ်တယ်"***

# How to Career Planning
## (အသက်မွေးဝမ်းအစီအစဉ် ဘယ်လိုရေးဆွဲမလဲ)




**Do the Job You Love**

**Love the Job you Do**

(သင်ချစ်တဲ့ အလုပ်ကိုလုပ်ပါ

လုပ်တဲ့အလုပ်ကို ချစ်ပါ)


ဘဝအောင်မြင်တိုးတက်စေဖို့ (Work & Career အလုပ်နဲ့ အသက်မွေးဝမ်း) အောင်မြင်မှုဟာ မိမိဘဝရဲ့ အရေးကြီးတဲ့ ဒေါက်တိုင်တခုဖြစ်တာမို့ - အလုပ်နဲ့ အသက်မွေးဝမ်းကြောင်းတိုးတက်ပြီး ဘဝတိုးတက်မှုကို ဖန်တီးဖို့ အားပေးလိုက်ပါတယ်။ အသက်မွေးဝမ်းကြောင်းဆိုတာ (Choice - ရွေးချယ်မှု) + (**Chance** အခွင့်အရေးရှာမှု) + (Change - ပြောင်းလဲကြိုးစားမှု) ဆိုတဲ့ အချက်တွေအပေါ် မူတည်ပြီး တိုးတက်နိုင်ပါတယ်။

**အလုပ်တစ်ခုကို ရွေးချယ်တဲ့အခါ ရွေးချယ်ရမည့် အချက် (၃-ချက်)**

❶ **Love - သင်ချစ်မြတ်နိုးတဲ့ အလုပ်ဖြစ်ရမယ်။**

❷ Pay - သင့်အတွက် ဝင်ငွေကောင်းနိုင်ရမယ်။

❸ Skill - သင်လည်း အကောင်းဆုံး လုပ်နိုင်တဲ့ အလုပ်ဖြစ်ရမယ်။




မွေးလာကတည်းက ဆင်းရဲခဲ့တာ သင့်အပြစ်မဟုတ်ပါဘူး။
သို့သော် ဆင်းရဲစွာသေဆုံးသွားရင်တော့ သင့်အပြစ်
ဖြစ်သွားပါလိမ့်မယ်။
လက်တွေ့ကြိုးစားခြင်းသာ အောင်မြင်ခြင်းရဲ့
သော့ချက်ဖြစ်ပါတယ်။

**Love** - ချစ်မြတ်နိုးတဲ့ အလုပ်ဆိုရာမှာ-
ကိုယ်ဝါသနာပါရာ၊ ကြိုက်နှစ်သက်ရာ၊ ထိုအလုပ်လုပ်နေရရင် ကိုယ်ပျော်ရွှင်နေတဲ့ အလုပ်မျိုးကို ရှာဖွေကြိုးစားနိုင်ဖို့ဖြစ်ပါတယ်။

**Pay - ဝင်ငွေကောင်းတဲ့ အလုပ်ဆိုရာမှာ-**
တိုးတက်လမ်းရှိသော၊ လစာဝင်ငွေကောင်းသောအလုပ်မျိုးဖြစ်ပြီး၊ လစာတိုးအောင်လည်း မိမိကိုယ်တိုင် ဘက်စုံထူးချွန်အောင်ကြိုးစားရမှာ ဖြစ်ပါတယ်။

**Skill - ကျွမ်းကျင်တဲ့ အလုပ်ဆိုရာမှာ-**
ထိုနယ်ပယ်မှာ ကိုယ်ဟာထူးချွန်သူဖြစ်ပြီး၊ ကျွမ်းကျင်စွာတာဝန်ယူ ကြိုးစားနိုင်သော အလုပ်မျိုး၊ ဌာနမျိုးမှာ လုပ်ကိုင်ကြိုးစားနိုင်ရမှာဖြစ်ပါတယ်။

ထိုအချက် (၃-ခု)နဲ့ ညီညွတ်တဲ့အခါ (သင်ချစ်တဲ့အလုပ် + သင်ကျွမ်း

ကျင်သောအလုပ် + သင့်အတွက်ဝင်ငွေကောင်းပြီး) အလုပ်နဲ့ဘဝပျော်ရွှင်မှုကို ပါ ဖန်တီးနိုင်မှာဖြစ်ပါတယ်။

အသက်မွေးဝမ်းတိုးတက်ရေးအတွက် (10-F) နည်းလမ်းများအတိုင်း ကြိုးစား သွားဖို့ အားပေးလိုက်ပါတယ်။

- ❖ **F - Fulfillment** (စိတ်ကျေနပ်မှု ဖန်တီးပါ)
- ❖ **F - Family** (မိသားစုအတွက် ကြိုးစားနေပါ)
- ❖ **F - Fortune** (ကံကောင်းမှုကို ရှာဖွေဖန်တီးယူပါ)
- ❖ **F - Fly** (အရာရာကို ကျော်ဖြတ်အောင်နိုင်ပါစေ)
- ❖ **F - Flexible** (အခြေအနေပေါ် လိုက်လျောညီထွေမှုရှိပါ)
- ❖ **F - Famous** (ထင်ပေါ်ကျော်ကြားမှုနဲ့ အခွင့်အရေးရှာပါ)
- ❖ **F - Financial** (ငွေကြေး ရှာဖွေတိုးတက်ပါစေ)
- ❖ **F - File** (အချက်အလက်တွေ စုဆောင်းလေ့လာပါ)
- ❖ **F - Friendship** (မိတ်ဆွေကောင်းများ ထားရှိပါ)
- ❖ **F - Future** (အနာဂတ်ကို ယုံကြည်မျှော်လင့်နေပါ)

**Find for 10-F** အတွက် ရှာဖွေကြိုးစားရင်း . . အားလုံးအောင်မြင်မှု ပန်းတိုင် ရောက်နိုင်ပါတယ်။ အသက်မွေးဝမ်းကြောင်း အောင်မြင်ရေးသည်သာ ဘဝတိုးတက်အောင် မြင်စေရေးဖြစ်လို့ (အလုပ်နဲ့ဘဝ)ကို တည်ဆောက်ကြိုး စားနိုင်ဖို့ အားပေးလိုက်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# Change ပြောင်းလဲမှုလား . . . ?
# Chance အခွင့်အရေးလား. . . ?




"ဘဝဟာ မျှတစွာကြိုးစားရလိမ့်မယ်
တဖက်မှာ မြင့်နေပြီး တဖက်မှာ
နိမ့်နေတာဟာ တည်တံ့ခြင်းကို
ဖြစ်စေနိုင်မှာမဟုတ်သလို၊
တဖက်ဖက်ကို ထိုးကြသွားမှာပါ"

**Who wants change..?**

(ဘယ်သူပြောင်းလဲမှု လိုချင်သလဲ. . . ?)

လူတိုင်း အပြောင်းအလဲကိုလိုချင်ကြတယ်။

**Who want to change..?**

(ဘယ်သူတွေ စပြီးပြောင်းလဲမလဲ. . . ?)

ဘယ်သူမှ မပြောင်းလဲချင်လို့ ဘယ်ပြောင်းလဲပါ့မလဲ။

**Who want lead to change..?**

(ဘယ်သူက အပြောင်းအလဲကို ဦးဆောင်ချင်သလဲ. . . ?)

တစ်ယောက်မှ တာဝန်မယူလိုလျှင် သယ်အပြောင်းအလဲမှုဖြစ်မလာနိုင်ဘူး။

သူငယ်တန်းဘဝကို မပြောင်းလဲရင်
ယနေ့ ၁၀ တန်းမရောက်နိုင်သလိုပဲ
ယနေ့ အခြေအနေကို မပြောင်းလဲရင်
တိုးတက်မှုကို မရောက်စေနိုင်ဘူး
ဘဝဆိုတာ မွေးရာပါ (ပြောင်းလဲမှုဖြစ်စဉ်ကြီးပါ)။

လမ်းမလျှောက်တဲ့ ကလေးဘဝမှ၊
ပြေးတတ်လာတဲ့ လူငယ်ဘဝသို့ပြောင်းလဲလာပြီး
လောကမှာ ကိုယ်တိုင်ရပ်တည်တဲ့ လူကြီးဘဝသို့
အဆင့်ဆင့် ပြောင်းလဲလာခဲ့ကြပါတယ်. . .။
အရင်အတိုင်းကြိုးစားနေရင်တော့. . . ရလဒ်တွေဟာလည်း အရင်အတိုင်းပဲ။
အရင် အတိုင်းတွေးခေါ်နေရင်တော့. . . ဘဝဟာလည်း ဒီအတိုင်းပဲနေမှာပါ။

## Think outside Box

သာမန်တွေးနေတဲ့ ပြင်ပကိုထွက်ပြီး စဉ်းစားကြည့်ပါ။
အတွေး၊ အမြင်၊ ခံယူချက်တွေ မပြောင်းလဲရဲရင်တော့
အရင်အတိုင်းပဲ ဆက်သွားနေမိမှာပါ. . . . .။
အပြောင်းအလဲကို ကြိုးစားလိုက်လို့ (ရှုံးတော့ရော) ဘာဖြစ်သလဲ၊ မူလနေရာမှာ
ပြန်နေ လိုက်ရုံပဲ. . ။ အပြောင်းအလဲကို ကိုးစားလိုက်လို့ (အောင်မြင်ရော)
အရာရာဟာ အပြောင်းလဲကို ခံစားနိုင်ပါတယ်။

ဘာကြောင့် မပြောင်းလဲသလဲ. . . ???

- Fear ကြောက်လို့ - မပြောင်းလဲကြဘူး

မပြောင်းလဲတော့ - ပိုပိုကြောက်စရာမကောင်းဘူးလား. .။

- Excuse ဆင်ခြေများလို့ - မပြောင်းလဲကြဘူး

ဆင်ခြေပေးလို့ရော - ကိုယ့်ဖြစ်ချင်တဲ့အပြောင်းအလဲ ပိုမဝေးသွားဘူးလား။

**ပြောင်းလဲနိုင်အောင်မကြိုးစားတဲ့သူဟာအားအင်တွေ၊ စိတ်ထွေတွေနဲ့ ပြည့်နေသူ ဖြစ်တယ်။ တကယ်ပြောင်းလဲမှုနိုင်ဖို့အတွက် ဘာတွေလုပ်ရမှာလဲဆိုတာကိုကောင်းကောင်းကြီး သဘောပေါက်နိုင်သူ ဖြစ်တယ်။**

**(လူချိုယာနိ၊ ဘင်နက်တန်)**

အခုအတိုင်းကြီးပဲ ဆက်နေမလား. . .

လိုချင်တဲ့ အရာတွေကို ပြောင်းလဲပြီး ကြိုးစားမလား. .

အပေး-အယူ၊ အလဲအလှယ်တော့ ကြိုးစားရလိမ့်မယ်။

Start - ရောက်တဲ့နေရမှာ စပြီးပြောင်းလဲပါ။

Use - ရှိတဲ့အရာတွေနဲ့ စတင်ပြောင်းလဲပါ။

Do - လုပ်နိုင်သလောက် စတင်ပြောင်းလဲကြိုးစားကြည့်ပါ။

အင်္ဂလိပ်စာတတ်ဖို့ ပြောင်းလဲရတာ (၁-နှစ်) တာလေးပါ။

အင်္ဂလိပ်စာတတ်လို့ အခွင့်အရေးရရင် (၁-ဘဝ) တာဖြစ်သွားမှာပါ။

ပြောင်းလဲကြိုးစားမလား - အခွင့်အရေးကို အရှုံးပေးမလား. . . ?

| | |
|---|---|
| Change for Life | (ဘဝအတွက် ပြောင်းလဲလိုက်ပါ) |
| Change for Family | (မိသားစုအတွက် ပြောင်းလဲလိုက်ပါ) |

Change for Chance (အခွင့်အရေးများစွာအတွက် ပြောင်းလဲလိုက်ပါ)

Change ပြောင်းလဲမှုတိုင်းမှာ. . .
Chance အခွင့်အရေးရှိနေတယ်။
ယခင် မပြောင်းလဲခဲ့ရင် - ယခု အခွင့်အရေးကို မရဘူး။
ယခု မပြောင်းလဲရင် - နောင် အခွင့်အရေးကို မရဘူး။
ပြောင်းလဲချင်ရင် - မဖြစ်မနေအပြောင်းအလဲလုပ်ရမယ်။

You WANT to Change - You MUST be Change! Change for Chance

အခွင့်အရေးအတွက် ပြောင်းလဲပါ။
လောကမှာ သူများကို ပြောင်းလဲရတာ အခက်ဆုံးပဲ။
ကိုယ်တိုင် ပြောင်းလဲရတာ အလွယ်ဆုံးမလား. . .။
မိမိကိုယ်တိုင် တာဝန်ယူပြီး တဦးချင်းပြောင်းလဲတဲ့နေ့
ယနေ့ကမ္ဘာကြီးမှာ အရာရာပြောင်းလဲလာတဲ့နေ့ပါပဲ။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# How to write your "CV & RESUME"?

## (သင့်ရဲ့ကိုယ်ရေးအကျဉ်းကို ဘယ်လိုရေးသားမလဲ)




“လူတွေ့အင်တာဗျူး
ဖြေဆိုနိုင်ဖို့အတွက်
**Professional RESUME**
ရေးသားခြင်းဟာ
ပထမအဆင့်
အရေးကြီးတယ်”

မြန်မာ့စျေးကွက်စီးပွားရေးတိုးတက်လာမှုနဲ့အတူ အလုပ်အကိုင် အခွင့် **အလမ်းအသစ်များစွာ ရရှိလာနိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီလုပ်ငန်းဌာနများအတွက် အလုပ်ခေါ်မှုအများဆုံးသောနေရာတွေကို လေ့လာကြည့်ရင်. . .**

- **Admin & HR ရာထူးများ**
- **Finance & Accounting ရာထူးများ**
- **Sale & Marketing ရာထူးများ**
- **Banking ရာထူးများ**
- **Project ရာထူးများ**
- **INGO ရာထူးများ**

- Web & IT ရာထူးများ
- Engineering ရာထူးများ
- Medical & Health ရာထူးများ
- International Trade ရာထူးများ
- Logistic & Procurement ရာထူးများ

စတဲ့ မတူညီတဲ့ လုပ်ငန်းအသစ်တွေမှာ ဝင်ရောက်လုပ်ကိုင်လိုသူများ အတွက် Impression First ဆိုသလိုပဲ လူတွေ့အင်တာဗျူးဖြေဆိုနိုင်ဖို့ အတွက် Professional RESUME ရေးသားခြင်းဟာ ပထမအဆင့် အရေးကြီးတယ်လို့ဆိုနိုင်ပါတယ်။

## Professional Resume

### (ပညာရှင်အဆင့် ကိုယ်ရေးအကျဉ်းဖော်ပြမှုပုံစံများ)

❖ Career Objective (မိမိရဲ့အသက်မွေးဝမ်းကြောင်း ရည်ရွယ်ချက်ဖော်ပြမှု)

❖ Education Summary (ပညာရေးဆိုင်ရာ Degree, Certificate, Training အနှစ်ချုပ်ဖော်ပြမှုများ)

❖ Working Experience (အလုပ်အတွေ့အကြုံ Responsibility and Period ဖော်ပြချက်များ)

❖ Personal Profile (သင့်ရဲ့ ကိုယ်ရေးအချက်အလက်များ အသေးစိတ် ဖော်ပြမှု)

❖ Reference Persons (အလုပ်အတွက် ထောက်ခံပေးမည့် လူပုဂ္ဂိုလ်များ)

စတဲ့အချက်တွေနဲ့အတူ မိမိရဲ့အရည်အချင်းများနှင့် ကျွမ်းကျင်မှုများကို ပေါ်လွင်စေပြီး၊ အင်တာဗျူးအတွက် အခွင့်အရေးဖြစ်လာနိုင်မှာဖြစ်ပါတယ်။ (အဓိက အကြံပေးချင်တာတော့ - အလုပ်ခေါ်တဲ့ ကုမ္ပဏီအပေါ်မူတည်ပြီး၊ CV Resume ရေးသား ဖော်ပြမှုဟာ မတူညီစွာတင်ပြနိုင်ရမှာဖြစ်ပါတယ်၊ ခေါ်ယူတဲ့ ရာထူးနေရာဌာနအလိုက် အတွေ့အကြုံများကို ပါဝင်ရေးသားဖော်ပြနိုင်လျှင် အင်တာဗျူး % ပိုများပြီး အလုပ်ရရှိမှုအခွင့်အရေးများနိုင်မှာဖြစ်ပါတယ်။

လုပ်ငန်းတစ်ခုအောင်မြင်ဖို့ဆိုရင်တော့. . .

C - Capacity (လုပ်ဆောင်စွမ်းရည်)၊

O - Opprotunity (အခွင့်အလမ်း)၊

C - Commitment (သံဓိဋ္ဌာန်)၊

A - Action (လက်တွေ့ကျလုပ်ဆောင်မှု)

ဆိုတဲ့ COCA (၄-ခု) လုံး ဆုံဖို့တော့လိုမှာဖြစ်ပါတယ်။ တချို့က အရည်အချင်းတော်တယ် - အခွင့်အရေးမရှိသေးတော့ အလုပ်မရတာတွေလည်းရှိနေဦးမှာပါ။ အောင်မြင်သော သူတိုင်းမှာ နာကျင်စရာကောင်းတဲ့ ပုံပြင်တွေရှိတာက်သလို နာကျင်စရာကောင်းသော ပုံပြင်တိုင်းလည်း အောင်မြင်စွာ အဆုံးသတ်စမြဲဆိုသလိုပဲ အောင်မြင်မှုဆီရောက်တဲ့တနေ့ ပင်ပန်းမှုတွေဆိုတာရှိတော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့်အားလုံးကိုကြိုးစားပါလို့ အားပေးချင်ပါတယ်။

> **အောင်မြင်မှု ဆီရောက်တဲ့တနေ့ ပင်ပန်းမှုတွေ ဆိုတာရှိ တော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့်အားလုံးကိုကြိုးစားပါ**

အခွင့်အရေးဆိုတာ လူမှုဝန်းကျင်မှ ပေးလာခြင်းဖြစ်တာမို့ Social အပိုင်းကိုလည်း ထည့်စဉ်းစားစေချင်တယ်၊ အလုပ်တွေမှာဆိုရင်တောင်မှ ရင်းနှီးတဲ့သူပြောတာ၊ အကြံပေးတာ၊ တွဲလုပ်နေတာတွေရှိတော့ ရင်းနှီးမှုဆိုတာဟာ အလွန်အရေးကြီးတဲ့ ကြားခံအချက်ပါပဲ။ ဒါကြောင့် မိမိအလုပ်နဲ့သက်ဆိုင်တဲ့ Friends (မိတ်ဆွေသူငယ်ချင်း)၊ Family (မိသားစုအဆက်အသွယ်)၊ Collaborators (ပံ့ပိုးကူညီပေးနိုင်တဲ့သူ) Partner (လုပ်ဖော်ကိုင်ဖက်ကောင်း) တွေရှိဖို့တော့လိုပါလိမ့်မယ်။ Skill ကျွမ်းကျင်မှုနဲ့ လိုချင်တဲ့နေရာသို့ Network ချိတ်ဆက်နိုင်မှုဟာ အောင်မြင်မှုရဲ့ အခြေခံအချက်တွေပဲဖြစ်ပါတယ်။ ယနေ့ခေတ်မှာ အလုပ်အကိုင်အခွင့်များစွာခေါ်ယူနေပြီဖြစ်တာမို့ Network အချိတ်အဆက်ကိုလည်း ဦးစားပေးဆောင်ရွက်သွားဖို့ အားပေးလိုက်ပါတယ်။


***I am Leader** (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It** (ငါလုပ်နိုင်ပါတယ်)*

***I Must - I Can** (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving** (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆




## The Law of Working Brain & Working Heart

(ဦးနှောက်နဲ့အလုပ်လုပ်ခြင်းနှင့် နှလုံးသားနှင့် အလုပ်လုပ်ခြင်း ဥပဒေသ)

**Management is working with Brain**

**(စီမံမှုဆိုတာ ဦးနှောက်နဲ့ဆုံးဖြတ် အလုပ်လုပ်ခြင်းဖြစ်ပြီး)**

**Leadership is working with Hart**

**(ခေါင်းဆောင်မှုဆိုတာ နှလုံးသားနဲ့ခံစား အလုပ်လုပ်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"ဦးနှောက်နဲ့ ဆုံးဖြတ်အလုပ်လုပ်ဖို့လိုအပ်သလို***

***နှလုံးသားနဲ့ ခံစား အလုပ်လုပ်ဖို့လည်းလိုအပ်တယ်"***

# How to Interview
## (အင်တာဗျူး ဘယ်လိုဖြေဆိုမလဲ)




"ပေးလာနိုင်ခြေရှိသော
အခွင့်အရေး၊ အလားအလာတွေကို
ကြိုတင်လေ့လာပြီး
ပြင်ဆင်ထားခြင်းဟာ
အလုပ်မလုပ်ခင်
အောင်ပွဲဝင်နိုင်ခြင်းပင်ဖြစ်ပါတယ်"

အခြေခံအားဖြင့် ကုမ္ပဏီများမှာ အင်တာဗျူး အဆင့် (၃-ဆင့်) ဖြင့် အလုပ် ရွေးချယ်ခန့်အပ်ကြပါတယ်။

- အဆင့် (၁) HR ဌာနမှ လူတွေ့အင်တာဗျူး ခေါ်ယူခြင်း
- အဆင့် (၂) Department သက်ဆိုင်ရာ ဌာနမှ တာဝန်ရှိသူများမှ အင်တာဗျူး ပြုလုပ်ခြင်း
- အဆင့် (၃) Director (CEO, MD) အဆင့်များမှ ဆုံးဖြတ်ရွေးချယ်ရန်

**အင်တာဗျူးခေါ်ယူခြင်း**

**ကုမ္ပဏီတာဝန်ရှိသူများအနေဖြင့် အင်တာဗျူးမှာ အများအားဖြင့် ခြုံငုံလေ့လာ ဆုံးဖြတ်တဲ့ ASKEQ ဆိုတဲ့ မေးခွန်းတွေနဲ့ အင်တာဗျူးသူများကို** အမှတ်ပေး ဆုံးဖြတ်ရွေးချယ်လေ့ရှိပါတယ်။




သင်ဟာ အောင်မြင်တိုးတက်ချင်ရင် သင်လိုချင်တဲ့ ရလဒ်တွေကို အောင်မြင်ခဲ့ပြီးသူထံမှာ ရှာဖွေပါ။ သူကြိုးစားသလို သင်လည်း ပုံစံတူကြိုးစားခြင်းဖြင့် သင်လည်းတနေ့ ထိုကဲ့သို့ပဲ တူညီတဲ့ရလဒ်တွေကို အောင်မြင်နိုင်ပါလိမ့်မယ်

**A - Attitude** (ကိုယ်ကျင့်တရား)

**S - Skill (အရည်အချင်း)**

**K - Knowledge** (ဗဟုသုတ)

**E - Experience (အတွေ့အကြုံ)**

**Q - Qualification** (ပညာအရည်အချင်း)

စတဲ့ အချက်တွေကိုဗဟိုပြုပြီးမေးနိုင်ပြီး ပြင်ဆင်ခြင်းဟာ အောင်မြင်ခြင်း တစ်ဝက်ဖြစ်လို့ များများပြင်ဆင်မှုရှိလေလေ အင်တာဗျူးဆိုတာနဲ့အလုပ်ရဖို့ အခွင့်အလမ်းများလေလေပါပဲ။

## Working Experience

### (လုပ်ငန်းအတွေ့အကြုံ) နှင့် ပတ်သတ်ပြီး အင်တာဗျူးမေးခြင်း

| Job Position | Name of Organizaton | Working Period |
| --- | --- | --- |
| (လုပ်ကိုင်ခဲ့ဖူးသော ရာထူး) | (လုပ်ကိုင်ခဲ့ဖူးသော အဖွဲ့အစည်းအမည်) | (လုပ်သက်နှစ်ကာလ) |

ယခင်ကုမ္ပဏီမှ ဘယ်အကြောင်းကြောင့် သင်အလုပ်ထွက်ခွါခဲ့ပါသနည်း။

ယခုလျှောက်ထားသောအလုပ်နှင့်ပတ်သက်၍ သင့်တွင် အခြားသူများထက် သာလွန်သည်ထင်သော အရည်အချင်း

(အားသာချက်များ - အနည်းဆုံး-၃ချက်)

ယခုလျှောက်ထားသောအလုပ်နှင့်ပတ်သက်၍ သင့်တွင် အခြားသူများထက် အားနည်းသည်ထင်သော အရည်အချင်း

(အားနည်းချက်များ - အနည်းဆုံး-၃ချက်)

သင်၏ အားလပ်ချိန်ကို မည်သို့အသုံးချသနည်း။ (အားလပ်ချိန်တိုင်း ပြုမူလေ့ရှိသည့် အချက်-၃ ချက်)

မည်သည့်အလုပ်ဖြင့် ရေရှည်အသက်မွေးဝမ်းကျောင်း ပြုမည်ဟု မျှော်မှန်းထားပါသနည်း?

သင်မျှော်မှန်းထားသော လစာများ

အစမ်းခန့်ကာလ ------------ အတည်ပြုဖြစ်သောအခါ -----------

လုပ်သက် (၁-နှစ်) ပြည့်ပါက ------------

လုပ်သက် (၃-နှစ်) ပြည့်ပါက ------------

ရေရှည်မှာ ကုမ္ပဏီမျှော်မှန်းသည့် အမြင့်ဆုံးလစာ ------------------

သင်အလုပ်ရပါက ကျွန်ုပ်တို့ကုမ္ပဏီတွင် မည်မျှကြာအောင်လုပ်မည်ဟု ခန့်မှန်းထားပါသလဲ?

ကျွန်ုပ်တို့၏ ကုမ္ပဏီတွင် သင်ဘာကြောင့် အလုပ်လုပ်လိုပါသနည်း။

သင့်အနေဖြင့် ကျွန်ုပ်တို့ကုမ္ပဏီအတွက် မည်သည့်အကျိုးကျေးဇူးများ ပေးနိုင်ပါသနည်း။

**ကုမ္ပဏီများမှာ အများဆုံး အင်တာဗျူးမေးတက်သော အချက်များကို စုစည်း တင်ပြပေးထားပါတယ်။ အောင်မြင်မှု အခွင့်အရေးဆိုတာ ပေးလာတဲ့ အခွင့်အရေးနဲ့ ကိုယ်ပြင်ဆင်ထားတာနဲ့ တိုက်ဆိုင်သွားမှုဖြစ်လို့၊ ပေးလာနိုင်ခြေ ရှိသော အခွင့်အရေး၊ အလားအလာတွေကို ကြိုတင်လေ့လာပြီး ပြင်ဆင်ထားခြင်းဟာ အလုပ်မလုပ်ခင် အောင်ပွဲဝင်နိုင်ခြင်း** ပင်ဖြစ်ပါတယ်။

ကျွန်တော်ယခုဖော်ပြချက်တွေဟာ အတွေ့အကြုံ၊ အချိန်

> **Theory (သီအိုရီ) ဖြစ်လို့**
>
> **Practice make Perfect**
>
> **(လက်တွေ့ ကျမှုနဲ့ ပြည့်စုံမှုသို့)**
>
> **Theory + Practice =**
>
> **Success ဖြစ်လာစေဖို့ Your**
>
> **Activity Your Future မှာ**
>
> **အနာဂတ်အတွက်**
>
> Professional များစွာ
>
> ပေါ်ထွန်းလာစေနိုင်ဖို့ . . .

ကာလ၊ ဖြစ်စဉ် တွေများစွာပါဝင်နေတဲ့ Theory (သီအိုရီ) ဖြစ်လို့ Practice make Perfect (လက်တွေ့ ကျမှုနဲ့ ပြည့်စုံမှုသို့)Theory + Practice = Success ဖြစ်လာစေဖို့ Your Activity Your Future မှာ အနာဂတ်အတွက် Professional များစွာ ပေါ်ထွန်းလာစေနိုင်ဖို့ မျှဝေရေးသားပေးလိုက်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# ဘဝရဲ့အချိန်နာရီ (၁၂-ခု)




*လူတိုင်း ကိုယ့်ရဲ့ဘဝကို အကောင်းဆုံး ဘယ်လိုဖန်တီးမလဲဆိုရင်*
*(ဘဝရဲ့ အချိန်နာရီ ၁၂ ချက်အတိုင်း တန်ဖိုးရှိစွာ*
*နေထိုင်သွားဖို့ပဲဖြစ်ပါတယ်)*

## ဘဝရဲ့ အချိန်နာရီ (၁၂-ချက်) လည်ပတ်မှု

**ဘဝရဲ့ အချိန်နာရီ (၁) Knowledge အသိပညာ**
(နေ့စဉ်ဘဝကို ဘယ်လိုနေထိုင်သွားမလဲဆိုတဲ့ အသိပညာနဲ့ တွေးခေါ်ဆုံးဖြတ်နေထိုင်ဖို့လိုအပ်ပါတယ်)။
(ပညာဆိုတာ ဘဝရပ်တည်မှုရဲ့ အမှန်အမှားကို ဖန်တီးပေးနိုင်ပါတယ်)

**ဘဝရဲ့ အချိန်နာရီ (၂) Work အလုပ်**
(နေ့စဉ်ဘဝရဲ့ စားဝတ်နေရေးအတွက် အလုပ်ကြိုးစားမှုနဲ့ ဘဝကို တိုးတက်အောင်နေထိုင်သွားဖို့လိုအပ်ပါတယ်)
(အလုပ်ဆိုတာ ဘဝရဲ့တိုးတက်အောင်မြင်မှုကို ဖန်တီးပေးနိုင်ပါတယ်)

**ဘဝရဲ့ အချိန်နာရီ (၃) Success အောင်မြင်မှု**
(အောင်မြင်မှုတွေနဲ့အတူ ဘဝရဲ့အဆင့်အတန်းတွေကို တိုးတက်စေပြီး ရည်မှန်းသော ပန်းတိုင်တွေကို ဖန်တီးကြိုးစားနေဖို့လိုပါတယ်)
(အောင်မြင်မှုဆိုတာ ဘဝအတွက်ပြည့်စုံခြင်းတွေကို ဖန်တီးပေးနိုင်ပါတယ်)

**ဘဝရဲ့ အချိန်နာရီ (၄) Money ငွေကြေး**
(လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ စားဝတ်နေရေး အဆင်ပြေတိုးတက်ဖို့အတွက် ငွေကြေးပြည့်စုံတိုးတက်နေ့လိုပါတယ်)
(ငွေကြေးဆိုတာ လူမှုဘဝတွေကို ချမ်းသာစေဖို့ ဖန်တီးပေးနိုင်ပါတယ်)

**ဘဝရဲ့ အချိန်နာရီ (၅) Social လူမှုရေး**
(လူမှုဝန်းကျင်မှာ နေထိုင်ရတဲ့အခါ လူမှုရေးနဲ့ ပေါင်းသင်းဆက်ဆံရေးဟာ

မရှိမဖြစ်လို့ လူမှုဝန်းကျင်နဲ့ အဆင်ပြေစွာနေထိုင်ဖို့လိုအပ်ပါတယ်)
(လူမှုရေးဆိုတာ ကောင်းမွန်သောအသိုက်အဝန်းဖြစ် ဖန်တီးပေးနိုင်ပါတယ်)

⑦ ဘဝရဲ့ အချိန်နာရီ (၆) Charity ပေးကမ်းမှု
(လိုအပ်သူတွေကို ပေးကမ်းလှူဒါန်းခြင်းဖြင့် အားလုံးလှပသော အဆင်ပြေသော ပတ်ဝန်းကျင်သို့ ကူညီဖန်တီးပေးဖို့လည်း လိုအပ်ပါတယ်)
(ပေးကမ်းမှုဟာ ယခုနဲ့ နောင်သံသရာအတွက် အကျိုးပေးနိုင်ပါတယ်)

⑦ ဘဝရဲ့ အချိန်နာရီ (၇) Health ကျန်းမာရေး
(ကောင်းမွန်စွာ အသက်ရှင်နေထိုင်ဖို့နေရာဟာ ခန္ဓာကိုယ်ရဲ့ ကျန်းမာနေခြင်းဖြစ်လို့ ကျန်းမာရေးဂရုထားဖို့လည်းလိုအပ်ပါတယ်)
(ကျန်းမာရေးဟာ ခန္ဓာကိုယ်ရဲ့ ချမ်းသာမှုကို ဖန်တီးပေးနိုင်ပါတယ်)

⑧ ဘဝရဲ့ အချိန်နာရီ (၈) Energy အာဟာရ
(အဟာရမျှတစွာ စားသောက်နေထိုင်ပြီး လိုအပ်သော စွမ်းအားကြိုးစားမှုနဲ့ နေ့စဉ်ဘဝကို အဟာရမျှတစွာ နေထိုင်ဖို့လည်း လိုအပ်ပါတယ်)
(အဟာရဟာ ရှင်သန်မှုနဲ့ စွမ်းအားပြည့်စုံမှု ဖန်တီးပေးနိုင်ပါတယ်)

⑨ ဘဝရဲ့ အချိန်နာရီ (၉) Happy ပျော်ရွှင်မှု
(နေ့စဉ် ပျော်ရွှင်စိတ်ချမ်းသာမှုလည်း ဘဝရဲ့အနှစ်သာရ ပြီးပြည့်စုံမှုတွေကို ခံစားနေတာမို့ အောင်မြင်ပျော်ရွှင် စိတ်ချမ်းသာဖို့ လိုအပ်ပါတယ်)
(ပျော်ရွှင်မှုဟာ ဘဝရဲ့စိတ်ချမ်းသာမှု ပြီးပြည့်စုံမှုကို ဖန်တီးပေးနိုင်ပါတယ်)

⑩ ဘဝရဲ့ အချိန်နာရီ (၁၀) Family မိသားစု

(နွေးထွေးသော မိသားစုအရိပ်အမြုံဆိုတာ ဘဝရဲ့အေးချမ်းသာယာစေမှုဖြစ်လို့ မိသားစုနဲ့အတူ ပျော်ရွှင်မှုဖန်တီးဖို့လိုအပ်ပါတယ်)
(မိသားစုဟာ နွေးထွေးသော ချစ်ခြင်းမေတ္တာတွေကို ဖန်တီးပေးနိုင်ပါတယ်)

**⑪ ဘဝရဲ့ အချိန်နာရီ (၁၁) Spiritual ဘာသာတရား**
(ဘာသာတရား၏ စစ်မှန်သော ငြိမ်းချမ်းမှု မိမိနဲ့ လောကအကျိုးရှိဖို့ရာ ဘာသာတရားအနှစ်သာရရှိဖို့ ဆုံးမခံယူကျင့်ကြံဖို့လိုအပ်ပါတယ်)
(ဘာသာတရားဆိုတာ ကောင်းမှုဖြစ်စေပြီးငြိမ်းချမ်းမှုကို ဖန်တီးပေးနိုင်ပါတယ်)

**⑫ ဘဝရဲ့ အချိန်နာရီ (၁၂) Relax အနားယူမှု**
(ဘဝရဲ့ ပင်ပန်းမှုတွေ ပြေပျောက်စေဖို့အတွက် နေ့စဉ် ခန္ဓာနဲ့စိတ်ချမ်းသာမျှတစွာ အပန်းဖြေအနားယူမှုလိုအပ်ပါတယ်)
(အနားယူမှုဟာ ယနေ့ရဲ့ပင်ပန်းမှုပြေပြီး မနက်ရဲ့ခွန်အားဖန်တီးပေးနိုင်ပါတယ်)

လူတိုင်းမှာ ဘဝဆိုတာရှိတယ်ဆိုရင်. . . ဘဝရဲ့အချိန်နာရီ (၁၂-ချက်) လုံးမှာ မျှတစွာလည်ပတ်နေဖို့ အရေးကြီးပါတယ်။ ရပ်နေတဲ့ နာရီဆိုတာ အသုံးမဝင်သလို၊ ဘဝကို နာရီကဲ့သို့ မလည်ပတ်နေလျှင် ဘဝရဲ့စစ်မှန်တဲ့ တန်ဖိုးတွေကို မရစေနိုင်ပါဘူး။ အချိန်ဆိုတာ တန်ဖိုးရှိလို့ အချိန်နဲ့တပြေးညီ ကြိုးစားနေကြ သလို၊ ဘဝဆိုတာလည်း လူ့တန်ဖိုးအကြီးဆုံးဖြစ်ဖို့ ဘဝကို ယခု ၁၂-ချက်ဖြင့် ပြည့်စုံလည်ပတ်နေဖို့ အရေးကြီးပါတယ်။

စီမံခန့်ခွဲမှု သီအိုရီအရ (အချိန် ၁-ခုတည်းမှာ) ၈၀ % ကြိုးစားနေသူဟာ (ဘဝ ၁-ခုလုံးမှာ) ၂၀ % သာ တန်ဖိုးရရှိစေတာမို့. . . ဘဝရဲ့ အချိန်နာရီ (၁-ခုတိုင်းမှာ) ၂၀ % ဦးစားပေးကြိုးစားပြီး၊ (ဘဝ ၁-ခုလုံးမှာ) ၈၀ % သော တန်ဖိုးတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

အချိန်တိုင်းဟာ တန်ဖိုးရှိသလို၊ ဘဝရဲ့ အစိတ်အပိုင်း အားလုံးမှာ တန်ဖိုး တွေရှိပါတယ်။ အချိန်တွေဟာ တန်ဖိုးရှိသလို၊ ဘဝရဲ့ တန်ဖိုးတွေကို ဖန်တီးနိုင်ကြ ပါစေ. . .။

လူတိုင်းဘဝကို တန်ဖိုးထားတယ်ဆိုလျှင် (ယခု အချိန်နာရီလေးအတိုင်း အချက် ၁၂-ချက်နဲ့ လည်ပတ်နေထိုင်သွားဖို့ ပညာဒါနပြုလျှက်. . . အားလုံးရဲ့ ဘဝတွေအတွက် တစ်သက်စာ နာရီလေးတစ်လုံး လက်ဆောင်ဖန်တီးပေး လိုက်ပါတယ်)


အချိန်နာရီအတိုင်း ဘဝကို တန်ဖိုးရှိစွာ လည်ပတ်စီမံနိုင်ပါစေ. . .။
အားလုံးအတွက် ဘဝရဲ့အချိန်နာရီလေး မေတ္တာလက်ဆောင်. . .

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# Work Life Balance

## (အလုပ်နဲ့ ဘဝပုံစံ မျှတစီမံခန့်ခွဲမှု)




"ဘဝဟာ မျှတစွာကြိုးစားရလိမ့်မယ် တဖက်မှာ မြင့်နေပြီး တဖက်မှာ နိမ့်နေတာဟာ တည်တံ့ခြင်းကို ဖြစ်စေနိုင်မှာမဟုတ်သလို၊ တဖက်ဖက်ကို ထိုးကြသွားမှာပါ"

လူတစ်ဦးရဲ့ဘဝကို အသက်မွေးဝမ်းရပ်တည်တဲ့အခါ အခြေခံအားဖြင့် ယခုအချက် (၈-ခု)ဖြင့် ပေါင်းစပ်ဖန်တီးလာသလို၊ ဘဝတိုးတက်ပြောင်းလဲမှုအတွက် ရွေးချယ်ဆုံးဖြတ်မှု၊ တန်ဖိုး ထားမှု၊ ယုံကြည်မှုနှင့်စိတ်အားထက်သန်မှုအပေါ် မူတည်ပြီး တဦးနဲ့တဦး မတူညီစွာပဲ ဘဝပုံစံအမျိုးမျိုးကို ဖန်တီးထားတာတွေရပါတယ်။ လူတိုင်း ဟာ မွေးရာပါဒီအချက်တွေဟာ ပြည့်စုံခြင်းမရှိပေမယ့် - ဘဝမှာ မိမိကိုယ် တိုင်ထုဆစ်ပုံဖော်ပြီး (ကိုယ်တိုင်သာကိုယ့်ဘဝရဲ့ အရှင်သခင် ဦးဆောင်သူ)အဖြစ် ကြိုးစားဖန်တီးသွားရမှာ ဖြစ်ပါတယ်။ တိုးတက်အောင်မြင်နေတဲ့ ဘဝကိုပိုင်ဆိုင်သူတွေဟာ ဒီအကြောင်းထရား (၈-ခု) လုံးမှာ အဖက်ဖက်မှ ပြည့်စုံနေခြင်းကြောင့်သာဖြစ်ပါလိမ့်မယ်။

- ❖ Work & Career (အလုပ်နှင့် အသက်မွေးဝမ်း)
- ❖ Income & Business (ဝင်ငွေနှင့် စီးပွားရေး)
- ❖ Social & Relationship (လူမှုရေးနှင့် ပေါင်းသင်းမှု)
- ❖ Success & Development (တိုးတက်မှုနှင့် အောင်မြင်ရေး)
- ❖ Knowledge & Spiritual (အသိပညာနှင့် ဘာသာတရား)
- ❖ Health & Physical (ကျန်းမာရေးနှင့် ရုပ်ပိုင်းဆိုင်ရာ)
- ❖ Love & Family (ချစ်ခြင်းမေတ္တာ နှင့် မိသားစု)
- ❖ Recreation & Happiness (အပန်းဖြေမှုနှင့် ပျော်ရွှင်စိတ်ကျေနပ်မှု)

**အသက်မွေးဝမ်းကြောင်း အောင်မြင်ရေးသည်သာ ဘဝတိုးတက်အောင်မြင်စေရေး ဖြစ်လို့ (အလုပ်နဲ့ဘဝ) ကို တည်ဆောက်ကြိုးစားနိုင်ဖို့ အားပေးလိုက်ပါတယ်. .**

ဒီအချက် (၈-ခု) ကို အခြေခံပြီးရင် ဘယ်အပိုင်းတွေမှာ အားသာနေတယ်၊ ဘယ်အပိုင်းတွေမှာ အားနည်းချက်ဖြစ်နေတယ်ဆိုတဲ့ မိမိကိုယ်တိုင် ဆန်းစစ်သုံးသပ်ပြီး ဘဝပုံစံပြောင်းလဲတိုးတက်ရေးသို့ ဦးတည်ချက်ထားပြီး အောင်မြင်တိုးတက်စေရန် စီမံခန့်ခွဲခြင်းဖြင့် ယခင်ထက် ပိုမိုတိုးတက်သော ဘဝတစ်ခုကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဘဝဆိုရာ ရွေးချယ်ဆုံးဖြတ်ရာ၊ ဖန်တီးစီမံရာဖြစ်လာနိုင်ပြီး ကိုယ်တိုင်သာလျှင် ကိုယ့်ဘဝရဲ့ပန်းပုဆရာ အရှင်သခင် ဆိုတဲ့ခံယူမှုဖြင့် ဘဝတိုးတက်မှုသို့ ဖန်တီးပုံဖော် စီမံသွားရမှာဖြစ်ပါတယ်။

ဘဝဟာ မျှတစွာကြိုးစားရလိမ့်မယ်၊ တဖက်မှာမြင့်နေပြီး တဖက်မှာ နိမ့် နေတာဟာ တည်တံ့ခြင်းကို ဖြစ်စေနိုင်မှာမဟုတ်သလို၊ တဖက်ဖက်ကို ထိုးကြသွားစေမှာဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ခေတ်မှာ ရေပန်းစားလာတဲ့ **Work Life Balance** ရဲ့ သဘောကတော့ မိမိရဲ့ အတွင်းလောက (**Internal Control**) အပိုင်းနှင့် အပြင်လောက (**External Control**) အပိုင်းဒွန်စုံကို မျှတတိုးတက်အောင် စီမံနိုင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

- ❖ တဖက်မှာ လူမှုရေးအဆင်ပြေပေမဲ့ - တချို့မှာ မိသားစုချစ်ခြင်း မရတာရှိတယ်။
- ❖ တချို့က အလုပ်အကိုင်ကောင်းပေမဲ့ - တဖက်မှာ အသိပညာအားနည်းမှု ရှိတယ်။
- ❖ တဖက်မှာ အောင်မြင်နေပေမဲ့ - တချို့က အပန်းဖြေအနားယူချိန်တောင်မှ မရှိဘူး။
- ❖ တချို့က ငွေကြေးဥစ္စာပြည့်စုံပေမဲ့ - တဖက်မှာ ကျန်းမာရေးတွေ မကောင်းကြဘူး။

တဖက်မှာတော့ အားသာနေပြီး၊ တဖက်မှာ အားနည်းနေပြန်လည်း ဘဝဟာ မတိုးတက်နိုင်တာမို့ ဘဝရဲ့အတွင်းပိုင်းနှင့် အပြင်ပိုင်းကို မျှတစွာ စီမံပြီး ဘဝကိုအဖက်ဖက်မှ ပြီးပြည့်စုံအောင် စီမံခြင်းဖြင့် တိုးတက်သော ဘဝတစ်ခုကို သင်ဟာ ဖန်တီးတည်ဆောက်နိုင်ပါလိမ့်မယ်။ ဒီအရာ (၈-ခု) ဟာ ဘဝရဲ့ ဒေါက်တိုင်တွေပဲ တခုခု လဲပြိုကြရင်၊ တခုခုနဲ့တခုဟာ ဆက်စပ်နေပြီး ဘဝကို ဆုံးရှုံးနစ်နာမှုတွေကြုံရလို့ ဘဝမှာ (၈-ချက်) အားလုံးကို တခုချင်း

သုံးသပ်ပြီး စီမံသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘဝပုံစံဟာ လှည်းဘီးနဲ့တူပြီး တခုနဲ့တခုဟာ ထောက်ပံ့လည်ပတ်နေသလို၊ အချက် တခုချင်းစီမှာ ပြည့်စုံကြီး ထွားလာသည်နှင့်အမျှ တပတ်ပြည့်တိုင်းမှာ ရှေ့သို့ ပိုရောက်နိုင်ပြီး ဘဝတိုး တက်အောင်မြင်မှုကို ပိုမိုဖန်တီးစေမှာဖြစ်ပါတယ်။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Short-team Mission and Long-term Vision
## (ကာလတို ရည်မှန်းကြိုးစားခြင်းနှင့် ကာလရှည် မျှော်မြင်ကြိုးစားခြင်း ဥပဒေသ)

**Management is Mission for Short-term**
**(စီမံမှုဆိုတာ ကာလတိုအတွက် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ပြီး)**

**Leadership is Vision for Long-term**
**(ခေါင်းဆောင်မှုဆိုတာ ကာလရှည်အတွက် မျှော်မှန်းကြိုးစားခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**
***“ကာလတိုအတွက် ရည်မှန်းဆောင်ရွက်ဖို့ လိုအပ်သလို***
***ကာလရှည်အတွက် မျှော်မှန်းကြိုးစားဖို့လည်း လိုအပ်တယ်”***

# Update (8-Q)

## စွမ်းရည်(၈)မျိုး အကြောင်း

******************




ကမ္ဘာကြီးမှာ Up-to-date ပြောင်းလဲမှုဟာ နေ့စဉ်ဆိုတာထက် Up-to-Second စက္ကန့်တိုင်းမှာ လျှင်မြန်စွာပြောင်းလဲတိုးတက်လျှက်ရှိနေပါပြီ။ လျှင် မြန်မှုအားကြီးတဲ့ ပြောင်းလဲမှုတွေကို အလိုက်သင့်ပြောင်းလဲရပ်တည်ခြင်း **ဟာ လူသားတွေရဲ့စွမ်းရည်ပင်ဖြစ်ပါတယ်။**

**ယနေ့ခေတ်ပြောင်းလဲတိုးတက်လာတဲ့ ဝန်းကျင်မှာ သိထားသင့်တဲ့ (Quotient - စွမ်းရည်) များအကြောင်း၊ ဆရာသခင်များအားလုံးထံမှ လေ့လာ ဆည်းပူးလျှက် Update ဖြစ်ဖို့ မျှဝေရေးသားပေးလိုက်ပါတယ်။**

- **(EQ) - Emotional Quotient (နှလုံးရည်ဆိုင်ရာ စွမ်းရည်)**
- **(IQ) - Intellectual Quotient (ဉာဏ်ရည်ဆိုင်ရာ စွမ်းရည်)**
- **(SQ) – Spiritual Quotient (ဘာသာတရားဆိုင်ရာ စွမ်းရည်)**
- **(PQ) - Physical Quotient (ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်)**

- (CQ) - Cultural Quotient (လူမှုယဉ်ကျေးမှုဆိုင်ရာ စွမ်းရည်)
- (FQ) - Financial Quotient (ငွေကြေးစီးပွားရေးဆိုင်ရာ စွမ်းရည်)
- (TQ) - Technological Quotient (နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်)
- (LQ) - Leadership Quotient (ခေါင်းဆောင်မှုဆိုင်ရာ စွမ်းရည်)

ဆိုတဲ့ စွမ်းရည် (၈-မျိုး) ပြည့်စုံစွာ ကြိုးစားဖို့ ပညာရှင်များထံမှ လေ့လာမိသလောက် (Quotient) များကို စုစည်းရေးသားဖော်ပြပေးလိုက်ပါတယ်။

**(EQ) - Emotional Quotient** (နှလုံးရည်ဆိုင်ရာ စွမ်းရည်)

ကောင်းမွန်တဲ့ စိတ်နေစိတ်ထား၊ လူမှုဝန်းကျင်အပေါ် တန်ဖိုးထား လေးစားပြီး၊ အများအတွက် စိတ်ကောင်းစေတနာအပေါ်မှ အခြေခံပြီးဖြစ်လာတဲ့ စွမ်းရည်ပင်ဖြစ်ပါတယ်။

**(IQ) - Intellectual Quotient** (ဉာဏ်ရည်ဆိုင်ရာ စွမ်းရည်)

အတွေးအခေါ်ကောင်းမွန်ခြင်းဆိုတဲ့ စာပေဖတ်ရှုမှု၊ စူးစမ်းလေ့လာမှုတွေအပေါ်မှာ အခြေခံပြီး၊ အတက်ပညာအပေါ်မှာ ထူးချွန်ကျွမ်းကျင်ခြင်းမှ ဖြစ်လာတဲ့ စွမ်းရည်ပင်ဖြစ်ပါတယ်။

**(SQ) – Spiritual Quotient** (ဘာသာတရားဆိုင်ရာ စွမ်းရည်)

အဆိုး၊ အကောင်း၊ အမှား၊ အမှန်ဆိုတဲ့ ကိုးကွယ်ယုံကြည်မှုအပေါ် မူတည်ပြီး ဘာသာတရားအဆုံးအမအတိုင်း ကျင့်ကြံကြိုးစားခြင်းမှဖြစ်တည်လာသော စွမ်းရည်ပင်ဖြစ်ပါတယ်။

**(PQ) - Physical Quotient** (ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်)

ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်ဆိုရာမှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာမှုနှင့်

ရုပ်ပိုင်းဆိုင်ရာ လန်းဆန်းတက်ကြွမှုအပေါ်မှာ အခြေခံပြီးဖြစ်လာတဲ့ စွမ်းရည်ပင် ဖြစ်ပါတယ်။

**(CQ) - Cultural Quotient** (လူမှုယဉ်ကျေးမှုဆိုင်ရာ စွမ်းရည်)

ယဉ်ကျေးမှုဆိုင်ရာ စွမ်းရည်ဆိုရာမှာ မတူညီတဲ့ လူမျိုးအသီးသီးနှင့် လိုက် လျောညီထွေ ပြောဆို၊ ဆက်ဆံ၊ နေထိုင်တတ်မှုအပေါ် အခြေခံပြီးဖြစ်လာတဲ့ စွမ်းရည်ပင်ဖြစ်ပါတယ်။

**(FQ) - Financial Quotient** (ငွေကြေးစီးပွားရေးဆိုင်ရာ စွမ်းရည်)

စီးပွားရေးဆိုင်ရာ အရှုံး-အမြတ် (ကိန်းဂဏန်း) တွက်ချက်၊ ဆုံးဖြတ်မှုနှင့် ဝင်ငွေ၊ လုပ်ငန်းတိုးတက်မှုဆိုင်ရာ ဆောင်ရွက်နိုင်စွမ်းသော စွမ်းရည်ပင်ဖြစ်ပါတယ်။

**(TQ) - Technological Quotient** (နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်)

တိုးတက်လာတဲ့ ခေတ်တစ်ခုရဲ့ နည်းပညာအသုံးပြုပြီး၊ ဆန်းသစ်တီထွင်မှုဖြင့် လျှင်မြန်တိုးတက်အောင် ဆက်သွယ်ချိတ်ဆက်နိုင်စွမ်းမှုဖြစ်လာသော စွမ်းရည်ပင်ဖြစ်ပါတယ်။

**(LQ) - Leadership Quotient** (ခေါင်းဆောင်မှုဆိုင်ရာ စွမ်းရည်)

မိမိနှင့် အများအတွက် အကျိုးတရားဖြစ်ပေါ်စေရန် တာဝန်ယူဆောင်ရွက် ပြီး လက်တွေ့အကောင်အထည်ဖော် ဦးဆောင်စီမံမှုမှ ဖြစ်ပေါ်လာသော စွမ်းရည် ပင်ဖြစ်ပါတယ်။


ယခုစွမ်းရည် (၈-မျိုး) နှင့် တိုးတက်လာတဲ့ ပတ်ဝန်းကျင်နှင့် အလိုက်သင့် စီမံဦးဆောင်ခြင်းဖြင့် ထူးချွန်အောင်မြင်သော Professional များဖြစ်လာနိုင်ဖို့

ဆရာများထံမှ ဆည်းပူးလေ့လာမိသမျှ (8-Quotient) ဖြင့် Update မျှဝေ ရေးသားလိုက်ပါတယ်။

Professional Leader ထူးချွန်သော ခေါင်းဆောင်များသို့. . .

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Doing Thing Right & Doing Right Thing

(အလုပ်ကို မှန်အောင်လုပ်ခြင်းနှင့် မှန်တဲ့အလုပ်ကိုလုပ်ခြင်း ဥပဒေသ)

**Management is Doing Thing Right**

**(စီမံမှုဆိုတာ အလုပ်တွေကို မှန်အောင်လုပ်ခြင်းဖြစ်ပြီး)**

**Leadership is Doing Right Thing**

**(ခေါင်းဆောင်မှုဆိုတာ မှန်တဲ့အလုပ်တွေကို ပြုလုပ်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"အလုပ်တွေကို မှန်အောင်လုပ်ဖို့လိုသလို***

***မှန်တဲ့အလုပ်တွေကိုလည်း ပြုလုပ်ဖို့ လိုအပ်တယ်"***

# Job Career Opportunity
## (အလုပ်အကိုင် အခွင့်အလမ်းများ)



***Dagon University*** *(ဒဂုံတက္ကသိုလ်တွင် ဟောပြောချက်များ)*

ဖြစ်နိုင်ချေကိုပဲ အမြဲအာရုံစိုက်ပါ

မဖြစ်နိုင်ချေ - မဖြစ်ချင်တဲ့ (၁၀%) ကို အာရုံစိုက်နေရင်-

**ဖြစ်နိုင်ချေ - ဖြစ်ချင်တဲ့ (၉၀%) ကို မျက်ကွယ် ပြုသွားလိမ့်မယ်-**

**ဖြစ်ချင်စိတ်ပြင်းပြလျှင် ဖြစ်နိုင်တဲ့နည်းလမ်းတွေရှိနေပါတယ်။**

ကျောင်းပြီးလျှင် အလုပ်ရရှိဖို့ ဘာတွေပြင်ဆင်ထားသင့်လဲ. . . ?

အနာဂတ် လူငယ်အများစုအနေနဲ့ ကျောင်းပြီးတာနဲ့ အလုပ်အကိုင်ရရှိနိုင်ဖို့ဟာ လူငယ်တိုင်းရဲ့ အိမ်မက်ဖြစ်ပါတယ်။ အနာဂတ်ရဲ့ အခွင့်အလမ်းဆိုတာ ယခုပြင်ဆင်ထားမှုအပေါ် များစွာမူတည်နေလို့ အောက်ပါ အချက်တွေကို ပြင်ဆင်ထားဖို့ အသက်မွေးဝမ်းဆိုင်ရင် အကြံပေးလိုက်ပါတယ်။

---

တိုးတက်ပြောင်းလဲမှုတွေကို မဖန်တီးပေးနိုင်ဘူး
(ဖြစ်ချင်တာကို ဖြစ်အောင်ကြိုးစားရလိမ့်မယ်)
ဘဝကို ဆင်ခြေပေးရင်း - တွေးခေါ်ရင်း - ထိုင်ပြောနေရင်းနဲ့ပဲ
နေ့ရက်များစွာ ကုန်ဆုံးသွားရင် ဘဝဟာရှုံးတယ်ပဲ. . .

---

- Career အသက်မွေးဝမ်း အစီအစဉ်ရေးဆွဲထားခြင်း
- Network မိတ်ဆွေအဆက်အသွယ်များထားရှိခြင်း
- Company ကုမ္ပဏီများအကြောင်းကြိုတင်လေ့လာခြင်း
- Prepare လိုအပ်ချက်များ ပြင်ဆင်ထားခြင်းနှင့်
- Job လုပ်ငန်းခွင်ဝင်ခြင်းဆိုတဲ့ အဆင့်ဆင့် ဆောင်ရွက်ကြိုးစားမှုဖြင့် အနာဂတ်မှာ အသက်မွေးဝမ်း အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

အလုပ်အကိုင် ဘယ်လိုချိတ်ဆက်ရှာဖွေမလဲ. . . ?

ယနေ့ခေတ် တိုးတက်လာတဲ့ ကုမ္ပဏီများနှင့် မကြာမီ နိုင်ငံခြားကုမ္ပဏီများဝင်လာလျှင် အလုပ်အကိုင်အခွင့်အလမ်း အသစ်များစွာ အနာဂတ်လူငယ်

များအတွက် အလုပ်အကိုင်အခွင့်အရေးများစွာ ရရှိနိုင်မှာဖြစ်ပါတယ်။

- အလုပ်အကိုင် Agency များနှင့် ချိတ်ဆက်ခြင်း
- ကုမ္ပဏီများသို့ အလုပ်များ သွားရောက်လျှောက်ထားခြင်း
- မိတ်ဆွေ၊ သူငယ်ချင်းများ၏ လုပ်ငန်းခွင်များနှင့် ချိတ်ဆက်ရှာဖွေခြင်း
- **Online** မှ အီးမေးများ၊ **Website** များ၊ **Facebook** များမှ အလုပ်များ ချိတ်ဆက်ခြင်း

ဒီလိုနည်းလမ်းမျိုးစုံနဲ့ အလုပ်အကိုင်အခွင့်အရေးများကို ချိတ်ဆက်ရှာဖွေနိုင်မှာဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းများလွန်းလျှင်လည်း တွေဝေသွားတတ်ပါတယ်၊ ဒါကြောင့် မိမိချစ်တဲ့အလုပ်တွေကိုသာ ဦးစားပေးရွေးချယ်ပြီး မရမနေအလုပ်ရအောင် တစိုက်မတ်မတ်နဲ့ ကြိုးစားသွားလည်း လိုအပ်မှာဖြစ်ပါတယ်။

**ရည်မှန်းချက်တွေကို အောင်မြင်နိုင်ဖို့ ဘယ်လိုစီမံဦးဆောင်နိုင်မလဲ..?**

လူတိုင်းမှာ ရည်မှန်းချက်တွေ ကိုယ်စီရှိကြပါတယ်။ သို့သော် ထိုရည်မှန်းချက်တွေကို ဘယ်လိုအောင်မြင်ဖို့ ကြိုးစားမလဲဆိုတဲ့ (နည်းလမ်း) ရွေးချယ်ကြိုးစားမှုဟာ အရေးကြီးဆုံးပဲဖြစ်ပါတယ်။ လိုချင်တဲ့ ရည်မှန်းချက် အောင်မြင်ဖို့ **(Wh)** မေးခွန်းတွေနဲ့အတူ - အောင်မြင်မှုအဖြေများစွာကို ဖန်တီးသွားနိုင်မှာဖြစ်ပါတယ်။

- **Where** (ဘယ်လောက်ထိ ရည်မှန်းချက်ထားလဲ)
- **How** (ထိုရည်မှန်းချက်တွေကို ဘယ်လိုဖန်တီးနိုင်မလဲ)
- **What** (ဘယ်အရာတွေကို ရွေးချယ်ကြိုးစားမလဲ)
- **Why** (ဘယ်အရာတွေက အတားအဆီးဖြစ်ပြီး ဘယ်လိုကျော်ဖြတ်မလဲ)

- **Which** (ဘယ်နည်းလမ်းတွေဟာ အနီးဆုံးအောင်မြင်နိုင်မလဲ)
- **Who** (ဘယ်သူတွေနဲ့ ဆက်သွယ်ချိတ်ဆက်ပေါင်းစပ်လုပ်မလဲ)
- **When** (ဘယ်အချိန်မှာ စတင်ပြီး ဘယ်အချိန်မှာ အောင်မြင်မလဲ)

လောကမှာ ဘယ်အရာမှ ဖုံးကွယ်ထားလို့ မရနိုင်ပါဘူး (မေးခွန်းတွေတိုင်းမှာ အဖြေတွေရှိနေပါတယ်) မေးခွန်းမေးရင်း ရှာဖွေကြိုးစားခြင်းသာ တနေ့အောင်မြင်နိုင်ခြင်းပါပဲ. . .။

ဘဝအောင်မြင်တိုးတက်မှု တန်ဖိုးတရားတွေကို ဖန်တီးတည်ဆောက်ရာဝယ်. . .

အများရဲ့ အောင်မြင်မှုကို အားကျနေရုံနဲ့
ကိုယ့်ရဲ့ အောင်မြင်မှုမရနိုင်ဘူး. . (ကိုယ်တိုင်ကြိုးစားကြည့်ပါ)
အများတွေရဲ့ တိုးတက်မှုကို မနာလိုခြင်းနဲ့လည်း
ကိုယ်တိုင်တိုးတက်မှုကို မဖန်တီးနိုင်ဘူး. .
(ကိုယ့်တန်ဖိုးဆိုတာ ကိုယ် ဖန်တီးခြင်းပါ)
အများတွေကို အကြောင်းပြဆင်ခြေပေးခြင်းနဲ့လဲ
အလုပ်တွေက ပြီးမြောက်လာမှာမဟုတ်ဘူး. .
(အလုပ်ပြီးဖို့ အလုပ်လုပ် မှပဲ ရလိမ့်မယ်)
ဘဝအောင်မြင်ဖို့ စိတ်ကူးယဉ် တွေးခေါ်နေရုံနဲ့လည်း
တိုးတက်ပြောင်းလဲမှုတွေကို မဖန်တီးပေးနိုင်ဘူး. . (ဖြစ်ချင်တာကို ဖြစ်အောင်ကြိုးစားရလိမ့်မယ်)

ဘဝကို ဆင်ခြေပေးရင်း - တွေးခေါ်ရင်း - ထိုင်ပြောနေရင်းနဲ့ပဲ နေ့ရက်များစွာ ကုန်ဆုံးသွားရင် ဘဝဟာရှုံးတယ်ပဲ။

Don't Wish For It - Work for It ဆုတောင်းမှုထက် လက်တွေ့လုပ်ကြည့်လိုက်ပါ။

စာရွက်ဖြူ တရွက်ပေါ်မှာ လိုချင်တဲ့ ဒီဇိုင်းပုံစံတွေကို ရေးဆွဲဖန်တီးခွင့်ရှိသလိုပဲ မနက်ဖြန်တိုင်းဟာ နေ့သစ်ဖြစ်တယ်။ ကိုယ်လိုချင်တဲ့ ဘဝပုံစံကို ရေးဆွဲဖန်တီးဖို့ အားပေးချင်ပါတယ်။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

## Self Leadership Level (1) ခေါင်းဆောင်မှုအဆင့် (၁)

## Job Seeker Level - မိမိကိုယ်တိုင် ဦးဆောင်မှု အလုပ်ရှာဖွေမှုအဆင့်

| G (Goal)<br>ရည်မှန်းချက် | R (Reason)<br>အကြောင်းပြချက် | O (Opportunity)<br>အခွင့်အလမ်းများ | W (Ways)<br>လုပ်ဆောင်မည့်နည်းလမ်း | T (Time)<br>အချိန်ကာလသတ်မှတ်မှု | H (Help)<br>အချိန်ကာလသတ်မှတ်မှု |
| --- | --- | --- | --- | --- | --- |
| What<br>ဘာတွေဖြစ်ချင်လဲ | Why<br>ဘာကြောင့်ဖြစ်ချင်လဲ | Where<br>ဘယ်နေရာမှာရှိလဲ | How<br>ဘယ်လိုလုပ်ဆောင်မလဲ | When<br>ဘယ်အချိန်ပြီးမလဲ | Who<br>ဘယ်သူတွေမှ ကူညီမလဲ |
| ကုမ္ပဏီတွင်<br>Sale Man<br>အရောင်းတာဝန်ခံ<br>ဖြစ်ရန် | မိမိဘဝ<br>ဘဝတိုးတက်နေရေးနှင့်<br>မိသားစုအတွက် | အလုပ်ရှာဖွေမှု<br>Agncey များ၊<br>ကုမ္ပဏီကြီးများ၊<br>အလုပ်များခေါ်နေခြင်း | Online မှ CV များပို့ရန်၊<br>မိတ်ဆွေများသို့ CV ပို့ထားရန်<br>ကုမ္ပဏီများသို့ CV တင်ထားရန်<br>Agncey များသို့ CV တင်ရန် | ယခု(၁-လ)အတွင်း<br>အလုပ်ပေါင်း (၁၀)ရှာမည် | မိတ်ဆွေသူငယ်ချင်းများ<br>ဆရာသမားများ<br>Job Agncey များ |
| ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ |

GROWTH တိုးတက်ဖွံ့ဖြိုးမှုပုံစံဖြင့် ရည်သည့်ရည်မှန်းချက်များမဆို ဖော်ပြထားသောနည်းလမ်းများအတိုင်း အဆင့် (၁) Job Seeker Level အလုပ်ရှာဖွေမှုများ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

> I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်) I Can Do It (ငါလုပ်နိုင်ပါတယ်)
> I Must = I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် = ငါဖြစ်နိုင်ပါတယ်)
> Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)

Thinking to Thing - အတွေး မှ အရာဝတ္ထုတွေဆီ

Willing to Winning - စိတ်ဆန္ဒမှ အောင်မြင်မှုတို့ဆီ

**THINK BIG** - အကြီးကြီး တွေးပါ။

**DO BIG** - အကြီးကြီး ကြိုးစားပါ။

**WIN BIG** - အကြီးဆုံး အောင်မြင်လိုက်ပါ။

MESI




ZIN PHYO PAING

MESI Business Institute

# အပိုင်း (၂)


# Job Leadership Level (2)




## Supervisory Staff Level

## လုပ်ငန်းခွင်ဝင် ဦးဆောင်မှုအဆင့်

*အဆင့် (၂) **Supervisory Staff Level** - လုပ်ငန်းခွင်အတွက် ဝန်ထမ်းအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။*



## The Law of Position Power (and) Personal Power

(ရာထူးအာဏာရှိခြင်းနှင့် ကိုယ်တိုင်ဩဇာလွှမ်းမိုးခြင်း ဥပဒေသ)

**Management is Position Power**

**(စီမံမှုဆိုတာ အထင်ကြီးလေးစားမှု ရာထူးအာဏာရှိခြင်းဖြစ်ပြီး)**

**Leadership is Personal Power**

**(ခေါင်းဆောင်မှုဆိုတာ ရိုသေလေးစားမှု ကိုယ်တိုင်ဩဇာရှိခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"အထင်ကြီးလေးစားမှု ရာထူးအာဏာရှိဖို့လိုအပ်သလို***

***ရိုသေလေးစားမှု ကိုယ်တိုင်ဩဇာရှိဖို့လည်း လိုအပ်တယ်"***

# Self - Management

## (ကိုယ်တိုင် စီမံခန့်ခွဲမှု)



*“ရန်သူပေါင်း တစ်ထောင်ကို အောင်နိုင်သူထက် မိမိကိုယ်တိုင် အောင်နိုင်သူဟာ ပိုမြတ်၏. . ”*

စီမံခန့်ခွဲမှုဟာ မိမိကိုယ်တိုင်စီမံခန့်ခွဲနှင့် အများကိုစီမံခန့်ခွဲမှုဟူပြီး (၂-မျိုး) ရှိပါတယ်။ မိမိကိုယ်တိုင် စီမံခန့်ခွဲမှုကောင်းဖို့ ဦးစွာကြိုးစားနိုင်ပါမှ တခြား **သူများကို စီမံလွှမ်းမိုးနိုင်မှာ ဖြစ်ပါတယ်။**

❖ **Manage your Priority** - - - **မိမိ၏ ဦးစားပေးမှုကို စီမံခန့်ခွဲပါ။**

**(ယနေ့အတွက် အလုပ်၊ ယခုတပတ်အတွက်အလုပ်များကို ဦးစားပေးရွေးချယ်ပြီး မိမိကိုယ်တိုင် ဦးစားပေး စီမံခန့်ခွဲပါ)**

❖ **Manage your Emotion** - - - **မိမိ၏ စိတ်ခံစားမှုကို စီမံခန့်ခွဲပါ။**

**(စိတ်ဓါတ်နိုးကြားတက်ကြွဖို့၊ စိတ်ခံစားမှုတွေ ကောင်းမွန်နေဖို့ မိမိကိုယ်တိုင် စိတ်ခွန်အားရှိဖို့ စီမံခန့်ခွဲပါ)**

❖ **Manage your Word** - - - မိမိ၏ စကားတွေကို စီမံခန့်ခွဲပါ။

(တပါးသူမကြိုက်သော အပြောအဆို စကားတွေမမှားဖို့၊ အကျိုးရှိတဲ့ စကားတွေ ဖြစ်ဖို့ မိမိကိုယ်တိုင် စကားပြော စီမံခန့်ခွဲပါ)

❖ **Manage you Energy** - - - မိမိ၏ လုပ်နိုင်စွမ်းကို စီမံခန့်ခွဲပါ။

(အလုပ်တွေမှာ လက်တွေ့ကျတဲ့ အားစိုက်ထုတ်မှုတွေ၊ ကြိုးစားမှုတွေနဲ့ အ လုပ်ပြီးဖို့ မိမိကိုယ်တိုင်စွမ်းအားရှိဖို့ စီမံခန့်ခွဲပါ)

❖ **Manage your Result** - - - မိမိ၏ အလုပ်ရလဒ်ကို စီမံခန့်ခွဲပါ။

(အချိန်အတွက် အလုပ်မလုပ်ပဲ - အလုပ်ရလဒ်များများ ပြီးမြောက်စေဖို့ အဓိကဖြစ်တာမို့ မိမိကိုယ်တိုင်ရလဒ်ဖြစ်ဖို့ စီမံပါ)

Self-Management မိမိကိုယ်တိုင် စီမံခန့်ခွဲမှု အောင်မြင်နိုင်ပြီးPeople Management တခြားသူတွေကို စီမံခန့်ခွဲ အောင်နိုင်ပြီးWork Management အလုပ်ပေါင်းများစွာကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်ဖို့. . .

ရန်သူပေါင်း တစ်ထောင်ကို အောင်နိုင်သူထက် - မိမိကိုယ်တိုင် အောင်နိုင်သူဟာ ပိုမြတ်၏ဆိုတဲ့ စကားအတိုင်း မိမိကိုယ်တိုင်စီမံခန့်ခွဲဦးဆောင်ပြီး လုပ်ငန်းတိုးတက် အောင်မြင်မှုတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။


***I am Leader** (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It** (ငါလုပ်နိုင်ပါတယ်)*

***I Must - I Can** (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving** (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆




## The Law of Current Present and Creation Future

(လက်ရှိအတွက် ကြိုးစားခြင်းနှင့် အနာဂတ်ကို ပြောင်းလဲခြင်း ဥပဒေသ)

**Management is Current Present**

**(စီမံမှုဆိုတာ လက်ရှိအခြေအနေကို စီမံဆောင်ရွက်ခြင်းဖြစ်ပြီး)**

**Leadership is Creation Future**

**(ခေါင်းဆောင်မှုဆိုတာ အနာဂတ်အတွက် ဖန်တီးဦးဆောင်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"လက်ရှိအခြေအနေကို စီမံဆောင်ရွက်ဖို့ လိုအပ်သလို***
***အနာဂတ်အတွက် ဖန်တီးဦးဆောင်ဖို့လည်း လိုအပ်တယ်"***

# Time Management
## (အချိန်ကို စီမံခန့်ခွဲခြင်း)



အလုပ်တွေဆိုတာ
လူတွေရဲ့ဖန်တီးထားခြင်းဖြစ်တာမို့
အလုပ်တွေက
ကိုယ့်ကိုပြန်စီမံနေတာဟာ
(စီမံမှုအားနည်းခြင်းပဲဖြစ်နိုင်ပါတယ်)

အချိန်ဆိုတာ တန်ဖိုးရှိတယ်လား (အချိန်ရဲ့ သဘောဟာ တန်းဖိုးထက် သဘာဝအရ ဆုံးရှုံးခြင်းဘက် ပြောင်းလဲလာခြင်းပါပဲ) ဥပမာလေး - အိမ်တစ်လုံး ဒီအတိုင်းထားရင် အချိန်နဲ့အမျှ အိုဟောင်းပျက်စီးလာသလိုပဲ၊ အချိန်ဆိုတာ ဖန်တီးမှုမရှိလျှင် တိုးတက်ခြင်းထက် ဆုံးရှုံးခြင်းဘက်သို့ ရောက်စေနိုင်ပါတယ်။ ဒါကြောင့် အချိန်တိုင်းမှာ အကျိုးရလဒ်ဖြစ်အောင် Time Management အချိန်ကိုစီမံခန့်ခွဲနိုင်ဖို့အရေးကြီးမှာ ဖြစ်ပါတယ်။

**How to Time Management..?** အချိန်တိုင်း ရလဒ်များအောင် ဘယ်လို စီမံမလဲ..?


**(4-P)** နဲ့. . . အချိန်ကို အကျိုးရလဒ်ဖြစ်အောင် စီမံခန့်ခွဲနိုင်ဖို့အတွက်. . .

- Plan ဦးစွာ အစီအစဉ်ရေးဆွဲပါ. . .။
- Priority ဦးစားပေး အလုပ်တွေကို ရွေးချယ်ပါ. . .။
- People ထိုအလုပ်တွေကို ဘယ်သူတွေနဲ့လုပ်မလဲ စီမံပါ. . .။
- Process လုပ်ငန်းစဉ်တွေကို ထိရောက်အောင် ဆောင်ရွက်ပါ. . .

အလုပ်တစ်ခုရဲ့ တိုးတက်မှုကို အချိန်တိုတို အကျိုးရှိခြင်းဆိုတဲ့ (Efficient & Effective) 2-E နဲ့ တိုင်းတာနေကြတာမို့. . . အချိန်တိုအတွင်း အလုပ်တွေ များများဖြစ်အောင်ဖန်တီးခြင်းဟာ ထူးချွန်ခြင်းဖြစ်စေပါတယ်. . ။

အလုပ်တွေဆိုတာ လူတွေရဲ့ဖန်တီးထားခြင်းဖြစ်တာမို့. . . အလုပ်တွေက ကိုယ့်ကိုပြန်စီမံနေတာဟာ (စီမံမှု အားနည်းခြင်းပဲဖြစ်နိုင်ပါတယ်)

Time is Money အချိန်ဟာငွေကြေးဆိုပြီး . . ငွေကြေးရင်းနှီးမြှုပ်နှံမှု သဖွယ် ကမ္ဘာမှာတင်စားခေါ်ဝေါ်နေကြပြီး မိတ်ဆွေအားလုံးရဲ့ နေ့စဉ်ဘဝတွေမှာလည်း တန်ဖိုး ရှိရှိအသုံးချနေကြတဲ့ Time Management လုပ်ဆောင်မှုတွေမှာ ပိုမိုပြီးပြည့်စုံနိုင်စေဖို့ စီမံခန့်ခွဲမှုနည်းလမ်းကောင်းတချို့ကို တင်ပြပေးထားပါတယ်။




If you fail to plan, You are planning to fial.

သင်ဟာ အစီအစဉ်ရေးဆွဲမှု ပျက်ကွက်နေလျှင်
သင်ဟာ ကျရှုံးဖို့ အစီအစဉ်ရေးဆွဲသလိုဖြစ်နေလိမ့်မယ်။

➲ **Define your Plan** (လုပ်ဆောင်မည့်အစီအစဉ် ကြိုတင်ရေးဆွဲခြင်း)

Time Management ကောင်းမွန်စွာ လုပ်ဆောင်နိုင်ဖို့ဆိုရင် Plan က အဓိက အရေးကြီးပြီး When, How, What စသည့်ဖြင့် လုပ်ဆောင်မည့် ပုံစံတွေကို စိတ်ကူးပုံဖော်ပြီး ပထမဆုံး အသေးစိတ်ပိုင်းခြားသတ်မှတ်နိုင်ဖို့လိုပါတယ်။

➲ **Estimate Sequencing** (နောက်ဆက်တွဲနှင့် အမြင့်ဆုံးကြာချိန်များ တွက်ချက်ခြင်း)

အဆင့်ဆင့်သတ်မှတ်ပြီးတဲ့ Plan တွေမှာ (Expect the Unexpected

မမျှော်လင့်ထားတာတွေကို မျှော်လင့်ထားဖို့) ကိုယ်မတင်ထားတဲ့ အရာတွေဟာ ပေါ်ပေါက်လာတတ်လို့ အရံအချိန်တခုကိုသတ်မှတ်ပြီး အမြင့်ဆုံးကြာနိုင်ချိန်ကို တွေးထားရမှာ ဖြစ်ပါတယ်။

➲ **Schedule Activity (အစီစဉ်တကျ လုပ်ဆောင်ခြင်း)**

**Plan နဲ့ Sequencing ကို သတ်မှတ်ပြီးရင်တော့ Schedule လုပ်ငန်းစဉ်မှာပါတဲ့အတိုင်း အချိန်ကိုက်ပြီးစီးနိုင်ရန်အတွက် အဆင့်ဆင့်အကောင်ထည်ဖော်ဆောင်ရွက်မှုတွေနဲ့ စတင်နိုင်ဖို့လိုအပ်လာပြီဖြစ်ပါတယ်။**

➲ **Control Target (ဦးတည်ချက်သို့ ထိန်းချုပ်ခြင်း)**

Schedule အတိုင်း လုပ်ငန်းဆောင်ရွက်ချက်တွေကိုတော့ သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းပြီးစီးနိုင်ဖို့ရာ Control က အမြဲတမ်းလိုလို လုပ်နေနိုင်မယ်ဆိုလျှင် Time Management (အချိန်ကိုက် စီမံခန့်ခွဲခြင်း) ဆိုတဲ့ အမှားနည်းနည်း/ ရှုံးဆုံးမှုသက်သာစွာ အချိန်တိုတိုအကျိုးရှိရှိ ပြီးစီးအောင်မြင်နိုင်မှာဖြစ်တာမို့ လုပ်ငန်းစဉ်တွေကို အချိန်ကိုက်ပြီးစီးနိုင်ဖို့Time Management ပုံစံဖြင့် အချိန်တိုတိုအကျိုးရလဒ်ဖြစ်စေဖို့အတွက် အကြံပြုရေးသားလိုက်ပါတယ်။

> ***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
> ***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
> ***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
> ***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# JD for Supervisor
# (စီမံကြီးကြပ်သူ၏ တာဝန်များ)




"တိကျသေချာတဲ့ Job Description (JD)
လုပ်ငန်းတာဝန်များ ခွဲဝေ သတ်မှတ်ခြင်းဖြင့်
အောင်မြင်တဲ့လုပ်ငန်းခွင်များကို
ရှေ့ရှူးတည်နိုင်မှာဖြစ်ပါတယ်"

လုပ်ငန်းခွင်တစ်ခု၏ အောင်မြင်စွာ လည်ပတ်နေခြင်းမှာ Supervisory Management ၏ အထက်နှင့် အောက်ခြေရဲ့ အရေးကြီးသည့် ကြားခံစီမံခန့်ခွဲမှုတွေကို ပေါင်းကူးပေးမှု၏ မဟာဗျူဟာကောင်းမွန်မှုကြောင့်ပင်ဖြစ်ပါသည်။ ခရှုပတ်ခွေ စက်ဝိုင်းပုံစံ စီမံခန့်ခွဲမှု၏ သဘောတရားအရ စီမံခန့်ခွဲမှုအပိုင်းကြီးထွားလာခြင်းသည် လုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်ခြင်းသို့ များစွာ အကျိုးပြုစေနိုင်တာမို့ စီမံခန့်ခွဲမှု မြင့်တင်လေလေ၊ လုပ်ငန်းတိုးတက်လေလေ ဖြစ်ပါတယ်။ အခြေခံအားဖြင့် လုပ်ငန်းလက်တွေ့ ဖော်ဆောင်မှုအပိုင်းမှာ စီမံခန့်ခွဲသူများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းဖော်ဆောင်မှု စွမ်းရည်ဖြင့် လုပ်ငန်းများ Target ပြည့်ဆောင် ရှက်နိုင်ဖို့ JD for Supervisor လုပ်ငန်းတာဝန်များဖြင့် ကြီးကြပ်သူတို့၏ လုပ်ဆောင် မှုများပိုမိုတိုးတက်လာစေဖို့ မျှဝေဖော်ပြပေးလိုက်ပါတယ်။

**(1 – Mission)**
**(2 – Management)**
**(3 – Motivation)**

အပေါ်ပိုင်းမဟာဗျူဟာရေးဆွဲသူ၊ အလယ်ပိုင်း လုပ်ငန်းကြီးကြပ်သူ၊ အောက်ပိုင်းလုပ်ငန်းဖော်ဆောင်သူတို့ရဲ့ ဘောလုံးအသင်းကဲ့သို့ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း စသဖြင့် တိကျသေချာတဲ့ Job Description (JD) လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်းဖြင့် အောင်မြင်တဲ့လုပ်ငန်းခွင်များကို ရှေ့ရှုဦးတည်နိုင်မှာဖြစ်ပါတယ်။




Management is doing things right
leadership is doing right thing.

**စီမံမှုဆိုတာ အလုပ်တွေကို မှန်အောင်လုပ်ပြီး**
**ဦးဆောင်မှုက မှန်တဲ့အလုပ်တွေကို လုပ်ခြင်းပဲ**

လုပ်ငန်းခွင်စီမံကြီးကြပ်နေကြတဲ့ Supervisory Management Level **များအတွက် တာဝန်ယူဖော်ဆောင်သင့်တဲ့ JD များမှာ . .**

➢ **Work Planning and Staff Managing: ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်း စီစဉ်ရေးဆွဲမှု၊ ဝန်ထမ်းစီမံခန့်ခွဲမှုနှင့် လုပ်ငန်းစဉ်ကြီးကြပ်ပေးခြင်း။**

➢ **Regular Meeting and Negotiation: ပုံမှန်အစည်းအဝေးများပြုလုပ်ပြီး လုပ်ငန်းစဉ်ရေးဆွဲမှု၊ အကြံပြုဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခြင်း။**

➢ **Activity on Monitoring and Evaluation: လက်ရှိအခြေအနေ၏ လုပ်ငန်းအားသာချက်၊ အားနည်းချက်များအား ဆန်းစစ်ဆောင်ရွက်ပေးခြင်း။**

➢ Regular Reporting and Feedback: ဒါရိုက်တာ၊ မန်နေဂျာများ၊ ကြီးကြပ်သူများသို့ လုပ်ငန်းအခြေအနေအား ပုံမှန်အစီရင်ခံတင်ပြပေးခြင်း။

➢ Target Orientation and Allocation: ချမှတ်လာသော Target များအား လုပ်ငန်းခွဲဝေပေးမှု၊ စီမံလမ်းညွှန်မှုများဖြင့် ပြန်လည်ဆောင်ရွက်ခြင်း။

➢ Important of Discussion and Decision: အရေးကြီးသည့် လုပ်ငန်းစဉ် များအားအုပ်ချုပ်မှုဒါရိုက်တာများနှင့် ဆွေးနွေးတိုင်ပင်ဆုံးဖြတ်မှု များပြုခြင်း။

➢ Coordination with Client and Customer: လုပ်ငန်းဆိုင်ရာ မိတ်ဖက်များ၊ ဖောက်သည်များအား ပြန်ကြားဆက်သွယ် ဆောင်ရွက်ပေးခြင်း။

➢ Internal and External Problem Solving: လုပ်ငန်းခွင်ဆိုင်ရာ (အတွင်း ပိုင်း/အပြင်ပိုင်း) အခက်အခဲပြဿနာများအား ဖြေရှင်းဆောင်ရွက် ပေးခြင်း။

➢ Timely Report on Market Need: ဈေးကွက်နှင့် လုပ်ငန်းလိုအပ် ချက်များအပေါ် အချိန်မှီတင်ပြပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးခြင်း။

➢ Team-building on Standard Operation Procedure: SOP စည်းကမ်းများနှင့်အညီ ကိုယ်တိုင်လိုက်နာမှုဖြင့် အသင်းအဖွဲ့သို့ ဦးဆောင်မှုဖြင့် ရှေ့ရှုပေးခြင်း။

➢ Monthly, Yearly Analysis and Innovation: လစဉ်၊ နှစ်စဉ် လုပ်ငန်း သုံးသပ်ချက်များပြုလုပ်ပြီး ဖြည့်ဆည်းပေးမှုနှင့် ပြင်ဆင်ဆောင်ရွက် ပေးခြင်း။

➢ Team Motivation and Leading: အသင်းအဖွဲ့ခိုင်မာစေမှု၊ စည်းရုံးလှုံ့ဆော်ပေးမှု၊ အကြံပြုလမ်းညွှန်မှုဖြင့် လုပ်ငန်းအားပံ့ပိုးပေးခြင်း။

➢ Capacity Building on Team and Sharing Knowledge: လုပ်ငန်းအရည်အသွေး၊ ဝန်ထမ်းအရည်အချင်းများ တိုးတက်လာစေရန် သင်ကြားမှုဝေပေးခြင်း။

➢ Co-working for Job Needed: လုပ်ငန်းလိုအပ်မှုအလိုက် ပူးတွဲတာဝန်များ၊ လုပ်ငန်းအသစ်များနှင့် ပူးတွဲပြီး ဆောင်ရွက်ပေးခြင်း။

**(1 – Mission)**

ရည်ရွယ်ချက်ရှိသော လုပ်ငန်းရာထားချက် ပန်းတိုင်ရှိ ခြင်း။

**(2 – Management)**

လုပ်ငန်းခွင် စီမံခန့်ခွဲမှု မဟာဗျူဟာများ အားသာခြင်း၊

**(3 – Motivation)**

လုပ်ငန်းဖော်ဆောင်နေသူ ခေါင်းဆောင်မှုများ၊ စီမံအုပ်ချုပ်သူများ၊ ဝန်ထမ်းများ၏ စိတ်ဓါတ်ခွန်အားအပြည့် ဖော်ဆောင်ခြင်း


တူညီတဲ့ လုပ်ငန်းပတ်ဝန်းကျင် ခေတ်ပြိုင်ဖြစ်လာသော်လည်း မတူညီတဲ့ စီမံခန့်ခွဲမှု မဟာဗျူဟာများကို အဓိကအားသာချက်ရယူပြီး လုပ်ငန်းခွင်ဖွံ့ဖြိုး တိုးတက်စေဖို့ (JD for Supervisor) အကြောင်း မျှဝေရေးသားပေးရင်း လုပ်ငန်းခွင်များ အားလုံးသို့

စီမံခန့်ခွဲမှုဆိုင်ရာအားဖြည့်ပေးလျှက် နိဂုံးချုပ် အပ်ပါတယ်။

အကြံပြုချင်တာတော့ အောင်မြင်နေသော လုပ်ငန်းခွင်တခုတွင် အခြေခံ ရှိသင့်တဲ့ (1 – Mission) ရည်ရွယ်ချက်ရှိသော လုပ်ငန်းရာထားချက် ပန်းတိုင်ရှိခြင်း၊ (2 – Management) လုပ်ငန်းခွင် စီမံခန့်ခွဲမှု မဟာဗျူဟာများ အားသာခြင်း၊ (3 – Motivation) လုပ်ငန်းဖော်ဆောင်နေသူ ခေါင်းဆောင်မှုများ၊ စီမံအုပ်ချုပ်သူများ၊ ဝန်ထမ်းများ၏ စိတ်ဓါတ်ခွန်အားအပြည့် ဖော်ဆောင်နေခြင်း ဆိုတဲ့ (3-Ms) စီမံခန့်ခွဲမှု အားသာချက်ကြောင့်ဟု ဆိုနိုင်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Inside Looking & Outside Looking

(အတွင်းပိုင်းကြည့်ရှုသုံးသပ်ခြင်းနှင့် အပြင်ပိုင်းသုံးသပ်ကြည့်မြင်ခြင်း ဥပဒေသ)

**Management is Looking Inside**

**(စီမံမှုဆိုတာ လုပ်ငန်းအတွင်းပိုင်းကို ကြီးကြပ်စီမံခန့်ခွဲမှုများပြီး)**

**Leadership is Looking Outside**


**(ခေါင်းဆောင်မှုဆိုတာ လုပ်ငန်းအပြင်ပိုင်းကို သုံးသပ်ဦးဆောင်ခြင်းဖြစ်တဲ့ယ်**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"လုပ်ငန်းအတွင်းပိုင်းကို ကြီးကြပ်စီမံခန့်ခွဲဖို့လိုအပ်သလို"***

***လုပ်ငန်းအပြင်ပိုင်းကို သုံးသပ်ဦးဆောင်ဖို့လည်းလိုအပ်တယ်"***

# Teamwork
## (အသင်းအဖွဲ့နှင့် ဆောင်ရွက်ခြင်း)




"အသင်းအဖွဲ့ တခုရဲ့အားသာမှုနှင့် လုပ်ငန်းအောင်မြင်ဖို့ ဆိုရင်တော့ ထိုတလွဲမာနတွေနဲ့ ဆောင်ရွက်မှုတွေဟာ လုပ်ငန်းအတွက်ရော မိမိအတွက်ပါ မလိုလားအပ်တဲ့ ပြဿနာဖြစ်စေမှုနဲ့အတူ လုပ်ငန်းရဲ့ တိုးတက်မှုကို နှောင့်နှေးစေတာတော့အမှန်ပါပဲ"

ဖွံ့ဖြိုးတိုးတက်မှုရဲ့ သဘောတရားဟာ မတူညီတဲ့ အရာများစွာကို ပေါင်းစပ်ဖွဲ့စည်းထားပြီး တည်ဆောက်နိုင်ခြင်းဖြစ်ပါတယ်။ မိုင်ထောင်ချီ ပျံသန်းနေတဲ့ (ဆောင်းခို ငှက်တွေဟာ အုပ်စုလိုက် ပျံသန်းကြသလို) (ရေဆန်ပြန်တက်နေတဲ့ ငါးတွေဟာ အုပ်စုလိုက်ရွေ့ဆက်ကြသလိုပဲ) လူတိုင်းအသင်းအဖွဲ့ဖြင့် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် ပိုမိုတိုးတက်စေနိုင်တာ အသေအချာဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းတိုင်းဟာ တစ်ဦးတစ်ယောက်တည်းလုပ်ကိုင်လို့ရတဲ့ လုပ်ငန်းမျိုးဆိုတာ

မရှိသလောက်ဖြစ်လို့ (အသင်းအဖွဲ့)နှင့် လုပ်ဆောင်နိုင်စွမ်းရှိဖို့နဲ့ လုပ်ဆောင်နိုင်ဖို့ဟာ လွန်စွာအရေးကြီးပါတယ်။

အသင်းအဖွဲ့လို့ ဆိုကတည်းက (မတူညီသော လူတွေ၊ သဘောထားတွေ၊ လုပ် ဆောင်မှုတွေ) စတဲ့ အမျိုးမျိုးသော အရာတွေကို ပေါင်းစပ်ဖွဲ့စည်းထားတာဖြစ်လို့ မညီညွတ်မှုရှိခြင်း၊ သဘောထားမတိုက်ဆိုင်မှုတွေဟာ အဖွဲ့အစည်းတိုင်းမှာ ရှိတက်ကြပါတယ်။ သို့သော်လည်း အသင်းအဖွဲ့တခုရဲ့အားသာမှုနှင့် လုပ်ငန်းအောင်မြင်ဖို့ဆိုရင်တော့ ထိုတလွဲမာနတွေနဲ့ ဆောင်ရွက်မှုတွေဟာ လုပ်ငန်းအတွက်ရော မိမိအတွက်ပါ မလိုလားအပ်တဲ့ ပြဿနာဖြစ်စေမှုနဲ့အတူ လုပ်ငန်းရဲ့တိုးတက်မှုကို နှောင့်နှေးစေတာတော့အမှန်ပါပဲ။

ဒါကြောင့် အသင်းအဖွဲ့ (Teamwork) ဆောင်ရွက်တော့မည်ဆိုရင်တော့ဖြင့် ကိုယ်တစ်ဦးတည်းမဟုတ်တဲ့ ဆောင်ရွက်မှုပုံစံအမျိုးမျိုးအကြား လိုက်လျှောညီထွေ ဆောင်ရွက်တက်မှုနှင့်အတူ အဓိကအရေးကြီးတဲ့ Mutual Trust တစ်ဦးနှင့် တစ်ဦးယုံကြည်ခြင်း၊ Mutual Agreement နှစ်ဦးနှစ်ဖက်သဘောထားတူညီမှုရှိခြင်း၊ Mutual Understanding အပြန်အလှန်နားလည်မှုပေးခြင်း စတဲ့အချက်တွေကိုတော့ အသင်းအဖွဲ့မှာပါဝင်သူတိုင်းဟာ လက်ကိုင်ထားနိုင်မှသာလျှင် ရေရှည်သော အဖွဲ့အစည်း၊ လုပ်ငန်းလက်တွဲမှုတွေ ရှိနိုင်မှာဖြစ်ပါတယ်။



Paul J.Meyer

ပြောဆိုဆက်သွယ်မှုနှင့် လူအများသို့
ချိတ်ဆက်ခြင်းသည်သာ
လူမှုဘဝအောင်မြင်ရေးအတွက်
အဓိကသော့ချက်ဖြစ်ပါတယ်။

အသင်းအဖွဲ့တခုကို အားသာချက်ဖြစ်စေပြီး ခိုင်မာတောင်းတင်းစေတဲ့ Mutual အချက်များစွာရှိပါတယ်။

- ◆ **Mutual Trust** တစ်ဦးနှင့် တစ်ဦးယုံကြည်ခြင်း။
- ◆ **Mutual Agreement** နှစ်ဦးနှစ်ဖက် သဘောထားတူညီမှုရှိခြင်း။
- ◆ **Mutual Understanding** အပြန်အလှန် နားလည်မှုပေးခြင်း။
- ◆ **Mutual Common Goal** အောင်မြင်မှုဆိုတဲ့ တူညီတဲ့ပန်းတိုင်ရှိခြင်း။
- ❖ **Mutual Respect** အပြန်အလှန် လေးစားဆက်ဆံခြင်း။
- ❖ **Mutual Negotiation** တဦးနှင့်တဦး ဆွေးနွေးတိုင်ပင်မှုရှိခြင်း။
- ❖ **Mutual Give & Take** အပြန်အလှန် အပေးအယူရှိခြင်း။

စတဲ့ Mutual နှစ်ဦးနှစ်ဖက်စလုံး၏ ဆောင်ရွက်မှုတွေဟာ အဓိက ကျပါတယ်။ အသင်းအဖွဲ့များအကြား အများစုပြဿနာဖြစ်စေတာဟာ Communication ပြောဆိုဆက်ဆံခြင်းက စတယ်လို့ဆိုပါတယ်။ ဒါကြောင့် လုပ်ငန်းတိုင်းမှာ ပြဿနာ ဖြစ်ပေါ်မှု၊ သဘောထားမညီညွတ်မှုအပေါ် ဖြေရှင်းမှုရဲ့



"အသင်းအဖွဲ့အားလုံးကို ညီညွတ်စွာတိုးတက် အောင် လှေကျင့်နိုင်မှ အနိုင်ရနိုင်မှာဖြစ်ပါတယ်"

အကျိုးရလဒ်၏ နောက်ဆက်တွဲဖြစ်နိုင်ချေများကို ထည့်သွင်းသုံးသပ်ပြီး (ဝန်ထမ်းများအကြား၊ လုပ်ကိုင်ဖက်များအကြား) အထူးဂရုပြုဆောင်ရွက်ဖို့ အကြံပြုပါရစေ။

တဦးတည်းသွားတဲ့အခါ မြန်မြန်ရောက်တယ်လို့ ထင်ပေမယ့်. . ရေရှည်သွားတဲ့အခါ အများနဲ့အတူသွားနိုင်ဖို့လိုပါတယ်။

- **Lose – Lose** (ကိုယ်ရှုံး - သူရှုံး) ရွေးမလား
- **Win – Lose** (ကိုယ်နိုင် - သူရှုံး) ရွေးမလား
- **Lose – Win** (ကိုယ်ရှုံး - သူနိုင်) ရွေးမလား
- **Win – Win** (နှစ်ဦးလုံး အကျိုးရှိ) ရွေးမလား

ဆိုတဲ့ နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ ပူးပေါင်းအားဖြင့် လုပ်ငန်းတွေရဲ့ ပြီးမြောက်အောင်မြင်မှုဟာ ပိုမိုတိုးတက်စေပါတယ်။

ဘောလုံးအသင်းတွေမှာ. . . (အသင်းခေါင်းဆောင် ၁-ယောက်တည်းတော်ရုံမျှနဲ့ ဘောလုံးအသင်းမနိုင်စေပါဘူး) အသင်းအဖွဲ့အားလုံးကို ညီညွတ်စွာတိုးတက်အောင် လေ့ကျင့်နိုင်မှအနိုင်ရနိုင်မှာဖြစ်ပါတယ်။ ခေါင်းဆောင်မှုထူးချွန်ပြီး၊ နောက်လိုက်တွေရဲ့ညှိဖွင်းမှုဟာ အလုပ်မတွင်ကျယ်သလို၊ နောက်လိုက်တွေတော်ပြီး၊ ခေါင်းဆောင်မှု ညံ့ဖျင်းလျှင်လည်း အလုပ်ဟာ မတိုးတက်စေနိုင်ပါဘူး။ ရှေ့သွားနောက်လိုက်ညီဖို့သာ အဖွဲ့အစည်းတွေအားလုံးရဲ့ တညီတညွတ် ခေါင်းဆောင်မှုမဟာဗျူဟာပါပဲ။ ခေါင်းဆောင်ကောင်းတွေမှာ. . . နောက်

လိုက်ကောင်းတွေရှိမှ အောင်မြင်တယ်။ အသင်းအဖွဲ့တွေ အောင်မြင်တိုးတက်ရေး မှာလည်း ခေါင်းဆောင်ကောင်းတွေရှိမှ အောင်မြင်တယ်။ ဘယ်သူတွေမှားသလဲ ဆိုတာထက်၊ ဘယ်အရာတွေ ပိုကောင်းအောင်လုပ်မလဲသာ အဓိကဖြစ်ပါတယ်။

**T-E-A-M** ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ. . .

T-Together (အတူတကွ)

E-Everyone (အားလုံးပါဝင်) မှ

A-Achieve (အောင်မြင်မှု)

M-More (ပိုမိုတိုးတက်နိုင်မှာဖြစ်ပါတယ်)

ကမ္ဘာမှာ ထင်ရှားတဲ့ အဆိုအမိန့်ဖြစ်တဲ့. . .

(If you want go fast - go alone)

တစ်ယောက်တည်းလုပ်လျှင် မြန်ချင်မြန်လိမ့်မယ်။

(If you want to go far - go together)

ရေရှည်သွားဖို့အတွက်တော့ အသင်းအဖွဲ့နဲ့လုပ်ဖို့အဓိကဖြစ်ပါတယ်။

I can't do, But, Yo can do

ကိုယ်မလုပ်နိုင်ပေမဲ့ - သင်လုပ်နိုင်ပါလိမ့်မယ်။

You can't do, But, I can do

သင်မလုပ်နိုင်တာလည်း - ကိုယ်လုပ်နိုင်ပါလိမ့်မယ်။

အားလုံးအတူတူပေါင်းစပ်ကြိုးစားမှသာ အောင်မြင်ခြင်းဖြစ်ပါတယ်။

Teamwork ရဲ့ အကျိုးရှိပုံတွေကို လက်တွေ့လုပ်ငန်းခွင်မှာကျင့်သုံးပြီး အောင်မြင်သော အသင်းအဖွဲ့ဖြင့်ဆောင်ရွက်မှု၊ အဖွဲ့အစည်းပုံစံ၊ နိုင်ငံ

စီးပွားရေးဖော်ဆောင်မှု လုပ်ငန်းများအတွက် မညီညွတ်မှုတွေကိုလျှော့ချပြီး၊ ညီညွတ်သော လုပ်ငန်းများမှသည် ပိုမိုတိုးတက်သော အခွင့်အလမ်းများ၊ လုပ်ငန်းပြီးစီးအောင်မြင်မှုများကို ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်စေဖို့ အသင်းအဖွဲ့များစည်းလုံးညီညွတ်ပြီး လုပ်ငန်းများ အောင်မြင်တိုးတက်နိုင်ကြပါစေ. . .။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# Meeting Management
## (အစည်းအဝေး စီမံခန့်ခွဲမှု)




"အစည်းအဝေးပြုလုပ်ခြင်းဟာ
လုပ်ငန်းတစ်ခုလုံးရဲ့ အားသာချက်၊
အားနည်းချက်၊ အခွင့်အလမ်း၊
အတားအဆီးများကို
ဝိုင်းဝန်းအဖြေရှာခြင်းဖြစ်ပါတယ်"

လုပ်ငန်းတစ်ခုရဲ့ ပြန့်ကြဲနေတဲ့ သတင်းအချက်အလက်တွေ၊ ပေါင်းစပ်လုပ်ကိုင်ရမယ့်လုပ်ငန်းစဉ်တွေ၊ အတွေးအခေါ်အတွေ့မတူညီစွာ မျှဝေတင်ပြမှု **တွေနဲ့အတူ လုပ်ငန်းစဉ် Update ဖြစ်စေနိုင်ဖို့ရာ အစည်းအဝေးများဖြင့် စီစဉ်ဆောင်ရွက်ကြပါတယ်။ အစည်းအဝေးပြုလုပ်ခြင်းရဲ့ အဓိကရည်ရွယ်ချက်တွေကတော့ (4-D) လို့ ဆိုနိုင်တဲ့**

1. **Discuss (ဆွေးနွေးနိုင်မှု) လုပ်ငန်းရဲ့ နောက်ဆုံးအခြေအနေများ၊ ပြဿနာများ၊ အားနည်းချက်များ၊ ရှေ့ဆက်လုပ်ငန်းများကို အဖွဲ့များအားလုံးမှ ဆွေးနွေးဖို့လိုပါ မယ်။**

2. **Decide (ဆုံးဖြတ်နိုင်မှု) အရေးကြီးတဲ့ လုပ်ငန်းစဉ်များကို ဦးစားရွေးချယ်မှုများ၊ အဖွဲ့ဝင်များ၏ သဘောတူညီမှု၊ အားလုံးရဲ့ဆုံးဖြတ်ချက်တွေကို ညှိနှိုင်းရယူနိုင်ဖို့လိုပါမယ်။**

| Before Meeting (အစည်းအဝေးမလုပ်မီ) | Diromg Meeting (အစည်းအဝေးလုပ်နေစဉ်) | After Meeting (အစည်းအဝေးပြီးနောက်ပိုင်း |
|---|---|---|
| ❖ Agenda (အစီအစဉ်) | ❖ Mutual Discussion (အပြန်အလှန်ဆွေးနွေးမှု) | ❖ Priority Choice (ဦးစားပေးရွေးချယ်မှု) |
| ❖ Audience (တက်ရောက်သူ) | ❖ Meeting Minute (အစည်းအဝေးမှတ်တမ်း) | ❖ Assign & Delegate (တာဝန်ခွဲများ) |
| ❖ Space (နေရာပြင်ဆင်မှု) | ❖ Next Action Point (ရှေ့ဆက်ဆောင်ရွက်မှု) | ❖ Implementation (အကောင်အထည်ဖော်မှု) |

3. Delegate (တာဝန်ပေးနိုင်မှု) ရှေ့ဆက်လုပ်ငန်းစဉ်များရဲ့ အဖွဲ့ဝင်များ ၏ တာဝန်ယူမှုများ၊ လိုအပ်တဲ့ အချိန်၊ ငွေ၊ အရင်းအမြစ် စတဲ့ ခွဲဝေသတ်မှတ်မှု တွေရှိဖို့ လိုပါမယ်။

4. Develop (ဖွံ့ဖြိုးတိုးတက်နိုင်မှု) အဖွဲ့ဝင်များအားလုံးမှ လုပ်ငန်းပိုမိုတိုးတက်စေနိုင်မည့် အကြံပြုဆွေးနွေးမှုများ၊ ပြင်ဆင်သုံးသပ်မှုများဖြင့် ရလဒ်များ ဆွေးနွေးနိုင်ဖို့လိုပါမယ်။

ထိရောက် အကျိုးရှိတဲ့ အစည်းအဝေး ဖြစ်နိုင်ဖို့ဆိုရင် ဆောင်ရွက်သင့်တဲ့ လမ်းညွှန်မှုများ. . .

၁ - Before Meeting (အစည်းအဝေး မပြုလုပ်မှီ) မှာ လိုအပ်တဲ့ပြင်ဆင်မှု တွေရှိဖို့လိုပြီး၊

၂ - During Meeting (အစည်းအဝေးပြုလုပ်စဉ်) မှာ ရလဒ်များ ထွက်ပေါ်လာအောင် ဆွေးနွေးဖို့လိုပြီး၊

၃ - After Meeting (အစည်းအဝေးပြုလုပ်ပြီး) မှာ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်သုံးသပ်မှုတွေထပ်ရှိဖို့လိုမှာဖြစ်ပါတယ်။

အစည်းအဝေးတွင်လည်း အစည်းအဝေးမှတ်တမ်းယူခြင်း၊ အားလုံး၏

အကြံဉာဏ်ရယူခြင်းနှင့် လုပ်ငန်းစဉ်များအား သဘောထားများညှိနှိုင်းဆောင်ရွက်ခြင်းတွေ ပါဝင်သင့်ပါတယ်။ အစည်းအဝေးပြီးဆုံးပြီး နောက်ပိုင်းလည်း ပျက်ကွက်သူများ၊ မတက်ရောက်ဖြစ်သူများ၊ တခြားဌာနများသို့ (အစည်းအဝေးမှတ်တမ်း)အား အကျဉ်းချုပ်ပြန်လည်မျှဝေပေးနိုင်လျှင် လုပ်ငန်းခွင်တစ်ခုလုံးအတွက် ထိရောက်သောသတင်းအချက်အလက်မှုထဆင့် ပြင်ဆင်ဆောင်ရွက်မှုအဆင့်များ၊ ကြိုတင်စီစဉ်ရေးဆွဲမှုများ ဖြစ်လာနိုင်ပြီး လုပ်ငန်းမြန်ဆန်ထိရောက်မှုကို အကျိုးပြုနိုင်မှာပဲဖြစ်ပါတယ်။

အစည်းအဝေးပြုလုပ်ခြင်းဟာ လုပ်ငန်းတစ်ခုလုံးရဲ့ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ အတားအဆီးများကို ဝိုင်းဝန်းအဖြေရှာမှုဖြစ်စေနိုင်ပြီး၊ နည်းစနစ်ကျသော အစည်းအဝေးပုံစံများဖြင့် အောင်မြင်သောလုပ်ငန်းခွင်များဖြစ်လာစေဖို့ အကြံပေးလိုက်ပါတယ်။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Administrator & Innovator

(အုပ်ချုပ်စီမံခြင်းနှင့် ဖန်တီးတီထွင်ခြင်း ဥပဒေသ)

**Management is Administration for Work**

**(စီမံမှုဆိုတာ အလုပ်တွေကို စီမံအုပ်ချုပ်ခြင်းဖြစ်ပြီး)**

**Leadership is Innovation for Thing**

**(ခေါင်းဆောင်မှုဆိုတာ အရာတွေကို ဖန်တီးတီထွင်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***“အလုပ်တွေကို စီမံအုပ်ချုပ်ဖို့လိုအပ်သလို***

***အရာတွေကို ဖန်တီးတီထွင်ဖို့လည်းလိုအပ်တယ်”***

# Socail Communication

## (လူမှုဆက်ဆံရေး)



"နေ့စဉ်ဘဝမှာ လူအများနဲ့ ပြောဆို ဆက်ဆံနေမှုဟာ (၈၀ %) လောက် အမြဲလိုလိုရှိနေတာမို့ တခြားသူနဲ့ အဆင်ပြေအောင် ပြောဆိုဆက်ဆံပြီး ဘဝမှာပိုမိုတိုးတက်အောင်မြင်မှုတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်"

လူအများနဲ့နေ့စဉ်ပြောဆိုဆက်ဆံမှုဟာ အရေးကြီးတဲ့ အချက်ပဲဖြစ်ပါ တယ်။ Law of Communication ရဲ့ နိယာမသဘောကတော့ တခြားသူလိုချင်တာ ကိုယ်လုပ်ပေးနိုင်ရင် ကိုယ်လိုချင်တာကို တခြားသူလုပ်ပေးနိုင်ပါတယ်။

**<u>လူမှုဆက်ဆံရေးအတွက် အရေးကြီးတဲ့ အချက် (၃-ချက်)</u>**

❖ **Ask & Use their Name**

**သူတို့ရဲ့အမည်ကို အမြဲသုံးပြီး ခေါ်ဝေါ်စေပါ. . .။ လူတိုင်းက သူတို့ရဲ့အမည်၊ အကြောင်းဦးစားပေးပြောတာ အကြိုက်ဆုံးပါပဲ။**

❖ **Find Common Ground**

**သူနဲ့ကိုယ်တူညီတဲ့ အချက်တွေကိုရှာပြီး ညှိနှိုင်းဆောင်ရွက်ပါ. .။ လူတိုင်းက သူနဲ့တူရင် အရာရာအဆင်ပြေစွာ ဆောင်ရွက်ကြပါတယ်။**

### ❖ Follow the Lead

သူ့အကြိုက်လိုက်ပြီး ကိုယ်လိုချင်ရာကို ဦးဆောင်ပြော ကြားစေပါ. . .။ တခြားသူရဖို့ ကိစ္စဦးစားပေးပြောပြီး၊ မိမိလိုချင်တာ နောက်ဆုံးမှပြောကြားခြင်းဟာ ပိုမိုအဆင်ပြေစေပါတယ်။


နေ့စဉ်ဘဝမှာ လူအများနဲ့ ပြောဆိုဆက်ဆံနေမှုဟာ (၈၀ %) လောက် အမြဲလိုလိုရှိနေတာမို့ တခြားသူနဲ့အဆင်ပြေအောင် ပြောဆိုဆက်ဆံပြီး ဘဝမှာပိုမို တိုးတက်အောင်မြင်မှုတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်. . .။

Communication ဆက်သွယ်ဆောင်ရွက်မှုတွေ ထိရောက်နိုင်ဖို့အတွက် မှန်သောသတင်းစကားမှတဆင့် မှန်ကန်သောအလုပ်တွေကိုဖြစ်လာစေမှာမို့ မိမိ ပြောလိုသော အကြောင်းအရာ၊ မိမိလက်ခံသော

**ပြန်ကြား ဆက်သွယ်မှု အတွက် သတင်း ပေးပို့သူနှင့် လက်ခံသူအကြား (အပြန်အလှန် FEEDBACK တုန့်ပြန်ရယူမှု) ဆောင်ရွက်စေဖို့ဟာ အရေးကြီး ဆုံးအချက်ပဲ ဖြစ်ပါတယ်။**

အကြောင်းအရာများ တိကျမှန်ကန်စေရန် ပြန်ကြားဆက်သွယ်မှုသည် အရေးကြီးသော ကြားခံစနစ်ဖြစ်ပါတယ်။ ပြန်ကြား ဆက်သွယ် မှုဆိုရာမှာ Sender and Receiver လူနှစ်ဦး (သို့) နှစ်ဦးထက်ပိုသော (ပေးပို့သူ) နှင့် (လက် ခံသူ) အကြား ပေးစေလိုသော (သတင်းစ ကား)အား နားလည်သဘောပေါက်မှုရှိစေရန် (လမ်းကြောင်း) တခုကိုကြားခံပြီး ဆွဲဆောင်ခြင်း၊ ဆွေးနွေးခြင်း၊ တဆင့်ပြန်လည် ပြောကြားခြင်းတမျိုးဖြစ်ပါတယ်။

ထိရောက်သော ပြန်ကြားဆက်သွယ်မှုပုံစံဖြစ်စေရန်အတွက် အရေးကြီးဆုံးက (Right Sender ပေးပို့သူ မှန်တန်စေမှု) (Right Receiver လက်ခံသူ မှန်ကန်စေမှု) (Right Message သတင်းစကား မှန်ကန်စေဖို့) (Right Channel ပေးပို့မှု ပုံစံနည်း စနစ်များ မှန်ကန်စေမှု) စတဲ့ အဓိကအချက် (Right ၄-ခု) ကို သတိထားရမှာဖြစ်ပါတယ်။




သင်ဟာ စကားပဲပြောနေရင် သင်ထားတဲ့ အရာတွေကိုပဲ ထပ်ခါထပ်ခါ သိနေသလိုဖြစ်နေလိမ့်မယ်။ သင်ဟာ နားထောင်လိုက်ရင်တော့ သင်မသိသေးတဲ့ အသစ်အသစ်သောအရာတွေကို လေ့လာနိုင်ပါလိမ့်မယ်။

ပြန်ကြားဆက်သွယ်မှုအတွက် သတင်းပေးပို့သူနှင့် လက်ခံသူအကြား (အပြန်အလှန် FEEDBACK တုန့်ပြန်ရယူမှု) ဆောင်ရွက်စေဖို့ဟာ အရေးကြီးဆုံးအချက်ပဲ ဖြစ်ပါတယ်။ Right ၄-ခု ထဲမှ တခုခု မှားယွင်းခဲ့ရင်တောင်မှ ပြင်ဆင်မှုပေးနိုင်ပြီး မှန်ကန်သောသတင်းအချက်အလက်မှတဆင့် လုပ်ငန်းစဉ် မှန်တန်မှုများကို ဖြစ်လာ စေနိုင်မှာဖြစ်ပါတယ်။

မတူညီစွာဖြင့် ပြန်ကြားဆက်သွယ်မှုပုံစံများကို သုံးသပ်ကြည့်လျှင် One-way Communication (တလမ်းသွား ဆက်သွယ်မှုပုံစံ) Two-way Communication (နှစ်လမ်းသွား ဆက်သွယ်မှုပုံစံ) များနှင့်အတူ. . .

**Verbal Communication** (နှုတ်အားဖြင့် ပြန်ကြားဆက်သွယ်ခြင်း)
Meeting (အစည်းအဝေးများ)၊ Telephone Call (ဖုန်းခေါ်ဆိုမှု ဆိုင်ရာ) ပြောဆို ဆက်ဆံမှုများ။

**Writing Communication** (စာအားဖြင့် ပြန်ကြားဆက်သွယ်ခြင်း)
Letter and Report (စာပို့ တင်ပြမှုဆိုင်ရာ)၊ E-mail & Fax (အီးမေး၊ သတင်းပို့ခြင်း) ပြောဆိုဆက်ဆံမှုများ။

**Non-Verbal Communication** (အမူအရာအားဖြင့် ပြန်ကြားဆက်သွယ်ခြင်း)
Body Language (ခန္ဓာကိုယ်အမူအယာ ဖြင့်ပြသမှု)၊ Gesture (ချေဟန် လက်ဟန် ပြခြင်း) ပြောဆိုဆက်ဆံမှု။

စတဲ့ ပြန်ကြားဆက်သွယ်မှု (၃-မျိုး) ကို လိုအပ်သလိုပေါင်းစပ်ပြီး မှန်ကန် ထိရောက်စွာအသုံးပြုနိုင်ပါတယ်။

ပြန်ကြားဆက်သွယ်မှုမှားယွင်းမှုကြောင့် လုပ်ငန်းများနှောင်နှေးကြန့်ကြာ စေခြင်း၊ အချင်းချင်းခိုက်ရန်ဒေါသများဖြစ်ခြင်း၊ နှစ်ဦးနှစ်ဖက်အကြား နားလည်မှု လွဲချော်ခြင်း၊ မလိုလားအပ်သောဖြေရှင်းမှုများ ဆောင်ရွက်ရခြင်းကြောင့် လုပ်ငန်း များ၊ လူထုပတ်ဝန်း ကျင်အကြား၊ ပြန်ကြားဆက်သွယ်မှုများတွင် သေချာစွာ အလေးအနက်ထားပြီး ထိရောက်စွာပြုလုပ်နိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံချုပ်အနေဖြင့် လုပ်ငန်းစဉ်တခုလုံး၏ စနစ်တကျလည်ပတ် နေမှုရဲ့ အဓိကအသက်သွေးကြောမဖြစ်တဲ့Communication and Information

ပြောဆို ဆက်သွယ်ခြင်းနှင့် သတင်းအချက်အလက်များ) ချိတ်ဆက် ပေးပို့မှု များတွင် ထိရောက်စွာပြန်ကြားဆက်သွယ်ပြီး လုပ်ငန်းခွင်မြန် ဆန်မှု၊ မှန်ကန်မှုနဲ့ အတူ စီမံခန့်ခွဲမှုဆိုင်ရာ အားသာချက်ဖြစ်စေနိုင်ဖို့ မျှဝေရေးသားဖော်ပြ လိုက်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Seeing Work and Findinig Way

(အလုပ်အပေါ်ကြည့်မြင်ခြင်းနှင့် နည်းလမ်းအပေါ်ရှာဖွေခြင်း ဥပဒေသ)

**Management is Seeing for Work**

**(စီမံမှုဆိုတာ အလုပ်တွေကို ကြည့်မြင်လေ့လာခြင်းဖြစ်ပြီး)**

**Leadership is Looking for Way**

**(ခေါင်းဆောင်မှုဆိုတာ နည်းလမ်းတွေကိုရှာဖွေလေ့လာခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"အလုပ်တွေကို ကြည့်မြင်လေ့လာဖို့လိုအပ်သလို***

***နည်းလမ်းတွေကို ရှာဖွေလေ့လာဖို့လည်း လိုအပ်တယ်"***

# Systematic Reporting

(စနစ်တကျ အစီရင်ခံတင်ပြမှုပုံစံများ)



"လမ်းညွှန်ချက်များ၏
အခြေအနေများအပေါ် ပြင်ဆင်
သုံးသပ်ပြီး Reporting
(အစီရင်ခံတင်ပြချက်များ)မှုဖြင့်
လုပ်ငန်းကို အကောင်အထည်ဖော်
ဆောင်ရွက်နေခြင်းသာဖြစ်ပါတယ်"

လုပ်ငန်းစနစ်တကျလည်ပတ်မှု၏ အရေးကြီးတဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ Reporting အစီရင်ခံစာတင်ပြခြင်းနှင့် Meeting အစည်းအဝေးပြုလုပ်ခြင်းများသည် မဖြစ်မနေပြုလုပ်သင့်တဲ့ Information Management သတင်းအချက်အလက်ဆိုင်ရာ စီမံခန့်ခွဲမှုပုံစံများဖြစ်ပြီး၊ လုပ်ငန်း၏Internal Strength အတွင်းပိုင်းဆိုင်ရာ အားသာချက်ကိုဖြစ်စေပြီး လုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို များစွာ အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။

Top Management အထက်ပိုင်း စီမံခန့်ခွဲမှု၊ Mid Management အလယ် ပိုင်းစီမံခန့်ခွဲမှုနှင့် Supervisory Management အောက်ခြေလုပ်ငန်းဖော်ဆောင်မှု အကြားမှာ အရေးကြီးတဲ့ Information သတင်းအချက်

အလက်များ၊ Decision ဆုံးဖြတ်ချက်များ၊ Instruction လမ်းညွှန်ချက်များ၏ အခြေအနေများအပေါ် ပြင်ဆင် သုံးသပ်ပြီး Reporting (အစီရင်ခံတင်ပြချက်များ)မှုဖြင့် လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသာဖြစ်ပါတယ်။

လုပ်ငန်း၏ လက်ရှိအခြေအနေအပေါ် (အစီရင်ခံစာကို အစီအစဉ် ရေးဆွဲခြင်း) ကို ပထမဦးစွာသုံးသပ်ဖို့လိုပြီး၊


Purpose: ရည်ရွယ်ချက် - ဘာကြောင့် ကျွန်ုပ်တို့ အစီရင်ခံစာရေးသနည်း။

Audience: တင်ပြမည့်သူများ - မည်သူတွေ ဤ အစီရင်ခံစာကို ဖတ်မည်နည်း။

Information: သတင်းအချက်အလက် - မည်သည့်အချက်များသည် ဦးစား ပေးရန်နှင့် ပြန်လည်ရယူရန်။

Deadline: သတ်မှတ်ရက် - မည်သည့်အချိန် ပြန်လည်၍ အစီရင်ခံစာ တင်မည်နည်း။

စတဲ့ အချက်များကို စီစဉ်ရေးဆွဲပြီး အစီရင်ခံစာများကို Daily (နေ့စဉ်ဖြစ်စေ)၊ Weekly (အပတ်စဉ်ဖြစ်စေ)၊ Monthly (လစဉ်ဖြစ်စေ)၊ Yearly (နှစ်စဉ်ဖြစ်စေ) တင်ပြဆောင်ရွက်ရမှာဖြစ်ပါတယ်။




လွယ်ကူချောမွေ့တဲ့အလုပ်တွေကို လုပ်ဖို့
ဆန္ဒရှိတယ်ဆိုရင်တော့ ဘဝဟာ ရေရှည်မှာ
ခက်ခဲပါလိမ့်မယ်။
ခက်ခဲကြိုးစားရသော အလုပ်တွေကို လုပ်ဖို့
ဆန္ဒရှိတယ်ဆိုရင်တော့ ဘဝဟာ ရေရှည်မှာ
လွယ်ကူလာပါလိမ့်မယ်။

**Reporting Points:** (အစီရင်ခံတင်ပြမှုဆိုင်ရာ အဓိကအချက်များမှာ)

- ➤ လက်ရှိ နောက်ဆုံး အနေအထားအား သိရှိစေရန် အစီရင်ခံတင်ပြခြင်း
- ➤ ဆက်လက်ဆောင်ရွက်မှုအပေါ် ညွှန်ကြားမှုများရှိစေရန် တင်ပြခြင်း
- ➤ စီမံချက် လုပ်ဆောင်မှုအပေါ် လိုအပ်သည်များ ပံ့ပိုးစေရန် တင်ပြခြင်း
- ➤ သင့်လျော်သောအစည်းအဝေးပွဲ ပြုလုပ်စေရန် တင်ပြခြင်း
- ➤ လုပ်ဆောင်မှု ပြီးစီးမှုအပေါ် မှတ်တမ်းတင်စေရန် တင်ပြခြင်း

စသည့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အခြေခံပြီး Reporting အစီရင်ခံ တင်ပြမှုများကို ဆောင်ရွက်ကြတာ တွေ့ရပါတယ်။

(ယေဘူယျကျသည့် အစီရင်ခံစာတင်ပြမှု ပုံစံများ)

- Attention အဓိကဦးတည်ပေးပို့မည့်သူနှင့် တခြားထပ်မံ၍ ပေးပို့ရမည့်သူ။
- Subject ပေးပို့မည့်အကြောင်းအရာ ခေါင်းစဉ်။
- Activity လုပ်ဆောင်မှု နေ့ရက် (ပြီးစီးခဲ့ပြီး (သို့) ဆက်လက်လုပ်ဆောင်ရန်။
- Activity detail (1,2,3): လုပ်ဆောင်မည့် အစီအစဉ်အသေးစိတ် ၁၊ ၂၊ ၃ ဖော်ပြချက်များ)
- Attachment ပူးတွဲလျှက်ဖော်ပြရန် (ဖိုင်၊ ဓာတ်ပုံ၊ အစီအစဉ်)။
- Future Need အနာဂတ်လုပ်ဆောင်ချက်များ (လိုအပ်မှု-) ပြန်လည်တုန့်ပြန်မှု လိုအပ်သည့်အရာများ။
- Closing နိဂုံးချုပ်ခြင်း နှင့် တင်ပြသူ၏ အသေးစိတ်အချက်အလက် (အမည်၊ လက်မှတ် စသည့်)


အချက်များပါဝင်တဲ့ Reporting များကို လုပ်ငန်းလိုအပ်ချက်အလိုက် တင်ပြ အစီရင်ခံဆောင်ရွက်ဖို့လိုအပ်ပါတယ်။

Reporting တင်ပြချက်များသည် လုပ်ငန်း၏ အတွင်းပိုင်းဆိုင်ရာ (အားသာချက် - အားနည်းချက်)များနှင့် အပြင်ပိုင်းဆိုင်ရာ (အခွင့်အလမ်း - အတားအဆီး)များကို အဓိကထားဖော်ပြရန်လိုအပ်ပြီး၊ လက်ရှိအနေအထားအပေါ် အခြေခံသုံးသပ် လျှက် လုပ်ငန်းပုံမှန်လည်ပတ်မှု Information ပိုင်းဆိုင်ရာ စီမံခန့်ခွဲနည်းတခုဖြစ်သည့် အလျှောက် တင်ပြအစီရင်ခံမှုပုံစံများကို လုပ်ငန်းလိုအပ်ချက်အလိုက် စနစ်တကျ စီမံခန့်ခွဲလမ်းညွှန်မှုများပြုလုပ်နိုင်ရန်အတွက် အကြံပေးတင်ပြထားပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# ဂျပန်နည်းစနစ်ကောင်း 5-S System စီမံခန့်ခွဲနည်း




"ပေးလာနိုင်ခြေရှိသော
အခွင့်အရေး၊ အလားအလာတွေကို
ကြိုတင်လေ့လာပြီး
ပြင်ဆင်ထားခြင်းဟာ
အလုပ်မလုပ်ခင်
အောင်ပွဲဝင်နိုင်ခြင်းပင်ဖြစ်ပါတယ်"

စနစ်တကျစီမံခန့်ခွဲနည်းများစွာထဲမှ ယနေ့ခေတ် (5-S) ဟာ ရေပန်းစားပြီး၊ လုပ်ငန်းကြီးများမှာ အဓိကအသုံးပြုနေတဲ့ စနစ်ကောင်းတခုပဲဖြစ်ပါတယ်။ 5-S နည်းစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ အချိန်မြန်ဆန်မှု၊ ဆုံးရှုံးမှုများ ထိန်းနိုင်မှု၊ လုပ်ငန်းနည်းစနစ်ရှိမှု၊ ရေရှည်ထိန်းသိမ်းနိုင်မှု စတဲ့အကျိုးများစွာကို ဖန်တီးစေနိုင် ပါတယ်။

ယနေ့ခေတ် ခေတ်ပြိုင်တိုးတက်လာပြီဖြစ်တဲ့ လုပ်ငန်းများမှာ Internal Management အတွက် နည်းစနစ်များဟာ လိုအပ်ချက်ဖြစ်လာနိုင်သလို၊ တဦးချင်းစီဆိုင်ရာ စီမံမှုအတွက်လည်း ယခု 5-S နည်းလမ်းများမှ များစွာအထောက်အကူပြုစေနိုင်ပြီး လုပ်ငန်းများ အချိန်တိုင်း-အကျိုးရှိ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

(၁) Sort/ Separate - ခွဲခြားထားမှုရှိခြင်း။

- Use (အမြဲသုံးနေကျ ပစ္စည်း) Unused (အသုံးမပြုတော့တဲ့ ပစ္စည်း) စတဲ့ စာရွက်စာတမ်း၊ ရုံးအသုံးအဆောင်၊ စက်ပစ္စည်းများကို ခွဲခြားထားဖို့လိုအပ်

မှာပါ။ ခွဲခြားမှုတွေမရှိတဲ့အခါ မလိုလား အပ်တဲ့ထိန်းသိမ်းမှု၊ တာဝန်ယူမှု၊ လုပ်ငန်းခွင် ရှုပ်ထွေးမှု စတဲ့ နှောင်နှေးမှုတွေကိုဖြစ်စေ တာမို့ လိုအပ်တဲ့ပစ္စည်း/ မလိုအပ်တဲ့ပစ္စည်း တွေကို ခွဲခြားရှင်းလင်းပြီး ရှင်းလင်းသပ်ရပ်မှု တွေနဲ့အတူ မြန်ဆန်ထိရောက်စေတဲ့ လုပ်ငန်း ခွင်ကို စီမံလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

(၂) Set in Order - အစီအစဉ် တကျထား သိုခြင်း။

- လုပ်ငန်းခွင်တိုင်းမှာ ပစ္စည်းအမျိုး အစားမတူညီမှုတွေရှိတာကလို့ လုပ်ငန်း အမျိုး အစားအလိုက် Label (တံဆိပ်တပ်ဆင်မှု)နဲ့ အတူ ဦးစားပေးမှုအဆင့်အလိုက် Arrange (စီတန်းထားသိုမှုတွေ)ဟာလည်း လိုအပ်ဦးမှာ ဖြစ်ပါတယ်။ Data Management လုပ်လာ တဲ့အခါ အချိန်မြန်ဆန်မှုကို ဖြစ်စေနိုင်ပြီး ပြန်လည်ရှာဖွေတာမျိုးဖြစ်စေ၊ မအားတဲ့ အခိုက် တခြားသူသို့ Reference Power ဖြင့်ကူညီလုပ်ဆောင် စေတဲ့အခါမှာလည်း ထိရောက်မြန်ဆန်မှုကို ဖြစ်စေနိုင်ပါတယ်။

(၃) Shine - သန့်ရှင်းသပ်ရပ်စွာ ထားသိုခြင်း။

- အပိုဖြစ်နေတဲ့ စာရွက်စာတမ်း၊

**အစကောင်းဖို့ အရေးကြီးသလို အဆုံးသတ်တွေ ကလည်း ပိုကောင်းနေဖို့ လိုတယ်ဆိုတဲ့ အချက်အတိုင်း လုပ်ငန်းစဉ်တွေရဲ့ (စ-လယ်-ဆုံး) မှာ 5-S ပုံစံဖြင့် အရည်အသွေး တိုးမြင့်စေနိုင်ဖို့ လုပ်ငန်းများ ရေရှည်မှာ နစ်စနစ်တကျ လည်ပတ်နိုင်ဖို့**

အသုံးအဆောင် နှင့်အတူ နေ့စဉ်လုပ်ငန်းခွင် မှာရှိတဲ့အရာတွေကို Cleaning (သန့်ရှင်းမှု)နဲ့ Smarting (စနစ်ကျခြင်း)တွေက လုပ်ငန်းရဲ့ အဆင့်အတန်းမြှင့်စေနိုင်မှာပါ။ ဝန်ထမ်းတဦးချင်းစီပိုင်ဆိုင်တဲ့ စားပွဲ၊ ဗီဒို၊ အခန်း စတာတွေရဲ့ ရှင်းလင်း-တောက်ပြောင်မှုတွေဟာ မိမိနှင့်အတူ ကုပ္ပဏီ၊ ရုံး၊ ဌာန တစ်ခုရဲ့ စည်းကမ်းကို ဖော်ပြနေတာမို့ ဒီအချက်ကိုလည်း အလေးထားပြီးစီမံ နိုင်လျှင်ISO လုပ်ငန်းများနဲ့အညီ လုပ်ငန်းအရည်အသွေးမြင့်တက်လာမှာဖြစ်ပါတယ်။

(၄) Standard - အဆင့်အတန်းရှိခြင်း။

- အဖွဲ့အစည်းတိုင်းမှာတော့ ရှိသင့်တဲ့ စည်းကမ်းတွေနဲ့အတူ လုပ်ငန်းခွင် အလွယ်တကူ ပြီးစီးနိုင်စေရန်အတွက် Guiding (လမ်းညွှန်ပေးမှု) တွေရှိဖို့လိုအပ်မှာပါ။ ဥပမာ - တွေ့တဲ့နေရာကယူ - ကြုံတဲ့နေရာထားတဲ့ နည်းစနစ်မကျမှုတွေကို Re-placing (နေရာတကျပြန်လည်ထားမှု)ဆိုတဲ့ လမ်းညွှန်မှုက စည်းကမ်းဖြစ်လို့ 5-S နည်းစနစ်တွေထဲက သင့်လျော်တဲ့ (Rule - စည်းကမ်း) ချမှတ်မှုတွေနဲ့ လုပ်ငန်းတခုရဲ့ အဆင့်အတန်းတွေကို တိုးတက်မြင့်မားအောင်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

(၅) Sustain - ရေရှည်ထိန်းသိမ်းနိုင်ခြင်း။

- တိုးတက်လာတဲ့နောက်ကွယ်တိုင်းမှာ ရေရှည်ထိန်းသိမ်းမှုဟာ လိုအပ်

> **အသင့်ပြင်ထားသောစိတ်ကို အခွင့်အရေးကမျက်နှာသာပေးသည်။**
> **မလုပ်ခင်စဉ်းစားပြီးအကွက်ချရေး စီမံချက်ရေးဆွဲတာဟာ**
> **အောင်မြင်မှုအတွက် သော့ချက်ဖြစ်တယ်။**
>
> **(လူ့ဝီဒါလေး)**

ချက်ဖြစ်လာတာမို့ Housekeeping (လဲလှယ်ပေးမှု) တွေနဲ့အတူ၊ တခုပျက်-တခု ပြင်ဆိုသလို Maintaining (ထိန်းသိမ်းမှု)တွေနဲ့ လုပ်ငန်းခွင်ရဲ့ မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ အသစ်တွေတိုင်းဟာ ဟောင်းနွမ်းလာတက်တာ သဘာဝဆိုပေမယ့် လူတွေရဲ့ဆန်းသစ်ပေးမှု၊ ထိန်းသိမ်းပေးမှုတွေနဲ့အတူ Follow-up (ထပ်မံကြည့်ရှု)မှုတွေနဲ့ လုပ်ငန်းအရည်အသွေးကို ရေရှည်ထိန်းနိုင်မှာဖြစ်ပါတယ်။

5-S စနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ၁-ခါ အလုပ်ရှုပ်မှာကြောက်ပြီး ၁၀-ခါ ပြန်အလုပ်ရှုပ်နေရတဲ့ လုပ်ငန်းခွင်ရဲ့အခက်အခဲတွေကို5-S စီမံခန့်ခွဲနည်းကသာ အထောက်အကူဖြစ်စေနိုင်တာမို့၊ အစကောင်းဖို့အရေးကြီးသလို အဆုံးသတ်တွေကလည်း ပိုကောင်းနေဖို့လိုတယ်ဆိုတဲ့ အချက်အတိုင်း လုပ်ငန်းစဉ်တွေရဲ့ (စ-လယ်-ဆုံး) မှာ 5-S ပုံစံဖြင့် အရည်အသွေးတိုးမြှင့်စေနိုင်ဖို့ လုပ်ငန်းများရေရှည်မှာ နစ်စနစ်တကျလည်ပတ်နိုင်ဖို့ မျှဝေရေးသားလိုက်ပါတယ်။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# Leadership Lesson - 1
# ခေါင်းဆောင်မှု သင်ခန်းစာ (၁)

## မကြောက်တတ်တဲ့ ကြောင်လေး (သို့မဟုတ်) သူရဲကောင်းဘဝလို ရဲရင့်တဲ့ ခြင်္သေ့လား



"မင်းဟာ
ကြောက်လန့်တဲ့ ကြောင်လား
ရဲရင့်တဲ့ ခြင်္သေ့လား
ဆိုတာ. . ."

တခါက တောအုပ်တစ်ခုမှာ တောကြောင်များသည် အုပ်စုဖွဲ့၍ နေထိုင်လျက်ရှိကြလေသည်။ တနေ့သောအခါ ထိုတောကြောင်အုပ်များ အပြင်အစာရှာထွက်ရင်း တောအုပ်၏အစပ်တွင်ရှိသော မြစ်ချောင်းငယ်တစ်ခုမှ (အကောင်လေး) တစ်ကောင်သည် သစ်တုံးပေါ်တွင် မျော၍ပါလာခဲ့ပါတယ်။

**ထိုအခါ တောကြောင်အုပ်တို့သည် (ထိုအကောင်လေး) အား မြင်လိုက်လျှင် သူတို့နှင့် အသွင်တူသည့် ထိုအကောင်လေးအား ကယ်ဆယ်လျက် တောကြောင်လေးအဖြစ် မွေးစားလိုက်ပါတော့တယ်-။ ဒီလိုနဲ့ (ထိုအကောင်လေး)**

သည် တောကြောင်များထဲ နေထိုင်ကြီးပြင်းလာခဲ့ပြီး- တောကြောင်တွေကဲ့သို့ ပြုမူနေထိုင်ရင်း တောကြောင်လေးအဖြစ် နေထိုင်လျှက်ရှိပါတယ်။

တနေ့သောအခါ ထိုတောကြောင်အုပ်သို့ စားရန် ချဉ်းကပ်လာသော (ခြင်္သေ့ကြီး) သည်- ထိုတောကြောင်အုပ်ကြီးအား လန့်ဖြန့်အောင် လုပ်လိုက်ပြီး၊ တောကြောင်များ တစ်ကောင်နဲ့တစ်ကောင် အုပ်စုခွဲအောင် ခြောက်လှန့်လိုက်ပါတော့တယ်။ ထိုအခါ တောကြောင်အုပ်ထဲမှာ ကြီးပြင်းလာတဲ့ (ထိုအကောင်လေး) သည်လည်း အုပ်စုကွဲသွားပြီး တစ်ကောင်တည်း ကျန်နေပါတော့တယ်။

ဒီအခါမှာ (ခြင်္သေ့ကြီး) သည် ကြောက်လန့်ပြီး အော်နေသော- ထို အကောင်လေးအား ဂုတ်မှ ဖမ်းယူလိုက်ကာ. . တောအုပ်၏ ရေစပ်သို့သွားပြီး (ထိုအကောင်လေး) အား၊ (မင်းကိုယ်မင်းလည်း ပြန်ကြည့်ပါအုံး). .

"မင်းဟာ- (ကြောက်လန့်တဲ့ ကြောင်လား)- (ရဲရင့်တဲ့ ခြင်္သေ့ လား)ဆိုတာ"

ထိုအခါမှာ- ထိုအကောင်လေးသည် မိမိကိုယ်တိုင် ရေနဲ့ပြန်ကြည့်ပြီး- (ခြင်္သေ့ဖြစ်နေမှန်း) သိလိုက်ပါတော့တယ်-။

တောကြောင်တွေကြားမှာ ကြီးပြင်းလာတဲ့ (ခြင်္သေ့) သည်ပင်- တော ကြောင်များနဲ့နေလျှင် တောကြောင်ကဲ့သို့ ပြုမူနေထိုင်ရင်း- ပင်ကိုယ်ရှိနေတဲ့ အရည်အချင်းအစစ်တွေ ဖုံးလွှမ်းသွားပြီး- ပတ်ဝန်းကျင်မှ အတူတူနေထိုင် ကြီးပြင်းတဲ့- (ကြောင်) စိတ်နဲ့အတူ ကြောက်စိတ်တွေဝင်သွားတတ်ပါတယ်။

ထိုနည်းတူပဲ- လူတိုင်းသည်ပင် (Hero သူရဲကောင်းဖြစ်ပါစေ) နေထိုင်တဲ့ ပတ်ဝန်းကျင်အပေါ် မူတည်ပြီး အပြုအမူ၊ စိတ်ဓါတ်၊ အရည်အချင်းတွေဟာ မတူညီစွာပြောင်းလဲသွားတတ်ပါတယ်။

ဒီသင်ခန်းစာကို နှလုံးသွင်းလျှက်- လူတိုင်းမူလစိတ်တို့သည် အတိုင်း အဆမသိတဲ့ (စိတ်စွမ်းအင်) (ခန္ဓာကိုယ်ရဲ့စွမ်းအား) တန်ဖိုးရှိသော လူသား တို့ပင်ဖြစ်ပါတယ်-။ ယုံကြည်လိုက်ပါ- ကိုယ်သည် (ခြင်္သေ့) ပမာ စွမ်း

အားရှိသူတွေပါ- ကိုယ်တိုင်သာ ကိုယ်တိုင်ပြန်မြင်လျှက်- (ရဲဝင့်စိတ်) (ယုံကြည်စိတ်) အပြည့်နဲ့- (Zero to Hero) သုညဘဝဖြစ်ပါစေ - သူရဲကောင်းဘဝသို့ ပြန်လည်ကူးပြောင်းဖန်တီးနိုင်တယ်ဆိုတာ ယုံကြည်လိုက်စေချင်ပါတယ်။

မှန်ကြည့်တိုင်း ငါသည် (ခြသေ့်ပမာ) ရဲစွမ်းသတ္တိရှိသူ၊ (သူရဲကောင်းပမာ) စွမ်းအားရှိသူအဖြစ်နဲ့- အနာဂတ်မနက်ဖြန်တွေကို ရဲဝင့်သတ္တိရှိစွာ ဦးဆောင်နိုင်သူဖြစ်ဖို့ပါ။

I am Hero – not Zero (ငါသည် သုညမဟုတ် ရဲစွမ်းသတ္တိရှိသူနေသူဖြစ်၏) I Am Leader of my Life (ငါသည် ငါ့ဘဝ၏ အရှင်သခင် ဦးဆောင်သူဖြစ်တယ်ဆိုတဲ့ ရဲဝင့်သောစိတ်ဓါတ်တို့နဲ့ ယုံကြည်နေထိုင်သွားဖို့ အားပေးလိုက်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့

## (နေ့စဉ်ခေါင်းဆောင်စိတ်များ နှိုးကြားရေးသံမိဌါန်)



*ငါတန်ဖိုးထားသော ခေါင်းဆောင်တို့သည် ဘယ်လိုနေထိုင်ကြိုးစားခဲ့လဲ*

- ငါသည် (အကြီးအကဲ ဦးဆောင်သူဖြစ်နေလျှင်) ဘယ်လိုပြုမူကြိုးစားနေမလဲ။
- ငါသည် (အားလုံးအတွက် အဓိကပုဂိုလ်ဖြစ်နေလျှင်) ဘယ်လိုဦးဆောင်ကြိုးစားနေမလဲ။
- ငါသည် (တန်ဖိုးရှိသော လူသားတစ်ဦးဖြစ်နေလျှင်) ဘယ်လိုအသက်ရှင်နေထိုင်သွားမလဲ။

ငါသည် တန်ဖိုးရှိပြီး အားလုံးအတွက်အရေးပါသော ဦးဆောင်သူ အကြီးအကဲဖြစ်တယ်ဆိုတဲ့ စိတ်နဲ့အတူ. . .

ထူးချွန်အောင်မြင်သော ခေါင်းဆောင်တွေကို အားကျအတုယူပြီး ပြောင်းလဲတိုးတက်သော စီမံဦးဆောင်သူအဖြစ်သို့ ကြိုးစားသွားမယ်။ မျှော်မှန်းရည်ရွယ်ထားသော အောင်မြင်မှုသို့ ယုံကြည်ချက်ထားပြီး ပြောင်းလဲတိုးတက်အောင် စီမံဦးဆောင်သွားဖို့ သံဓိဋ္ဌာန်ပြုပါတယ်။

I am Hero – Not Zero
(ငါသည် သုညမဟုတ်၊ ရဲစွမ်းသတ္တိရှိသူဖြစ်တယ်)

***"One Leader Can Change The World"***
*"ခေါင်းဆောင်တစ်ဦးဟာ*
*ကမ္ဘာကြီးကိုပြောင်းလဲနိုင်တယ်ဆိုတဲ့ယုံကြည်စိတ်နဲ့*
*ငါသည် ကိုယ်တိုင်အတွက်၊ အများအတွက် တန်ဖိုးရှိအောင်*
*ကြိုးစားဦးဆောင်သွားမယ်"*

I am Living with Believing
(ငါ၏ ယုံကြည်ချက်တို့နဲ့ အသက်ရှင်နေထိုင်တယ်)
I Must = I Can (မဖြစ်ဖြစ်အောင်လုပ်ရင် = ငါလုပ်နိုင်ပါတယ်)
Yes! I Can Do It (ငါလုပ်နိုင်တယ်- ယုံကြည်တယ်)

ဖေမြိုးဝိုင် (MESI)
**We Can Change** (ကျွန်ုပ်တို့ ပြောင်းလဲနိုင်ပါတယ်)


## Job Leadership Leavel (2) – ခေါင်းဆောင်မှုအဆင့် (၂)

## Supervisory Staff Level - လုပ်ငန်းခွင် ဦးဆောင်မှုအဆင့်


| G (Goal)<br>ရည်မှန်းချက် | R (Reason)<br>အကြောင်းပြချက် | O (Opportunity)<br>အခွင့်အလမ်းများ | W (Ways)<br>လုပ်ဆောင်ရည်နည်းလမ်း | T (Time)<br>အချိန်ကာလသတ်မှတ်မှု | H (Help)<br>အချိန်ကာလသတ်မှတ်မှု |
|---|---|---|---|---|---|
| What<br>ဘာတွေဖြစ်ချင်လဲ | Why<br>ဘာကြောင့်ဖြစ်ချင်လဲ | Where<br>ဘယ်နေရာမှာရှိမလဲ | How<br>ဘယ်လိုလုပ်ဆောင်မလဲ | When<br>ဘယ်အချိန်ပြီးစီးမလဲ | Who<br>ဘယ်သူတွေမှ ကူညီမလဲ |
| ကုမ္ပဏီတွင်<br>Management<br>ရာထူးတိုး၊<br>လစာတိုးရန် | အလုပ်တာဝန်<br>ပိုယူခြင်းနှင့်<br>ဝန်ထမ်းများသို့<br>ဦးဆောင်ရန် | ဌာနများအတွင်း<br>လစ်လပ်ရာထူးများ<br>ပြင်ပကုမ္ပဏီများမှ<br>ခေါ်ယူမှု | သင်တန်းများတက်ထားရန်<br>မိတ်ဆွေများသို့ CV ပို့ထားရန်<br>အတွေ့အကြုံသစ်များ<br>ရှာလာရန် | ယခု(၁-နှစ်)အတွင်း<br>သင်တန်းများတက်ရန်<br>အတွေ့အကြုံသစ်ရှာရန် | ဆရာသမားများ<br>Senior များ<br>လုပ်ဖော်ကိုင်ဖက်များ |
| ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ |

GROWTH တိုးတက်ဖွံ့ဖြိုးမှုပုံစံဖြင့် ချည်သည့်ရည်မှန်းချက်များမဆို ဖော်ပြထားသောနည်းလမ်းများအတိုင်း အဆင့် (၂) Supervisory Staff အဆင့် ရာထူးတိုး၊ လစာတိုး အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

> I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်) I Can Do It (ငါလုပ်နိုင်ပါတယ်)
> I Must = I Can (ငါဖြစ်ဖြစ်အောင်လုပ်ရင် = ငါဖြစ်နိုင်ပါတယ်)
> Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)


I am Leader - ငါသည် ခေါင်းဆောင်သူ ဖြစ်၏။
Leader are Learner
Learn from Leader
ခေါင်းဆောင်ဆိုတာ လေ့လာနေသူပါ။
ခေါင်းဆောင်များထံမှ လေ့လာသင်ယူပါ။
MESI
ZIN PHYO PAING
MESI Business Institute

# အပိုင်း (၃)
# Staff Leadership Level (3)




## Staff Manager Level
## ဝန်ထမ်းမန်နေဂျာ ဦးဆောင်မှုအဆင့်

*အဆင့် (၃) **Staff Manager Level** - အလုပ်နှင့် ဝန်ထမ်းများအတွက် စီမံခန့်ခွဲမှုအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများ အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။*



## The Law of Implementation Work and Inspiration People
(အလုပ်တွေကို ထူထောင်ခြင်းနှင့် လူတွေကို အားပေးခြင်း ဥပဒေသ)

**Management is Implementation for Work**
**(စီမံမှုဆိုတာ အလုပ်တွေကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး)**

**Leadership is Inspiration for People**
**(ခေါင်းဆောင်မှုဆိုတာ လူတွေကို အားပေးတိုက်တွန်းပေးခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**
***“အလုပ်တွေကို အကောင်အထည်ဖော်ဖို့လိုအပ်သလို***
***လူတွေကို အားပေးတိုက်တွန်းပေးဖို့လည်း လိုအပ်တယ်”***

# Professional Manager
## (ထူးချွန်သော စီမံခန့်ခွဲသူ)



မိမိကိုယ်တိုင်ဦးစွာ စီမံပါ

.................

မိမိဝန်ထမ်းတွေကို စီမံပါ

.................

လုပ်ငန်းအောင်မြင်ဖို့ စီမံပါ

ဘာကြောင့် စီမံခန့်ခွဲမှုမှာ ထူးချွန်ဖို့လိုအပ်လာပြီလဲ တိုးတက်လာတဲ့ လူမှုအဖွဲ့အစည်း၊ လုပ်ငန်းခွင်၊ နိုင်ငံတကာဆက်ဆံရေးနှင့် ယခင်ထက်ပိုမိုလာတဲ့ **လုပ်ငန်းခွင်နေရာများမှာ စီမံခန့်ခွဲမှု မထူးချွန်လျှင် ထိုအလုပ်တွေရဲ့ ဖိအားတွေ၊ အဆင်မပြေမှုကို ဖြစ်လာစေပြီမို့- ယခင်ထက် လုပ်ငန်းတွေ ပိုမိုများလာလေလေ၊ စီမံခန့်ခွဲမှုကို ပိုမိုထူးချွန်ဖို့လိုအပ်လာလေလေဖြစ်ပါတယ်။**

**Professional Manager** ထူးချွန်သော မန်နေဂျာ၊
လုပ်ငန်းဦးဆောင်သူဖြစ်ဖို့

Self - Manage ⊃ မိမိကိုယ်တိုင်ဦးစွာ စီမံပါ. . .။

Staff - Manage ⊃ မိမိဝန်ထမ်းတွေကို စီမံပါ. . .။

Success - Manage ⊃ လုပ်ငန်းအောင်မြင်ဖို့ စီမံပါ. . .။

အလုပ်တွေကို ကိုယ်က မစီမံနိုင်ရင်၊ အလုပ်တွေက ကိုယ့်ကိုဖိစီးပြီး စီမံနေမှာဖြစ်ပါတယ်. . .။

အလုပ်များလာလေလေ အချိန်ကို ပိုမိုစီမံရလေလေပါပဲ. . .။

| | | |
|---|---|---|
| Goal Setting<br>လုပ်ငန်းရည်ရွယ်ချက်<br>ရေးဆွဲနိုင်ခြင်း | Communications &<br>Relationship<br>ဆက်သွယ်ချိတ်ဆက်မှု နှင့်<br>ပြန်ကြားဆောင်ရွက်မှုရှိခြင်း | Meeting & Reporting<br>အစည်းအဝေးများနှင့်<br>တင်ပြအစီရင်ခံမှုများရှိခြင်း |
| Team<br>building<br>အသင်းအဖွဲ့ စည်းလုံးမှုနှင့်<br>ညီညွတ်စွာဆောင်ရွက်ခြင်း | <br>**Manager Skill**<br>**(မန်နေဂျာ အရည်အချင်းများ)** | Motivation and<br>Leading<br>စိတ်ဓါတ်ကြံ့ခိုင်ခြင်း<br>နှင့် ဦးဆောင်မှုရှိခြင်း |
| **Time<br>Management<br>အချိန်ကိုက်<br>စီမံဆောင်ရွက်နိုင်ခြင်း** | **Problem solving<br>Decision making<br>ဆုံးဖြတ်ချက်ချနိုင်ခြင်းနှင့်<br>ပြဿနာဖြေရှင်းနိုင်ခြင်း** | **Responsibility &<br>Delegation<br>လုပ်ငန်းတာဝန်ယူခြင်းနှင့်<br>တာဝန်များခွဲဝေပေးခြင်း** |

ခေတ်သစ်မန်နေဂျာများအတွက် A Good Manager အရည်အချင်းများအား ထုတ်နှုတ်ဖော်ပြပေးထားပြီး၊ လုပ်ငန်းတခုလုံး၏ Top Management (ထိပ်ပိုင်းအဆင့်) ဆက်သွယ်ဆောင်ရွက်မှုများနှင့် Supervisory Management (ကြီးကြပ်မှုအဆင့်) စီမံခန့်ခွဲမှုများအကြား လုပ်ငန်းပြီးစီးအောင်မြင်

စေရန် ချိတ်ဆက်ဖော်ဆောင်ပေးနေသည့် (Mid Management – Managers) များ၏ အရည်အချင်းများကို စုစည်းဖော်ပြပေးထားလို့ လုပ်ငန်းတိုင်းအတွက်များစွာ အကျိုးရှိဖို့မျှော်လင့်ပါတယ်။

(၁) **Communicator** (ပြန်ကြားဆောင်ရွက်သူ)

လုပ်ငန်း၏ အတွင်းပိုင်း၊ အပြင်ပိုင်းဆိုင်ရာ ပြန်ကြားဆောင်ရွက်မှုပြုသော (တင်ဆက်ပြသမှုများ၊ အစည်းအဝေးများ၊ အစီရင်ခံစာတင်ပြမှုများ၊ ဆွေးနွေးမှုများတွင်) ကောင်းစွာဆောင်ရွက်နိုင်သူဖြစ်ဖို့ လိုပါတယ်။

(၂) **Problem & Conflict Solver** (ပြဿနာနှင့် ပဋိပက္ခဖြေရှင်းသူ)

(ပြဿနာနှင့် ပဋိပက္ခအကြားညှိနှိုင်းဖြေရှင်းနိုင်မှုစွမ်းရည်ဖြင့် နှစ်ဦးနှစ်ဖက် အကြားလုပ်ငန်းနှောင်နှေးမှုမရှိ တိုးတက်လာမှုသို့ ရှေ့ရှုဖြေရှင်းဆောင်ရွက်နိုင်ခြင်း) လုပ်ငန်းခွင်ပြဿနာများကို ဖြေရှင်းနိုင်သူဖြစ်ဖို့ လိုပါတယ်။

> “တိုးတက်လာတဲ့ နည်းပညာဆိုင်ရာ လုပ်ငန်းများနှင့် ပူးတွဲစီမံနိုင်မှုနှင့် လုပ်ငန်းအတွင်း နည်းပညာဖြင့် ပိုမိုမြန်ဆန်မှုရှိစေရန်အတွက် ပေါင်းစပ်အသုံးပြုနိုင်မှု စွမ်းရည်ရှိခြင်း) ခေတ်ပေါ်နည်းပညာများ ပေါင်းစပ်အသုံးပြုပြီး **Leverage Power** တခြားပူးပေါင်းအားတွေကို စီမံဆောင်ရွက်တက်ဖို့ လိုအပ်ပါတယ်”

### (၃) **People Management** (လူမှုဆိုင်ရာ စီမံခန့်ခွဲမှု)

(လူသားစီမံခန့်ခွဲနိုင်မှု စွမ်းရည်ပြည့်ဝပြီး လုပ်ငန်းနှင့် စပ်ဆက်လျှက်ရှိသော အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ လုပ်သားများအပေါ် ထိန်းသိမ်းကွပ်ကဲနိုင်မှုနှင့် စီမံခန့်ခွဲနိုင်ခြင်း) ဝန်ထမ်းတိုးတက်မှုအတွက် စီမံဆောင်ရွက်နိုင်ဖို့လိုပါတယ်။

### (၄) **Experiences** (အတွေ့အကြုံရှိခြင်း)

(လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသို့ အကျိုးပြုနိုင်သော လုပ်ငန်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းအတွေ့အကြုံများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်ဆိုင်ရာ အတွေ့အကြုံ ကောင်းများရှိခြင်း) ကိုယ်တိုင်နှင့် ပြင်ပအတွေ့အကြုံများကို စုဆောင်းနိုင်ဖို့ လိုပါတယ်။

### (၅) **Ambition** (စိတ်အားထက်သန်ခြင်း)

(မိမိ နှင့် အဖွဲ့ဝင်များ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသို့ ကြိုးစားဆောင်ရွက်မှုအပေါ် စိတ်ဓါတ်တွန်းအားပေးခြင်း၊ လှုံ့ဆော်ခြင်း၊ စိတ်အားထက်သန်မှုရှိစေရန် ဦးဆောင်မှုရှိခြင်း) စိတ်ဆန္ဒပြင်းပြင်းပြပြဖြင့် ထက်မြက်စွာစီမံဦးဆောင်ဖို့ လိုပါတယ်။

### (၆) **Determination and Patient** (စိတ်ရှည်မှု နှင့် ဆုံးဖြတ်ခြင်း)

(ပြဿနာနှင့် လုပ်ငန်းကိစ္စများအပေါ် ဖြေရှင်းနိုင်မှု၊ ဆုံးဖြတ်မှုရှိခြင်းနှင့် မည်သည့်ခက်ခဲမှုတွင် စိတ်ရှည်မှု၊ စိတ်ထိန်းချုပ်မှုများရှိခြင်း) အများနဲ့ ဆောင်ရွက် ရတဲ့ ကိစ္စရပ်များမှာ မဖြစ်မနေစိတ်ရှည်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

**(၇) Knowledgeable** (ဗဟုသုတ ကြွယ်ဝခြင်း)

(လုပ်ငန်းနှင့် ဆိုင်သော အထွေထွေဗဟုသုတများနှင့် ကိုးကားဖော်ပြမှုများတွင် သတင်းအချက်အလက်၊ လုပ်ဆောင်ချက်ပုံစံ၊ နည်းစနစ်များအပေါ် သဘောပေါက် သိရှိနားလည်မှုရှိခြင်း) လုပ်ငန်းပိုင်းဆိုင်ရာ ဗဟုသုတများကို သိရှိနိုင်ဖို့လိုပါတယ်။

**(၈) Initiative and Risk Taking** (တိုယ်စွမ်းပြမှု နှင့် စွန့်စားခြင်း)

(စိတ်အားထက်သန်မှု၊ ကိုယ်စွမ်းရှိမှုများနှင့်အတူ လက်တွေ့ကျသော စိတ်လှုံ့ဆော်ပေးမှုများနှင့် တာဝန်ယူမှုများအပေါ် လုပ်ငန်းများအပေါ်စွန့်စားလုပ်ဆောင်ခြင်း) အသစ်ဖန်တီးသော လုပ်ငန်းရပ်များအပေါ် စွန့်စားနိုင်ဖို့လိုပါတယ်။

**(၉) Being Organized** (အဖွဲ့အစည်းရှိခြင်း)

(စနစ်ကျသော ဖွဲ့စည်းမှုပုံနှင့် အရင်းအမြစ်၊ အသင်းအဖွဲ့ပုံစံနှင့်၊ လုပ်ဖော်ကိုင်ဖက်များ၏ ယုံကြည်ချက်များအပေါ် အာရုံထားရှိမှုနှင့် ကောင်းမွန်သော လုပ်ငန်းစဉ်သို့ စီမံခန့်ခွဲနိုင်ခြင်း) နည်းစနစ်နဲ့စီမံဆောင်ရွက်တက်ဖို့ လိုအပ်ပါတယ်။

**ခေါင်းဆောင်မှုဆိုသည်မှာ အခြားသူများအား သူတို့မကြိုက်တာကို စိတ်ပါလက်ပါ လုပ်လာကြအောင် နိုင်နိုင်ခြင်းဖြစ်၏။**

**(အမေရိကန်သမ္မတထရူးမင်း)**

(၁၀) **Direction and Suggestion** (အကြံပြုမှုနှင့် ဦးတည်ချက်ရှိခြင်း)

(တိကျသည့် ရည်မှန်းချက်ရှိမှုနှင့်အဖွဲ့များအား လက်တွဲခေါ်ယူမှုနှင့် လုပ်ငန်းစဉ်များအပေါ် အကြံဉာဏ်၊ ဝေဖန်မှုများအပေါ် လက်ခံခြင်းနှင့် အလိုက် သင့်ပုံဖော်ပေးနိုင်ခြင်း)လိုအပ်လာတဲ့ လုပ်ငန်းရပ်များအပေါ် အကြံကောင်း များပေးနိုင်ဖို့လိုပါတယ်။

(၁၁) **Organization Familiar** (အဖွဲ့အစည်းအပေါ်ရင်းနှီးကျွမ်းဝင်ခြင်း)

(အဖွဲ့အစည်းအတွင်း မည်သူမှာ ကောင်းမွန်သည့် ဝန်ထမ်း၊ မည်သို့အရင်း အမြစ်ရနိုင်မှု၊ မည်သည့် အချိန်တွင်လုပ်ငန်းပြီးစီးနိုင်မှု စတဲ့သဘောများအား သိမြင်နား လည်ခြင်း) လုပ်ငန်းအကြောင်း အလုံးစုံသိထားဖို့ လိုအပ်ပါတယ်။

(၁၂) **Knowledge of Technology** (နည်းပညာပိုင်းဆိုင်ရာ သိမြင်မှု)

(တိုးတက်လာတဲ့ နည်းပညာဆိုင်ရာ လုပ်ငန်းများနှင့် ပူးတွဲစီမံနိုင်မှုနှင့် လုပ်ငန်းအတွင်း နည်းပညာဖြင့် ပိုမိုမြန်ဆန်မှုရှိစေရန်အတွက် ပေါင်းစပ်အသုံး ပြုနိုင်မှု စွမ်းရည်ရှိခြင်း) ခေတ်ပေါ်နည်းပညာများ ပေါင်းစပ်အသုံးပြုပြီး **Leverage Power** တခြားပူးပေါင်းအားတွေကို စီမံဆောင်ရွက်တက်ဖို့ လိုအပ် ပါတယ်။

မန်နေဂျာကောင်းတစ်ယောက်တွင် မဖြစ်မနေရှိသင့်သည့် အရည်အချင်း ကောင်းတချို့ကို၊ Management & Leadership၊ သင်ရိုးများမှ ကိုးကား ဖော်ပြပေးလိုက်ပါတယ်။ စီးပွားရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုများ တိုးတက် လာပြီး လုပ်ငန်းဖွံ့ဖြိုးမှုအတွက် အထောက်အကူများစွာဖြစ်စေဖို့ အကြံပြု ဖော်ပြရင်း အနာဂတ်မှာထူးချွန်အောင်မြင်သော Manager များဖြစ်လာစေဖို့ အားပေးရေးသားလိုက်ပါတယ်။

# MANAGER
## (စီမံခန့်ခွဲသူ-မန်နေဂျာ) ဟူသည်

- ❖ M - Management (စီမံခန့်ခွဲ-လမ်းညွှန်မှုရှိခြင်း)
- ❖ A - Attitude (အပြုအမူကောင်းများရှိခြင်း)
- ❖ N - Negotiative (ဆွေးနွေးညှိနှိုင်းမှုပြုနိုင်ခြင်း)
- ❖ A - Ability (လုပ်ဆောင်မှုပြင်းပြခြင်း)
- ❖ G - General (အထွေထွေဗဟုသုတကြွယ်ဝခြင်း)
- ❖ E - Empower (အများသို့ လုပ်ပိုင်ခွင့်ပေးနိုင်ခြင်း)
- ❖ R - Role.modern (ကိုယ်တိုင်စံပြ ဦးဆောင်နိုင်ခြင်း)

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Work Management & People Leading

(အလုပ်တွေကို စီမံခြင်း နှင့် လူတွေကို ဦးဆောင်ခြင်း ဥပဒေသ)

**Management is Managing Work**

**(စီမံမှုဆိုတာ အလုပ်တွေကို စီမံခြင်းဖြစ်ပြီး)**

**Leadership is Leading People**


**(ခေါင်းဆောင်မှုဆိုတာ လူတွေကို ဦးဆောင်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"အလုပ်တွေကို စီမံဖို့လိုအပ်သလို***

***လူတွေကို ဦးဆောင်ဖို့လည်း လိုအပ်တယ်"***

# Change Management
# (ပြောင်းလဲမှုကို စီမံခန့်ခွဲခြင်း)




ပြောင်းလဲမှုနဲ့ ဝတ်သတ်ပြီး
ကြိုးစားတဲ့အခါ လက်ခံထားရမည့် လက်ရှိ
အခြေအနေကို လျှော့စဝ်မလား. . .
ရည်မှန်းထားတဲ့ အပြောင်းအလဲကို
ကြိုးစားဖန်တီး မလားဆိုတာ. . .

ဘာကြောင့် ပြောင်းလဲမှုကို စီမံဖို့လိုအပ်လာသလဲ- ပြောင်းလဲတိုးတက်လာတဲ့ ခေတ်တိုင်းမှာ Change Managementဟာ အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ ယခင်နဲ့ မတူညီတဲ့ ပြောင်းလဲမှုတိုင်းမှာ Change ကို စီမံခန့်ခွဲနိုင်ဖို့နဲ့ အပြောင်းအလဲတွေကြား ဘယ်လိုစီမံမလဲဆို အကျွရာဖြစ်ပါတယ်။

Change ပြောင်းလဲမှုကို ဖန်တီးဖို့အတွက် (Time အချိန်) ကာလတစ်ခုလို အပ်သလို၊ (Performance ဆောင်ရွက်မှု) ဆိုတဲ့ လက်တွေ့ပြုပြင်ပြောင်းလဲမှုကို ဖန်တီးဖို့လိုအပ်မှာဖြစ်ပါတယ်။

ပြောင်းလဲမှုကို အပိုင်း (၃-ခု) ခွဲခြားကြည့်ရင်. . .

ပထမအပိုင်းမှာ - Shock ဆိုတဲ့ မဖြစ်မနေဆိုတဲ့ အခြေအနေတွေမှာ ပြောင်းလဲမှုကို တွန်းတွန်းတိုက်တိုက် ကြိုးစားပြောင်းလဲကြမှာဖြစ်ပါတယ်။

ဒုတိယအပိုင်းမှာ - Depression ဆိုတဲ့ အပြောင်းအလဲတွေဟာ ထင်သလိုမဖြစ်လာတဲ့အခါ စိတ်ဓါတ်ကျမှုတွေ၊ အရှုံးပေးလိုစိတ်တွေဖြစ်လာနိုင်ပါတယ်။ ဒီအဆင့်ဟာ အရေးကြီးဆုံးလို့မြင်ပါတယ်။ ဒီအဆင့်ဟာ ပြောင်းလဲစီမံနိုင်ခြင်းရဲ့ အရည်အချင်းပင်ဖြစ်ပါတယ်။ ဒီအဆင့်ကို အကောင်းဆုံးကျော်ဖြတ်စီမံခန့်ခွဲနိုင်လျှင်-

တတိယအပိုင်းမှာ - New Meaning ဆိုတဲ့ အသစ်သော အရာတွေကို ဖန်တီး ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ ပြောင်းလဲမှုကို ဖန်တီးတဲ့အခါဖြစ်လာတဲ့ အခြေအနေထက်၊ ဖြစ်ချင်တဲ့ ရည်မှန်းချက်ကို အာရုံစိုက်ပြောင်းလဲဖို့ လိုအပ်မှာဖြစ်ပါတယ်။

Change & Transformation (ပြောင်းလဲခြင်း နှင့် အသွင်ကူးပြောင်းခြင်း) မတူညီမှုမှာ-

| **Change**<br>**ပြောင်းလဲခြင်း** | **Transformation**<br>**အသွင်ကူးပြောင်းခြင်း** |
|---|---|
| Current (ယခုအခြေအနေကို စီမံခြင်း) | Future (အနာဂတ်ပြောင်းလဲမှုကို ဖန်တီးခြင်း) |
| Situation (အခြေအနေကို ပြောင်းလဲခြင်း) | Things (အရာတွေကို ပြောင်းလဲဖန်တီးခြင်း) |
| Change is Fast (ပြောင်းလဲမှုဆိုတာ မြန်ခြင်းသဘော) | Transormation is Slow (အသွင်ကူးပြောင်းမှုဟာ ဖြည်းဖြည်းခြင်းသဘော) |

ပြောင်းလဲမှုနဲ့ ပတ်သတ်ပြီးကြိုးစားတဲ့အခါ လက်ခံထားရမည့် လက်ရှိ အခြေအနေကို ကျေနပ်မလား. . . ရည်မှန်းထားတဲ့ အပြောင်းအလဲကို ကြိုးစား ဖန်တီးမလားဆိုတာ ယခု Change Curveနဲ့ အဆင့်ဆင့်ပြောင်းလဲ နိုင်ပါတယ်. . .။




သာမန်လူသားတွေက လက်ရှိပေးထားတဲ့ ဘဝကိုပဲ
အဆင်ပြေစွာ နေထိုင်ကြပေမယ့်
ထူးချွန်ထက်မြက်သူတွေကတော့ သူတို့လိုချင်တဲ့
ဘဝပုံစံကို မဖြစ်ဖြစ်အောင် ပြောင်းလဲဖန်တီးယူကြလိမ့်မယ်။

(၁) Shock (အခြေအနေတစ်ခုကို မဖြစ်လုပ်ရတော့မယ်ဆိုတာ နားလည် သဘောပေါက်ဖို့လိုအပ်ပါတယ်). . .။ ဒုက္ခကိုတွေ့မှ သုခအတွက် ကြိုးစားဖို့အားဖြစ်ပါ တယ်။ လက်မခံနိုင်တဲ့ အခြေအနေမျိုးမှာ လူတွေဟာ ပိုမိုပြောင်းလဲကြပါတယ်. . .။ ဒီလိုနဲ့ပဲ ပြောင်းလဲမှုတွေကို ဖြစ်ချင်စိတ်တွေ ဝင်လာပြီး အဆင့် (၂) သို့. . .

(၂) Denial (စစခြင်းတော့ မိမိလိုချင်တဲ့ အပြောင်းအလဲကိုငြင်းကြမှာ ဖြစ်ပါတယ် (ဖြစ်နိုင်ပါ့မလား၊ အဆင်ပြေပါ့မလား) ဆိုပြီး စိုးရိမ်နိုင်ကြတယ်။ တချို့လည်း ဝန်ထမ်းဘဝမှာ ကြိုးစားနေချိန် လုပ်ငန်းရှင်ဖြစ်ဖို့ဆိုရင် မဖြစ်နိုင်ဘူးပဲ ပြောကြမှာပါ။ မဖြစ်နိုင်တဲ့ အရာတွေကို ကျော်ပြီး ဆန့်ကျင်ကြိုးစားဖို့လိုပါတယ်။ ဒီအချိန်မှာ ဘာလုပ်သင့်လဲ အဆင့် (၃)သို့. . .

(၃) Awareness (ဖန်တီးချင်တဲ့ အပြောင်းအလဲကို သေချာနားလည်သဘော ပေါက်လာရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ပိုပြီးမြင်နိုင်လာမှာပါ။ တချို့က Change ကို ဘယ်လိုလုပ်ရမလဲသိပေမယ့် မခံနိုင်မှုရယ်၊ ကြောက်ရွံ့နေမှုရယ်နဲ့ လိုချင်တဲ့ အပြောင်းအလဲက ဖြစ်မလာခဲ့ပါဘူး။ အပြောင်းအလဲကို အလွယ်ဆုံးနဲ့ ဖြေရှင်းနိုင်ဆုံး နည်းလမ်းကို နားလည်အောင်ကြိုးစားပြီးချိန်မှာ အဆင့် (၄) သို့. . .

(၄) Acceptance (အပြောင်းအလဲကို လက်ခံပြီး၊ မဖြစ်ဖြစ်အောင် လက်တွေ့ကြိုးစားဖို့လည်း လိုအပ်ပါတယ်။ မလုပ်ရသေးဘဲ မဖြစ်နိုင်ဘူးဆိုတာ တဖက်သတ် မဆုံးဖြတ်လိုက်ပါနဲ့ ကြိုးစားကြည့်ပါဦး) ဖြစ်လာတဲ့ အခြေအနေကို အဆိုး၊ အကောင်းမထားပဲ ဖြစ်ချင်တဲ့ ရည်မှန်းချက်သို့ ဆက်ကြိုးစားပါ၊ ဖြစ်လာသမျှ လက်ခံနိုင်ပြီး အဆင့် (၅) သို့. . .

(၅) Experimentation (တချို့က အောင်မြင်ခါနီး ၈၀ % လောက်မှာမခံနိုင်လို့ လက်လွှတ်လိုက်ရတာမျိုးဖြစ်တတ်ပါတယ်။ ဆက်လက်မျှော်လင့်နေသမျှ တနေ့အောင်မြင်မှာသေချာလို့ Think Another Way တခြားနည်းလမ်းရှာပြီး လိုချင်တဲ့အပြောင်းအလဲဆီ ကြိုးစားသွားရမှာဖြစ်ပါတယ်။ ဒီအခါမှာ အဆင့် (၆) သို့. . .

(၆) Search (ပြောင်းလဲမှုအတွက် လိုအပ်တဲ့အချက်တွေကို များများရှာဖွေပါ၊ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အရာကိုသိဖို့ဦးတည်ပါ။ လေ့လာလေလေ တိုးတက်မှုကို ဖြစ်လေလေပါပဲ။ လောကမှာ နည်းလမ်းတခုခုနဲ့တော့ အောင်မြင်နိုင်ရမယ် ယုံကြည်ရှာဖွေနေရမယ် (မေးခွန်းတွေထုတ်ပြီး အဖြေများစွာရှာဖွေနိုင်ရမယ်) နောက်ဆုံးမှာတော့ အဆင့် (၇) သို့. . .

(၇) Integration (လိုချင်သော အပြောင်းအလဲတွေ၊ ပိုင်ဆိုင်နိုင်မှုတွေကို ရနိုင်ဖို့အတွက် အတွေ့အကြုံ၊ အသိပညာ၊ ကြိုးစားအောင်မြင်မှု အရာအားလုံးပေါင်းစပ် လာပြီးချိန်မှာတော့ (ပြောင်းလဲတိုးတက်လိုသော ခရီးပန်းတိုင်ဟာ အသေအချာပင်ဖြစ်လာနိုင်ပါပြီ)

လောကကြီးမှာ ယခင်က မရှိတာတွေ ယခုပြောင်းလဲလာခဲ့ရင် - နောင်မှာ ယခုမရှိတာတွေ ပြောင်းလဲလာနိုင်တယ်ဆိုတဲ့ စိတ်နဲ့ ယုံကြည်စွာကြိုးစား ရယူလိုက်ပါ. . .။

**If you want to Change - You have to Change**

အပြောင်းလဲလိုချင်လျှင် - ပြောင်းလဲကြိုးစားနေရမယ်

လောကကြီးမှာ အရာရာဟာ ပြောင်းလဲခြင်းသဘောဖြစ်လို့

ပြောင်းလဲဖန်တီးပြီး လောကကြီးရဲ့အပြောင်းအလဲတွေကို ရယူဖန်တီးဖို့ပါ။

ပြောင်းလဲမှု + တိုးတက်မယ် . . . တိုးတက်မှု + အောင်မြင်မယ် . . .

အောင်မြင်ဖို့ ပြောင်းလဲစို့. .

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# POLC Management Function

(စီမံခန့်ခွဲမှုပုံစံ)




**စီ** - စီစဉ်ပြင်ဆင်ခြင်း

**မံ** - မွမ်းမံခြင်း

**ခန့်** - တာဝန်ခန့်အပ်ပေးခြင်း

**ခွဲ** - ခွဲဝေပေးခြင်း

စီမံခန့်ခွဲနည်းတွေမှာ အကောင်းဆုံးတစ်ခုဖြစ်တဲ့ POLC Management Function လုပ်ဆောင်မှုပုံစံဖြစ်ပါတယ်။ POLC စီမံမှုနည်းကို နေ့စဉ်နဲ့အမျှ စီမံခန့်ခွဲအသုံးချခြင်းအားဖြင့် လုပ်ငန်းတွေအားလုံးသည် ခန့်ခွဲမှုအပိုင်းမှာ တိုးတက်လာ ပြီးတော့ ရလာဒ်တွေများစွာကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

**P (Planning) အစီအစဉ်ရေးဆွဲခြင်း**

ပြင်ဆင်မှုဟာ အောင်မြင်မှုတစ်ဝက်ဆိုလျှင် ဦးစွာအစီအစဉ်ရေးဆွဲဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစီအစဉ်လို့ပြောရင် နေ့စဉ်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေရှိသလို အပတ်စဉ်စီစဉ်ရမယ့် လုပ်ငန်းတွေရှိပါတယ်။ ဒီလမှာလုပ်ဆောင်ရမယ့် လုပ်ငန်းတွေရှိသလို ဒီနှစ်အတွက်ပြီးမြောက်ရမယ့် အစီအစဉ်တွေ

ရှိသလိုဖြစ်နိုင်ရင် နောင်နှစ်ပေါင်း သုံးနှစ်ငါးနှစ်လောက်အထိ ကြိုတင်ရေးဆွဲ စီမံကိန်းထားမယ်ဆိုရင်တော့ဖြင့် လုပ်ငန်းတွေ အားလုံးပိုပြီးတော့ ထိရောက်မှာ ဖြစ်ပါတယ်။ Planning စီစဉ်ခြင်းသည် လုပ်ငန်း ခွင်တစ်ခုအောင်မြင်ဖို့အတွက် ၅၀ % အောင်မြင်မှုကိုဖန်တီးပေးနိုင်ပြီး၊ မလုပ်ခင်ပြင်ဆင်နိုင်ပြီး စီစဉ်ထားတဲ့

---

**တခါတရံမှာ လုပ်ငန်းတစ်ခုဟာ ကိုယ်မျှော်မှန်းထားတဲ့အတိုင်း ဖြစ်တောင်းဖြစ်နေနိုင်တယ် သို့သော် တခါတရံမှာ ကိုယ်မမျှော်လင့်တဲ့အရာတွေဖြစ်လာနိုင်မယ်ဆိုရင်. .**

---

အတိုင်း အလုပ်တွေကို မဟာဗျူဟာအတိုင်း လမ်းပြမြေပုံပမာ စီမံဦးဆောင်သွား နိုင်မှာဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ နာမည်ကြီးတဲ့ Plan to Fail/Fail to Plan ဆိုတဲ့ စီစဉ်ရေးဆွဲရန် ပျက်ကွက်နေခြင်းဟာ ကျရှုံးခြင်းအတွက် အစီစဉ်ပြန်ရေးဆွဲ ခြင်းသို့ သက်ရောက်ပါတယ်။ ဒါကြောင့် လုပ်ငန်းခွင်အားလုံးမှာ အစီအစဉ် တကျကို ရေးဆွဲထားပြီးတော့ ဒီအစဉ်အစဉ်ကိုလည်း ပြီးမြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**O (Organizing) ဖွဲ့စည်းပုံဖော်ဆောင်ရွက်ခြင်း**


Planning အတိုင်းပဲ Organizing လက်တွေ့ကျကျ ဖွဲ့စည်းပုံဖော် ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ Planning စီစဉ်ထားတဲ့အတိုင်း ရည်မှန်းချက် အောင်မြင်မှုသို့ Man, Money, Material လူ၊ ငွေ၊ အရာဝတ္ထုတွေကို ပေါင်း

စပ်ဖွဲ့စည်းပုံဖော်ပြီး ရည်မှန်းချက်တွေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တချို့ကိစ္စတွေမှာ Planning အားဖြင့် အားကောင်းပြီးတော့ တကယ့် Organizing အဆင့်မှာ လက်တွေ့ကျကျပြီး မြောက်မှုမရှိတဲ့အခါမှာ လုပ်ငန်းတွေရဲ့ ကိုယ်လိုချင်တဲ့ရလာဒ်ကို မဖြစ်နိုင်ပါဘူး။ ဥပမာ - ပြည်တော်သာ စီမံကိန်းကြီး မြန်မာနိုင်ငံမှာ ကောင်းသော်လည်း လက်တွေ့ ဖွဲ့စည်းပုံဖော်နိုင်ခြင်း မရှိတဲ့အခါ ရည်မှန်းချက်တွေကို မအောင်မြင်နိုင်ပါဘူး။ ဒါကြောင့် မိမိ Planning ဆွဲထားတဲ့အတိုင်း ဥပမာအားဖြင့် တစ်လအတွင်းမှာ ဘယ်လောက်ရလာဒ်ရရမယ်ဆိုရင် Organizing အဆင့်မှာ တစ်လအတွင်းမှာပဲ ဒီရလာဒ်တွေကို လက်တွေ့ကျကျ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ Planning တွေကို Practice လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ ဒါကြောင့် Planning အရေးကြီးသလို ဒုတိယအဆင့်အရေးကြီးတာ Organizing အတိုင်းလက်တွေ့ကျကျဖွဲ့စည်းပုံဖော် စီမံခန့်ခွဲနိုင်ဖို့ အရေးကြီးမှာဖြစ်ပါတယ်။

**L (Leading) လမ်းညွှန်ဦးဆောင်ခြင်း**

ဦးဆောင်တဲ့အဆင့်ဟာ ပိုပြီးတော့အရေးကြီးမှာဖြစ်ပါတယ်။ လုပ်ငန်းအဖွဲ့ အစည်းအားလုံးမှာ Plan တွေရှိတယ်။ ဖွဲ့စည်းပုံဖော်ပေးထားတယ်။ သို့သော်လည်း ဦးဆောင်တဲ့သူတွေ အခန်းကဏ္ဍ တခါတရံမှာ လုပ်ငန်းရှင်တွေ မရှိတဲ့ အခါမျိုးမှာ မိမိကုမ္ပဏီမှာသည် မိမိလိုချင်တဲ့ ရလာဒ်သည်တခါတရံမှာ ရသွားတဲ့ အခါလည်းရှိသလို မရခဲ့အခါလည်းရှိပါတယ်။ ဒီအချက်ဟာ Leadership ဦး ဆောင်သူတွေ ရှိခြင်းမရှိခြင်းနဲ့ဆိုင်ပါတယ်။ ဥပမာ - မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံဖော်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရှိတဲ့အချိန်ကာလနဲ့ မရှိတဲ့အချိန်ကာလမှာ ရလာဒ်သည်မတူညီတာ ဘာကြောင့်လဲဆိုတော့ ဦးဆောင်မှုတွေသည် ပိုပြီး အကွာရာကျပါတယ်။ အဖွဲ့အစည်းတွေအတွက် နိုင်ငံအတွက်ပါများစွာ အရေးကြီး ပါတယ်။ ဒါကြောင့် အလုပ်လုပ်တဲ့အခါမှာ အဓိကသဘောကတော့

**Leading ဦးဆောင်မှုနဲ့အတူ ရှိနေတဲ့ အရင်းအမြစ်တွေကို တိုးတက်အောင် စီမံခန့်ခွဲရမှာ ဖြစ်ပါတယ်။ မျှော်မှန်းသောရလာဒ်တွေ ဖြစ်မြောက်ဖို့အတွက် Leadership ဦးဆောင်တဲ့သူတွေရဲ့ အရှေ့ကနေသွားတဲ့ မဟာဗျူဟာတွေ** Motivation ဝန်ထမ်းတွေအပေါ် စိတ်ခွန်အားပေးမှုတွေ Strategic မဟာ




Good Management is Efficient and Effective.

**ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုဆိုတာ အချိန်တိုအတွင်းမှာ အကျိုးရှိရှိ ဆောင်ရွက်နိုင်ခြင်းဖြစ်တယ်။**

ဗျူဟာကျကျ အတွေးအခေါ် အမြင်တွေနဲ့ ပေါင်းစပ်ပြီးတော့ ဦးဆောင်သူတွေရဲ့ တွန်းအား ဦးဆောင်မှုတွေနဲ့ အဖွဲ့အစည်းအားလုံး ရည်မှန်းထားတဲ့အတိုင်း ကြိုးစားနိုင်မှာ ဖြစ်ပါတယ်။

**C (Controlling) ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်ခြင်း**


**အဖွဲ့အစည်းတွေမှာ ပုံမှန်လည်ပတ်မှုနှင့် ရေရှည်သွားနိုင်ဖို့ဟာ ထိန်းချုပ် ကွပ်ကဲနိုင်ဖို့ အရေးကြီးမှာ ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ လူအများစုနဲ့ ပေါင်းစပ်လုပ်ရတဲ့အခါမှာ၊ ဈေးကွက်နေရာများစွာနဲ့ ပေါင်းစပ်လုပ်ကိုင်ရတဲ့ အခါမှာ တခါတရံမှာ Gap ကြားမှာလစ်ဟာမှုတွေရှိနိုင်ပါတယ်။ ဒါကြောင့် သွားနေတဲ့အဆင့်တိုင်းမှာ Control ပြန်လည်ထိန်းချုပ်ဖို့လုပ်ရမှာ ဖြစ်ပါတယ်။ ခေတ် ပြိုင်တိုးတက်လာသည်နှင့်အမျှ မိမိဦးဆောင်နေတဲ့ လုပ်ငန်းစီမံမှု (အတွင်း/ အပြင်) အား နေ့စဉ်နဲ့အမျှ သုံးသပ်ပြီး Check / Double Check / Counter Check ပုံစံအတိုင်း စီစစ်ဆောင်ရွက်ပြီးControl**

ထိန်းချုပ်ပြီးတော့သွားရမှာ ဖြစ်ပါတယ်။ တခါတရံမှာ လုပ်ငန်းတစ်ခုဟာ ကိုယ်မျှော်မှန်းထားတဲ့အတိုင်း ဖြစ်ကောင်းဖြစ်နေနိုင်တယ်။ သို့သော် တခါတရံမှာ ကိုယ်မမျှော်လင့်တဲ့ အရာ တွေဖြစ်လာနိုင်မယ်ဆိုရင်Controlling ပြန်လည်ဆန်းစစ်မှုဖြင့် အချိန်မှီမှာ ပြန်လည် Plan စီစဉ်မှုတွေနဲ့၊ Leading ဦးဆောင်မှုပုံစံတွေကို အလိုက်သင့် ပြောင်းလဲပြီး လုပ်ငန်းတိုးတက်အောင်မြင်မှုသို့ ရေရှည်ထိန်းသိမ်းဆောင်ရွက်သွား နိုင်မှာဖြစ်ပါတယ်။

အနှစ်ချုပ်အားဖြင့် POLC စီမံခန့်ခွဲမှုပုံစံအတိုင်း လည်ပတ်ပြီး စီမံဦးဆောင်သွားနိုင်လျှင် စီမံခန့်ခွဲသူများ၊ စီမံခန့်ခွဲမှုပုံစံများ ပိုမိုတိုးတက် အဆင့်မြင့်လာပြီး အဖွဲ့အစည်းများပိုမိုတိုးတက်အောင်မြင်နိုင်မှာ အသေချာပင်ဖြစ်ပါတယ်။ ရုပ်ဝတ္ထုအရာအားလုံးဟာ လူသားတို့၏စီမံခန့်ခွဲမှုအတိုင်းဖြစ်တည်နိုင်မှာမို့ စီမံခန့်ခွဲမှုများတိုးတက်ပြီး အရာရာမှာပင် တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Question What & Answer How

(ဘာလုပ်ရမလဲဆိုတာ မေးခြင်းနှင့် ဘယ်လိုလုပ်ရမလဲ ဖြေပေးခြင်း ဥပဒေသ)

**Management is Question What**

**(စီမံမှုဆိုတာ ဘာတွေလုပ်မလဲ မေးခွန်းမေးခြင်းဖြစ်ပြီး)**

**Leadership is Answer How**

**(ခေါင်းဆောင်မှုဆိုတာ ဘယ်လိုလုပ်ရမလဲ အဖြေပေးနိုင်ခြင်းဖြစ်တယ်)**


***ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်***

***"ဘာတွေလုပ်မလဲ မေးခွန်း မေးပြီး - ဘယ်လိုလုပ်ရမလဲ***

***အဖြေပေးနိုင်ဖို့ လိုအပ်တယ်"***

# Problem Solving & Decision Making

## ဆုံးဖြတ်ချက်ချခြင်းနှင့် ပြဿနာဖြေရှင်းခြင်း




"ထိရောက်မှန်ကန်သော
ဆုံးဖြတ်ချက်ချနိုင်မှု
နည်းလမ်းမှန်သော
ဖြေရှင်းနည်းများသည်သာ
အဓိကအရေးကြီးဆုံး
ဖြစ်ပေမည်"

LEADERSHIP IS FOCUS ON PROGRAM (5%) AND FOCUS

**ON SOLUTION (95%) TONY ROBBIN**

ဘာဖြစ်နေသလဲဆိုတာထက် ဘယ်လိုတုန့်ပြန်မလဲဆိုတာ ရလဒ်ကို ဖန်တီးစေပါတယ်။ ပြဿနာ၏ အကြီးအသေးအပေါ်မူတည်ပြီး ဆုံးဖြတ်ချက်တခုကြောင့် အခြေအနေအားလုံးအပေါ်မှာ ဆိုးကျိုးရရှိမှု-ကောင်းကျိုးရရှိမှု စတဲ့ မတူညီစေသောရလဒ်များကို ဖန်တီးသွားစေနိုင်တာမို့ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ဖို့နှင့် ထိရောက်သော ဖြေရှင်းနည်းလမ်းများ ရရှိနိုင်ဖို့ဆိုရင်. . .

မတူညီတဲ့အရာတွေနဲ့ ဖွဲ့စည်းထားတဲ့ လုပ်ငန်းတွေရဲ့သဘောတရားမှာ ပြဿနာရှိခြင်းဟာ နိယာမသဘောသာဖြစ်ပြီး ထိရောက်မှန်ကန်သော ဆုံးဖြတ်

ချက်ချနိုင်မှု၊ နည်းလမ်းမှန်သော ဖြေရှင်းနည်းများသည်သာ အဓိကအရေးကြီးဆုံး ဖြစ်ပေမည်။ Google ရဲ့ လက်ရှိ CEO ရဲ့ သီအိုရီဖြစ်တဲ့ ပိုးဟပ်တစ်ကောင် လူတစ်ယောက်အပေါ် ကျလာခြင်း တူသော်လည်း (ပိုးဟပ်ကို ကြောက်သူအတွက်ထိန့်လန့်ဖွယ်၊ ထိခိုက်ဖွယ်ဖြစ်စေပြီး) - (ပိုးဟပ်ကို မကြောက်ပဲ ကိုယ်အတွက် မထိခိုက်အောင် ပြန်လည်တုန့်ပြန်ခြင်းဖြင့်လဲ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်)။ ဆိုလိုချင်တာက သင်တို့မှာ ပြဿနာတခု ဖြစ်လာတိုင်းမှာ မတူညီစွာ Response တုန့်ပြန်ဖြေရှင်း ဆောင်ရွက်နိုင်ခြင်းပဲဖြစ်ပါတယ်။ ပြဿနာဖြစ်လာရင် အရေးကြီးဆုံးကတော့ ပြန်လည်ဖြေရှင်းတဲ့ နည်းလမ်းမှန်ဖို့ပဲဖြစ်ပါတယ်။

ပြဿနာတစ်ခုကို နည်းလမ်းမှန်ကန်စွာ ဖြေရှင်းဆောင်ရွက်နည်းတချို့ကို ဖော်ပြပေးထားပါတယ်။ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ကိုယ်ရေးကိုယ်တာ ဆောင်ရွက်မှုတွေမှာ ပြဿနာဖြစ်လာခဲ့ရင် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ဖော်ပြပေးထားခြင်းဖြစ်ပါတယ်။

လုပ်ငန်းတိုင်းမှာ ပြဿနာဖြစ်လာရင် ဖြေရှင်းဆောင်ရွက်နိုင်တဲ့ နည်းလမ်း (၃-မျိုး) ရှိပါတယ်။


(အဆင့် ၁၊ ရှောင်ရှားသော နည်းလမ်း)၊
(အဆင့် ၂၊ ညှိနှိုင်းကျေအေးသော နည်းလမ်း)၊
(အဆင့် ၃၊ ရင်ဆိုင်ဖြေရှင်းသော နည်းလမ်း) ဟူပြီး

အချက် (၃) ချက် ထဲမှ တခုခုကို ရွေးချယ်ပြီး ဖြေရှင်းဆောင်ရွက်နိုင်ပါတယ်။

ဖြစ်ပေါ်နေတဲ့ ပြဿနာအခြေအနေ (Issue) တိုင်းမှာ - ဖြစ်ရတဲ့ အရင်းအမြစ်ဆိုတဲ့ Cause အကြောင်းအရင်းကို ရှာဖွေပြီး၊ ဘယ်လိုအကျိုးဆက်

**Impact ပြဿနာတွေဖြစ်နေလဲဆိုတာကို ရှာဖွေဖော်ထုတ်ပြီး၊ ရေသောက်မြစ်မရှိလျှင် အပင်မရှိသလို၊ ဖြစ်ရတဲ့ အရင်းခံ (Cause) အကြောင်းကို ဦးစွာရှင်းပြီး၊ ဖြစ်လာတဲ့ (Impact) ပြဿနာတွေကို ရှင်းထုတ်ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။**

ပြဿနာအပေါ်မှာ မှန်ကန်စွာဆုံးဖြတ်ချက်ချနိုင်ဖို့နဲ့ ထိရောက်စွာဖြေရှင်းနိုင်ဖို့ရာ 7 – Steps of Problem-Solving and Decision Making: ပြဿနာဖြေရှင်းခြင်း နှင့် ဆုံးဖြတ်ချက်ချခြင်း အချက် (၇-ချက်) ဖြင့် ကိုးကားဖော်ပြပေးလိုက်ပါတယ်။




What to Do - ဘယ်အရာကို လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ အရေးကြီးသလို

What not to Do - ဘယ်အရာကို မလုပ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကလည်း အရေးကြီးတယ်။

❖ **Define the problem**

**ပြဿနာ၏ အရင်းအမြစ်၊ အကြောင်းအရင်းကို ရှာဖွေပါ။**

❖ **Identify the set for solutions**

**ဖြေရှင်းနိုင်မည့်နည်းလမ်း ချဉ်းကပ်မှုပုံစံများကို သတ်မှတ်ပါ။**

❖ **Determine the criteria**

**ဦးစားပေးလုပ်ဆောင်ရမည့် (အချိန်၊ ပုံစံ၊ အရင်းအမြစ်) များကို ရွေးချယ်ပါ။**

❖ **Evaluate the Potential Outcome**

ထွက်ပေါ်လာနိုင်သည့် ရလဒ်များအပေါ် ကြိုတင်ဆန်းစစ် အကဲဖြတ်ကြည့်ပါ။

❖ **Make a Decision & Choice the Best**

အသင့်လျော်ဆုံးသော (နှစ်ဖက်အကျိုးရလဒ်များစေမည့်) ဆုံးဖြတ်ချက်ချပါ။

❖ **Implement the Problem to Solution**

ရွေးချယ်ဆုံးဖြတ်နည်းလမ်းများအတိုင်း ပြဿနာကို အကောင်းဆုံးဖြေရှင်းပါ။

❖ **Feedback the Results & Consequence**

နောက်ဆက်တွဲရလဒ်၊ အကျိုးသက်ရောက်မှုများအပေါ် ပြန်လည်ဆန်းစစ်မှုရယူပါ။

---

လုပ်ငန်းများရဲ့ အဟန့်အတား၊ စိန်ခေါ်မှုများကို
ဖြေရှင်းဆောင်ရွက်နိုင်ပြီး (ပြဿနာအဆင့်တစ်ခု) ဖြေရှင်းပြီးတိုင်းမှာ
(ရလဒ်တိုးတက်မှုတစ်ခု) အမြဲရှိတယ်ဆိုတဲ့ ခံယူချက်နဲ့ ပြဿနာတိုင်းကို
ရင်ဆိုင်ဖြေရှင်းပြီး စီမံခန့်ခွဲဦးဆောင်သွားဖို့ . . .

---

အရေးကြီးတဲ့ ဆုံးဖြတ်ချက်များ ချမှတ်တဲ့အခါ အောက်ဖော်ပြပါ အဆင့်များကို သုံးသပ်ပြီး-

အဆင့် (၁) ဆုံးဖြတ်မည့် ရည်မှန်းချက် ရလဒ်များ သတ်မှတ်ခြင်း။

အဆင့် (၂) လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းခြင်း

အဆင့် (၃) အကောင်းဆုံး နည်းလမ်းများ ရွေးချယ်မှုများ ပြုလုပ်ခြင်း
အဆင့် (၄) တန်ဖိုးများနှိုင်းယှဉ်ပြီး သုံးသပ် ဆုံးဖြတ်ချက်ချခြင်း
အဆင့် (၅) ဆုံးဖြတ်ထားတဲ့အတိုင်း လက်တွေ့ဆောင်ရွက်ခြင်း
အဆင့် (၆) နောက်ဆက်တွဲ အကျိုးရလဒ်များကို စောင့်ကြည့်ခြင်း
အဆင့် (၇) ရည်မှန်းထားချက်များသို့ ထိရောက်မှုရှိမရှိ တိုင်းတာခြင်း

အခက်အခဲပြဿနာများအပေါ်မှာ အခြေခံပြီး တွေးခေါ်နေခြင်းသည် ဖြေရှင်းနည်းလမ်းများကို မရလာစေနိုင်ပဲ၊ Solution ဖြေရှင်းနည်းများအပေါ် အခြေခံပြီး တွေးခေါ်ခြင်းသည်သာ ပြဿနာကိုပြေလည်စေသော ဖြေရှင်းနည်းလမ်းများကို ရစေနိုင်မှာဖြစ်တာမို့ ဖြစ်ပေါ်နေတဲ့ အခက်အခက်ပြဿနာများအပေါ် (How to Solution) မည်သို့ဖြေရှင်းနိုင်မှု၊ (Who can Solving) မည်သူများနှင့်တိုင်ပင်နိုင်မှု၊ (Which ways are Choosing) မည်သည့်နည်းလမ်းများဖြင့် ဖြေရှင်းနိုင်မှုစတဲ့Problem Solution များကို သုံးသပ်ရှာဖွေနိုင်ပြီး လုပ်ငန်းများရဲ့ အဟန့်အတား၊ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ပြီး (ပြဿနာအဆင့်တခု) ဖြေရှင်းပြီးတိုင်းမှာ (ရလဒ်တိုးတက်မှုတစ်ခု) အမြဲရှိတယ်ဆိုတဲ့ ခံယူချက်နဲ့ ပြဿနာတိုင်းကို ရင်ဆိုင်ဖြေရှင်းပြီး စီမံခန့်ခွဲဦးဆောင်သွားဖို့ အကြံပြုရေးသားလိုက်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# PDCA
## လုပ်ငန်းတိုးတက်စီမံခန့်ခွဲနည်း



"အစကောင်းဖို့
အရေးကြီးသလို
အဆုံးသတ်ကောင်းဖို့လည်း
အရေးကြီးပါတယ်"

အစကောင်းဖို့ အရေးကြီးသလို၊ အဆုံးသတ်ကောင်းဖို့ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ အကောင်းဆုံးအရာတွေဖြစ်လာဖို့ - အကောင်းဆုံး ပြင်ဆင်မှုတွေကို ပြုလုပ်စေခဲ့လို့ဖြစ်မှာပါ။ ပြင်ဆင်စီစဉ်ဆောင်ရွက်မှုဟာ စီမံမှုရဲ့အစဖြစ်သလို၊ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုဆိုတာလည်း (အချိန်တိုတိုအတွင်း အကျိုးရှိခြင်းနှင့် ထိရောက်စွာရလဒ်ဖန်တီးနိုင်ခြင်းဖြစ်ပါတယ်) အလုပ်တွေကို လိုချင်တဲ့အချိန်မှာ လိုချင်တဲ့ ရလဒ်ဖန်တီးဖို့ဆိုရင် နိုင်ငံတကာလုပ်ငန်းခွင်သုံး PDCA စီမံဆောင်ရွက်နည်းလမ်းဟာ အကောင်းမွန်ဆုံးပင်ဖြစ်ပါတယ်။

## P – Plan (အစီအစဉ်ရေးဆွဲခြင်း)

လုပ်ငန်းတစ်ခုမစခင်မှာ အရေးကြီးဆုံးအရင်လုပ်သင့်တာကတော့ Plan (အစီအစဉ်) ဖြစ်ပြီး၊ အစီအစဉ်ဆွဲတာ ကောင်းခဲ့ရင် လုပ်ငန်းလုပ်ဆောင်မှု ပြီးစီးမှုတွေမှာ ထိရောက်တဲ့ ရလဒ်ကောင်းတွေဖြစ်လာမှာပါ၊ Fail to Plan…Plan to Fail ဆိုပြီး သုံးနှုန်းတာတွေလည်းရှိပါတယ်။ ဒါကြောင့် လုပ်ငန်းကြီး၊ လုပ်ငန်းသေး၊ မည်သည့်ကိစ္စတွင်မဆို Plan စီစဉ်ရေးဆွဲပြီး နေ့စဉ်လုပ်ငန်းဆောင်တာများကို ထိရောက်အကျိုးရှိစွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

- နေ့စဉ်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲခြင်း
- အပတ်စဉ်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲခြင်း
- လစဉ်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲခြင်း
- နှစ်စဉ်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲခြင်း
- ရေရှည်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲခြင်း

## D – Do (လုပ်ဆောင်ခြင်း)

ဘယ်အလုပ်မဆို လက်တွေ့လုပ်ဆောင်မှသာ လုပ်ငန်းတွေပြီးမြောက်အောင်မြင်မှာဖြစ်ပါတယ်။ တချို့က အစီအစဉ်တွေ ရေးဆွဲတာတော့ ကောင်းပါရဲ့ Do အဆင့်မှာ အားနည်းတဲ့အခါ ထင်သလောက်မပေါက်တဲ့ လုပ်ငန်းမျိုးတွေလည်းရှိတက်လို့ အစီအစဉ်တကျလုပ်ဆောင်နိုင်ဖို့ကလည်း အရေးကြီးတယ်လို့ ဆိုချင်ပါ တယ်။ အရာတိုင်းဟာ Dream ကြောင့် အောင်မြင်တာမဟုတ်ပဲ အဲ့ဒီ Dream ကို Do လက်တွေ့ကြိုးစားခြင်းသာအောင်မြင်သူတိုင်းရဲ့ တူညီတဲ့အရည်အချင်းပဲဖြစ်ပါတယ်။

- အရေးတကြီးတာနဲ့ အလျှင်စလိုအရာတွေကို ရွေးချယ်လုပ်ကိုင်ခြင်း
- နေ့စဉ်လုပ်စရာများကိုTo Do List များဖြင့် ပြီးစီးအောင် လုပ်ဆောင်ခြင်း
- အလုပ်များကို Time Target ပြီးရက်များ သတ်မှတ်ပြီး အာရုံစိုက်

ပြုလုပ်ခြင်း

- အလုပ်ကို မြန်မြန်ပြီးမြောက်စေရန် လျှင်မြန်ပြီးစီးစေရန် ကြိုးစားခြင်း
- စီစဉ်ထားတဲ့ အရာများကို ပြီးမြောက်သည်အထိ ဆောင်ရွက်နိုင်ခြင်း

## C – Check (စစ်ဆေးခြင်း)

အစီအစဉ်တိုင်း လက်တွေ့လုပ်ဆောင်ပြီးချိန်မှာတော့ Check (စစ်ဆေးခြင်း) ဆိုတဲ့ ကြီးကြပ်ခြင်းတွေကို လုပ်နိုင်ဖို့လည်း အရေးကြီးပါတယ်၊ အဆင့် Level မတူခြင်း၊ အမြင်မတူခြင်း-နားလည်မှုလွဲခြင်း-အားစိုက်ထုတ်မှုကွဲပြားခြင်း-စီမံမှုပုံစံကွာခြားခြင်း စတဲ့ အဟန့်အတားတွေဟာနေရာတိုင်းမှာရှိတက်လို့ အလုပ်ပြီးစီးစေဖို့အတွက် လုပ်ငန်းစဉ်တိုင်းမှာဖြစ်စေ လုပ်နေစဉ်ဖြစ်စေ (သို့) မပြီးမြောက်ခင်တွေမှာ ပြန်လည်စီစစ်နိုင်မှ အချိန်ကိုက် မေါနအ ပြည့်မှီအောင်၊ Objective အတိုင်း ပြီးစီးနိုင်မှာဖြစ်ပြီး၊ အမှားအယွင်းရှိခဲ့ရင်တောင်မှ အချိန်မှီ ပြန်လည်ဆောင်ရွက်နိုင်မှာလည်းဖြစ်ပါတယ်။

- မေးခွန်းမေးခြင်းဖြင့် လက်ရှိလုပ်ငန်းပြီးမြောက်မှုကို ပြန်လည်စစ်ဆေးခြင်း
- လက်ရှိအခြေအနေနဲ့ ပြီးမြောက်မည့်နေ့ ခန့်မှန်းပြီး လိုအပ်သလို ပြင်ဆင်ခြင်း
- လုပ်ဆောင်ပြီးမြောက်မှုများအား အချိန်အားလျော်စွာ ကြီးကြပ်စေခြင်း

## A – Act (ပြင်ဆင်ဆောင်ရွက်ခြင်း)

လုပ်ငန်း ကြီးကြပ်စစ်ဆေးပြီးချိန်မှာ ရည်ရွယ်ထားမှုနဲ့ ကွာခြားနေတဲ့အခါ Act (ပြင်ဆင်ဆောင်ရွက်) ဆိုတဲ့ မှားနေလျှင်ပြင် - မှန်လျှင်ရှေ့ဆက်ပုံစံနဲ့ စစ်ဆေးမှုရဲ့ပြင်ဆင်ဆောင်ရွက်မှုတွေကို အချိန်မှီရည်ရွယ်ချက်သို့ ပြီးမြောက်စေရန် ဆောင်ရွက်သွားနိုင်ပြီး၊ တဖန်ပြန်လည် Plan ဆိုတဲ့ အစီအစဉ်အသစ်

တွေကို ပြင်ဆင်ရေးဆွဲသွားရင်းဖြင့် လုပ်ငန်းတိုင်းကို ပိုမိုထိရောက်စေမှာဖြစ်ပါတယ်။

- မှားနေလျှင် ပြင်မယ် - မှန်နေလျှင် ရှေ့ဆက်ပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်း
- ဆန်းသစ်တီထွင်သော နည်းလမ်းတွေနဲ့ အသစ်သစ်ပုံစံတွေနဲ့ တိုးတက်ဖွံ့ဖြိုးခြင်း
- အချိန်မှီလုပ်ငန်းရလဒ်ဖြစ်ဖို့ ပြင်ဆင်သင့်တာပြင်ဆင်ပြီး ရလဒ်ဖြစ်အောင်ဆောင်ရွက်ခြင်း

အနှစ်ချုပ်လိုက်ရင် **PDCA** ဟာ ရပ်တန့်မနေပဲ အမြဲလည်ပတ်နေရမှာဖြစ်ပါတယ်။ ဦးစွာ Plan (စီစဉ်ရေးဆွဲ) – Do (လက်တွေ့ပြုလုပ်) – Check (ပြန်လည်စစ်ဆေး) – Act (ပြင်ဆင်ဆောင်ရွက်) ပြီးတဲ့အခါ Plan ကနေ Act ကို တဖန်ပြန်သွား စတဲ့ **PDCA** အတိုင်း နေ့စဉ်ဘဝ အလုပ်တွေကို **Plan – Do – Check – Act** ဆိုတဲ့ စီမံခန့်ခွဲပြီး အနာဂတ်ရဲ့ ဘဝအောင်မြင်တိုးတက်မှု အစီအစဉ်အသစ်တွေကို အကျိုးရှိရှိဖော်ဆောင်နိုင်ဖို့ ဘဝတသက်တာ အလေ့အကျင့်တခုအဖြစ် နေ့စဉ်အသုံးပြုနိုင်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# SMART Management
## နည်းစနစ်ဖြင့် စီမံခန့်ခွဲမှု



Don?t Work Hard -
Work Smart
ကြိုးစားမှုထက် -
နည်းစနစ်ကျဖို့အဓိက

<<< **SMART Work Hard** >>> နည်းစနစ်ဖြင့် ကြိုးစားလိုက်ရင်တော့ လုပ်ငန်းများ သေချာပေါက်တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ လူတိုင်းကြိုးစားနေကြပေမယ့် တိုးတက်အောင်မြင်မှုမတူညီခြင်းဟာ (နည်းစနစ်) ကြောင့်ပင်ဖြစ်ပါတယ်။

**SMART Method** နည်းစနစ် စီမံခန့်ခွဲမှု နည်းလမ်း (၅-ချက်)

S - Specific (Where - Goal.?)

ဘယ်နေရာကိုသွားချင်သလဲ. . . (တိကျတဲ့ ပန်းတိုင်) ရှိခြင်း

M - Measurable (How - Result..?)
ဘယ်လိုရလဒ်လုပ်နိုင်မလဲ. . .  (တိုင်းတာနိုင်တဲ့ ရလဒ်) ဖြစ်ခြင်း

A - Achievable (Which - Way..?)
ဘယ်နည်းလမ်းနဲ့သွားမလဲ. . .  (အောင်မြင်နိုင်တဲ့ နည်းလမ်း) ရှိခြင်း

R - Realistic (What - Process..?)
ဘယ်လိုလက်တွေ့လုပ်မလဲ. . .  (လက်တွေ့ ဆောင်ရွက်မှု) ရှိခြင်း

T - Time-bound (When - Target..?)
ဘယ်အချိန်ပြီးမြောက်မလဲ. . . (ပြီးမြောက်မည့် အချိန်) သတ်မှတ်ခြင်း

တူညီတဲ့ လုပ်ငန်းနယ်ပယ်တွေမှာ မတူညီစွာအောင်မြင်စေမှုတွေ ဖန်တီးပေးတာဟာ၊ မတူညီစွာ စီမံမှုဖြစ်တဲ့ System နည်းစနစ်ကြောင့်ပါပဲ။ စနစ်တကျ စီမံဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင် တိုးတက်အောင်မြင်မှုတွေကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

စနစ်လို့ပြောရင် မလုပ်ခင်ပြင်ဆင်ခြင်းနှင့် လုပ်ဆောင်ရာမှာ စည်းကမ်းအတိုင်း ဆောင်ရွက်ခြင်းပါပဲ၊ အလုပ်မှာ စည်းကမ်း၊ စနစ်ရှိသူတွေဟာ ပိုမိုတိုးတက်ကြမှာဖြစ်ဘလို၊ လုပ်ငန်းပြီးမြောက်မှုကိုလဲ ပိုမိုရလဒ်ဖန်တီးစေပါတယ်။

တချို့တလည်း အလုပ်ကို ကြိုးစားကြပြီး စနစ်မရှိတဲ့အခါ အလုပ်မှာ ပင်ပန်းလှပါတယ်၊ စနစ်တခုကို  တည်ဆောက်ပြီးမှ လုပ်ငန်းကြိုးစားခြင်းဖြင့် ပိုမိုတိုးတက်မှာဖြစ်တာမို့ SMART နည်းလမ်းကို အသုံးပြုပြီး လုပ်ငန်းများ နည်းစနစ်တိုးမြင့်ဆောင်ရွက်ပြီး  ရလဒ်တိုးတက်စေဖို့ အားပေးပါရစေ။

လုပ်ငန်းစနစ်ရှိဖို့လိုသလို လုပ်ငန်းတွေကိုလည်း Standart Operation

Procedure (SOP) လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းတွေကို ကိုယ်တိုင် ရေးဆွဲထားသင့်ပါတယ်။ SOP ဆိုတာ လုပ်ငန်းခွင် ပိုမိုမြန်ဆန်စေဖို့ နည်းစနစ်ရှိစေဖို့ လုပ်ငန်းတိုးတက်စေဖို့ ရေးဆွဲထားတဲ့ လုပ်ငန်းစီမံနည်းတမျိုးပါပဲ၊ လုပ်ငန်းခွင်မှာ နေ့စဉ်အမြဲတမ်းလုပ်နေကျအလုပ်တွေကို ပိုမိုမှန်ကန်တိကျစေဖို့ နည်းလမ်းကောင်းတွေ ရေးဆွဲထားနိုင်ပါတယ်။ လုပ်ငန်းခွင်ရဲ့ ဘယ်လိုအခြေအနေမျိုးဆိုရင် ဘယ်လိုတုန့်ပြန်မလဲဆိုတဲ့ အကောင်းဆုံးရလဒ်တွေကိုဖြစ်စေဖို့ သေချာပါတယ်။

အထူးအားဖြင့် နေ့စဉ် စီမံခန့်ခွဲနေတဲ့ လုပ်ငန်းစဉ်များကို လွယ်ကူဆောင်ရွက်နိုင်စေရန် လမ်းညွှန်ထားပေးခြင်းဖြစ်ပါတယ်။

Meeting အစည်းအဝေးများ ပြုလုပ်မှုတွင် - အဆင့် (၁) အစည်းအဝေးမလုပ်ခင် ဘာတွေပြင်ဆင်ရန်. . .

အဆင့် (၂) အစည်းအဝေးလုပ်နေစဉ် ဘာတွေဆွေးနွေးရန်

အဆင့် (၃) အစည်းအဝေးလုပ်ပြီးချိန် ဘာတွေဆောင်ရွက်ရန်

စသဖြင့် လုပ်ငန်းများကို SOP/SOD လမ်းညွှန်ထားပေးခြင်းဖြစ်ပါတယ်။

Customer Service ဖောက်သည်ဝန်ဆောင်မှု ပေးရာတွင်. . .

အဆင့် (၁) ဖောက်သည်မတွေ့ခင်မှာ ဘာတွေပြင်ဆင်ရန်

အဆင့် (၂) ဖောက်သည်နဲ့တွေ့စဉ်မှာ ဘာတွေဝန်ဆောင်ရန်

အဆင့် (၃) ဖောက်သည်နဲ့တွေ့ပြီးချိန်မှာ ဘာတွေဆက်ပြီး ဝန်ဆောင်ပေးရန်

စသဖြင့် လုပ်ငန်းများကို SOP/SOD လမ်းညွှန်ထားပေးခြင်းဖြစ်ပါတယ်။

နိုင်ငံခြားလုပ်ငန်းများမှာ နာမည်ကြီးတဲ့ စီမံခန့်ခွဲနည်းဖြစ်တဲ့ Standart Operation Procedure (SOP) လုပ်ငန်းခွင် လည်ပတ်မှုများအား စံညွှန်းပြည့်

စေဖို့ လမ်းညွှန်ပေးထားခြင်းရှိပြီး၊ ထိုလုပ်ငန်းများကို အလွယ်တကူ လုပ်ဆောင်တက်စေရန် Standart Operation Document (SOD) စာရွက်စာတမ်းများ Format များကို လမ်းညွှန်ထားပေးခြင်းဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်တာကို လေ့လာရပါတယ်။

ဒါကြောင့် လုပ်ငန်းများတိုးတက်အောင်မြင်နိုင်ဖို့အတွက်Don?t Work Hard - Work Smart ကြိုးစားတာထက် - စနစ်ရှိဖို့ကလည်း အဓိကဖြစ်ပါတယ်။ SMART Work Hard နည်းစနစ်ဖြင့် ပေါင်းစပ်ကြိုးစားလိုက်ရင်တော့ လုပ်ငန်းများ သေချာပေါက်တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

Management စီမံခန့်ခွဲသူတွေဟာ (Work Hard - အလုပ်ကြိုးစားသူတွေဖြစ်ပြီး)

Leadership ဦးဆောင်သူတွေဟာ (Work Smart - နည်းစနစ်ရှိသူတွေဖြစ်ပါတယ်)

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# အောင်မြင်ရေး (10 - C)

**10–C**

အောင်မြင်ဖို့အတွက်

ယခု (C-10 လုံး)

နေ့စဉ်ကျင့်သုံးကြည့်ပါ။

ကမ္ဘာကျော် အောင်မြင်ရေးဟောပြောသူ Brian Tracy ရဲ့ အောင်မြင်သူများထံမှ လေ့လာတွေ့ရှိရတဲ့ (C-10 လုံး) ကို အောင်မြင်သူများ အသုံးပြုနိုင်ဖို့ မျှဝေပေးလိုက်ပါတယ်။

**1. Clarity -** ကြည်လင်ပြတ်သားခြင်း။

(အရာရာအပေါ်မှာ ရှင်းလင်းပြတ်သားစွာ ရှုမြင်တတ်ဖို့ လိုပါတယ်)

**2. Competence -** အရည်အချင်းပြည့်ဝခြင်း။

(လုပ်နေတဲ့ အလုပ်အပေါ်မှာ စွမ်းရည်ပြည့်ဝဖို့ ကြိုးစားဖို့လိုပါတယ်)

**3. Concentration -** အာရုံစူးစိုက်ခြင်း။

(အလုပ်တိုင်းမှာ စိတ်နှစ်ကိုယ်နှစ် အာရုံစူးစိုက်မှုရှိဖို့ လိုပါတယ်)

**4. Common Sense -** သဘာဝအမြင်ရှိခြင်း။
(ဘယ်လိုလုပ်ရမယ်ဆိုတဲ့ ရိုးရှင်းသိမြင်နိုင်မှုလည်းရှိဖို့ လိုပါတယ်)

**5. Creativity -** တီထွင်ဖန်တီးနိုင်ခြင်း။
(အသစ်သစ်သော အရာတွေကို ပေါင်းစပ်ဖန်တီးနိုင်ဖို့ လိုပါတယ်)

**6. Consideration -** ထည့်သွင်းစဉ်းစားခြင်း။
(မိမိ၊ အများအတွက်အကျိုးရှိစေဖို့ ထည့်သွင်းစဉ်းစားဖို့လိုပါတယ်)

**7. Consistent -** သမာသမတ်ကျခြင်း။
(လူတိုင်းအပေါ်မှာ တန်းတူညီတူ သမာသမက်ကျဖို့ လိုပါတယ်)

**8. Commitment -** သံဓိဋ္ဌာန် ရှိခြင်း။
(ဖြစ်ချင်တဲ့ရည်မှန်းချက်ကို ဖြစ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ထားမှုရှိဖို့လိုပါတယ်)

**9. Courage -** ရဲစွမ်းသတ္တိ ရှိခြင်း။
(အမှန်တရားအပေါ်မှာ အရှိအတိုင်း ပြောရဲ၊ လုပ်ရဲ ရှိတက်ဖို့ လိုပါတယ်)

**10. Confidence -** ယုံကြည်မှု ရှိခြင်း။
(ဖြစ်ချင်တဲ့ အရာအပေါ်မှာ သံသယမရှိ ယုံကြည်ခိုင်မာမှုရှိဖို့လိုပါတယ်)

(10-C) ၁၀ ချက်ဖြင့် အောင်မြင်တိုးတက်သော ဘဝတွေကို ဖန်တီးလိုက်ပါ။ ယခင်မရှိတာတွေ ယခုရှိနေပြီ၊ ယခုမရှိသေးတာတွေလည်း နောင်မှာပိုင်ဆိုင်လာပါလိမ့်မယ်။

ဖြစ်ချင်တဲ့ ရည်မှန်းချက်တွေကို ယှသခေန ရွေးချယ်ဆုံးဖြတ်ပါ။
အနာဂတ်အတွက် Chance အခွင့်အရေးသစ်ရှာဖွေပါ။
လိုချင်သောဘဝပုံစံကို Change ပြောင်းလဲဖန်တီးပါ။

အားလုံး C-10 လုံးဖြင့် တိုးတက်အောင်မြင်နိုင်ပါစေ။

***I am Leader** (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It** (ငါလုပ်နိုင်ပါတယ်)*
***I Must - I Can** (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving** (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

## Staff Leadership Leavel (3) – ခေါင်းဆောင်မှုအဆင့် (၃)

## Staff Manager Level - လုပ်ငန်းခွင် ဦးဆောင်မှုအဆင့်

| G (Goal) ရည်မှန်းချက် | R (Reason) အကြောင်းပြချက် | O (Opportunity) အခွင့်အလမ်းများ | W (Ways) လုပ်ဆောင်ရမည့်နည်းလမ်း | T (Time) အချိန်ကာလသတ်မှတ်မှု | H (Help) အချိန်ကာလသတ်မှတ်မှု |
|---|---|---|---|---|---|
| What<br>ဘာတွေဖြစ်ချင်လဲ | Why<br>ဘာ့ကြောင့်ဖြစ်ချင်လဲ | Where<br>ဘယ်နေရာမှာရှိမလဲ | How<br>ဘယ်လိုလုပ်ဆောင်မလဲ | When<br>ဘယ်အချိန်ပြီးစီးမလဲ | Who<br>ဘယ်သူတွေမှ ကူညီမလဲ |
| ကုမ္ပဏီတွင်<br>GM အဆင့်<br>ရာထူးကြီးတွင်<br>တာဝန်ယူရန် | အားလုံးသော ဌာနများ<br>မိမိကုမ္ပဏီတိုးတက်မှု<br>အတွက် | လစ်လပ်ရာထူးကြီးများ၊<br>ပြင်ပကုမ္ပဏီကြီးများ၊<br>နိုင်ငံခြားကုမ္ပဏီများ | စီမံမှုသင်တန်းများတက်ရန်၊<br>အတွေ့အကြုံများစွာ ရရန်၊<br>အထက်လူကြီးသို့ တင်ပြရန်၊<br>Agency များသို့ CV တင်ရန် | ယခု(၁-နှစ်)အတွင်း<br>စီမံမှုသင်တန်းများတက်ရန်<br>အတွေ့အကြုံသစ်များ ရှာရန် | လမ်းညွှန် ဆရာသမားများ<br>အထက်လူကြီးများ<br>လုပ်ငန်းရှင်ကြီးများ |
| ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ |

GROWTH တိုးတက်ဖွံ့ဖြိုးမှုပုံစံဖြင့် မည်သည့်ရည်မှန်းချက်များမဆို ဖော်ပြထားသောနည်းလမ်းများအတိုင်း အဆင့် (၃) Staff Manager Level အဆင့် ရာထူးကြီးများသို့ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

> I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်) I Can Do It (ငါလုပ်နိုင်ပါတယ်)
> I Must = I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် = ငါဖြစ်နိုင်ပါတယ်)
> Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)



# ကမ္ဘာမှာ နာမည်ကြီးတဲ့
# ကိုယ်တိုင်ကြိုးစားရေးဆောင်ပုဒ်

- သူတပါးကို ကျရှုံးအောင်လုပ်ခြင်းဖြင့်
  မိမိကိုယ်တိုင် အောင်မြင်မှုမရစေနိုင်ဘူး။

- သူတပါးကို မုန်းတီးအောင်လုပ်ခြင်းဖြင့်
  မိမိကိုယ် လူအများ မချစ်စေနိုင်ဘူး။

- သူတပါးကို မှားအောင်လုပ်ခြင်းဖြင့်
  မိမိကိုယ်တိုင် အမှန်တရားကို မရစေနိုင်ဘူး။

- သူတပါးကို ဆင်းရဲအောင်လုပ်ခြင်းဖြင့်
  ကိုယ်တိုင် ချမ်းသာမှုကို မဖြစ်စေနိုင်ဘူး။

- သူတပါးကို မကောင်းပြောဆိုခြင်းဖြင့်
  မိမိကိုယ်တိုင် ကောင်းခြင်းတွေ
  မဖြစ်စေနိုင်ဘူး။


- သူတပါး တက်လမ်းကိုပိတ်ဆို့ခြင်းဖြင့်
  မိမိကိုယ်တိုင် တိုးတက်လမ်းကို
  မရောက်စေနိုင်ဘူး။

MESI

**ZIN PHYO PAING**


**MESI Business Institute**

# အပိုင်း (၄)
# Business Leader Level (4)




## Business Owner Level
## စီးပွားရေးလုပ်ငန်းရှင် ဦးဆောင်မှုအဆင့်

*အဆင့် (၄) **Business Owner Level** - စီးပွားရေးလုပ်ငန်းအားလုံးအတွက် ဦးဆောင်မှုအဆင့်မှာ. . .(မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများအတွက်) + (လုပ်ငန်းအဖွဲ့အစည်းအတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။*



## The Law of System Management & Strategy Leadership

(နည်းစနစ် စီမံခြင်းနှင့် မဟာဗျူဟာဦးဆောင်ခြင်း ဥပဒေသ)

**Management is Base on System**

**(စီမံမှုဆိုတာ နည်းစနစ်ကိုအခြေခံ စီမံခြင်းဖြစ်ပြီး)**

**Leadership is Base on Strategy**

**(ခေါင်းဆောင်မှုဆိုတာ မဟာဗျူဟာကိုအခြေခံ ဦးဆောင်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"နည်းစနစ်အခြေခံကို စီမံဖို့လိုအပ်သလို***

***မဟာဗျူဟာကို အခြေခံဦးဆောင်ဖို့လည်း လိုအပ်တယ်"***

# How to Become CEO

## (CEO ဖြစ်ရန်နည်းလမ်းများ)



အလုပ်မှာ ၈၀ % အလုပ်လုပ်ပြီး ၂၀ % ဟာ ဝန်ထမ်းတွေထံမှ ဖြစ်ပျက်နေမှုကို နားထောင်ပါ

စီးပွားရေးလုပ်ငန်းရှင် Chief Executive Office (CEO) များအတွက် လမ်းညွှန်ထားချက်ဖြစ်တဲ့ နိုင်ငံတကာမှာ ရောင်းအားကောင်းဆုံးစာရင်းဝင် How to become CEO စာအုပ်မှ လုပ်ငန်းဦးဆောင်နေသူ တစ်ဦးအနေဖြင့် **လုပ်ဆောင်သင့်တဲ့ နည်းလမ်းကောင်းတချို့ကို တင်ပြပေးထားပါတယ်။**

**၁။ ဝင်ငွေအများဆုံးပေးသောအလုပ်ကို ရွေးချယ်ပြုလုပ်တတ်ပါစေ။**

**(ဘယ်လုပ်ငန်းအမျိုးအစားတွေဟာ ဝင်ငွေအများဆုံးဝင်နိုင်မလဲဆိုတာ ရွေးချယ်ကြိုးစားပါ)**

**၂။ မိမိရဲ့ ဖောက်သည် Customers များကို ရအောင်ရှာပြီး ထိန်းထားပါ။**

**(ဖောက်သည်အဟောင်းများကို စိတ်ကျေနပ်စေပြီး၊ ဖောက်သည်အသစ်များကို ရှာဖွေပါ)**

၃။ တခါတရံမှာ တစ်ဦးတည်းတစ်ခုံတစ်ရာကို ကြိုးစားလုပ်ပါ။

(ဦးဆောင်သူဆိုတာ တခါတရံမှာ တစ်ဦးတည်းဖြင့် အရာရာကိုဖြေရှင်းနိုင်စွမ်းရှိရလိမ့်မယ်)

၄။ နေ့စဉ်တစ်နာရီ စဉ်းစားတွေးခေါ်ပါ၊ ပုံဖော်ရေးဆွဲပါ။

(ကောင်းမွန်တဲ့ အတွေးအခေါ်တွေကိုရရှိစေဖို့ နေ့စဉ်တစ်နာရီခန့် တွေးခေါ်ပုံဖော်မှုပြုလုပ်ပါ)

၅။ အတွေးကောင်းတွေမှတ်ဖို့ အိုင်ဒီယာမှတ်စုစာအုပ် ပြုစုပါ။

(နှုတ်တစ်ရာ စာတစ်လုံးဆိုသလို၊ မိမိရဲ့ ကောင်းမွန်တဲ့အတွေးတွေကို မှတ်စုရေးသားထားပါ)

၆။ အလုပ်မှ တန်းတူများနှင့် လက်အောက်ခံများနှင့်မဟာမိတ်ဖွဲ့ပါ။

(အလုပ်မှာ ၈၀ % အလုပ်လုပ်ပြီး ၂၀ % ဟာ ဝန်ထမ်းတွေထံမှ ဖြစ်ပျက်နေမှုကို နားထောင်ပါ)

၇။ လူတိုင်းကို သူတို့၏ကိုယ်ပိုင်အမည်များဖြင့်သိအောင်လုပ်ပါ။

(သူတို့၏အမည်၊ အလုပ်အကြောင်း ပြောကြိုက်တာမို့ သူတို့အကြောင်း များမှတ်သားပါ)

၈။ အလုပ်ကို ၄၅ မိနစ်စောရောက်ပါ။ ၁၅ မိနစ်နောက်ကျဆင်းပါ။

(အလုပ်မှာ အကျိုးရလဒ်ပိုဖြစ်စေဖို့ ၁၅ မိနစ်စောရောက်ပါ၊ ၁၅ မိနစ် နောက်ကျမှရုံးဆင်းပါ)

၉။ လေယာဉ်ပေါ်မှာအလုပ်လုပ်ပါ၊ အကောင်းဆုံးအတွေးတွေ တွေးခေါ်ပါ။

(လေယာဉ်စီးချိန်မှာ စိတ်ထဲအမြင့်ဆုံးဖြစ်ပြီး၊ အတွေးကောင်းတွေပေါ်လာတတ်လို့ တွေးပါ)

၁၀။မိတ်ဆွေလုပ်ဖော်ကိုင်ဖက်တွေ အတွက် သီးသန့်ဖိုင်ဖွင့်ထားပါ။

(မိမိနဲ့ အများဆုံးဆက်သွယ်နေသော သူတို့၏ အကြောင်းများကို သိဖို့ ဖိုင်တစ်ခုထားရှိပါ)




ဒီနေ့မှာ အခက်အခဲရှိနိုင်တယ်။
မနက်ဖြန် ဒီထက်ပိုဆိုးနိုင်တယ်။
ဒါပေမယ့် သန်ဘက်ခါကျရင်တော့
မျှော်လင့်ခြင်းရောင်ခြည်သန်းလာမှာပါ။
ဘယ်တော့မှ အရှုံးမပေးပါနဲ့။

၁၁။ အမှတ်တရဖြစ်သော စာတိုများ မိတ်ဆွေများထံပို့ပါ။

(မိတ်ဆွေများထံသို့ ရံဖန်ရံခါ စာတိုများပို့ပါ၊ ခင်မင်ရင်းနှီးသတိရမှုကို ဖော်ပြနေခြင်းဖြစ်ပါတယ်)

၁၂။ စာအုပ်တစ်အုပ် လစဉ်ဖတ်ပါ (သို့) စာကြည့်တိုက်ကို တစ်လတွင် တစ်ရက်သွားပါ။

(လစဉ် လုပ်ငန်းနှင့်ဆိုင်သော စာအုပ်တစ်အုပ်၊ ပဟုသုတတစ်ခုကို လေ့လာပါ)

၁၃။ နှစ်တိုင်းသင့်ရဲ့ဘဝထဲသို့ ကြီးကြယ်မြင့်မြတ်သော အရာတစ်ပေါင်းထည့်ပါ။

(နှစ်တစ်နှစ်ကုန်သွားတိုင်း ဘဝမှာ ကြီးကျယ်မြင့်မြတ်သော တိုးတက်စေတဲ့ အရာတစ်ခုရနိုင်ပါစေ)

၁၄။ သင့်ရဲ့အသင်းအဖွဲ့တွေအပေါ်မှာပိုမိုရင်းနှီးမြုပ်နှံပါ။

(အလုပ်တွေပြီးမြောက်ဖို့ သင့်ရဲ့အဖွဲ့မှကူညီနိုင်မှာပါ၊ သင့်ရဲ့ Team ကို ရင်းနှီးမြုပ်နှံပါ)

၁၅။ ရှင်းလင်းသောအင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားဖြင့်ရေးနိုင်အောင်သင်ကြားပါ။

(နိုင်ငံတကာနဲ့ဆက်ဆံလာမှုမှာ အင်္ဂလိပ်လို ပြောဆိုတတ်မှုဟာ အခွင့်အရေးများဖြစ်လာမှာပါ)

၁၆။ ဂုဏ်ပေးသူဖြစ်ပါစေ၊ ဂုဏ်ယူသူမဖြစ်ပါစေနှင့်။

(အလုပ်မှာ နေရာပေးသူဖြစ်ပါစေ၊ နေရာယူသူမဖြစ်ပါစေနဲ့၊ လူတွေကို ပေးခြင်းဖြင့်ရယူနိုင်ပါစေ)

၁၇။ ပြိုင်ဘက် အတိုက်အခံတစ်ဦးအပေါ် ဘယ်တော့မှလျော့မတွက်ပါနဲ့။

(သင့်ရဲ့ပြိုင်ဘက် အတိုက်အခံအပေါ်မှာ လျော့မတွက်ပါနဲ့၊ အမြဲသတိထားရှိနိုင်ပါစေ)

၁၈။ စာရိတ္တသတ်သူကို စကားလုံးဖြင့်အနိုင်ယူပါ။

(ကိုယ့်ကျင့်တရားမကောင်းသူကို စကားလုံးဖြင့် တစ်သက်စာ

သင်ခန်း စာပေးတက်ပါစေ)

၁၉။ ကျေးဇူးပြု၍လူတိုင်းကို ယဉ်ကျေးစွာဆက်ဆံပါ။

(သင့်ကို လူတွေဆက်ဆံစေချင်သလို၊ လူတွေကိုလည်း ယဉ်ကျေးစွာဆက်ဆံပြောဆိုပါ)

၂၀။ လေးစားရတဲ့ ခေါင်းဆောင်တစ်ဦးကိုအတုခိုးပါ၊ လေးစားအားကျ ကြိုးစားပါ။


(ခေါင်းဆောင်ဆိုတာလေ့လာနေသူပါ၊ ခေါင်းဆောင်များထံမှ အမြဲလေ့လာသင်ယူနေပါ)

ထူးချွန်ကျွမ်းကျင်မီလျံနာစီးပွားရေးဦးဆောင်ရှင် CEO များ၊ ကုမ္ပဏီလုပ်ငန်းရှင် ဦးဆောင်နိုင်သော အနာဂတ်လူငယ်များအတွက် ကမ္ဘာကျော် Best Seller စာအုပ်မှ How to become CEO နည်းလမ်းများကို လေ့လာအတုယူပြီး လက်တွေ့ကြိုးစားခြင်းဖြင့် ထူးချွန်သော CEO များဖြစ်လာနိုင်မှာပါ။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# 5 Levels of Leadership
(ခေါင်းဆောင်မှုအဆင့် ၅-ဆင့်)






**Leaders are Learner -**
ဦးဆောင်သူတွေဟာ လေ့လာနေသူတွေ ဖြစ်သလို၊ **Learn from Leader** ခေါင်းဆောင်ကောင်းတွေထံမှလည်း အစဉ် လေ့လာသင်ယူပါ။

Leadership ခေါင်းဆောင်မှုဟာ နယ်ပယ်အသီးသီး၊ လူမှုအဖွဲ့အစည်း၊ ကုမ္ပဏီလုပ်ငန်းအမျိုးမျိုးမှာ မရှိမဖြစ်လိုအပ်တဲ့ စွမ်းရည်တစ်မျိုးဖြစ်ပါတယ်။

ယနေ့ခေတ် လုပ်ငန်းတွေ တိုးတက်အောင်မြင်မှုဆိုရာမှာ ဦးဆောင်နေသူ **ခေါင်းဆောင်တွေရဲ့ ထူးချွန်မှု၊ မဟာဗျူဟာ ဒီအားသာချက်တွေဟာ အခြေခံနေတာတွေနိုင်မှာဖြစ်ပါတယ်။**

**ဦးဆောင်မှုဆိုတာ (နေရာမယူပဲ နေရာတွေဖန်တီးပေးနိုင်ဖို့ဖြစ်ပါတယ်)**
**ဦးဆောင်မှုဆိုတာ (ရာထူးအာဏာမဟုတ်ပဲ လုပ်ဆောင်ချက်သာဖြစ်တယ်)**
**ဦးဆောင်မှုဆိုတာ (တာဝန်ပိုယူနိုင်ပြီး လုပ်ငန်းရလဒ်တွေဖန်တီးခြင်းဖြစ်တယ်)**

**ခေါင်းဆောင်သူတစ်ဦးအနေနဲ့ လက်ခံယုံကြည်ထားရမည့် ဥပဒေ များကို စုစည်းပေးထားပါတယ်။**

- **ကြည့်မြင်သောအခါမှာ - ရှင်းလင်းစွာမြင်ခြင်း။**
- **နားထောင်သောအခါမှာ - မှန်ကန်စွာကြားခြင်း။**
- **စကားပြောသောအခါမှာ - သတိဖြင့်တွေးဆခြင်း။**
- **သံသယဖြစ်သောအခါမှာ - သေချာစွာဝေဖန်သုံးသပ်ခြင်း။**
- **အလုပ်လုပ်သောအခါမှာ - မှန်ရာကိုသာလုပ်ဆောင်ခြင်း။**
- **တာဝန်ထမ်းဆောင်သောအခါမှာ - လေးစားစွာပြုမူဆောင်ရွက်ခြင်း။**

- ➢ အကြပ်အတည်းကြုံသောအခါမှာ - တည်ငြိမ်စွာဖြေရှင်းခြင်း။
- ➢ ဆုံးဖြတ်ချက်ချသောအခါမှာ - အကျိုးဆက်များကိုဆင်ခြင်ခြင်း။
- ➢ လုပ်ငန်းဖော်ဆောင်သောအခါမှာ - အကျိုးရလဒ်ကောင်းဖန်တီးခြင်း။
- ➢ ရည်ရွယ်မျှော်မှန်းသောအခါမှာ - မဖြစ်ဖြစ်လာအောင်ကြိုးစားခြင်း။

လုပ်ငန်းတခုရဲ့ ဦးဆောင်မှုကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် ဦးဆောင်သူတွေဟာ များစွာလိုအပ်တာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

- ❶ လုပ်ငန်းအောင်မြင်ဖို့ဆိုရာမှာ တဦးချင်းဦးဆောင်သူ
- ❶ ဝန်ထမ်းအားလုံးဦးဆောင်သူ
- ❶ လုပ်ငန်းဆောင်ရွက်ချက်ဦးဆောင်သူ


အဖွဲ့အစည်းရည်ရွယ်ချက်သို့ ဦးဆောင်သူ စတဲ့ Leaders တွေမှ အဆင့်ဆင့်ပါဝင်ဦးဆောင်နိုင်မှသာ လုပ်ငန်းရည်ရွယ်ထားတဲ့အတိုင်း အောင်မြင်ဦးဆောင်နိုင်မှာဖြစ်ပါတယ်။

- ➲ Organization အဖွဲ့အစည်းတရပ်လုံးကို ဦးဆောင်သောခေါင်းဆောင်မှု
- ➲ လုပ်ငန်း Function ဆောင်ရွက်မှုတွေကို ဦးဆောင်သောခေါင်းဆောင်မှု
- ➲ ဦးဆောင်နေသူ Leaders တွေကို ဦးဆောင်နိုင်သောခေါင်းဆောင်မှု
- ➲ အားလုံးသော ဝန်ထမ်း Employee တွေကို ဦးဆောင်သောဦးဆောင်မှု
- ➲ ကိုယ့်ရဲ့လုပ်ငန်းတာဝန်တွေကို Self-Leader ဦးဆောင်သောဦးဆောင်မှု

Leadership နယ်ပယ်မှ ထူးချွန်တဲ့ John C. Max Well ရဲ့ လမ်းညွှန်ချက်အရ ဦးဆောင်မှုအဆင့်တွေ မြင့်တင်ဖို့အတွက် အဆင့် (၅) ဖြင့် ဦးဆောင်ရွက်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

**Leadership** အဆင့် (၁) **Position - Right** လူမှန်နေရာမှန် ရာထူးလုပ်ပိုင်ခွင့်ဖြင့် ဦးဆောင်သူ ဖြစ်ပြီး၊ လုပ်ငန်းတွေကို ဦးဆောင်ဖို့၊ တာဝန်ကျေဖို့ ကိုယ်တိုင်ဦးဆောင်ရတဲ့ အဆင့်ဖြစ်တယ်။ ခေါင်းဆောင်မှုအရည်အချင်းဆိုတာ လုပ်ပိုင်ခွင့်အပေါ် အလွဲသုံးစားမလုပ်မှုနှင့် မှန်ကန်စွာအသုံးချရေးပင်ဖြစ်ပါတယ်။

**Leadership** အဆင့် (၂) **Permission - Relationship** လုပ်ပိုင်ခွင့်လွှဲပေးခြင်းဖြင့် တခြားသော အဖွဲ့ဝင် များသို့ လုပ်ငန်းတာဝန်ခွဲဝေပေးပြီး၊ ထိုလုပ်ငန်းတွေကို အများနဲ့ ဦးဆောင် ဖန်တီးရတဲ့အဆင့်ဖြစ်တယ်။ လုပ်ပိုင်ခွင့်ပေးနိုင်လေလေ လုပ်ငန်းမှာ လုပ်ပိုင်ခွင့်ပိုရရှိပြီး ခေါင်းဆောင်မှု အဆင့်မြင့်လာလေလေ ဖြစ်ပါတယ်။




လွယ်ကူချောမွေ့တဲ့ ဘဝဖြစ်ဖို့ ဆုမတောင်းပါနဲ့
ဘဝရဲ့ အခက်အခဲတွေကို ကျော်ဖြတ်နိုင်တဲ့
ခွန်အားတွေရှိနိုင်ဖို့သာ ဆုတောင်းပါ

Leadership အဆင့် (၃) **Production - Result** လုပ်ငန်း ရည်ရွယ်ချက်တွေ အကောင်အထည်ဖြစ်လာဖို့ ရလဒ်ဖြစ်လာဖို့အတွက် အများအတွက်တာဝန်ယူဦးဆောင် ရတဲ့အဆင့်ဖြစ်တယ်။ အလုပ်မှာ လုပ်ရပ်ထက် ရလဒ်ဖြစ်ဖို့အဓိကဖြစ်ပြီး ရလဒ်ဖြစ်အောင် ဖန်တီးနိုင်မှ ခေါင်းဆောင် ကောင်းဖြစ်နိုင်မှာပါ။

Leadership အဆင့် (၄) **People Develop - Reproduction** များစွာသောလုပ်ငန်းတွေကို ဦး ဆောင်နေသူတွေကို နေရာပေးပြီး အလုံများစွာ ပြီးမြောက်စေရန် ဦးဆောင်ရတဲ့အဆင့်ဖြစ်တယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာသည်နှင့်အမျှ မိမိကဲ့သို့ ခေါင်းဆောင်နိုင်သူတွေကို ခေါင်းဆောင်များမွေးဖွားပြီး အောင်မြင်တိုးတက်မှုတွေကို ဆက်လက်ဖန်တီးသွားရမှာ ဖြစ်ပါတယ်။

Leadership အဆင့် (၅) **Pinnacle - Respect** အားလုံးရဲ့ လေးစားတန်ဖိုးထားမှုဖြင့် ဦးဆောင်နေသူ၊ ရည်ရွယ်ချက်တွေအတွက် မရှိမဖြစ်လောက်အောင် ဖန်တီးမှု ဖြင့် ဦးဆောင်ရတဲ့ အဆင့်ဖြစ်တယ်။ အဆင့် (၄-ဆင့်)မှာ လုပ်ပိုင်ခွင့်ပေးနိုင်မှု၊ ရလဒ်ဖန်တီးမှု၊ ခေါင်းဆောင်များ မွေးဖွားနိုင်မှုဖြင့် လုပ်ငန်းဟာ တိုးတက်အောင်မြင်လာပြီး ထိုအဖွဲ့အစည်းအတွက် သင်ဟာ မရှိမဖြစ် အရေးပါသော လေးစားဖွယ်ဖြစ်သော ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာတော့ မှာပါ။

> **ခေါင်းဆောင်တယောက်ရဲ့**
> **အရည်အချင်းဆိုတာ**
> **ခေါင်းဆောင်ကောင်းတွေ**
> **မွေးထုတ်ပေးနိုင်ဖို့နဲ့**
> **လုပ်ငန်းရဲ့အောင်မြင်တဲ့**
> **ရလဒ်တွေကို**
> **ဖန်တီးပေးနိုင်ဖို့**
> **ဖြစ်ပါတယ်. . .**

ခေါင်းဆောင်တွေကို ဦးဆောင် နိုင်ခြင်းဟာ ခေါင်းဆောင်မှုဖြစ်ပါ တယ်။ Leadership ခေါင်းဆောင် တယောက်ရဲ့ အရည်အချင်းဆိုတာ ခေါင်းဆောင်

ကောင်းတွေ မွေးထုတ်ပေးနိုင်ဖို့နဲ့ လုပ်ငန်းရဲ့အောင်မြင်တဲ့ ရလဒ်တွေဖန်တီးပေးနိုင်ဖို့ဖြစ်ပါတယ်။

- Know The Way ဘယ်လိုလုပ်ရမလဲဆိုတာ သိသူဖြစ် ရမယ်။
- Go The Way သိတဲ့အတိုင်းလဲ လက်တွေ့သွား နေသူဖြစ်ရမယ်
- Show the Way အများအတွက်လဲ နည်းလမ်းပြနိုင်သူဖြစ်ရမယ်

Leaders are Learner - ဦးဆောင်သူတွေဟာ လေ့လာနေသူတွေဖြစ်သလို၊ Learn from Leader ခေါင်းဆောင်ကောင်းတွေထံမှလည်း အစဉ်လေ့လာဖို့အားပေးပါတယ်။ ခေါင်းဆောင်တွေကို အားကျရင်း၊ စံနမူနာ အတုယူရင်း၊ လိုက်နာကြိုးစားခြင်းဖြင့် တနေ့မှာ လုပ်ငန်းနယ်ပယ်အသီးသီး ဦးဆောင်သူများဖြစ်လာဖို့ 5 Levels of Leadership ခေါင်းဆောင်မှုအဆင့် (၅-ဆင့်)ဖြင့် ကြိုးစားဦးဆောင်ရင်း အနာဂတ်ရဲ့ ခေါင်းဆောင်များတိုးတက်နိုင်ပါစေ။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Push Behind & Pull Infront

(အနောက်မှနေ၍ တွန်းပို့ခြင်းနှင့် အရှေ့မှနေ၍ ဆွဲခေါ်ခြင်း ဥပဒေသ)

**Management is Pushing from Behind**

**(စီမံမှုဆိုတာ အနောက်မှနေ၍ တွန်းပို့အားပေးခြင်းဖြစ်ပြီး)**

**Leadership is Pulling from Infront**

**(ခေါင်းဆောင်မှုဆိုတာ အရှေ့မှနေ၍ လမ်းပြဆွဲခေါ်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"အနောက်မှနေ၍ တွန်းပို့အားပေးဖို့လိုအပ်သလို***

***အရှေ့မှနေ၍ လမ်းပြဆွဲခေါ်ဖို့လည်း လိုအပ်တယ်"***

# Leadership Powers
## (ခေါင်းဆောင်မှုဆိုင်ရာ အာဏာများ)




**ခေါင်းဆောင်တစ်ယောက်အနေနဲ့**
လူမှုဝန်းကျင်ကို လွှမ်းမိုးစေတဲ့
တခြားသော **Powers** များလည်း
ရှိဖို့လိုအပ်တယ်။

လူအများကို လွှမ်းမိုးနိုင်စေမှု၊ ဩဇာသက်ရောက်စေမှု၊ အများထက် ထင်ပေါ်ကျော်ကြားစေမှု၊ ရှိသေလေးစားခံရစေမှုစတဲ့ ဦးဆောင်မှု အရည်အချင်းတွေဟာ (Leadership Power) ခေါင်းဆောင်မှု အာဏာများ အားသာချက်ကြောင့်ပဲ ဖြစ်ပါတယ်။

Leadership ခေါင်းဆောင်မှုအရည်အချင်းဆိုတဲ့ လူအများအတွက် ရှေ့ဆောင်လမ်းပြ ဦးဆောင်ပေးနိုင်မှုနှင့် လွှမ်းမိုး ဩဇာသက်ရောက်စေမှုနဲ့အတူ Supportive Leadership (အထောက်အပံ့ပေးသော ခေါင်းဆောင်မှုပုံစံ)၊ Directive Leadership (ညွှန်ကြားဦးဆောင်တဲ့ ခေါင်းဆောင်မှုပုံစံ)၊ Participative Leadership (ပူးပေါင်းပါဝင်ပေးတဲ့ ခေါင်းဆောင်မှုပုံစံ)၊ Achievement-oriented Leadership (အောင်မြင်မှုသို့ ဦးတည်တဲ့


ခေါင်းဆောင်မှုပုံစံ) အမျိုးမျိုးသော ခေါင်းဆောင်မှုပုံစံများမှာလည်း Leadership Power ခေါင်းဆောင်မှု အာဏာတွေကို လုပ်ငန်းလိုအပ်ချက်အလိုက် ပေါင်းစပ် ဦးဆောင်နိုင်ရမှာဖြစ်ပါတယ်။

လုပ်ငန်းဦးဆောင်သူ စီမံခန့်ခွဲသူ တဦးအနေနဲ့ ရှိထားသင့်တဲ့ အခြေခံ အာဏာ (၂-မျိုး) ဖြစ်တဲ့. . .

ခေါင်းဆောင်မှုနဲ့ ပက်သတ်တဲ့Leadership Power (ခေါင်းဆောင်နိုင်မှု အာဏာ) - လူတဦးချင်းနှင့်ဆိုင်သော ပင်ကိုယ်ရှိသားမှု၊ ကြိုးစားမှုမှ ရရှိနိုင်ပြီး အများနဲ့မတူညီတဲ့ ရည်ရွယ်ချက်၊ တန်ဖိုးထားမှု၊ တီထွင်ဖန်တီးမှု၊ မိမိကိုယ်တိုင်နဲ့ ဆိုင်တဲ့ဖြစ်တည်လာသော ခေါင်းဆောင်မှုအာဏာဖြစ်ပါတယ်။

စီမံခန့်ခွဲမှုနဲ့ ပက်သတ်တဲ့ Management Power (စီမံခန့်ခွဲမှု အာဏာ) - အဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံစံများနှင့်ဆိုင်သော ရာထူးသတ်မှတ်မှု ပုံစံများ၊ အမိန့်ဩဇာရရှိထားမှုများ၊ မတူညီစွာလုပ်ပိုင်ခွင့်များ ရရှိထားမှုနှင့် ရာထူး ဂုဏ်အဆင့်ကြောင့် ဖြစ်တည်လာသော ခေါင်းဆောင်မှုအာဏာဖြစ်ပါတယ်။

Leadership ခေါင်းဆောင်မှုနဲ့ ပတ်သတ်တဲ့ အာဏာတွေဖြစ်တဲ့Leadership Powers တွေနဲ့ လုပ်ငန်းမှာ ဦးဆောင်စီမံနိုင်ဖို့အတွက် Expertise အာဏာ၊ Coercion အာဏာ၊ Rewards အာဏာ၊ Legitimacy အာဏာ၊ Referent အာဏာ တွေကို လေ့လာပြီး၊ လုပ်ငန်းဦးဆောင်မှုများအတွက် ဩဇာ ပါဝါများ တိုးတက်လာမှာဖြစ်ပါတယ်။




The Thing To Change, You Have To Change

ပြောင်းလဲတဲ့ အရာတစ်ခုကို သင်လိုချင်တယ်ဆိုရင်တော့ အရင်နဲ့မတူညီတဲ့ ပြောင်းလဲမှုတွေကို သင်လုပ်ရမယ်။

## Leadership Powers (ခေါင်းဆောင်မှု အာဏာများ)

 oooooooo

**Expertise Power** (ကျွမ်းကျင်မှုဆိုင်ရာ အာဏာ)

ဦးဆောင်သူရဲ့ ကျွမ်းကျင်မှုနဲ့ ဆိုင်တဲ့ ပင်ကိုယ်ဉာဏ်၊ အသိပညာ၊ စွမ်းရည်ရှိမှုနှင့် လုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံပြီး ကျွမ်းကျင်မှု အရည်အချင်းပိုင်းဆိုင်ရာမှတဆင့် ဖြစ်တည်လာသော ခေါင်းဆောင်မှုအာဏာဖြစ်ပါတယ်။ ဦးဆောင်သူတွေအနေနဲ့ ကျွမ်းကျင်မှု တိုးတက်လာမှုဟာလည်း ခေါင်းဆောင်မှုတိုးမြင့်ခြင်းရဲ့သဘောပင်ဖြစ်ပါတယ်။

**Legitimacy Power** (တရားဝင်လုပ်ပိုင်ခွင့် အာဏာ)

လုပ်ငန်းအား တရားဝင်လုပ်ပိုင်ခွင့်ရယူထားသလို၊ တရားဝင်လုပ်ပိုင်ခွင့်လွှဲပြောင်းပေးခြင်း၊ လုပ်ငန်းတာဝန်များ မတူညီစွာ ခွဲခြားသတ်မှတ်ပေးထားခြင်း၊ တရားဝင်ဦးဆောင် လမ်းညွှန်မှုနဲ့ ဆိုင်တဲ့ ခေါင်းဆောင်မှုအာဏာဖြစ်ပါတယ်။ ခေါင်းဆောင်မှုဆိုရာမှာ လုပ်ပိုင်ခွင့်လွှဲခြင်းဖြင့် လုပ်ပိုင်ခွင့်တိုးတက်သလို၊ လုပ်ငန်းတာဝန်များ ပိုမိုပြီးမြောက်ဖို့ ဦးဆောင်ခြင်းပဲဖြစ်ပါတယ်။

**Coercion Power** (ပြတ်သားစွာ အတျပ်ကိုင်တွယ်မှု အာဏာ)

ဦးဆောင်သူအနေနဲ့ ပျက်သားစွာ ဆုံးဖြတ်ရတဲ့ အခြေအနေမျိုးဖြစ်တဲ့ လုပ်ငန်းစည်းကမ်းဖောက်ဖျက်မှု၊ အပစ်ပေး၊ ဒဏ်ပေးရာမှာဖြစ်စေ၊ စည်းမျဉ်းဥပဒေသများ သတ်မှတ်တဲ့အခါဖြစ်စေ၊ အမှန်တရားဆုံးဖြတ်ရာဖြစ်စေ အကျပ်ကိုင်တွယ်ဖြေရှင်းရတဲ့ ခေါင်းဆောင်မှုအာဏာမျိုးဖြစ်ပါတယ်။

**Reference Power** (ကိုယ်စားပြုလွှဲအပ်ခြင်း အာဏာ)

စီမံခန့်ခွဲအဆင့်များတွင် လုပ်ငန်းအစားထိုးစေမှု၊ ကိုယ်စားပြုလုပ်ကိုင်စေမှု

**Power ဩဇာလွှမ်းမိုးမှု သဘောဟာ (သံလိုက်ဓါတ်)နဲ့ တူပါတယ်။ ဆွဲငင်အားတခု ပိုပြီးရှိတာကြောင့် သံတွေအားလုံးဟာ ကပ်လာခြင်း ပင်ဖြစ်ပါတယ် ဒါကြောင့် သင့်ဟာ လူမှုဝန်းကျင်မှာ အများရဲ့အလယ်မှာ ဦးဆောင်နိုင်ဖို့ (Power) တခုခု ပိုင်ဆိုင်ထားသင့်ပါတယ်။**

နှင့် တဆင့်ခံလုပ်ငန်းတာဝန်လွှဲအပ်ပေးစေလိုသော အနေအထားများတွင် အသုံးပြုပေးသည့် ခေါင်းဆောင်မှုအာဏာဖြစ်ပါတယ်။ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်မှုများ၊ လုပ်ပိုင်ခွင့်ပေးအပ်မှုပုံစံများ၊ ကိုယ်စားပြုဆောင်ရွက်စေလိုသည့် အခြေအနေများတွင် တာဝန်လွှဲပြောင်းခြင်းဖြင့် လုပ်ငန်းများသို့ ဦးဆောင်ခြင်းဖြစ်ပါတယ်။

**Reward Power** (ချီးမြှင့်မှုဆိုင်ရာအာဏာ)

အဖွဲ့အစည်းများ၏ တဦးချင်းဆိုင်ရာ အပေါ် လစာချီးမြှင့်ပေးမှုနှင့် ရာထူးတိုးပေးခြင်း၊ လုပ်ငန်းပြီးမြောက်မှုဆိုင်ရာ အသိအမှတ်ပြု ချီးမွမ်းပေးခြင်း၊ နောက်လိုက်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုတိုးတက်လာစေရန် ချီးမြှင့်ပေးမှုနဲ့ သက်ဆိုင်သည့် ခေါင်းဆောင်မှုအာဏာဖြစ်ပါတယ်။

လုပ်ငန်းနယ်ပယ်များ တိုးတက်လာတဲ့အခါ ဦးဆောင်မှုတွေဟာ နယ်ပယ်အသီးသီးမှာ လိုအပ်ချက်ဖြစ်လာနိုင်ပါတယ်။ လုပ်ငန်းရှင်ဖြစ်စေ၊ မန်နေဂျာ ဖြစ်စေ၊ စီမံအုပ်ချုပ်သူဖြစ်စေ၊ ခေါင်းဆောင်မှုပြုနေသူဖြစ်စေ အားလုံးအတွက် ယခု (Leadership

Powers - ခေါင်းဆောင်မှုအာဏာ) များကို ပေါင်းစပ်ဦးဆောင်မှုဖြင့် တူညီစွာ ရှိနေတဲ့ ပတ်ဝန်းကျင်အနေအထားတွေအပေါ်မှာ မတူညီ စွာပြောင်းလဲမှုများကို ဖန်တီးလာနိုင်မှာ ဖြစ်ပါတယ်။ ခေါင်းဆောင်မှု တိုးတက်လာခြင်းဟာ လုပ်ငန်း များတိုးတက်လာခြင်းသို့ များစွာအထောက်အပံ့ဖြစ်စေလို့ နယ်ပယ်အသီးသီးမှာ Leadership Power ခေါင်းဆောင်မှုသြဇာများတိုးတက် လာနိုင်မှာဖြစ်ပါတယ်။

ခေါင်းဆောင်တစ်ယောက်အနေနဲ့ လူမှုဝန်းကျင်ကို လွှမ်းမိုးစေတဲ့ တခြားသော Powers များလည်း ရှိဖို့လိုအပ်မှာဖြစ်ပါတယ်။

**Powers of Popular** (နာမည်ကျော်ကြားမှုပါဝါ)

နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီး - မင်းသားတွေ၊ ကမ္ဘာကျော်တွေဟာ Popular နာမည်ကြီးမှုကြောင့် လူအများအပေါ် လွှမ်းမိုးသြဇာသက်ရောက် နိုင်တဲ့သဘောရှိလို့ ထင်ပေါ်အောင်နေထိုင်ဖို့လိုအပ်ပါတယ်။

**Powers of Money** (ငွေကြေးတို့၏ပါဝါ)

ငွေကြေးရှိသူတွေ၊ သန်းကြွယ်သူဌေးတွေ၊ Money ငွေကြေးကြွယ်ဝ ချမ်းသာသူတွေက ငွေကြေးနဲ့ လူအများအပေါ် လွှမ်းမိုးသြဇာသက်ရောက်နိုင်တဲ့ သဘောရှိလို့ ငွေကြေးရှိအောင်လည်းကြိုးစားသင့်ပါတယ်။

**Powers of Authority** (ရာထူးအာဏာပါဝါ)

သြဇာရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ လုပ်ပိုင်ခွင့်ရှိသူတွေက Authority အခွင့်အာဏာနဲ့အတူ လူအများအပေါ် လွှမ်းမိုးသြဇာသက်ရောက် နိုင်တဲ့ သဘောရှိလို့ ရာထူးဂုဏ်ရှိန်ကြီးမြင့်ဖို့လည်းလိုအပ်မှာဖြစ်ပါတယ်။

**Powers of Expert** (ကျွမ်းကျင်ပညာရှိမှုပါဝါ)

ထင်ရှားကျော်ကြားတဲ့ ပညာရှင်တွေက သူတို့ရဲ့ ကျွမ်းကျင်တက်မြောက်မှု Professional ဂုဏ်ကြောင့် လူအများအပေါ် လွှမ်းမိုးဩဇာသက်ရောက်နိုင်တဲ့ သဘောရှိတာမို့ ထိုနယ်ပယ်မှာ ထူးချွန်ဖို့လည်းလိုအပ်ပါတယ်။

**Powers of Personal** (ယုံကြည်ရိုးသားမှုပါဝါ)

ရိုးသားသူတွေ၊ ယုံကြည်ရသူတွေ၊ အများအတွက် ပေးဆပ်အနစ်နာခံသူတွေက Personal ဂုဏ်နဲ့ လူအများအပေါ် လွှမ်းမိုးဩဇာသက်ရောက်နိုင်တဲ့ သဘောရှိတာမို့ အများအပေါ် ယုံကြည်ရိုးသားဖို့လည်လိုအပ်မှာဖြစ်ပါတယ်။

Power ဩဇာလွှမ်းမိုးမှုသဘောဟာ (သံလိုက်ဓါတ်)နဲ့ တူပါတယ်၊ ဆွဲငင်အားတခု ပိုပြီးရှိတာကြောင့် သံတွေအားလုံးဟာ ကပ်လာခြင်းပင်ဖြစ်ပါတယ်။ ဒါကြောင့် သင့်ဟာ လူမှုဝန်းကျင်မှာ အများရဲ့အလယ်မှာ ဦးဆောင်နိုင်ဖို့ (Power) တခုခု ပိုင်ဆိုင်ထားသင့်ပါတယ်။ ခေါင်းဆောင်တစ်ဦးမှာ Power ရှိလာလေလေ လူမှုဝန်းကျင်အပေါ် လွှမ်းမိုးဩဇာသက်ရောက်နိုင်လေလေပါပဲ။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# 5M Business Management

## (စီးပွားရေးစီမံခန့်ခွဲမှု 5M ပုံစံ)


**5M**

စီးပွားရေး စီမံခန့်ခွဲမှု ပညာမှာ
အနှစ်ချုပ်လိုက်ရင်တော့ (5-M) ဟာ
လုပ်ငန်းအားလုံးရဲ့အချုပ်ပါပဲ၊

Business Management ရဲ့အဓိက စီမံခန့်ခွဲမှုကို အနှစ်ချုပ်ကြည့်ရင် Man ဝန်ထမ်းရေးရာ၊ Money ငွေကြေးဆိုင်ရာ၊ Material ထုတ်ကုန်ပစ္စည်းဆိုင်ရာနှင့် Market ဈေးကွက်ရေးရာ မဟာဗျူဟာနှင့်အတူ Method နည်းစနစ် စီမံခန့်ခွဲမှု ဆိုင်ရာကို အဓိက (အချက် - ၅ ချက်) ဖြင့် စီမံခန့်ခွဲနိုင်ပါတယ်။

- Man - ဝန်ထမ်းရေးရာ
- Money - ငွေကြေးရေးရာ
- Material - ထုတ်ကုန်ပစ္စည်းပိုင်းဆိုင်ရာ
- Market - ဈေးကွက်ထိုးဖောက်မှုဆိုင်ရာ
- Method - နည်းစနစ်ပိုင်းဆိုင်ရာ

လုပ်ငန်းအားလုံးရဲ့ အနှစ်ချုပ်ဖြစ်တဲ့ (5M) ဟာ အဓိက ဖြစ်ပါတယ်။


5M Business Management (စီးပွားရေးစီမံခန့်ခွဲမှု)
Man (ဝန်ထမ်း)
-HR Policy
(ဝန်ထမ်းရေးရာ မူဝါဒ)
-HR Management
(ဝန်ထမ်းရေးရာ စီမံမှု)
-Meeting, Report
(အစည်းအဝေး၊ အစီရင်ခံစာ)
-KPI Analysis
(ဝန်ထမ်းဖိုင်း ဆန်းစစ်မှု)
Money (ငွေကြေး)
-Investment Ratio
(ရင်းနှီးမြှုပ်နှံမှုအချိုးများ)
-Balance Sheet
(ဝင် - ထွက် = ကျန်)
-Financing/ Loan
(ဝင်ငွေကြေးတိုးချဲ့ခြင်း)
-Vulnerability / Share
(အစုရှယ်ယာ နှင့် တန်ဖိုးမြှင့်တင်ခြင်း)
Material (ကုန်ပစ္စည်း)
-Operation System
(လုပ်ငန်းလည်ပတ်မှု)
-Supply Change
(ဈေးကွက်ချိတ်ဆက်ရေး)
- Distribution Flow
(ဖြန့် ဖြူးရောင်းချမှု)
-ISO System
(နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော စနစ်)
Market (ဈေးကွက်)
-Sale Strategy
(အရောင်းမြှင့်တင်ရေး)
-Customer Service
(ဖောက်သည်ဝန်ဆောင် မှုပေးခြင်း )
-Franchise
(လုပ်ငန်းခွဲပေးခြင်း )
-Marketing Plan
(ဈေးကွက်စီစဉ်ရေးဆွဲခြင်း)
Method (နည်းစနစ်)
-SOP Management
(နည်းစနစ် လမ်းညွှန်မှု)
-Management Style
(စီမံခန့်ခွဲမှု ပုံစံများ)
-5S System
(5S နည်းစနစ်များ)
-SMART Method
(SMART နည်းစနစ် စီမံခန့်ခွဲမှုများ)

**Man – HR Management**

(ဝန်ထမ်းရေးရာ တိုးတက်စီမံစေဖို့လား)

- HR Rule စည်းမျဉ်း မူဝါဒတွေ၊ ဝန်ထမ်းစွမ်းရည်မြင့် KPI စနစ်တွေ ထားရှိပြီး၊ Meeting - Report အစည်းအဝေး တင်ပြမှုတွေ ပုံမှန်ရှိပြီး ဝန်ထမ်းရေးရာတိုးတက်မှုသို့ စီမံခန့်ခွဲနိုင်ပါတယ်။

**Money – Financial Management**

(ငွေကြေးရေးရာ တိုးတက်စီမံစေဖို့လား)

- Financial Ratio (ဝန်ထမ်း + ဈေးကွက် + ပစ္စည်း) အချိုးကျ ရင်းနှီးမြှုပ်နှံဖို့နဲ့ - Balance Sheet (ဝင် - ထွက် = ကျန်) ပုံမှန်စီစစ်နိုင်ဖို့နဲ့ -Profit & Lost အရှုံးအမြတ်ကို သုံးသပ်ပြီး ငွေကြေးတိုးတက်မှုသို့ စီမံခန့်ခွဲဆောင်ရွက်နိုင်ပါတယ်။

**Material – Supply Chain Management**

(ထုတ်ကုန်ပစ္စည်းပိုင်း ချိတ်ဆက်တိုးတက်စေဖို့လား)

- Supply Chain လုပ်ငန်းဆက်သွယ်ချိတ်ဆက်ဖို့၊ ISO Standard နိုင်ငံခြား နည်းစနစ်တွေနဲ့ စီမံဖို့နဲ့ - Quality Control အရည်အသွေးထိန်းချုပ်ပြီး လုပ်ငန်းရဲ့အရည်အသွေးမြင့်တင်သွားပြီး တိုးတက်စီမံခန့်ခွဲနိုင်ပါတယ်။

**Market – Marketing Management**

(ဈေးကွက်ရေးရာ တိုးတက်စီမံစေဖို့လား)

- Marketing Strategy ဈေးကွက်ဗျူဟာရှိဖို့ - Sale Promotion အရောင်းမြင့်တင်နိုင်ဖို့ - Customer Service ဖောက်သည်ဝန်ဆောင်မှုပေးဖို့နဲ့ ဈေးကွက်အတွင်း တိုးတက်ဦးဆောင်နိုင်မှာဖြစ်ပါတယ်။

## Method – SOP Management

(လုပ်ငန်းနည်းစနစ်ပိုင်း တိုးတက်စီမံစေဖို့လား)

- 5S ဂျပန်နည်းစနစ်တွေနဲ့ ပေါင်းစပ်စီမံစေဖို့ - Technology နည်းပညာပေါင်းစပ်စေဖို့ - SOP Procedure နိုင်ငံခြားရဲ့ နည်းစနစ်လမ်းညွှန်ချက်များ နည်းလမ်းစနစ်တွေထားရှိပြီး စီမံခန့်ခွဲနိုင်ပါတယ်။

စီးပွားရေး စီမံခန့်ခွဲမှု ပညာမှာ အနှစ်ချုပ်လိုက်ရင်တော့ (5-M) ဟာ လုပ်ငန်းအားလုံးရဲ့အချုပ်ပါပဲ။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆




## The Law of Responsibility & Accountability

(တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း ဥပဒေသ)

**Management is Responsibility**

**(စီမံမှုဆိုတာ တာဝန်ယူခြင်းဖြစ်ပြီး)**

**Leadership is Accountability**

**(ခေါင်းဆောင်မှုဆိုတာ တာဝန်ခံခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"တာဝန်ယူမှုရှိဖို့ လိုအပ်သလို***

***တာဝန်ခံဖို့လည်း လိုအပ်တယ်"***

# 7 Steps of Business Millionaire

## (မီလျံနာစီးပွားရေးအဆင့် ၇-ဆင့်)



"အရာအားလုံး အပေါ်မှာ
ယုံကြည်အောင်မြင်ရမယ်ဆိုတဲ့
**Never Giveup** စိတ်နဲ့
လုပ်ငန်းစတင်မှုအဆင့်မှာ အများထက်
၂-ဆ ကြိုးစားနေရမှာ ဖြစ်ပါတယ်"

စီးပွားရေးထူးချွန်သော Business Millionaire တစ်ဦးဖြစ်လာစေရန်၊ **စီးပွားရေးစတင်မှုမှသည် စီးပွားရေး မီလျံနာ သန်းကြွယ်သူဌေးဖြစ်သည်အထိ အဆင့်(၇)ဆင့်ဖြင့် အဓိကကြိုးစားဆောင်ရွက်သွားဖို့ ကမ္ဘာကျော်စာအုပ်များ၊ မီလျံနာလုပ်ငန်းထူထောင်မှုအတွေ့အကြုံများ၊ Business Mastery အကြံပေးချက်များမှ ပြန်လည်မျှဝေရေးသားပေးထားပါတယ်။**

**မီလျံနာစီးပွားရေးအဆင့် (၇-ဆင့်) ဖြင့် အဆင့်ဆင့်ကြိုးစားဆောင်ရွက်သွားနိုင်ပါတယ်။**

**အဆင့် (၁) Business Mastery စီးပွားရေးပညာ ထူးချွန်ကျွမ်းကျင်လေ့လာခြင်းအဆင့်**

အဆင့် (၂) Business Planning စီးပွားရေးလုပ်ငန်းစတင်ရန် အစီအစဉ်ရေးဆွဲခြင်းအဆင့်

အဆင့် (၃) Business Start-up စီးပွားရေး စတင်အကောင်အထည် ဖော်ခြင်းအဆင့်

အဆင့် (၄) Business Operation စီးပွားရေး လည်ပတ်ဆောင်ရွက်ခြင်း အဆင့်

အဆင့် (၅) Business Financing စီးပွားရေးတိုးတက်မှု ငွေကြေးမြင့် တင်ခြင်းအဆင့်

အဆင့် (၆) Business Expansion စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းအဆင့်

အဆင့် (၇) Business Millionaire စီးပွားရေး မီလျံနာလုပ်ငန်းစု နိုင်မာထူထောင်မှုအဆင့်

(၁) **Business Mastery** (စီးပွားရေးပညာ ထူးချွန်ကျွမ်းကျင် လေ့လာခြင်း)

စီးပွားရေးလောကအကြောင်းကို ဦးစွာလေ့လာဖို့ဟာ အဓိကဖြစ်ပါတယ်။ တောထဲသွားတဲ့အခါ တောအကြောင်းကို ဦးစွာလေ့လာရသလို၊ စီးပွားရေးလောကထဲဝင်ရောက်ဖို့ စီးပွားရေးပညာကို ထူးချွန်ကျွမ်းကျင်စွာ လေ့လာဖို့ လိုအပ်ပါတယ်။ အခွင့်အရေးရှိနေပေမယ့် စီးပွားရေးအမြင်မရှိလျှင်လည်း စီးပွားရေးမအောင်မြင်နိုင်သလို၊ စီးပွားရေးအမြင်ရှိပြီး လက်တွေ့စီးပွားရေးကို မကြိုးစားလျှင်လည်း မအောင်မြင်နိုင်ပါ။ စီးပွားရေးထူးချွန်မှုမှာ (စွမ်းရည် + ဖန်တီးမှု = တီထွင်ဖန်တီးမှု) ဖြစ်လာခြင်းပါ။ ထူးချွန်အောင်မြင်သော စီးပွားရေး ခေါင်းဆောင်ဖြစ်ဖို့ စီးပွားရေးပညာကို လေ့လာနိုင်မည့် နည်းလမ်းများ---

- ➤ စီးပွားရေးစီမံခန့်ခွဲမှု စာအုပ်များ၊ သင်တန်းများနှင့် စီးပွားရေးပညာ လေ့လာသင်ယူပါ။
- ➤ စီးပွားရေးမှာ အောင်မြင်နေသူများအား အတုယူခြင်း၊ လုပ်နည်းလုပ်ဟန်များ ပုံစံယူပါ။
- ➤ စီးပွားရေးပတ်ဝန်းကျင်မှ တိုးတက်အောင်မြင်နေသော လုပ်ငန်းများအား လေ့လာပါ။

စတဲ့အချက်များဟာ စီးပွားရေးပညာကို အဓိကရစေနိုင်မည့် နည်းလမ်းကောင်းများပင်ဖြစ်ပါတယ်။

(၂) **Business Planning** (စီးပွားရေးအစီအစဉ်ရေးဆွဲခြင်း)

စီးပွားရေးစီစဉ်မှုနှင့် စီးပွားရေးပြင်ဆင်မှု၊ စီးပွားရေး ဉာဏ်အမြော်အမြင် ၊စီးပွားရေးမဟာဗျူဟာအားလုံး ပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်နိုင်ရေး ပုံဖော်ရေးဆွဲကြည့်ရမှာဖြစ်ပါတယ်။ Business Plan ရေးဆွဲပုံမှာ ဖော်ပြထားတဲ့ အခြေခံအချက်တွေကို ထည့်သွင်းစဉ်းစားပြီး Product Strategy ထုတ်ကုန်မဟာဗျူဟာ၊ Marketing Strategy ဈေးကွက်မဟာဗျူဟာ၊ Customer Service Strategy ဖောက်သည်ဝန်ဆောင်မှုမဟာဗျူဟာ၊ Organization Strategy လုပ်ငန်းဖွဲ့စည်းမှုမဟာဗျူဟာ၊ Financial Strategy ငွေကြေးမဟာဗျူဟာများနှင့် Technology Strategy မဟာဗျူဟာများကို ရေးဆွဲပြင်ဆင်ရမှာဖြစ်ပါတယ်။ စီးပွားရေးအစီအစဉ်ရေးဆွဲမှုအတွက် နည်းလမ်းများ. . .

- ➤ စီးပွားရေးလုပ်ငန်း အစီအစဉ်အားလုံးကို ပုံစံပေါ်လာအောင် ပုံဖော်ရေးဆွဲကြည့်ပါ။
- ➤ စီးပွားရေးအစီအစဉ်နှင့် ဈေးကွက်လိုအပ်ချက်အကြား ဖြစ်နိုင်ချေတို တွက်ကြည့်ပါ။

➤ စီးပွားရေးအစီအစဉ်အား ကျွမ်းကျင်သူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် တိုင်ပင်ကြည့်ပါ။

ယခုလမ်းညွှန်ချက်များဟာ စီးပွားရေးအစီအစဉ်ရေးဆွဲပြီး လုပ်ငန်းစတင်နိုင်ရန်အဆင့်သို့ ဦးဆောင်ပေးနိုင်ပါလိမ့်မယ်။

(၃) **Business Startup** (စီးပွားရေးစတင်ခြင်းအဆင့်)

စီစဉ်ရေးဆွဲထားတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို Startup စတင် အကောင်အထည်ဖော်ဖို့အရေးကြီးမှာ ဖြစ်ပါတယ်။ အစီအစဉ်ကောင်းပေမဲ့ မစသေးသရွေ့ဟာ (၀-တန်ဖိုး) မအောင်မြင်မှုသာဖြစ်ပါတယ်။ လုပ်ငန်းစတင်မှု အဆင့်မှာ Register လုပ်ဖို့လိုအပ်လာပါတယ်။ လုပ်ငန်းစတင်မှုမှာ ကြုံတွေ့နိုင်မည့် အခက်အခဲများကိုလည်း နည်းလမ်းရှာရမှာဖြစ်ပါတယ်။ ငွေကြေး အခက်အခဲ၊ ဖောက်သည်အခက်အခဲ၊ ယှဉ်ပြိုင်မှုအခက်အခဲ၊ ယုံကြည်မှုအခက်အခဲ အရာအားလုံးအပေါ်မှာ ယုံကြည်အောင်မြင်ရမယ်ဆိုတဲ့ Never Giveup စိတ်နဲ့ လုပ်ငန်းစတင်မှုအဆင့်မှာ အများထက် ၂-ဆ ကြိုးစားနေရမှာဖြစ်ပါတယ်။ လေ့လာရင်း လုပ်ပါ၊ လုပ်ရင်း

**လုပ်ငန်းရှင်များ**

**အနေဖြင့် Money**

**make Money**

**(ငွေကိုငွေဖြင့်**

**ရှာဖွေသည်)**

**Investment**

**ရင်းနှီးမြှုပ်နှံမှုတွေကို**

**မိမိနဲ့ဆက်သွယ်နေသော**

**စီးပွားရေး**

**လုပ်ငန်းခွဲများစွာမှာ**

**ရင်းနှီးမြှုပ်နှံပြီး**

**မိလျံနာစီးပွားရေး**

**လုပ်ငန်းရှင်အဖြစ်**

**ဖန်တီးသွားနိုင်ပါတယ်. .**

လေ့လာပြီး စီးပွားရေးစတင်အောင်မြင်မှု အဆင့်ကိုဖန်တီးဆောင်ရွက်ပါ။ လုပ်ငန်းအစပိုင်းမှာ ဈေးကွက်ချိတ်ဆက်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေဟာ အဓိကဖြစ်ပြီး Success Story တွေကို ရယူနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

လုပ်ငန်းစတင်မှုအတွက် နည်းလမ်းများ. . .

- ယုံယုံကြည်ကြည်နဲ့ လုပ်ငန်းတစ်ခုကို စွန့်ဦးတီထွင်ကိုးစား လုပ်ကိုင်ပါ။
- စီးပွားရေးအစီအစဉ်အတိုင်း အချိန်ရာထားချက်များပြီးမြောက်အောင် ကြိုးစားပါ။
- လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ **Success Story** များ ဖန်တီးရယူ ကြိုးစားပါ။

ယခုလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းစတင်ကြိုးစားသွားပြီး အခက်အခဲများကို အရှုံးမပေးပဲ အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားပါ။

> **အချိန်ပြည့်လုပ်တာမျိုးမဟုတ်ရင် အောင်မြင်ဖို့ မလွယ်ဘူး။**
> **ဝေရက်တောင်ထိပ်ကို အောင်နိုင်တယ်ဆိုတာလူတိုင်းမလုပ်နိုင်တဲ့**
> **နောက်ဆုံးရဲ့ ၁၀ % ကြောင့်ပဲ၊ နောက်ဆုံးအဆုံးသတ်မှာ**
> **အားကုန်ကြိုးစားလိုက်ဖို့လိုတယ်။** **(အားနိုးအက်စ်)**

(၄) **Business Operation** (စီးပွားရေးလုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်း)

စီးပွားရေးလည်ပတ်မှုမှာ အဓိကကျတဲ့ Man, Money, Market အခြေခံကျတဲ့ ဝန်ထမ်းပိုင်းဆိုင်ရာကိစ္စများ၊ ငွေကြေးပိုင်းဆိုင်ရာ လည်ပတ်မှုများ၊

ဈေးကွက်ပိုင်းဆိုင်ရာ ထိုးဖောက်အောင်မြင်မှုများကို စီမံဦးဆောင်ပြီး စီးပွားရေး လည်ပတ်မှုအပိုင်းကိုလည်း အဓိကအောင်မြင်တိုးတက်စွာ စီစဉ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လုပ်ငန်းအပြင်ပိုင်း ဦးဆောင်မှုနှင့် လုပ်ငန်းအတွင်းပိုင်း စီမံခန့်ခွဲမှုဟာ အချိုးကျဖို့လိုအပ်ပါတယ်။ စီးပွားလုပ်ငန်းလည်ပတ်မှုအဆင့် အတွက် နည်းလမ်းများ----

- ➢ အောင်မြင်သော လုပ်ငန်းနည်းစနစ်များကို ပုံစံယူပြီး နည်းစနစ်တကျ စီမံဆောင်ရွက်ပါ။
- ➢ **5M Business Management** စီမံနည်းစနစ်များဖြင့် လုပ်ငန်းလည်ပတ်မှုကို စီမံခန့်ခွဲပါ။
- ➢ လုပ်ငန်းနည်းစနစ်အခြေပြု စီမံခန့်ခွဲမှုကောင်းမွန်သော လုပ်ငန်းဖြစ်ဖို့ ဖန်တီးကြိုးစားပါ။

ယခုဖော်ပြထားသော စီးပွားရေးလည်ပတ်မှု စီမံခန့်ခွဲမှုအဆင့်များ အတိုင်း ကြိုးစားသွားခြင်းဖြင့် နည်းစနစ်တကျ အောင်မြင်တိုးတက်လည်ပတ်နေသော လုပ်ငန်းစုကိုဖန်တီးနိုင်မှာဖြစ်ပါတယ်။

(၅) **Business Financing** (လုပ်ငန်းတိုးတက်မှု ငွေကြေးမြှင့်တင်ဆောင်ရွက်ခြင်း)

လုပ်ငန်းကြီးလာသည်နှင့်အမျှ ငွေကြေးလိုအပ်ချက်ဟာ ပိုမိုကြီးလာမှာဖြစ်ပါတယ်။ ဝန်ထမ်းများစရိတ်၊ လုပ်ငန်းလည်ပတ်မှုစရိတ်၊ ရင်းနှီးမြုပ်နှံထားမှုစရိတ်များအတွက် ငွေကြေးလိုအပ်ချက်ဖြစ်လာနိုင်ပါတယ်။ တိုးချဲ့ထားသော လုပ်ငန်းများ၏ စတင်ရင်းနှီးမြုပ်နှံမှုများ ရှိနေချိန်မှာပိုမိုလိုအပ်လာနိုင်ပါတယ်။ လုပ်ငန်းတိုးတက်မှု ငွေကြေးလိုအပ်ချက်များကိုဖြေရှင်းရန်နှင့် ငွေကြေးမြှင့်တင်မှုများကို ဆောင်ရွက်ရာမှာ ငွေကြေးရနိုင်မည့် နည်းလမ်းများကို ဆုံးဖြတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ငွေကြေးရနိုင်မည့် နည်းလမ်းများဖြစ်တဲ့----

(၁) လုပ်ငန်း အစုရှယ်ယာများခေါ်ယူမှု

(၂) ဘဏ်မှာချေးငွေရယူမှု

(၃) နိုင်ငံတကာလုပ်ငန်းများနှင့် ပူးပေါင်းမှု

စတဲ့ နည်းလမ်းတွေဖြင့် ငွေကြေးတိုးမြှင့်ဆောင်ရွက်ပြီး လုပ်ငန်းကို အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်ဖို့ ကြိုးစားဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ Financing ငွေကြေးတိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ. . .

- ရေတို၊ ရေရှည်စဉ်းစားမှုဖြင့် ငွေကြေးတိုးမြှင့်နည်းလမ်းများအား ရွေးချယ်ဆုံးဖြတ်ပါ။
- ငွေကြေးရင်းနှီးမြှုပ်နှံမှုပိုင်း ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ပါ။
- ငွေကြေးတိုးမြှင့်မှု၊ သုံးစွဲမှုအစီအစဉ်များရေးဆွဲပြီး ငွေကြေးရှာဖွေတိုးချဲ့ပါ။

ယခုဖော်ပြသော နည်းလမ်းများဖြင့် ငွေကြေးတိုးမြှင့်ပြီး လုပ်ငန်းတိုးချဲ့မှုများကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

**(၆) Business Expansion** (စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း)

ကုမ္ပဏီတစ်ခု အောင်မြင်လာသည်နှင့်အမျှ ကုမ္ပဏီခွဲတစ်ခုတပ်ဖြစ်အောင် ကြိုးစားသလို ဌာနတွေထပ်ပြီး တိုးချဲ့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဈေးကွက်နေရာများတိုးချဲ့ခြင်း၊ ဝန်ထမ်းအင်အား တိုးချဲ့ခြင်း၊ လုပ်ငန်းခွဲများ တိုးချဲ့ခြင်းဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ လုပ်ငန်းတိုးချဲ့မှု နည်းလမ်းများစွာထဲမှ Franchise လုပ်ငန်းခွဲများပေးခြင်း၊ Distributor ကိုယ်စားလှယ်များပေးခြင်း၊ Partner လုပ်ကိုင်ဖက်များချိတ်ဆက်ပြီး စီးပွားရေးလုပ်ငန်းအား တိုးတက်အောင်မြင်တိုးချဲ့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စီးပွားရေးတိုးချဲ့ဆောင်ရွက်မှု နည်းလမ်းများ----

- လုပ်ငန်းနည်းစနစ်များတည်ဆောက်ပြီး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ပါ။

➢ လုပ်ငန်းတိုးချဲ့မှု **Franchise, Distributor** များဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ပါ။

➢ တိုးချဲ့ထားသော လုပ်ငန်းများအား အရှည်အသွေးထိန်းသိမ်းဆောင်ရွက်ပါ။

ဖော်ပြထားသော နည်းလမ်းများအတိုင်းကြိုးစားသွားခြင်းဖြင့် တိုးချဲ့အောင်မြင်သော လုပ်ငန်းများစွာကို ဖန်တီးဦးဆောင်နိုင်သွားမှာဖြစ်ပါတယ်။

(၇) **Business Millionaire** စီးပွားရေး မီလျံနာလုပ်ငန်းစုနိုင်မာထူထောင်ခြင်း

Man, Money, Market ဝန်ထမ်း၊ ငွေကြေး၊ ဈေးကွက်အားလုံး အခိုင်အမာ တည်ဆောက်ပြီး အောင်မြင်သော မီလျံနာ စီးပွားရေးလုပ်ငန်းတစ်ခုကို ဖန်တီးသွားနိုင်ပြီဖြစ်ပါတယ်။ မီလျံနာစီးပွားရေးလုပ်ငန်းစုဖြစ်လာသည်နှင့်အမျှ တခြားသော ဆက်နွယ်နေသော လုပ်ငန်းခွဲများကို ပူးတွဲရင်းနှီးမြုပ်နှံပြီး ခိုင်မာသော လုပ်ငန်းစုကြီးဖြစ်ဖို့ ကြိုးစားဖန်တီးရမှာဖြစ်ပါတယ်။ မီလျံနာလုပ်ငန်းစု များအနေဖြင့် လက်ရှိလုပ်ငန်းကို ခိုင်မာစွာဖန်တီးဖို့နဲ့၊ အလားအလာကောင်းသော လုပ်ငန်းများကို ဆက်လက်တိုးချဲ့ဖန်တီးသွားဖို့လိုအပ်မှာဖြစ်ပါတယ်။

> *စိတ်မှ*
> *ယုံကြည်စွာမြင်ယောင်လိုက်ပါ*
> ***I am Millionaire***
> *(ငါသည် မီလျံနာဖြစ်၏)*
> *နှုတ်မှအခိုင်အမာ*
> *ရေရွတ်ပြောဆိုလိုက်ပါ။*
> ***I am Millionaire***
> *(ငါသည် မီလျံနာဖြစ်၏)*
> *ကိုယ်မှ လက်ဆန့်ပြီး*
> *တမ္ဘာကြီးကိုတိုင်တည်ပါ။*
> ***I am Millionaire*** *(ငါသည် မီလျံနာဖြစ်၏)*

မီလျံနာ လုပ်ငန်းရှင်များအနေဖြင့် Money make Money (ငွေကိုငွေဖြင့်ရှာဖွေသည့်) Investment ရင်းနှီးမြှုပ်နှံမှုတွေကို မိမိနဲ့ဆက်သွယ်နေသော စီးပွားရေးလုပ်ငန်းခွဲများစွာမှာ ရင်းနှီးမြှုပ်နှံပြီး မီလျံနာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ဖန်တီးသွားနိုင်ပါတယ်။

မီလျံနာစီးပွားရေးလုပ်ငန်းများအတွက် နည်း လမ်းများ. . .

- လုပ်ငန်း၏ **ROI** အလိုက် လုပ်ငန်းသစ် ငွေကြေးရင်းနှီးမြှုပ်နှံများကို တိုးချဲ့ဆောင်ရွက်ပါ။

- မီလျံနာစီးပွားရေးအဆင့် လူ၊ ငွေ၊ ဈေးကွက်များကို နည်းစနစ်ဖြင့် နိုင်မာစွာတည်ဆောက်ပါ။

- ရေရှည်စီမံကိန်းများနှင့်အတူ မီလျံနာစီးပွားရေးအဆင့်ကို ထိန်းသိမ်းဆောင်ရွက်သွားပါ။

ဖော်ပြထားသော မီလျံနာစီးပွားရေးလုပ်ငန်းအဆင့်များကို ဖန်တီးသွားနိုင်ပြီး အောင်မြင်တိုးတက်သော Business Millionaire အဖြစ် ရပ်တည်ကြီးစားသွားနိုင်မှာဖြစ်ပါတယ်။

စီးပွားရေးစတင်မှုမှသည် မီလျံနာစီးပွားရေးအဆင့်ဆင့်ကြီးစားပုံစံကို အနှစ်ချုပ်လိုက်ရင် (7 Steps of Business Millionaire) ပုံစံဖြင့် အဆင့်ဆင့်ကြီးစားသွားနိုင်ဖို့ လမ်းညွှန်အကြံပြုလိုက်ပါတယ်။

*စိတ်မှ ယုံကြည်စွာမြင်ယောင်လိုက်ပါ. . .*

***I am Millionaire*** *(ငါသည် မီလျံနာဖြစ်၏)*

*နှုတ်မှ အခိုင်အမာ ရေရွတ်ပြောဆိုလိုက်ပါ. . .*

***I am Millionaire*** *(ငါသည် မီလျံနာဖြစ်၏)*

*ကိုယ်မှ လက်ဆန့်ပြီး ကမ္ဘာကြီးကိုတိုင်တည်ပါ. . .*

***I am Millionaire*** *(ငါသည် မီလျံနာဖြစ်၏)*

YES! I AM MILLIONAIRE . . . YES! I AM MILLIONAIRE . . . YES! I AM MILLIONAIRE

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Like to Do and Love to Do

(အလုပ်ကိုကြိုက်နှစ်သက်ခြင်းနှင့် အလုပ်အပေါ် ချစ်မြတ်နိုးခြင်း **ဥပဒေသ)**

**Management is Like to Do**

**(စီမံခန့်ခွဲမှုဆိုတာ အလုပ်အပေါ်မှာ ကြိုက်နှစ်သက်ခြင်းဖြစ်ပြီး)**

**Leadership is Love to Do**

**(ဦးဆောင်မှုဆိုတာ အလုပ်အပေါ်မှာ ချစ်မြတ်နိုးတန်ဖိုးထားခြင်း ဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***“အလုပ်အပေါ်မှာ ကြိုက်နှစ်သက်ဖို့လိုအပ်သလို***

***အလုပ်ကို ချစ်မြတ်နိုးတန်ဖိုးထားဖို့လည်း လိုအပ်တယ်”***

# အောင်မြင်တိုးတက်သော လုပ်ငန်းများအတွက်
# (မဟာဗျူဟာ ၁၀-ချက်)



“ထူးချွန်သော
ခေါင်းဆောင်မှုရှိဖို့
လိုသလို အောင်မြင်သော
အဖွဲ့အစည်းဖြစ်ဖို့
အရေးအကြီးဆုံးပဲ”

၂၀၁၈ ဟာ မြန်မာ့နိုင်ငံစီးပွားရေးအရ အလားအလာကောင်းများစွာ ဖြစ်လာနိုင်ပါတယ်။ CLMV နိုင်ငံတွေ AEC စတင်လာမှု၊ SMEs လုပ်ငန်းတွေ ပွံ့ပိုးလာမှု၊ FDI နိုင်ငံခြားလုပ်ငန်းများ ဝင်ရောက်လာနိုင်မှု၊ Competitive ခေတ်ပြိုင် စီးပွားရေးပုံစံဖော်ဆောင်လာမှုတွေဖြစ်လာနိုင်ပါတယ်။ ဈေးကွက်စီးပွားရေးတိုးတက်လာမှု ယခင် (၃) နှစ်နဲ့ ယခု အနေအထားကို ပြန်လည်သုံးသပ်လျှင် ခရီးသွားလာရေး၊ အင်တာနက်၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ပညာရေး၊ စားသောက်ကုန် လုပ်ငန်းများစွာဟာ (%) အားဖြင့် များစွာ တိုးတက်လာတာတွေ့နိုင်မှာဖြစ်ပါတယ်။ နောင်မှာလည်း များစွာတိုးတက်လာဖွယ်ရှိနေပါတယ်။ ဒီအတွက် ပြင်ဆင်ထားမှုဟာ လိုအပ်လာနိုင်မှာဖြစ်ပါတယ်။

တဖက်မှာ စီးပွားရေးတိုးတက်လာသလို၊ တဖက်မှာလည်း ခေတ်ပြိုင် တိုးတက်မှုရှိလာနိုင်မှာဖြစ်လို့ စီးပွားရေး လုပ်ငန်းရှင်တွေ၊ စွန့်ဦးတီထွင်သူတွေ၊ လုပ်ငန်းပိုင်း စီမံခန့်ခွဲနေသူတွေ အားလုံးအတွက် ကျွန်တော်ရဲ့ ကုမ္ပဏီအကြံပေး အတွေ့အကြုံတချို့မှ Company Development လုပ်ငန်းစဉ်များမှ ပြင်ဆင် ထားသင့်တဲ့ အချက် (၁၀) ချက်ကို အကြံပြုဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**(၁) ကုမ္ပဏီ၏ ရေရှည်ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ရေးဆွဲ ပြင်ဆင်ထားရန်**

- လက်ရှိလုပ်ငန်းတိုးချဲ့မှုနဲ့ နောင်နှစ်တွေရဲ့ လုပ်ငန်းရည်မှန်းချက်၊ ပန်းတိုင်တွေကို သတ်မှတ်ရေးဆွဲပြီး၊ မဟာဗျူဟာ အစီအစဉ်တွေ၊ ပြီးမြောက်ရ မယ့် ရာထားချက်တွေနဲ့ Business Plan ကို ကြိုတင်ရေးဆွဲထားဖို့ လိုအပ်လာ နိုင်ပါတယ်။

**(၂) ဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက် SOP လမ်းညွှန်ချက်များ ထားရှိပေးရန်**

- လုပ်ငန်းရည်ရွယ်ချက်ပြီးမြောက်အောင်မြင်ဖို့ ဌာနတခုချင်းရဲ့ Standard Operation Procedure (SOP) လမ်းညွှန်ချက်တွေ၊ လုပ်ဆောင်ရ မယ့် တာဝန်ဖော်ပြချက်တွေ၊ ဝန်ထမ်းရေးရာ လမ်းညွှန်ချက်တွေကို ပြင်ဆင် ရေးဆွဲပြီး စနစ်တကျလည်ပတ်နိုင်ဖို့ စီမံဆောင်ရွက်မှုတွေ လိုအပ်လာနိုင် ပါတယ်။

**(၃) ကုမ္ပဏီလုပ်ငန်းလည်ပတ်မှုအား Frame ပုံစံ ရေးဆွဲပုံဖော်ပြ ထားပေးရန်**

- လုပ်ငန်းလည်ပတ်မှု Supplier ထောက်ပံ့မှုအပိုင်း၊ Financial

ငွေကြေးအပိုင်း၊ Market ဈေးကွက်ဖော်ဆောင်မှုအပိုင်း၊ လုပ်ငန်းစီးဆင်းလည်ပတ်နေတဲ့ Supply Chain ဆောင်ရွက်မှုတွေကိုလည်း လုပ်ငန်းတခုလုံးကို ဖော်ပြထားတဲ့ Frame ပုံစံရေးဆွဲထားပြီး ပြင်ဆင်ထားဖို့လိုအပ်မှာဖြစ်ပါတယ်။

(၄) ငွေကြေး ရင်းနှီးမြုပ်နှံမှုနှင့် အကျိုးအမြတ်ရရှိမှုများအား ရာထားချက်ထားရှိရန်

- လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံမှု Investment မြှင့်တင်ဖို့၊ လုပ်ငန်းသစ်များ စတင်ဖို့၊ အကျိုးအမြတ်ရနိုင်တဲ့ နည်းလမ်းများတိုးချဲ့ဖို့၊ စီမံချက်အလိုက် ပြီးမြောက်ရမဲ့ ရာထားချက်များ ထားရှိပြီး၊ အခွင့်အလမ်းရှိတဲ့ လုပ်ငန်းတွေကို ငွေကြေးရင်းနှီးမြုပ်နှံမှု တိုးချဲ့ပြင်ဆင်ထားသင့်ပါတယ်။

(၅) လုပ်ငန်း၏ အတွင်းပိုင်း-အပြင်ပိုင်း **SWOT** ဆန်းစစ်မှုများ သုံးသပ်ပြုလုပ်ပေးရန်

- လုပ်ငန်းအတွင်းတိုးတက်မှုဖြစ်တဲ့ (S) အားသာချက်၊
- (W) အားနည်း ချက်တွေ သုံးသပ်ပြင်ဆင်ပြီး၊
- လုပ်ငန်းအပြင်ပိုင်း တိုးတက်မှုရှိစေတဲ့ (O) အခွင့် အလမ်း၊
- (T) အတားအဆီး စိန်ခေါ်မှုတွေကိုလည်း ပုံမှန် သုံးသပ်ပြင်ဆင်ထားပြီး လုပ်ငန်းတိုးတက်ရေးသို့ အာရုံစိုက်ပြီး ပြင်ဆင်ထားသင့်ပါတယ်။

(၆) ခေတ်ပေါ် **Tech** နည်းပညာများ ပေါင်းစပ်ပြီး လုပ်ငန်းမြန်ဆန် တိုးတက်စေရန်

- လုပ်ငန်းတိုးတက်မြန်ဆန်ဖို့ ငွေကြေးအပိုင်း၊ ဝန်တမ်းအပိုင်း၊ ဈေးကွက်ထိုးဖောက်မှုအပိုင်း ပေါ်ပေါက်လာတဲ့ ခေတ်မှီနည်းပညာများ အသုံးချပြီး လူ့အင်အား၊ နည်းပညာအားများတိုးချဲ့ပြီး လုပ်ငန်းတိုးတက်မြန်ဆန်မည့်

နည်းလမ်းများရှာဖွေပေါင်းစပ်ပြီး ပြင်ဆင်ထားသင့်ပါတယ်။

(၇) လုပ်ငန်းအဆက်အသွယ်များ ချိတ်ဆက်ရှာဖွေပြီး လုပ်ငန်းချဲ့ထွင်ဆောင်ရွက်ရန်

- လုပ်ငန်းတိုးတက်ဖို့ လုပ်ငန်းတိုးချဲ့ဖို့ လိုအပ်လာမှီ ဈေးကွက်အခွင့်အလမ်းသစ်များ၊ လုပ်ငန်းမိတ်ဖက်အသစ်များ၊ စီးပွားရေးအခွင့်အလမ်း အသစ်များချိတ်ဆက်ရှာဖွေပြီး လုပ်ငန်းများ ယခင်ထက် တိုးချဲ့နိုင်ရန် ပြင်ဆင်ထားသင့်ပါတယ်။

**စီးပွားရေးအခွင့်အလမ်းတိုးတက်လာမှု အခွင့်အရေးနဲ့ လုပ်ငန်းမဟာဗျူဟာ ပြင်ဆင်ရေးဆွဲမှု၊ ဆန်းသစ်ပုံဖော်မှုဖြင့် ပေါင်းစပ်ပြီး စီးပွားရေး အောင်မြင်မှုသို့ ဖန်တီးလာနိုင်မှာဖြစ်ပါတယ်. . .**

(၈) ကုမ္ပဏီ၏ **Client** များ၊ ဖောက်သည်များအား ပုံမှန်ဝန်ဆောင်မှုများ ထားရှိစေရန်

- လုပ်ငန်းအောင်မြင်တိုးတက်မှုအတွက် အစဉ်အားပေးနေတဲ့ Supplier များ၊ ဖောက်သည်ကြီးများ၊ Customer များအား အစဉ်ဝန်ဆောင်မှုပေးနိုင်ရန် နည်းလမ်းများအား ရွေးချယ်သတ်မှတ်ပြီး လုပ်ငန်းပုံမှန် တိုးတက်မှုသို့လည်း ပြင်ဆင်ဆောင်ရွက်ထားသင့်ပါတယ်။

(၉) ကုမ္ပဏီ၏ ပုံရိပ်တိုးတက်မှု လူမှုအကျိုးပြု **CSR** ပုံစံဖြင့် ရေရှည်ဆောင်ရွက်နိုင်ရန်

- ခေတ်ပြိုင်ဖြစ်လာတာနဲ့အမျှ ဖောက်သည်များအား ထိန်းသိမ်းထားမှု၊ ပိုမိုတန်ဖိုးပေးမှုတွေဟာ လိုအပ်လာနိုင်တာမို့၊ လူမှုတာဝန်ကျေသော စီးပွား ရေးနှင့် ရေရှည်ခံစီးပွားရေးသို့ ဆောင်ရွက်နိုင်ဖို့ လူမှုအကျိုးပြု CSR လုပ်ငန်း များကိုလည်း ပြင်ဆင်ဆောင်ရွက်သင့်ပါတယ်။

(၁၀) အောင်မြင်တိုးတက်သော လုပ်ငန်းများ၏ နည်းစနစ်များအား ပေါင်းစပ်စီမံခန့်ခွဲနိုင်ရန်

- အောင်မြင်သော လုပ်ငန်းများမှာ အောင်မြင်တဲ့ လျို့ဝှက်စီမံနည်းများ ရှိတာမို့၊ တိုးတက်အောင်မြင်နေတဲ့ လုပ်ငန်းကြီးများရဲ့ နည်းစနစ်ကောင်းများ၊ မဟာဗျူဟာများ၊ အားသာချက်များအား ပေါင်းစပ်လျှက် မိမိလုပ်ငန်းလည်း တိုးတက်အောင်မြင်သော လုပ်ငန်းစုများဖြစ်လာဖို့ ပြင်ဆင်ထားသင့်ပါတယ်။

**လူများယုံကြည်မှုရဖို့ ကိုယ့်ကိုယ်ကိုယ် အရင်ယုံကြည်။**
**ကောင်းကောင်းရေးဖို့ ကောင်းကောင်းစိတ်ကူး ကောင်းကောင်းပြော။**

(Anon)

ကုမ္ပဏီအကြီးပေး အတွေ့အကြုံတချို့နဲ့ လေ့လာခဲ့သမျှ လုပ်ငန်းတိုးတက် စေမယ့် နည်းလမ်းတချို့အား ပေါင်းစပ်ဖော်ပြထားခြင်းဖြစ်လို့ ယခုတင်ပြထား ချက် (၁၀) ချက်ဟာ လုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုအဆင့်များအနေဖြင့် များစွာ တန်ဖိုးရှိစေမှာဖြစ်ပါတယ်။ စီးပွားရေး လုပ်ငန်းများ အောင်မြင်ခြင်းဟာ ယခု အချက် (၁၀) ချက်ဟာ အားသာချက်ကြောင့်သာဖြစ်ပါတယ်။

စီးပွားရေးအခွင့်အလမ်းတိုးတက်လာမှု အခွင့်အရေးနဲ့ လုပ်ငန်းမဟာဗျူဟာ ပြင်ဆင်ရေးဆွဲမှု၊ ဆန်းသစ်ပုံဖော်မှုဖြင့် ပေါင်းစပ်ပြီး စီးပွားရေးအောင်မြင်မှုသို့ ဖန်တီးလာနိုင်မှာဖြစ်ပါတယ်။

အနာဂတ်အခွင့်အရေးဆိုတာ ပြင်ဆင်ထားသူများအဖို့ အဆင်သင့်ဖြစ်လာနိုင်ပါတယ်။

*မြန်မာ့စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသို့ အားပေးလျှက်*

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# ကမ္ဘာကျော် လုပ်ငန်းတွေ Franchise ဘယ်လိုထူထောင်ကြသလဲ




တစ်ဦးတည်းဦးဆောင် ကြိုးစားမှုဟာ လုပ်ငန်းခဏတာ အောင်မြင်မှုဖြစ်ပြီး အများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းက ရေရှည်အောင်မြင်ဖို့ ဖြစ်တယ်

ယနေ့ခေတ် ကမ္ဘာမှာ နိုင်ငံအနှံ့ကို ဈေးကွက်ဖြန့်ကျက်ထိုးဖောက်နေတဲ့ KFC, Burger King, Mc Donald's, Pizza Hub စတဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ အဓိက မဟာဗျူဟာတွေဟာ (Franchise - လုပ်ငန်းခွဲ) ပေးခြင်းပဲဖြစ်ပါတယ်။ ဘာကြောင့် ယနေ့ခေတ် ကမ္ဘာကျော် Brand တွေ ဖြစ်လာသလဲဆိုရင် ဈေးကွက်မဟာဗျူဟာကြောင့်ဖြစ်ပါတယ်။ Strategy ဆိုတာ ဈေးကွက်အပေါ် မမူတည်ပါဘူး၊ ဖန်တီးမှုအပေါ်မှာသာ မူတည်ပါတယ်၊ ဖြစ်နေတဲ့ ဈေးကွက်အခြေအနေကို ဘယ်လို ထိုးဖောက်ဝင်ရောက်ပြီး အောင်မြင်ဖို့ ဖန်တီးမလဲဆိုတာ Strategy ရဲ့ ဖော်ဆောင်မှုပင်ဖြစ်ပါတယ်။

ယနေ့ခေတ် ဘာကြောင့် ကမ္ဘာကျော် အမှတ်တံဆိပ်တွေက Franchise လုပ်ငန်းတွေကို ထူထောင်ပြီး၊ အကျိုးကျေးဇူးတွေ ဘာတွေဖြစ်လာသလဲဆိုတဲ့ အချက်တွေကတော့-

လုပ်ငန်းခွဲပေးသည့် စီးပွားရေးလည်း ပိုမိုတိုးတက်သလို၊ လုပ်ငန်းခွဲယူသည့် Franchisee မှာလည်း လုပ်ငန်းစတင်မှု အခက်အခဲများ၊ ဈေးကွက်ကျရှုံးနိုင်မှု အခြေအနေများ လုံးဝမရှိတော့ပဲ၊ အောင်မြင်မှုရရှိပြီးသော လုပ်ငန်းမဟာဗျူဟာဖြင့် အဆင့်သင့်ဆောင်ရွက်နိုင်မှု အားသာချက်များ။ ROI လုပ်ငန်းအကျိုးအမြတ် အချိန်တိုအတွင်းရရှိနိုင်မှု၊ ဈေးကွက်ဝယ်လိုအား ပိုမိုရရှိနိုင်မှုနှင့် ဖောက်သည်များ ပိုမိုယုံကြည်မှုရှိခြင်းနှင့် ရေရှည်စီးပွားရေးပုံစံသို့ Brand, System, Partner အားလုံး၏ တပြိုင်တည်းဈေးကွက်ထိုးဖောက်မှုဖြင့် လုပ်ငန်းတိုးတက်မှုသို့ သေချာပေါက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

Franchise Business (လုပ်ငန်းခွဲတွေ ဘယ်လိုထူထောင်ကြသလဲ) အဓိက (အချက် - ၃ ချက်) ကို လေ့လာပြီး ဖန်တီးတည်ဆောက်ရမှာ ဖြစ်ပါတယ်။

(၁) Franchising - လုပ်ငန်းခွဲထောင်မှုကို ဘယ်လိုစနစ်များနှင့် လည်ပတ်မလဲဆိုတဲ့ လုပ်ငန်းပုံစံရှိခြင်း

(၂) Franchisor - လုပ်ငန်းခွဲပေးမည့် ပင်မစီးပွားရေး ပိုင်ရှင်မှ လုပ်ငန်းစနစ်များ လမ်းညွှန်ထားရှိခြင်း

(၃) Franchisee - လုပ်ငန်းခွဲယူမည့်သူမှ လိုက်နာဆောင်ရွက်မည့် သဘောတူညီမှုများထားရှိခြင်း

Franchise လုပ်ငန်းတခု အောင်မြင်မှုဆိုရာမှာ Franchising စနစ်တွေရော၊ Franchisor လုပ်ငန်းပိုင်ရှင်၏ လမ်းညွှန်မှုရော၊ Franchisee လုပ်ငန်းခွဲ

ယူမည့်သူ၏ လုပ်ငန်းဖော်ဆောင်မှု စတဲ့ အချက် (၃-ချက်) မှာ (ပေါင်းစပ်အား သာချက်)ဖြစ်မှသာ အောင်မြင်မှုဖြစ်ပါတယ်။

Franchise Business (လုပ်ငန်းခွဲတွေ ထူထောင်သည့်အခါ)Franchisor လုပ်ငန်းပိုင်ရှင်နှင့် Franchisee လုပ်ငန်းခွဲယူမည့်သူအကြား အခြေခံရှိထား သင့်တဲ့ အချက်များ

- Franchise System (လုပ်ငန်းခွဲထူထောင်မည့် စနစ်များကို ရေးဆွဲ လမ်းညွှန်ခြင်း)
- Franchise Partner (လုပ်ငန်းခွဲထူထောင်မည့် လုပ်ကိုင်ဖက်ကို ရွေးချယ်ခြင်း)
- Franchise Rules (လုပ်ငန်းခွဲထူထောင်မည့် စည်းကမ်းများ သတ် မှတ်ခြင်း)
- Franchise Share (လုပ်ငန်းခွဲထူထောင်မည့် အကျိုးအမြတ်များ သတ်မှတ်ခြင်း)
- Franchise Control KPI (လုပ်ငန်းခွဲထူထောင်မည့် ထိန်းချုပ်မှုပိုစံ အောင်မြင်မှုစံနှုန်းများရှိခြင်း)
- Franchise Contract (လုပ်ငန်းခွဲထူထောင်မည့် စာချုပ်စာတမ်းများ ထားရှိခြင်း)

စတဲ့ အခြေခံကျသော Franchise လုပ်ငန်းခွဲထူထောင်မှုဆိုင်ရာ (နည်းစနစ်များ၊ အကျိုးအမြတ် ခွဲဝေမှုများ၊ စည်းကမ်းများ၊ စာချုပ်များ၊ လုပ်ငန်းထိန်းချုပ်မှု) စတဲ့အချက်များကို ကျွန်တော်တို့၏ (MESI Franchise) လုပ်ငန်းခွဲများ ထူထောင်ခဲ့မှု အတွေ့အကြုံများကို အခြေခံပြီး (တခြားသော Franchise ထူထောင်သူများ) အတွက် ပြန်လည်မျှဝေတင်ပြပေးခြင်းဖြစ်ပါတယ်။

နောင်မှာ များစွာတိုးတက်လာတော့မဲ့ အနာဂတ်စီးပွားရေးအခွင့်အလမ်း များစွာမှာ အောင်မြင်တဲ့ လုပ်ငန်းများကို ထူထောင်ပြီး လုပ်ငန်းခွဲပေးမည့် Franchisor သူတွေအတွက်၊ တခြားသော အောင်မြင်တဲ့ လုပ်ငန်းခွဲများယူပြီး စီးပွားရေးလုပ်မည့် Franchisee သူတွေ အတွက် ယခုတင်ပြထားတဲ့ Franchising လုပ်ငန်းခွဲထူထောင်မှု နည်းလမ်းတွေဟာ (အနာဂတ်) မှာ များစွာ အသုံးဝင်လာမှာပါ။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Big Size and High Speed

**(အလုပ်အရွယ်အစားကြီးခြင်းနှင့် အလုပ်တိုးတက်မှုနှုန်းမြန်ခြင်း ဥပဒေသ)**

**Management is try to Big Size**
**(စီမံခန့်ခွဲမှုဆိုတာ အလုပ်၏ အရွယ်အစားကြီးဖို့ ကြိုးစားပြီး)**

**Leadership is try for High Speed**
**(ဦးဆောင်မှုဆိုတာ အလုပ်၏ တိုးတက်မှုနှုန်း မြန်ဆန်ဖို့ ကြိုးစားခြင်း ဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**
***“အလုပ်ရဲ့ အရွယ်အစားကြီးဖို့လိုအပ်သလို***
***အလုပ်ရဲ့ တိုးတက်မှုနှုန်းမြန်ဆန်ဖို့ ကြိုးစားဖို့လည်း***
***လိုအပ်တယ်”***

# နိုင်ငံခြားနဲ့ ဘယ်လိုပုံစံ လုပ်ငန်းပေါင်းစည်းဆောင်ရွက်နိုင်ပြီလဲ



"လုပ်ငန်းများ **Synergy** ဖြစ်အောင်လုပ်ခြင်း (၁+၁=၃) ဖြစ်တဲ့ သဘောပါပဲ"

အိမ်နီးချင်းမှာ တိုးတက်သွားတဲ့ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှာတော့ ပြည်တွင်းလုပ်ငန်းများနှင့် နိုင်ငံခြားလုပ်ငန်းများ JV လုပ်ငန်းများစွာကြောင့် စီးပွားရေးအရ များစွာတိုးတက်ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးမှုကို ဖန်တီးနိုင်တာတွေ့ရပါတယ်။ သဘောမှာ သူ့မှာမရှိတာ ကိုယ့်မှာရှိတာနဲ့ပေါင်းခြင်း၊ ကိုယ့်မှာမရှိတာကို သူ့မှာရှိတဲ့အရာနဲ့ပေါင်းစပ်ပြီး လုပ်ငန်းများ Synergy ဖြစ်အောင်လုပ်ခြင်း (၁+၁ = ၃) ဖြစ်တဲ့ သဘောပါပဲ။ အနာဂတ် မြန်မာနိုင်ငံမှာလည်း များစွာအလားအလာကောင်းတဲ့ စီးပွားရေးဖော်ဆောင်မှု ဖြစ်လို့ စွန့်ဦးတီထွင်သူများ၊ လုပ်ငန်းရှင်များအတွက် လေ့လာထားသင့်သလို ပြင်ဆင်ထားနိုင်ဖို့ အကြံပြုပါတယ်။

**Joint Venture (JV)** လုပ်ငန်းများကို ဘယ်လိုပေါင်းစည်း လုပ်ကိုင်နိုင်သလဲ-

တဦးချင်းဖြစ်စေ၊ လုပ်ငန်းချင်းဖြစ်စေ၊ လုပ်ငန်းတဖက်မှ နည်းပညာ၊ ငွေကြေး၊ မဟာဗျူဟာ နှင့် တခြားတဖက်မှ လုပ်အား၊ ဈေးကွက်၊ စီမံမှုဖြစ်စေ ငွေကြေးများပေါင်းစည်းခြင်း၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပေါင်းစည်းလုပ်ကိုင်ခြင်း၊ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ငန်းများပေါင်းစည်းလုပ်ကိုင်ခြင်း၊ New Business စီးပွားရေးလုပ်ငန်းအသစ်များတိုးချဲ့လုပ်ကိုင်ခြင်းဖြင့် Joint Venture (JV) လုပ်ငန်းများကို အိမ်ရှင်နိုင်ငံလုပ်ငန်းများနှင့် ဧည့်သည်နိုင်ငံခြားလုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။

> **စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်မှုဆိုရာမှာ စီးပွားရေးလုပ်ငန်းစဉ်ရဲ့ (ထုတ်လုပ်မှု)၊ (တုန်သွယ်မှု)၊ (ဝန်ဆောင်မှု) ဟုဆိုသော စီးပွားရေးလုပ်ငန်းများ လိုအပ်သော နည်းပညာ၊ ငွေကြေးများ ပေါင်းစည်းခြင်းဖြင့် လုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုပင် ဖြစ်ပါသည်**

**Joint Venture (JV)** လုပ်ငန်းများအတွက် လိုအပ်မည့် သဘောတူညီချက်များ တချို့မှာ ဘာတွေညှိနှိုင်း သင့်သလဲ-

Objectives & Structure ပူးပေါင်းဆောင်ရွက်မှုရည်ရွယ်ချက်နဲ့ နှစ်ဦးနှစ်ဖက်ပါဝင်ရမယ့် ဖွဲ့စည်းမှုပုံစံ ညှိနှိုင်းဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ၏ JV သဘောအရ အများစုသော လုပ်ငန်းများဟာ (၄၉ % - ၅၁ %) ပုံစံနဲ့ သဘောတူဆောင်ရွက်ကြပါတယ်။

Business Plan & Appraisal လုပ်ဆောင်မည့် စီးပွားရေးအစီအစဉ်နှင့် အတူ၊ တင်ပြချက် အဆိုပြုချက်များ၊ လုပ်ဆောင်မည့် အစီအစဉ်များနှင့် လုပ်ငန်း

စဉ်များကိုလည်း ပါဝင်ညှိနှိုင်းဖို့ လိုအပ်ပါတယ်။

**Due Diligence** လုပ်ငန်းဆောင်ရွက်မှု ညှိနှိုင်းသဘောတူချက်များ၊ လိုအပ်သော စာရွက်စာတမ်းများ၊ နည်းဥပဒေများ၊ စစ်ဆေးဆောင်ရွက်မှုနှင့် သဘောတူညီချက်များ ပါဝင်ဖို့လိုအပ်တယ်။

**Management and Responsibility** လုပ်ငန်းနှစ်ဦးနှစ်ဖက် တာဝန်ယူမည့်သူ၊ BOD ဖွဲ့စည်းပုံစံများနှင့် တာဝန်ယူရမည့် နှစ်ဖက်ဆောင်ရွက်ချက်များပါဝင်ဖို့လိုအပ်ပါတယ်။

**Liabilities, Losses and Shared** ငွေကြေးအသုံးပြုမှုနှင့် အကျိုးအမြတ်၊ အရှုံး၊ ပေးရန်ရှိတာဝန်များ ညှိနှိုင်းသဘောတူချက်များ ပါဝင်ဖို့လိုအပ်ပါတယ်။

**Disputes and Termination** အကြောင်းအမျိုးမျိုးကြောင့် အငြင်းပွားမှုဖြေရှင်းပုံစံများ၊ လုပ်ငန်းရပ်စဲမည့် ပုံစံများကိုလည်း ကြိုတင်သဘောတူညီဆောင်ရွက်ဖို့လည်းလိုအပ်ပါတယ်။

**Exit Strategy** ပူးပေါင်းဆောင်ရွက်မည့် JV လုပ်ငန်းပြီးဆုံးမည့်ကာလ၊ ထွက်ခွါပါက လုပ်ဆောင်ရမည့်အချက်များ၊ ကာလအလျောက် အကျိုးအမြတ်ခွဲဝေမည့် အချက်များကိုလည်း ညှိနှိုင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။

အဓိကခေါင်းစဉ်များကို ထုတ်နှုတ်ပြီး အကျဉ်းချုပ်ဖော်ပြပေးထားပါတယ်။ အသေးစိတ်ပါဝင်သင့်တဲ့ ညှိနှိုင်းမှုတွေ၊ Term အသုံးအနှုန်းတွေ၊ ဆောင်ရွက်ပုံစံအတွေအကြုံတွေကိုတော့ များစွာဖော်ပြရမှာမို့ မတင်ပြထားပါဘူး။ ဆက်လက်လေ့လာဖို့ တိုက်တွန်းအားပေးထားပါတယ်။

စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်မှုဆိုရာမှာ စီးပွားရေးလုပ်ငန်းစဉ်ရဲ့ (ထုတ်လုပ်မှု)၊ (ကုန်သွယ်မှု)၊ (ဝန်ဆောင်မှု) ဟုဆိုသော စီးပွားရေးလုပ်ငန်းများ လိုအပ်သော နည်းပညာ၊ ငွေကြေးများ ပေါင်းစည်းခြင်းဖြင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်မှုပင်ဖြစ်ပါသည်။ ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးကျေးဇူးတွေကတော့ အရင်းအနှီးရရှိမှု၊ လုပ်ငန်းတန်ဖိုးတက်မှု၊ ထုတ်လုပ်မှုအရည်အသွေးမြင့်

တက်မှု၊ နည်းပညာ အားသာမှုနှင့် ဆန်းသစ်တီထွင်မှုများဟာလည်း သိသိသာသာတိုးတက်ပြောင်းလဲလာနိုင်ပါတယ်။

မြန်မာ-ကိုရီးယား၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် JV လုပ်ငန်းများအား စီးပွားရေးအကြံပေးစဉ်မှ အတွေ့အကြုံများကို အခြေခံပြီး အားလုံးအတွက် အသုံးဝင်လျှင် ပြန်လည်အသုံးပြုနိုင်စေဖို့ တင်ပြထားပါတယ်။

တိုးတက်လာတဲ့ စီးပွားရေးထွန်းသစ်စမြန်မာနိုင်ငံအတွက် ယခုကဲ့သို့ အခွင့်အရေးများစွာဖြစ်လာနိုင်တာမို့ တိုင်းဒေသကြီးများမှ မေးမြန်းထားတဲ့ စီးပွားရေးလုပ်ငန်းရှင် မိတ်ဆွေများ၏ မေးခွန်းများအတွက်လည်း ဒီအကြောင်းအရာတွေမှတဆင့် အဖြေရရှိနိုင်မှာဖြစ်တယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးလုပ်ငန်းများ အားလုံးတိုးတက်နိုင်စေဖို့ အတွေးအခေါ်အသစ်များရနိုင်ပါစေ။

*မြန်မာ့စီးပွားရေးလုပ်ငန်းများအားလုံး အောင်မြင်တိုးတက်နိုင်ပါစေ။*
*လေးစားလျက်*

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# MOU လုပ်ငန်းနှစ်ဦးသဘောတူ ဆောင်ရွက်နည်းများ



နိုင်ငံခြားနှင့် ပြည်တွင်းဖြစ်စေ ၊ လုပ်ငန်း X နှင့် လုပ်ငန်း Y လုပ်ငန်းနှစ်ခု ပူးပေါင်းဆောင်ရွက်မှုအတွက် ဖြစ်စေ၊ လုပ်ငန်းများ နှစ်ဦးသဘောတူညီမှု၊ နားလည်မှုစာချွန်လွှာ Memorandum of Understanding (MOU) ဆောင်ရွက်နည်းများကို တိုးတက်လာတဲ့ အနာဂတ်စီးပွားရေးမှာ တနေ့မဖြစ်မနေလိုအပ်လာနိုင်လို့ ကျွန်တော်အနေနဲ့ နိုင်ငံခြားလုပ်ငန်းတခုနဲ့ MOU ဆောင်ရွက်စဉ်က အတွေ့အကြုံများကို အားလုံးအတွက်အသုံးဝင်စေရန် ပြန်လည်မျှဝေထားပါတယ်။

MOU သဘောတူလက်မှတ်ရေးထိုးမှု မပြုခင်မှာDraft MOU ကို ဦးစွာပြင်ဆင်ဖို့ လိုအပ်ပါတယ်၊ လုပ်ငန်းနှစ်ဦးနှစ်ဖက် သဘောတူဆောင်ရွက်မည့်

အကြောင်းအရာ၊ ရေရှည်ဆောင်ရွက်ရမည့် နှစ်ဦးနှစ်ဖက် တာဝန်များ၊ အကျိုးခံစားခွင့်များ၊ သဘောတူညီချက်များကို အကြမ်းအားဖြင့် ပြင်ဆင်ဖို့လိုအပ်ပါတယ်၊ Draft MOU အချက်များအားလုံးကို နှစ်ဦးနှစ်ဖက် သဘောတူညီတယ်ဆိုရင်တော့ MOU နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးမှုကိုဆောင်ရွက်ကြပါတယ်။

Memorandum of Understanding (MOU) လက်မှတ်ရေးထိုးမှုမှာ အခြေခံအားဖြင့် အောက်ဖော်ပြထားတဲ့ အချက်များပါဝင်ဖို့လိုအပ်ပါတယ်။ နှစ်ဦးသဘောတူညီ ဆောင်ရွက်မည့် Company (A) AND Company ( Y )

1. ABOUT COMPANY ( X ) ကုမ္ပဏီ X ၏ လုပ်ငန်း ဆောင်ရွက်မှု အကျဉ်းချုပ်ဖော်ပြချက်။

   ---------------------------------------------------------------

2. ABOUT COMPANY ( Y ) ကုမ္ပဏီ Y ၏ လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ်ဖော်ပြချက်။

   ---------------------------------------------------------------

3. OBJECTIVE လုပ်ငန်းနှစ်ခု သဘောတူညီလက်မှတ်ရေးထိုးမှု ပူးပေါင်းဆောင်ရွက်မှု ရည်ရွယ်ချက်များ။

   ---------------------------------------------------------------

4. RESPONSIBILITIES OF Company ( X ) ကုမ္ပဏီ X မှ လုပ်ငန်းတာဝန်ယူ ဆောင်ရွက်ရမည့်အချက်များ။

   ---------------------------------------------------------------

5. RESPONSIBILITIES OF Company ( Y ) ကုမ္ပဏီ Y မှ လုပ်ငန်းတာဝန်ယူ ဆောင်ရွက်ရမည့်အချက်များ။

   ---------------------------------------------------------------

6. DURATION OF COLLABORATION လုပ်ငန်းနှစ်ခု သဘောတူညီ ဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ချက်။

---------------------------------------------------

7. RENEWAL^TERMINATION OF COLLABORATION လုပ်ငန်း ရပ်ဆိုင်းမှုဖြစ်စေ၊ အသစ်ပြန်လည် သဘောတူညီမှုဖြစ်စေ ဆောင်ရွက်မည့် အဆင့်များ။

---------------------------------------------------

8. COMPANY STRUCTURE လုပ်ငန်းနှစ်ခု ပူးပေါင်းဆောင်ရွက်မည့် ပုံစံများအနှစ်ချုပ်ဖော်ပြချက်များနှင့်အတူ

---------------------------------------------------

Attached in the Appendix 1. အသေးစိတ် ပူးတွဲဖော်ပြချက်များ ဖော်ပြလျှက် လုပ်ငန်းများအား နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ဆောင်ရွက်ကြပါတယ်။

ဖောင်ပုံစံမှာ မဖော်ပြထားတဲ့ MOU သဘောတူညီဆောင်ရွက်မည့် Key Person လုပ်ငန်းအဓိကဦးဆောင်မည့်သူများ၊ Dispute Resolution အငြင်းပါးမှု မမျှော်လင့်သော အခြေအနေများမှာ နှစ်ဦးသဘောတူ ဖြေရှင်းရမည့် နည်းလမ်းများကိုလည်း ထည့်သွင်းရေးသားရမှာဖြစ်ပါတယ်။ အချက်တခုချင်းစီမှာ ပါဝင်ရမည့် ရေးသားမှုပုံစံများ၊ နမာ အသုံးအနှုန်းများကို MOU Format အနေဖြင့် ပြင်ဆင်ပေးထားလို့ MESI Business Center အသေးစိတ်လာလေ့လာနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

MOU ပုံစံဟာ လုပ်ငန်းနှစ်ခု သဘောတူညီမှုဆောင်ရွက်နိုင်သလို၊ မိတ်ဆွေနှစ်ဦး လုပ်ငန်းများပေါင်းစပ်လုပ်ကိုင်တဲ့ အခါမှာလည်း တချို့အချက်တွေကို ပါဝင်တည့်သွင်းရေးသားပြီး အစုစပ်လုပ်ငန်းများအနေဖြင့်လည်း နှစ်ဦးသဘော

တူ ဆောင်ရွက်နိုင်မှာပဲဖြစ်ပါတယ်။ အနာဂတ်မှာ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမှုနဲ့အတူ ပြည်တွင်းအချင်းချင်းဖြစ်စေ၊ နိုင်ငံခြားလုပ်ငန်းများနှင့် ဖြစ်စေ I don't have, but other have ကိုယ့်မှာမရှိတဲ့အရာ သူမှာရှိတာနဲ့ ပူးပေါင်းပြီး ရလဒ်များ ပိုမိုဖြစ်စေပြီး MOU လုပ်ငန်းများဆောင်ရွက်မှုတွင် မြန်မာ့စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်နိုင်စေဖို့ နိုင်ငံခြားမိတ်ဖက် MOU ဆောင်ရွက်ခဲ့စဉ် အတွေ့အကြုံတချို့အား အကြံပြုရေးသားရင်းဖြင့်. . . .။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# Leadership Lesson - 2
# ခေါင်းဆောင်မှု သင်ခန်းစာ (၂)

## မိုင်ထောင်ချီခရီး တဦးတည်ပျံသန်းမလား (သို့မဟုတ်) အသင်းအဖွဲ့နဲ့ပျံသန်းမလား



"မိုင်ထောင်ချီခရီးဆိုတာ ခြေတစ်လှမ်းမှ စတင်တယ်။ အောင်မြင်တဲ့ ခရီးပန်းတိုင်ဆိုတာ ယခုစတင်ခြင်းပဲဖြစ်ပါတယ်"

ကမ္ဘာမှာ နာမည်ကြီးထင်ရှားလှတဲ့ (ဆောင်းခိုငှက်) တွေဟာ ဘာကြောင့် မိုင်ထောင်ပျံသန်းနိုင်သလဲ. . . ဆိုတဲ့ (အဖြေ) ကို ပညာရှင်များမှ သုသေသနပြု **သင်ခန်းစာယူနိုင်ရန် မှတ်တမ်းတင်ထားတာရှိပါတယ်။**

**ဆောင်းခိုငှက်တို့သည် (ဆောင်းရာသီရှိတဲ့ နိုင်ငံတစ်ခုမှ တခြားနိုင်ငံ တစ်ခုသို့) ဆောင်ခိုရန် (မိုင်ထောင်ချီ) ပျံသန်းနိုင်ကြပါတယ်တဲ့. . .**

**ဘာကြောင့် ဆောင်းခိုငှက်တွေဟာ မိုင်ထောင်ချီးခရီး ပျံသန်းနိုင်သလဲ ဆိုရင်. . .**

**(၁) ငှက်တွေဟာ အုပ်စုဖွဲ့ပြီး (မျှား) ပုံစံပမာ လေကိုခွင်းပြီး ပျံသန်းကြပါတယ်။ ဒါကြောင့် သူတို့သည် မိုင်ထောင်ချီခရီးကို ကာလရှည် ပျံသန်းစရာမလိုပဲ၊ ရက်အနည်းငယ်အတွင်းရောက်အောင် အချိန်တိုအတွင်း ခရီးပေါက်နိုင်ခြင်း ဖြစ်ပါတယ်။**

(၂) အရှေ့ဆုံးမှ ဦးဆောင်ပျံသန်းမှုကို ငှက်တစ်ကောင်တည်းမှ မဦးဆောင်စေပဲ၊ ဦးဆောင်ငှက်ဟာ မောပန်းလာချိန်မှာ နောက်မှ ဦးဆောင်နိုင်တဲ့ ငှက်တွေဟာ နေရာအစားထိုးပြီး ပျံသန်းကြခြင်းကြောင့်ဖြစ်ပါတယ်။

(၃) ဆောင်းခိုငှက်တွေဟာ စည်းလုံးညီညွတ်စွာ အုပ်စုဖွဲ့ပြီး ပျံသန်းကြပါတယ်၊ အုပ်စုဖွဲ့ပြီး တကောင်နဲ့တကောင် ဝန်းရံပြီး ညီညွတ်စွာ ပျံသန်းခြင်းကြောင့် အားလုံးလေရဲ့ဒါဏ်ကို ပိုခံနိုင်ပြီး မမောပပန်းရေရှည်ခရီး ပျံသန်းနိုင်ခြင်းပဲဖြစ်ပါတယ်။

(၄) ငှက်အချင်းချင်း တစ်ကောင်နဲ့တစ်ကောင် အားပေးပြီး ပျံသန်းကြပါတယ်၊ ခရီးတလျှောက်မှာ တစ်ကောင် မပျံနိုင်ချိန်မှာ လေကို ဝန်းရံပျံသန်းပေးပြီး တစ်ကောင်နဲ့တစ်ကောင် အတူတူအားပေးခြင်းပျံသန်းခြင်းကြောင့်ဖြစ်ပါတယ်။

(၅) မိုင်ထောင်ချီပျံသန်းကြဖို့ ဆောင်းခိုငှက်အားလုံးဟာ စတင်မှုမှသည် ခရီးဆုံးအထိ လေထန်ခက်ခဲပါစေ- စိတ်ဓါတ်ခွန်အားအပြည့်နဲ့ ပျံသန်းခြင်းကြောင့် မိုင်ထောင်ချီခရီးတွေကို အရောက်သွားနိုင်ခြင်းပင်ဖြစ်ပါတယ်။

ဒါကြောင့် ဆောင်းခိုငှက်ပမာ (မိုင်ထောင်ချီခရီးပျံသန်းဖို့) အတွက် ဦးဆောင်စီမံနေသော အဖွဲ့အစည်းတိုင်းအတွက် ခေါင်းဆောင်မှုမှာ နာမည်ကြီးတဲ့ V-Shape Leadership ဟူ၍ သင်ခန်းစာအဖြစ် ပြောင်းလဲသင်ကြားစေခဲ့ပါတယ်။

ဆောင်းခိုငှက်တွေ (များပုံစံ) လေခွင်းပျံသလို (**Strategy** - မဟာဗျူဟာ ကောင်းမွန်ဖို့လိုအပ်ပါတယ်

အလုပ်တခုအောင်မြင်မှုဟာ - Skill is 20 % - Strategy is 80 % လို့ အမေရိကန် စီးပွားရေးပညာရှင် Jim Rohn က ဆိုထားပါတယ်။ မဟာဗျူဟာ ကောင်းမွန်ခြင်းဟာ လုပ်ငန်းတွေတိုးတက်ရေးအတွက်အဓိကဖြစ်ပါတယ်။

ခေါင်းဆောင်ငှက်ဟာ (နေရာအစားထိုးသလို) **Leadership** - ခေါင်းဆောင်သူများစွာမှ ဦးဆောင်သွားဖို့လိုပါတယ်။

မှန်တန်တဲ့ ခေါင်းဆောင်မှုဆိုတာ မည်သူမဆိုပါဝင်စေခြင်းဖြင့် အချိန်တို အတွင်း အကျိုးရလဒ်ဖြစ်အောင် ဦးဆောင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ ခေါင်း ဆောင်မှုဟာ ရာထူးမဟုတ်ပဲ လုပ်ရပ်၊ ရလဒ်ဖြစ်အောင် ဖန်တီးခြင်းသာဖြစ် ပါတယ်။

ငှက်တွေဟာ အုပ်စုဖွဲ့ပြီး တစ်ကောင်နဲ့တစ်ကောင် ဝန်းရံသလို **Team-working** - အားလုံးစည်းလုံးညီညွတ်ဖို့ လိုပါတယ်။

တဦးတည်းမလုပ်နိုင်တဲ့ အရာတွေကို အဖွဲ့လိုက်ပေါင်းစပ်လုပ်ကိုင်ချိန်မှာ ပိုမိုပြီးမြောက်အောင်မြင်နိုင်ပါတယ်။ လုပ်ငန်းတခုတိုးတက်ရေးမှာ အသင်း အဖွဲ့၏ စည်းလုံးညီညွတ်မှုဟာ ရှေ့သို့ရောက်ဖို့ မဟာခွန်အားပါပဲ။

**ဝေးကွာတဲ့ မိုင်ထောင်ချီခရီးဟာ အဓိကမဟုတ်ပါဘူး။**
**ပန်းတိုင်ကို အရောက်သွားဖို့သာ အဓိကဖြစ်ပါတယ်။**
**ပြင်းပြတဲ့ စိတ်ဆန္ဒသာရှိနေလျှင် လုပ်ငန်းတွေမှာ**
**မအောင်မြင်စရာဆိုတာ မရှိနိုင်ပါဘူး**

ခရီးတလျှောက်မှ ငှက်အချင်းချင်း အားပေးကူညီကြသလို **Encou-raging** - တဦးနဲ့တဦး အားပေးကူညီဖို့လိုပါတယ်။

တဦးနဲ့တဦး အားပေးကူညီဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းမှာ အမြန် အလှန်တန်ဖိုးမျှဝေပေးနေပြီး လုပ်ငန်းအားလုံးရဲ့ ပြီးမြောက်မှုတွေဟာ ပိုမို တိုးတက်စေနိုင်ပါတယ်။

မိုင်ထောင်ချီခရီးပျံသန်းပြီး ဆောင်ခိုကြသလို **Motivation** - စိတ် ဓါတ်ပြင်းပြစွာနဲ့ ရေရှည်အောင်မြင်မှုဆီသွားဖို့လိုပါတယ်။

(ဝေးကွာတဲ့ မိုင်ထောင်ချီခရီးဟာ အဓိကမဟုတ်ပါဘူး၊ ပန်းတိုင်ကို အရောက်သွားဖို့သာ အဓိကဖြစ်ပါတယ်။ ပြင်းပြတဲ့ စိတ်ဆန္ဒသာရှိနေလျှင် လုပ်ငန်းတွေမှာ မအောင်မြင်စရာဆိုတာ မရှိနိုင်ပါဘူး။

ဒါကြောင့် (ဆောင်းခို ငှက်) တွေရဲ့ မိုင်ထောင်ချီခရီးပျံသန်းကြတဲ့ V-Shape Leadership သုသေသနအရ. . . အဖွဲ့အစည်းများအားလုံး ဦးဆောင်ရာဝယ်. . .

- Strategy - မဟာဗျူဟာ ကောင်းမွန်ခြင်း
- Leadership - ခေါင်းဆောင်မှု မှန်ကန်ခြင်း
- Team-working - အသင်းအဖွဲ့စည်းလုံးညီညွတ်ခြင်း
- Encouraging - တဦးနဲ့တဦး အားပေးခြင်း
- Motivation - စိတ်ဓါတ်ပြင်းပြစွာ ကြိုးစားခြင်း

V-Shape Leadership ပုံစံသကဲ့သို့ (ဆောင်းခိုငှက်တို့ မိုင်ထောင်ချီ ခရီးပျံသန်းမှုပမာ) အဖွဲ့အစည်းများအားလုံး ဦးဆောင်စီမံခန့်ခွဲပြီး ရည်မှန်းချက် ပန်းတိုင်များ အောင်မြင်နိုင်ကြပါစေ. . .။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့

(နေ့စဉ်ခေါင်းဆောင်စိတ်များ နှိုးကြားရေးသံမိဌါန်)



*ငါတန်ဖိုးထားသော ခေါင်းဆောင်တို့သည် ဘယ်လိုနေထိုင်ကြိုးစားခဲ့လဲ*

- ငါသည် (အကြီးအကဲ ဦးဆောင်သူဖြစ်နေလျှင်) ဘယ်လိုပြုမူကြိုးစားနေမလဲ။
- ငါသည် (အားလုံးအတွက် အမိကပုဂ္ဂိုလ်ဖြစ်နေလျှင်) ဘယ်လိုဦးဆောင်ကြိုးစားနေမလဲ။
- ငါသည် (တန်ဖိုးရှိသော လူသားတစ်ဦးဖြစ်နေလျှင်) ဘယ်လိုအသက်ရှင်နေထိုင်သွားမလဲ။

ငါသည် တန်ဖိုးရှိပြီး အားလုံးအတွက်အရေးပါသော ဦးဆောင်သူ အကြီးအကဲဖြစ်တယ်ဆိုတဲ့ စိတ်နဲ့အတူ. . .

ထူးချွန်အောင်မြင်သော ခေါင်းဆောင်တွေကို အားကျအတုယူပြီး ပြောင်းလဲတိုးတက်သော စီမံဦးဆောင်သူအဖြစ်သို့ ကြိုးစားသွားမယ်။ မျှော်မှန်းရည်ရွယ်ထားသော အောင်မြင်မှုသို့ ယုံကြည်ချက်ထားပြီး ပြောင်းလဲတိုးတက်အောင် စီမံဦးဆောင်သွားဖို့ သံမဏိ၃ါန်ပြုပါတယ်။

I am Hero – Not Zero
(ငါသည် သုညမဟုတ်၊ ရဲစွမ်းသတ္တိရှိသူဖြစ်တယ်)

***"One Leader Can Change The World"***
*"ခေါင်းဆောင်တစ်ဦးဟာ*
*ကမ္ဘာကြီးကိုပြောင်းလဲနိုင်တယ်ဆိုတဲ့ယုံကြည်စိတ်နဲ့*
*ငါသည် ကိုယ်တိုင်အတွက်၊ အများအတွက် တန်ဖိုးရှိအောင်*
*ကြိုးစားဦးဆောင်သွားမယ်"*

I am Living with Believing
(ငါ၏ ယုံကြည်ချက်တို့နဲ့ အသက်ရှင်နေထိုင်တယ်)
I Must = I Can (မဖြစ်ဖြစ်အောင်လုပ်ရင် = ငါလုပ်နိုင်ပါတယ်)
Yes! I Can Do It (ငါလုပ်နိုင်တယ်- ယုံကြည်တယ်)

ဇင်မြိုးဝိုင် (MESI)
**We Can Change** (ကျွန်ုပ်တို့ ပြောင်းလဲနိုင်ပါတယ်)

## Business Leader Level (4) – ခေါင်းဆောင်မှုအဆင့် (၄)

## Business Owner Level - စီးပွားရေးလုပ်ငန်းရှင် ဦးဆောင်မှုအဆင့်

| G (Goal) ရည်မှန်းချက် | R (Reason) အကြောင်းပြချက် | O (Opportunity) အခွင့်အလမ်းများ | W (Ways) လုပ်ဆောင်မည့်နည်းလမ်း | T (Time) အချိန်ကာလသတ်မှတ်မှု | H (Help) အချိန်ကာလသတ်မှတ်မှု |
|---|---|---|---|---|---|
| What<br>ဘာတွေဖြစ်ချင်လဲ | Why<br>ဘာကြောင့်ဖြစ်ချင်လဲ | Where<br>ဘယ်နေရာမှာရှိမလဲ | How<br>ဘယ်လိုလုပ်ဆောင်မလဲ | When<br>ဘယ်အချိန်ပြီးစီးမလဲ | Who<br>ဘယ်သူတွေမှ ကူညီမလဲ |
| ကုမ္ပဏီလုပ်ငန်းခွဲများ မြန်မာနိုင်ငံအနှံ့ တိုးချဲ့ရန် | မိမိအဖွဲ့အစည်းအတွက် စီးပွားရေးတိုးတက်မှုအတွက် အောင်မြင်သည့်များအတွက် | စီးပွားရေးအဆက်အသွယ်များ တခြားမြို့နယ်ကြီးများ အကျိုးတူပူးပေါင်းမှုများ | Business Plan ရေးဆွဲရန် မိတ်ဆွေသစ်များ ချိတ်ဆက်ရန် ဈေးကွက်သစ်များရှာဖွေရန် | ယခု(၁–နှစ်)အတွင်း မြို့ပေါင်း ......မြို့တွင် လုပ်ငန်း ထူထောင်ရန် | ပညာရှင်ဆရာသမားများ စီးပွားရေးလုပ်ငန်းရှင်များ လုပ်ဖော်ကိုင်ဖက်များ |
| ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ |


GROWTH တိုးတက်ဖွံ့ဖြိုးမှုပုံစံဖြင့် မည်သည့်ရည်မှန်းချက်များမဆို ဖော်ပြထားသောနည်းလမ်းများအတိုင်း အဆင့် (၄) Business Owner Level အဆင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်) I Can Do It (ငါလုပ်နိုင်ပါတယ်)<br>
I Must = I Can (ငါဖြစ်ဖြစ်အောင်လုပ်ရင် = ငါဖြစ်နိုင်ပါတယ်)<br>
Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)


Never Give-up ဘယ်တော့မှ အရှုံးမပေးပါနဲ့.
ဒီနေ့(၁–ရက်) ကျရှုံးခဲ့တယ်ဆိုရင်တောင်
မနက်ဖြန် (၁–ပတ်) အခွင့်အရေးရှိနေတယ်။
နောင် (၁–လ) မှာ ထပ်ကြိုးစားနိုင်ပါတယ်။
နောင် (၁–နှစ်) ဆို သင်အောင်မြင်နိုင်ပါလိမ့်မယ်။
သေချာတယ် နောင်(၁၀)နှစ်ဆို အရာရာဟာ
အောင်မြင်နေပါလိမ့်မယ်။
MESI
You Can Do It
ZIN PHYO PAING
MESI Business Institute


# အပိုင်း (၅)

# Country Leadership Level (5)




## Country Leader Level
## နိုင်ငံအဆင့် ဦးဆောင်မှုအဆင့်

*အဆင့် (၅) Country Leader Level - အများပြည်သူ နိုင်ငံနှင့် တိုင်းပြည်အတွက် ဦးဆောင်မှုအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများအတွက်) + (လုပ်ငန်းအဖွဲ့အစည်းအတွက်) + (နိုင်ငံတော်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။*



## The Law of bron Follower & born Leader

(နောက်လိုက်မွေးခြင်းနှင့် ခေါင်းဆောင်မွေးခြင်း ဥပဒေသ)

**Management is born Follower**

**(စီမံမှုဆိုတာ နောက်လိုက်တွေကို မွေးခြင်းသဘောရှိပြီး)**

**Leadership is born Leader**

**(ခေါင်းဆောင်မှုဆိုတာ ခေါင်းဆောင်တွေကို မွေးခြင်းသဘောရှိတယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**


***"နောက်လိုက်တွေမွေးဖို့ လိုအပ်သလို***

***ခေါင်းဆောင်တွေကိုလည်း မွေးထုတ်ပေးဖို့ လိုအပ်တယ်"***

# အပိုင်း (၅)

## Difference in Myanmar & Singapore

(မြန်မာ နှင့် စင်္ကာပူ ကွာခြားချက်)



မြန်မာနှင့် စင်္ကာပူနိုင်ငံကို နှိုင်းယှဉ်ပြီးလေ့လာကြည့်ရင် ဘယ်အချက်တွေကို အဓိကထားပြီး ပြောင်းလဲစီမံမလဲဆိုတာရယ်၊ လူကိုစီမံမှုနဲ့ အလုပ်တွေကို စီမံမှုဟာ ဘယ်အရာကို ဦးစားပေးစီမံဦးဆောင်မလဲဆိုတာ စင်္ကာပူတိုးတက်ခဲ့မှု သမိုင်းမှ ဦးဆောင်မှုသင်ခန်းစာရယူနိုင်ဖို့ နိုင်ငံတိုးတက်လိုသော ဆန္ဒဖြင့် တင်ပြရေးသားအကြံပြုချင်ပါတယ်။

- သဘာဝ သယံဇာတအရင်းအမြစ်မှာ. . .
  စင်္ကာပူ ကို မြန်မာက နိုင်ပါတယ်။ **We Win**

- နိုင်ငံရဲ့ အကျယ်အဝန်း ပထဝီအနေအထားမှာ. . .
  စင်္ကာပူ ကို မြန်မာက နိုင်ပါတယ်။ **We Win**

- လူဦးရေ အရေအတွက်ကို ထပ်ပြိုင်ကြည့်တယ်. . .
  စင်္ကာပူ ကို မြန်မာက နိုင်ပါတယ်။ **We Win again**

- စီးပွားရေးအချက်အချာကျမှုကို ထပ်ပြိုင်ကြည့်ပါ
  စင်္ကာပူ ထက် မြန်မာက နိုင်နေပါသေးတယ်။ **Yes, We Win...**

- ပညာတက်မှုနဲ့ ဖွံ့ဖြိုးမှုစွမ်းအားကို ပြိုင်ကြည့်မိတယ်. . .
  စင်္ကာပူပညာရေးဟာ မြန်မာပညာရေးထက် နိုင်ခဲ့ပြီ. . .
  We must Lesson ဒီအချက်ကို သင်ခန်းစာယူဖို့ပါ။

မြန်မာ - စင်္ကာပူကို (၁-ချက်) လေး ရှုံးလိုက်တာနဲ့ နိုင်ငံတနိုင်ငံလုံး ကွာခြားသွားစေပါလား. . .

> "စိန်အကြောင်းကို မသိထားသူဟာ တန်ဖိုးရှိတဲ့ စိန်လက်ထဲရှိပါစေ
> စိန်ရဲ့တန်ဖိုးလည်းမသိ၊ ကိုယ့်အတွက် တန်ဖိုးလည်းမရှိ
> အချည်းအနှီးဖြစ်သလို၊ နိုင်ငံရဲ့တန်ဖိုး ပညာရဲ့တန်ဖိုးကို မသိလျှင်
> ကိုယ့်အတွက် တန်ဖိုးမရှိသလို အရာရာကို အချည်းအနှီးဖြစ်နိုင်မှာပါ"

ပညာရေးဟာ ဒီလောက်တောင်မှ အရေးကြီးလားဆိုတာ ပိုမိုနားလည်လာခဲ့မိတယ်။ နိုင်ငံတိုးတက်ရေး ဖွံ့ဖြိုးနိုင်ဖို့ဟာ (ပညာရေးဟာ) အဓိက အောင်မြင်ရေး မဟာဗျူဟာလို့ ယုံကြည်နေမိပါတယ်။

ဒီစိတ်နဲ့ ပညာရေးတိုးတက်မှုအတွက် အားလုံးကုအားပေးချင်မိပါတယ်။

ပညာအတွက် ဝိုင်းဝန်းရင်းနှီးမြုပ်နှံပေးကြဖို့လည်း နိုင်ငံချစ်သောသူတိုင်းသို့ အားပေးချင်မိပါတယ်။

အထူးသဖြင့် လူငယ်တွေကို ပိုမိုအားပေးသင့်လာပြီ။ ယခုအပင်စိုက်ရင် နောင်အချိန်မှာ အသီးအပွင့်စားနိုင်ပါတယ်။ လူငယ်တွေကို ပြုစုပျိုးထောင်ခြင်းဟာ နိုင်ငံရဲ့ အနာဂတ်တိုးတက်ရေးပါပဲ။ (စိန်အကြောင်းကို မသိထားသူဟာ တန်ဖိုးရှိတဲ့ စိန်လက်ထဲရှိပါစေ - စိန်ရဲ့တန်ဖိုးလည်းမသိ၊ ကိုယ့်အတွက် တန်ဖိုးလည်းမရှိ အချည်းအနှီးဖြစ်သလို၊ နိုင်ငံရဲ့တန်ဖိုး ပညာရဲ့တန်ဖိုးကို မသိလျှင် ကိုယ့်အတွက် တန်ဖိုးမရှိသလို အရာရာကို အချည်းအနှီးဖြစ်နိုင်မှာပါ) နိုင်ငံမှာ တန်ဖိုးများစွာရှိပေမယ့် (အောင်မြင်မှု တန်ဖိုးကို နားမလည်သေးသမျှဟာ) အောင်မြင်မှုဆိုတာ မိမိအတွက် အကျိုးမပေးနိုင်တာမို့ အားလုံးသော တန်ဖိုးတွေကို တန်ဖိုးသိပြီး တန်ဖိုးရှိလာစေဖို့ မျှော်လင့်မိပါတယ်။

သဘာဝသယံဇာတ၊ စီးပွားရေးအချက်အချာ၊ လူ့စွမ်းအားအရေအတွက် များစွာရှိပေမယ့် (ပညာဆိုတဲ့ ဉာဏစွမ်းအား) ဖန်တီးမှုသည်သာ အောင်မြင်တိုးတက်ရေး (မဟာဗျူဟာ) ဖြစ်နေပါတယ်။

မိသားစုဝင်တိုင်းမှာ ညီကိုမောင်နှမ လူငယ်များစွာရှိနေကြပါလိမ့်မယ်။ လူငယ်တွေရဲ့ အနာဂတ်ကို ပိုမိုကောင်းစားစေလျှင်၊ သူတို့လေးတွေကို ပိုမိုချစ်မြတ်နိုးတယ်ဆိုရင်. . . (ပညာအတွက် ရင်းနှီးမြုပ်နှံပေးပါလို့ အကြံပေးပါရစေ)။

ကမ္ဘာကျော် စီးပွားရေးပညာရှင်ကြီး Jim Rohn ပြောတဲ့. . .

"သာမန်လေ့လာခဲ့ရတဲ့ ပညာရေးဆိုတာ - ဘဝအတွက် အထောက်အပံ့ပေးပြီး. . . ကိုယ်တိုင်လေ့လာနေတဲ့ ပညာရေးသည်သာ - ဘဝအတွက် ကံကောင်းခြင်းတွေကို ဖန်တီးပေးမှာပါ"။

လက်တွေ့အသုံးချ ပညာရေးစနစ်ကို ဝိုင်းဝန်းသင်ကြားဖို့လည်း အားပေးချင်မိပါတယ်။

အနာဂတ်မှာ ဘယ်လိုအခွင့်အလမ်းတွေဖြစ်လာနိုင်မလဲ. . . ? ? ?

ထိုအရာအတွက် ဘာတွေကို လေ့လာထားရမလဲဆိုတာ. . .

ဒါဟာ ပညာသင်ယူလေ့လာခြင်းရဲ့ ရည်ရွယ်ချက်ပင်ဖြစ်ပါတယ်။

အတန်းပညာကို ထူးချွန်ရုံသာမကပဲ၊ ဘဝအတွက် ပညာကိုလည်း ဆည်းပူးလေ့လာပြီး၊ လက်ရှိဘဝအခြေအနေကို အကောင်းဆုံး စီမံဦးဆောင်နိုင်သူဟာ ပညာတတ်များဟု ဆိုရမှာဖြစ်ပါတယ်။

**စင်္ကာပူနိုင်ငံ ယခင် နှင့် ယခု တိုးတက်ရခြင်း အကြောင်းများ**

ယခင်ကတော့ မြန်မာနိုင်ငံ ရန်ကုန်မြို့ကြီးကို အတုယူပြီး ထူထောင် ခဲ့တဲ့ နိုင်ငံဖြစ်ပြီး၊ ယခုအနေ အထားမှာတော့ ပြန်လည် အတုယူသင့်တဲ့ နိုင်ငံအဖြစ်ရပ်တည်နေပါပြီ။ တခါတရံမှာလည်းလည်း နောက်ကျနေတဲ့ မြန်မာနိုင်ငံရဲ့ အားသာ

ယခင် စင်္ကာပူနိုင်ငံ၏ ပုံများ
(၁၉၆၀ ခုနှစ်ခန့်)




"တိုးတက်မှု - မတိုးတက်မှုလို့ စဉ်းစားကြည့်ရင် ကျွန်တော်တို့ နိုင်ငံဟာ ရုပ်ပိုင်း ဆိုင်ရာ၊ ရေ-မြေ-သဘာဝ- အရင်းအမြစ် အားလုံးဟာ သာလွန်ပါတယ်၊ သို့သော်. . ."

ချက်ကတော့ ဖွံ့ဖြိုးပြီး/ ဖွံ့ဖြိုးဆဲနိုင်ငံကြီးတွေရဲ့ တိုးတက်မှုတွေကို အလွယ်တကူ ရရှိနိုင်တဲ့ အားသာချက်တွေတော့ ရှိမှာဖြစ်ပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံ အာရှကျား (၄) ကောင်မှာပါဝင်တဲ့ ကျွန်းနိုင်ငံငယ်လေး တစ်ခုဖြစ်တဲ့ စင်္ကာပူ၊ စီမံမှုနည်းဗျူဟာ တစ်ချို့ကို မျှဝေရေးသားပေးလိုက်ပါတယ်။ စင်္ကာပူ နိုင်ငံရဲ့ကျန် ခဲ့တဲ့ နှစ်ပေါင်း (၅၀) မြင် ကွင်းဟာ မြန်မာနိုင်ငံသကဲ့သို့ ပုံမှာပြထား တဲ့အတိုင်း စင်္ကာပူရဲ့ သ မိုင်း တစ်ချို့ ကို လေ့လာဖူး သူတွေ ပိုသိ ပါလိမ့်မယ်။ စင်္ကာပူနိုင်ငံတိုးတက်ခဲ့ရတဲ့အကြောင်းအ ရင်းထဲမှာ နည်းပညာ၊ ပညာရှင်၊ ကုန်သွယ်ရေး၊ ဈေးကွက်ဖုံ၊ နိုင်ငံတကာ ဆက်ဆံရေး စတဲ့အချက်တွေက ဆင်းရဲတဲ့ စင်္ကာပူနိုင်ငံကို အာရှမှာချမ်းသာတဲ့ နိုင်ငံကိုပြောင်းလဲခဲ့ခြင်းပါပဲ။

## Hight Edcuation & Technology

## (အသိပညာ နှင့် နည်းပညာ)

စင်္ကာပူ နိုင်ငံဟာ ပညာရေးကိုအဓိကမြင့်တင်ထားပြီး၊ နည်းပညာကို အခြေခံထားခြင်းပါ။ လူတိုင်းကို ပညာတက်ဖြစ်အောင်လုပ်ပြီး၊ HR လူ့အရင်းအမြစ်ကို မြင့်ထားပါတယ်။ နိုင်ငံတကာမှနည်းပညာကိုဖိတ်ခေါ်ပြီး နိုင်ငံကို နည်းပညာ တချို့နဲ့ ဖန်တီးပုံဖော်ထားတာ တွေ့နိုင်မှာဖြစ်ပါတယ်။ ပညာတတ်မြောက်မှု အတွေးအခေါ်တွေနဲ့ နည်းပညာရဲ့ မြန်ဆန်တိုးတက်မှုနဲ့ ပူးပေါင်းပြီး စင်္ကာပူနိုင်ငံကြီးကို နှစ်တိုအတွင်း တိုးတက်အောင်မြင်စွာ ဖန်တီးနိုင်ခြင်းပင်ဖြစ်ပါတယ်။

## Professional Resource & Delegation

## (ပညာရှင်တို့၏ ဖန်တီးအား)

စင်္ကာပူနိုင်ငံမှာ တခြားနိုင်ငံတကာက ပညာရှင်များစွာကို ဖိတ်ခေါ်ထား

တာတွေရပါလိမ့်မယ်။ လူမှန်-နေရာမှန် နဲ့ လိုအပ်တဲ့နေရာမှာ တာဝန်ကိုခွဲဝေ၊ လုပ်ကိုင် ဆောင်စေပါတယ်။ ဦးဆောင်သူ တဦးတည်းမှ လုပ်ကိုင်တာမျိုးမဟုတ်ပဲ ပညာရှင်တွေ သင့်လျော်ရာမှာ နေရာပေးပြီး အထူးသဖြင့် Top-Mid-Supervisory မှာ လုပ်ပိုင်ခွင့်ပိုရတဲ့ Mid အားသာချက်တွေနဲ့ စီမံခန့်ခွဲမှု ကောင်းလွန်းတယ်လို့ဆိုနိုင်ပါတယ်။

## Business & Finical Hub

## (စီးပွားရေးနှင့် ငွေကြေးရင်းနှီးမြုပ်နှံမှုဗဟို)

နိုင်ငံတော်တော်များများဟာ စင်္ကာပူမှာ ရင်းနှီးမြှုပ်နှံကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုများလာရင် စီးပွားရေးဟာ တိုးတက်လာမယ်၊ လူ့အရင်း အမြစ်မှာ အလုပ်အကိုင်ပေါ်လာမယ်၊ ခေတ်မှီအဆောက်အဦးတွေကလဲ များလာတာပါပဲ။ မြန်မာမှာ တခြားမြို့တွေထက် ရန်ကုန်မြို့တိုးတက်သလိုဈးကွက်ကို Hub စီးပွားရေးကို အားလုံအစုံထားနိုင်လာရင်Development ပိုမြန်တယ်ဆိုတဲ့အချက်ကို ကြည့်နိုင်ပါတယ်။

## International Relation & Tourism

## (နိုင်ငံတကာနှင့် ခရီးသွားလာမှု)

စင်္ကာပူနိုင်ငံသားအပြင် နိုင်ငံခြားသားများစွာရှိတဲ့ နိုင်ငံအဖို့ ခရီးသွားလာမှု၊ နေထိုင်မှုစရိတ်၊ စားဝတ်နေရေးတို့မှ ဝင်ငွေ၊ နိုင်ငံတကာနဲ့ ချိတ်ဆက်လုပ်ကိုင်ရင် ပိုတိုးတက်တာသဘာဝပါပဲ၊ နိုင်ငံခြားသား (သို့) ဧည့်သည် များများရှိရင် စီးပွားရေးတိုးဝက်ဖို့ အထောက်အပံ့ပါပဲ။ ပြီးတော့ သကမ္ဘာ မှ ငွေကြေး အမြောက်အများ ဝင်နိုင်လို့ပါပဲ။ ဥပမာ - နိုင်ငံခြားသား တယောက်လာလည်ရင် - မြန်မာရဲ့ လေယာဉ်၊ အကောက်ခွန်၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ ခရီးသွားယာဉ် စတာတွေငွေကြေးရမှာ အသေအချာဖြစ်လို့ပါပဲ။

## Global Trading & Tax

### (နိုင်ငံတကာ ကုန်သွယ်ရေးနှင့် အကောက်ခွန်)

စင်္ကာဆိပ်ကမ်းဟာ ရေဆိပ်၊ လေဆိပ်တွေဟာ ASEAN နိုင်ငံထဲမှာ အကြီးဆုံးလို့ ဆိုနိုင်တယ်၊ မြန်မာနိုင်ငံရဲ့ မြို့ငယ်တခုနီးပါးရှိပါတယ်။ တိုးတက်တဲ့ နိုင်ငံတိုင်းဟာ Import & Export ကုန်သွယ်မှုဖွင့်ထားတာ အားလုံးတွေ့ရပါလိမ့်မယ်။ နိုင်ငံတကာနဲ့ ကုန်သွယ်မှုရှိရင် နိုင်ငံရဲ့ အရင်းအမြစ်တွေမှာ Export ကြောင့် ဈေးကောင်း၊ အမြတ်အစွန်းပိုရပြီး၊ Import ကြောင့် ဈေးနှုန်းအမှန်နဲ့ သက်သာစွာရရှိနိုင်လို့ပါပဲ။ ဆိပ်ကမ်းမြို့ဖြစ်တဲ့ စင်္ကာပူရဲ့ Trade Facilitation ဝန်ဆောင်မှုနဲ့ အကောက်ခွန်မှတဆင့် စင်္ကာပူနိုင်ငံရဲ့ဝင်ငွေများစွာကို ပိုမိုတိုးတက်စေပြီးဖြစ်ပါတယ်။

ကျွန်တော် စင်္ကာပူမှာ ကျောင်းတက်စဉ် အမြင်နဲ့ ဆရာသမားတွေဆီမှ လေ့လာမိထားသမျှ စင်္ကာပူနိုင်ငံတိုးတက်ရခြင်း အကြောင်းအရင်းများကို ခြုံငုံသုံးသပ်ခြင်းပင်ဖြစ်ပါတယ်။

ယခုတပတ် အမေစု စင်္ကာပူရောက်စဉ် နောင် (အနှစ် - ၂၀) မှာ စင်္ကာပူ ထက်သာနေမှာပါဆိုတဲ့ စကားကိုလည်း အားပေးပါတယ်။ တကယ်ကို အားရစရာ၊ မျှော်လင့်ရတဲ့ အနာဂတ်ပါပဲ၊ တကယ်တမ်း လူသားတို့ရဲ့ အသိပညာတွေကသာ ရုပ်ဝတ္ထုတိုးတက်မှုတွေကို ဖန်တီးပေးသွားခြင်းပါ။ တကယ်တော့ တိုးတက်မှု - မတိုးတက်မှုလို့ စဉ်းစားကြည့်ရင် ကျွန်တော်တို့ နိုင်ငံဟာ ရုပ်ပိုင်းဆိုင်ရာ၊ ရေ-မြေ-သဘာဝ-အရင်းအမြစ် အားလုံးဟာ သာလွန်ပါတယ်၊ သို့သော်လည်း အတိတ်ရဲ့အခြေအနေနဲ့ ပြင်ဆင်ရဦးမယ့် စိတ်ပိုင်းဆိုင်ရာ ပညာ-နည်းပညာ-မဟာဗျူဟာ-ကျွမ်းကျင်မှုတွေကိုပဲ မြင့်ရမှာပါ။ ရှိရင်းစွဲ အရင်းအမြစ်တွေကို တန်ဖိုးရှိအောင် ခွဲဝေစီမံမှုတွေရယ်၊ မှန်ကန်တဲ့ ဦးဆောင်မှုတွေရယ်၊ စင်္ကာပူနိုင်ငံ တိုးတက်ခဲ့ရတဲ့ အကြောင်းအရင်းထဲမှာ နည်းပညာ၊ ပညာရှင်၊ ကုန်သွယ်ရေး၊ ဈေးကွက်ဖို့၊ နိုင်ငံတကာဆက်ဆံရေး

စတဲ့အချက်တွေနှင့်အတူ နိုင်ငံတိုးတက်လာ စေဖို့မျှော်လင့်မိပါတယ်။

ဖြစ်ချင်တဲ့အရာထက် - ဖြစ်နေတဲ့ အရာတို လက်ခံပြီး ဘာပြင်မလဲပဲ စဉ်းစားဖို့ရယ်. . ဘယ်သူမှားသလဲဆိုတာထက် - ဘယ်အရာမှန်သလဲပဲ စဉ်းစားဖို့ရယ်. . ဘာကြောင့် ဖြစ်ခဲ့သလဲဆိုတာထက် - ဘာတွေပြင်ဆင်ရမလဲပဲ စဉ်းစားဖို့ရယ်. . ဘာတွေဖြစ်ချင်တယ်ဆိုတာထက် - ဘာတွေအခုလုပ်ရမလဲ စဉ်းစားဖို့ရယ်. . ဘယ်သူတွေဘာလုပ်ဆိုတာထက် - ကိုယ်ဘာတွေဖန်တီးမလဲ စဉ်းစားဖို့ရယ်. . .

မြန်မာတိုင်းဟာ မြန်မာပြည်ကိုချစ်ကြမှာပါ၊ ယခုလို နိုင်ငံကောင်းဖို့ အခွင့် အခါ ကြုံခိုက်မှာ ကိုယ့်နိုင်ငံ ဒီထက်ပိုပြီး ဘာကောင်းအောင် လုပ်ပေးနိုင်မလဲပဲ စဉ်းစားပါတယ်။ ဗိုလ်ချုပ်ပြောတယ်၊ နိုင်ငံဟာ ကိုယ့်အတွက်မဟုတ်ပါဘူး၊ ကိုယ် ကသာ နိုင်ငံအတွက်ဖြစ်ဖို့ ကျွန်တော်တို့လည်း နိုင်ငံတိုးတက်စေဖို့ တဖက် တလှမ်းမှ ပါဝင်အားပေးရင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော် ကြီးသို့ အားလုံးနှင့်အတူတူ ဖန်တီးနိုင်ကြဖို့အကြံပြုလျှက်ပါ. . .။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Bottom Line & Top Line

(အောက်ခြေစီမံမှု နှင့် ထိပ်ပိုင်းဦးဆောင်မှု ဥပဒေသ)

**Management is Bottom Line Managing**

**(စီမံမှုဆိုတာ အောက်ခြေပိုင်းစီမံခြင်းဖြစ်ပြီး)**

**Leadership is Top Line Leading**

**(ခေါင်းဆောင်မှုဆိုတာ ထိပ်ပိုင်းဦးဆောင်ခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"အောက်ခြေပိုင်း စီမံဖို့လိုအပ်သလို***

***ထိပ်ပိုင်းကို ဦးဆောင်နိုင်ဖို့လည်း လိုအပ်တယ်"***

# P - Potential (ဖြစ်လာနိုင်ခြေ)နဲ့
# P - Preparation (ပြင်ဆင်ထားမှု)



သူမပြောင်းလဲသေးလဲ -ကိုယ်ပြောင်းလဲရမယ်။
သူမလုပ်နေလည်းပဲ - ကိုယ်လုပ်နေရမယ်။
ကိုယ်ပြောင်းလဲဖို့ - ကိုယ်မှမပြောင်းလဲ
ဘယ်သူပြောင်းလဲပေးမလဲ။
ကိုယ်တိုးတက်ဖို့ပဲ - ကိုယ်မှမလုပ်ရင်
ဘယ်သူလုပ်ပေးနိုင်မှာလဲ။

စီးပွားရေးအောင်မြင်တိုးတက်ရာမှာ (အရေးကြီးတဲ့ အချက် - ၂ ခု) ဖြစ်တဲ့ P – Potential ဖြစ်လာနိုင်ခြေနဲ့ P - Preparation ပြင်ဆင်ထားမှုဆိုတဲ့ 2P ကို အဓိကထားပြီး ပြောင်းလဲစီမံဦးဆောင်နေဖို့လိုအပ်မှာဖြစ်ပါတယ်။ အနာဂတ်စီးပွားရေးမှာ ဘာတွေဖြစ်လာနိုင်မလဲ. . . ? ယခုဘာတွေပြင်ဆင်ထားသင့်လဲဆိုတဲ့ မေးခွန်းနဲ့အတူ အနာဂတ်တိုးတက်မှုသို့ အောင်မြင်နိုင်စွမ်းသော ခေါင်းဆောင်များဖြစ်ဖို့ အားပေးလိုက်ပါတယ်။

## ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး

ဗီယက်နမ်နိုင်ငံရဲ့ (၇၀ %) ဟာ စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိပါတယ်။ ဆန်၊ ကော်ဖီ၊ အဝတ်အထည်များကို (နိုင်ခြား Export) ရှိတာကြောင့် တိုးတက်အောင်မြင်ခဲ့ပါတယ်။ ပြည်တွင်းမှာ ဗီယက်နမ်ထုတ် အဝတ်အစားများရှိနေပြီး၊ Import တင်သွင်းမှုကိုလျှော့ချနိုင်ပြီး၊ ပြည်တွင်းငွေတိုးပွားပြီး၊Export မှလည်း

နိုင်ငံခြားဝင်ငွေရရှိလာခြင်းကြောင့် ပြည်တွင်းငွေကြေးစီးဆင်းမှုတိုးတက်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုမြန်ဆန်စေခြင်းဖြစ်တယ်လို့ လေ့လာခဲ့ရပါတယ်။

## ဗီယက်နမ်နိုင်ငံ၏ ပညာရေး

ဗီယက်နမ်ရဲ့ ပညာရေးမြင့်မားဖို့ (Private) လုပ်ငန်းတွေကို (၃၀ %) ခန့် လွှဲပြောင်းပေးထားပြီး၊ နိုင်ငံတကာ ပညာရေးအဆင့်ကို အားပေးထားပါတယ် (ဥပမာ - ယနေ့ ကျွန်တော်တို့ လေ့လာခဲ့ရတဲ့ FPT University ဆိုရင် (အများပိုင်လုပ်ငန်းစု တက္ကသိုလ်ကြီးဖြစ်ပီး ကမ္ဘာ့ QS ရဲ အကြီးဆုံးသော ပညာရေးအဖွဲ့အစည်းတွေကို Private လုပ်ငန်းများ၊ အစိုးရပညာတိုးတက်စေဖို့နဲ့ ဗီယက်နမ်ပညာရေးအတွက် နှစ်စဉ် ကျောင်း (၇၀၀၀) ခန့် မွေးထုတ်ပေးနေပါတယ်။

## ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြုပ်နှံမှု

FDI ရင်းနှီးမြုပ်နှံမှုအနေနဲ့ အများဆုံးရင်းနှီးမြုပ်နှံမှုမှာ (၁) တရုတ် (၂) ဂျပန် (၃) ကိုရီးယား နိုင်ငံများဖြစ်ပြီး ယခုဆိုလျှင် (SAMSUMG ကုမ္ပဏီမှ) ဝင်ရောက်နေပြီး၊ အလုပ်အကိုင်များစွာနဲ့၊ ဖုန်းတစ်လုံးကို ၁၅၀ ကျပ်ခန့်ဖြင့် ဗီယက်နမ်ပြည်တွင်းသက်သာစွာသုံးနိုင်ပြီး၊ မနေ့က လည်ပတ်ခဲ့ရတဲ့ LOTTE ကဲ့သို့သော နိုင်ငံအတွင်း ပြည်ပကုမ္ပဏီများဖြင့် အဆောက်အဦးကြီးများဖြင့် တိုးတက်လာနိုင်ခဲ့ပါတယ်။

AEC အတွက် (မဖွံ့ဖြိုးသော နိုင်ငံများထဲမှ) CLMV (Cambodia, Laos, Myanmar, Vietnam) ဆိုပြီး (၄-နိုင်ငံရှိခဲ့ရာမှ) ယခုဆိုလျှင် Vietnam နိုင်ငံသည် အာစီယံမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်တဲ့ (စင်ကာပူ၊ ထိုင်း) နဲ့အတူ တိုးတက်သွားခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံခြားကို အထင်ကြီးတဲ့စိတ်ထက်စာရင် - ကိုယ့်မြေကိုယ့်နိုင်ငံနဲ့

ရေမြေဒေသတူတဲ့ (ဗီယက်နမ်) တိုးတက်မှုပုံစံဟာ (အမိမြန်မာနိုင်ငံ) အတွက် တိုးတက်ဖို့ မဟာဗျူဟာတစ်ခုရရင်ဖြင့် မြန်မာနိုင်ငံတိုးတက်စေလိုသော စိတ်ဆန္ဒနဲ့လေ့လာတင်ပြခြင်းသာဖြစ်ပါတယ်။

အများနိုင်ငံတွေ တိုးတက်သလို၊ ကိုယ့်နိုင်ငံကိုလည်း တိုးတက်စေချင်ပါတယ်။ ဝိုင်းဝန်းကြိုးစားကြရမယ်ဆိုတဲ့ စိတ်နဲ့မျှဝေပေးထားပါတယ်။

ဗီယက်နမ်ခရီးမှာ နိုင်ငံတစ်ခုမှာ အဓိကတိုးတက်အောင် ဖန်တီးပေးတဲ့ (ပညာရေးတိုးတက်မှုကြောင့် ပြည်သူတွေရဲ့ဖန်တီးမှုအားတိုးတက်လာပြီး) (စီးပွားရေးဖော်ဆောင်မှုကိုတိုးတက်လာကာ) (နိုင်ငံခြားနှင့်ပေါင်းစပ်လုပ်ကိုင်တာကြောင့် ပြည်ပဝင်ငွေရရှိပြီး) ဗီယက်နမ်၏ စီးပွားရေးတိုးတက်လာဆိုတဲ့ အချက် (၃) ချက်ကို ယနေ့ ဗီယက်နမ်သူ Ms. Anna နှင့် အစည်းအဝေးတွေ့ဆုံခိုက် လေ့လာခဲ့ရပါတယ်။

တစ်ချက်လေးစားဖို့ကောင်းတာက (ဗီယက်နမ်ပြည်သူတွေဟာ - နိုင်ငံရဲ့ အလံ၊ နိုင်ငံအပေါ်မှာ တော်တော်လေးချစ်ကြတယ်၊ သူတို့နိုင်ငံအတွက် တိုးတက်ဖို့ ကြိုးစားရမယ်ဆိုတဲ့ စိတ်ကိုတွေ့ခဲ့တယ်)

**You Can Do It - I Can Do It**

သူများလုပ်ရင် ကိုယ်လုပ်နိုင်ရမယ်ဆိုတဲ့စိတ်နဲ့ အားကျမခံကြိုးစားကြရင် အားလုံးဖြစ်လာနိုင်မှာပါ. . .

သူမပြောင်းလဲသေးလဲ - ကိုယ်ပြောင်းလဲရမယ်။

သူမလုပ်နေလည်းပဲ - ကိုယ်လုပ်နေရမယ်။

ကိုယ်ပြောင်းလဲဖို့ - ကိုယ်မှမပြောင်းလဲ ဘယ်သူပြောင်းလဲပေးမလဲ။

ကိုယ်တိုးတက်ဖို့ပဲ - ကိုယ်မှမလုပ်ရင် ဘယ်သူလုပ်ပေးနိုင်မှာလဲ။

ဆရာဇော်ဂျီရေးခဲ့တဲ့ (ထလော့မြန်မာ) ကဗျာနဲ့အတူ. . .

# "ထလော့ မြန်မာ"



ထလော့ မြန်မာ - မြန်မာ ထလော့
အားမလျော့နဲ့၊ မလျှော့လို့လ
သူကစ၍၊ ငါကအားလုံး
လက်ရုံးများမျှောင်၊ ညာဏ်များမျှောင်နဲ့
စွမ်းဆောင်ကြပေ၊ ဆောင်ကြပေလော့
ဤမြေဤရွာဘယ်သူ့ရွာလဲ၊
ဤရွာစပါး ဘယ်သူစပါးလဲ၊
ထလော့တာဝန်၊ ပွန်လော့လုပ်ငန်း
ညာဏ်ရှေ့ပန်း၍၊ တစ်ဝမ်းတစ်စိတ်
ညီစေသတည်း. .

ဆိုတဲ့. . . နိုးကြားကြလော့ မြန်မာ၊ လို့လကြိုးစားမှုအပြည့်နဲ့

ကိုယ်ကစပြီး အားလုံးမှ ပါဝင်သော. . . ညာဏ်ပညာနဲ့ယှဉ်၊ လက်တွေ့ကြိုးစားကြပါစို့လို့အားပေးထားပြီး၊ မိမိနိုင်ငံကို ချစ်မြတ်နိုးသောစိတ်နဲ့ တာဝန်တွေပိုယူပြီး၊ အလုပ်မှာတာဝန်ကျေပွန်စွာနဲ့ အနာဂတ်ကိုမျှော်မြင်ပြီး အားလုံးမှ **ညီညွတ်စွာကြိုးစားကြရင်ဖြင့်. . .**

**အားလုံးမြင်ချင်သော အောင်မြင်တိုးတက်သောနိုင်ငံကြီးကို အားလုံးပိုင်ဆိုင်လာကြမှာဖြစ်ဖို့ယုံကြည်ရင်း. . .။**

***I am Leader* (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)**
***I Can Do It* (ငါလုပ်နိုင်ပါတယ်)**
*I Must - I Can* (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)
*Living with Beliving* (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)

◆◆◆

# PESTEL Business Analysis
## (နိုင်ငံစီးပွားရေးဆိုင်ရာ PESTEL ဆန်းစစ်သုံးသပ်မှုများ)

| | |
|---|---|
| **Political** (နိုင်ငံရေးရာ) | |
| **Economic** (စီးပွားရေးရာ) | |
| **Social** (လူမှုရေးရာ) | |
| **Technological** (နည်းပညာရေးရာ) | |
| **Environmental** (ပတ်ဝန်းကျင်ရေးရာ) | |
| **Legal** (တရားဥပဒေရေးရာ) | |

PESTEL ဆိုတဲ့ အချက် (၆-ချက်) အပေါ်မှာအခြေခံပြီး နိုင်ငံတစ်ခုရဲ့ စီးပွားရေးရပ်တည်မှုဟာ လည်ပတ်နေတာမို့ လူငယ်စွန့်ဦးတီထွင်သူတွေနှင့် SMEs လုပ်ငန်းရှင်မိတ်ဆွေများနှင့် နိုင်ငံတော်အဆင့် ဦးဆောင်နေသူများ အတွက် PESTEL စီးပွားရေးဆန်းစစ်ချက် တွေကို (Past - ယခင်အခြေအနေ) (Now – N ယခုအခြေအနေ) နှင့် (Future – F နောင်အလားအလာ) အခြေအနေတွေရဲ့ တိုးတက်လာနိုင်မှုကို ဆန်းစစ်နိုင်ရန် အကြံပြုတင်ပြလိုက်ပါတယ်။

P – Political (နိုင်ငံရေးရာ) နဲ့ပတ်သတ်ပြီး Political Process (အစိုးရ လုပ်ဆောင်မည့် အစီအစဉ်) Political Risk (နိုင်ငံရေး အခြေအနေ၊) စတဲ့ အချက်တွေကို ဆန်းစစ်သုံးသပ်ဖို့လိုပါတယ်။ (ဥပမာ - နိုင်ငံရေး

မှုအခြေအနေများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် တခါးဖွင့်စီးပွားရေး အသွင် များပြောင်းလဲလာမှုဟာ နိုင်ငံစီးပွားရေး တိုးတက်မှုသို့ ပြောင်းလဲစီမံဦးဆောင်မှု များကို ဆန်းစစ်သုံးသပ်ဖို့လိုအပ်မှာဖြစ်ပါတယ်)

E – Economical (စီးပွားရေးရာ) နဲ့ပတ်သတ်ပြီး Economis Opportunity (စီးပွားရေး အခွင့်အလမ်း), Economic Potential (ဖြစ်လာနိုင်ခြေစီးပွားရေးအခြေအနေ) (Economic Growth - စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ) စတဲ့အချက်တွေကို ဆန်းစစ်သုံးသပ်ဖို့လိုပါတယ်။ (ဥပမာ - Stock Exchange အရင်းအနှီးဈေးကွက်ပုံစံများ၊ FDI/ AEC +3 အာစီယံစီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်လာမှုနှင့် Private Orientation ပုဂ္ဂလိကစီးပွားရေးလွှဲပြောင်းလာမှုများနှင့် စီးပွားရေးပုံစံများ တိုးတက်ပြောင်းလဲလာမှုများကို ဆန်းစစ်သုံးသပ်ဖို့လိုအပ်မှာဖြစ်ပါတယ်)

S – Social (လူမှုရေးရာ) နဲ့ပတ်သတ်ပြီး Demand (ဝယ်လိုအား)၊ HR Capital (လူ့စွမ်းအားအရင်းအနှီး) (Social Need လူမှုရေးစီးပွားရေးလိုအပ်ချက်များ) စတဲ့ အချက်တွေကို ဆန်းစစ်သုံးသပ်ဖို့လိုပါတယ်။ (ဥပမာ - မြန်မာပြည်တွင်း လစာတိုးမြင့်မှုMarket ဝယ်လိုအားများ၊ AEC – Free Flows လွတ်လပ်စွာစီးဆင်းလာမှုများ၊ လူနေမှုတိုးတက်လာမှုနှင့် မြို့ပြစနစ်ထူထောင်လာမှုများနှင့် လူမှုဝန်းကျင်စီးပွားရေးတိုးတက်မှုတွေကို ဆန်းစစ်သုံးသပ်ဖို့လိုအပ်မှာဖြစ်ပါတယ်)

T – Technological (နည်းပညာရေးရာ) နဲ့ပတ်သတ်ပြီး Raw (ကုန်ကြမ်း မှ ကုန်ချော), Technology (နိုင်ငံခြား နည်းပညာများ) (Man to Machine လူနှင့် စက်မှုပေါင်းစပ်စီမံများ) စတဲ့အချက်တွေကို ဆန်းစစ်သုံးသပ်ဖို့

လိုပါတယ်။ (ဥပမာ - Agriculture% မှ Industry% ပြောင်းလဲလိုအပ်မှု၊ Globilization ကမ္ဘာ့စီးပွားရေးပုံစံများချိတ်ဆက်လာမှုနှင့် နိုင်ငံတကာ အဆင့်မှီ လုပ်ငန်းစီမံမှု ISO နည်းစနစ်များနှင့် နိုင်ငံတကာတိုးတက်မှု အတွေ့အကြုံ နည်းပညာဆိုင်ရာများကို ပူးပေါင်းစီမံရန် ဆန်းစစ်သုံးသပ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်)


E – Environmental (ပတ်ဝန်း ကျင်ရေးရာ) နဲ့ပတ်သတ်ပြီး Capitial (ဈေးကွက်အရင်းအနှီး), Geography (ပထဝီဝင်), Transportation (သယ်ယူ ပို့ဆောင်ရေး) စတဲ့အချက်တွေကို ဆန်းစစ်သုံးသပ်ဖို့လိုပါတယ်။ (ဥပမာ - မြို့ပြစနစ်လိုအပ်ချက်လမ်း၊ တံတား၊ ဆက်သွယ် ရေးစနစ်များ၊ Industry Zone လုပ်ဆောင်မည့် စီမံကိန်းများ၊ Regional Planning ဒေသလိုအပ်ချက် များကို ချိတ်ဆက် ဖော်ဆောင်မှုများနှင့် ပတ်ဝန်းကျင် ရေးရာ ဆန်းစစ်သုံးသပ်ချက်များလို အပ်ပါတယ်)

**အပြန်အလှန်**
**အကျိုးပြုတည့်ဆောက်ပြီး**
**ပြောင်းလဲစီမံ**
**ဖန်တီးမှုသည်**
**ဘက်စုံတိုးတက်သော**
**စီးပွားရေးအသိုက်အဝန်း**
**ပုံစံကိုဖော်ဆောင်နိုင်မှာ**
**ဖြစ်ပါတယ်။**

L – Legal (ဥပဒေရေးရာ) နဲ့ပတ်သတ်ပြီး Law (ဥပဒေ), Tax (အခွန်), Business Policy (စီးပွားရေး မူဝါဒများ) စတဲ့အချက်တွေကို ဆန်းစစ်သုံးသပ်ဖို့

ပြုပြင်ပြောင်းလဲ လိုပါတယ်။ (ဥပမာ - စီးပွားရေးဆိုင်ရာ နည်းဥပဒေများ၊ **SEZ and FDI Law** ပြောင်းလဲမှုများ၊ ကုန်သွယ်ရေး အကောက်ခွန် (%) ပြောင်းလဲချက်များ၊ **IP Law, Consumer Protection Law** စသည်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများကိုလည်း ဆန်းစစ်သုံးသပ်ပြီး စီးပွားရေးစီမံခန့်ခွဲဖို့လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံစီးပွားရေးလည်ပတ်နေမှုမှာ **PESTEL** ဟာ (ကျွန်းကိုင်းမှီ - ကိုင်းကျွန်းမှီ) ဆိုသလို တခုနဲ့တခု ဆက်လျှက်နေပါတယ်၊ **PESTEL** သုံးသပ်မှုတွေမှာ တဆင့် (နိုင်ငံရေး + စီးပွားရေး + လူမှုရေး + နည်းပညာရေး + ပတ်ဝန်းကျင်ရေး



နှင့် ဥပဒေရေးရာ) ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံစီးပွားရေးပုံစံဖြစ်လာဖို့ အတွက် စီးပွားရေးစီမံခန့်ခွဲဦးဆောင်မှုဆိုင်ရာ တိုးတက်ရေးသို့ အကြံပြု ရေးသားလိုက်ပါတယ်။

စီးပွားရေးပတ်ဝန်းကျင်ကို ခွဲခြားလေ့လာကြည့်ရင် (Macroenvironment - နိုင်ငံစီးပွားရေးပတ်ဝန်းကျင်ကြီး) နှင့် (Microe-nvironment - စီးပွားရေးပတ်ဝန်းကျင်သေး) ဟူ၍ (၂-မျိုး) ပိုင်းခြားလျှက် ချိတ်ဆက်ပြီး စီးပွားရေးစီမံခန့်ခွဲသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**(Macroenvironment - နိုင်ငံစီးပွားရေးပတ်ဝန်းကျင်ကြီး)**

- နိုင်ငံတော်အဆင့် အစိုးရစီမံချက်များ
- နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်မှုများ
- နိုင်ငံ၏ လူမှုရေး ပတ်ဝန်းကျင်များ
- နိုင်ငံ၏ နည်းပညာ ရရှိနိုင်မှုများ
- နိုင်ငံ၏ စီးပွားရေး ဦးစားပေးမှုများ

စတဲ့ နိုင်ငံစီးပွားရေးဆိုင်ရာများ ပါဝင်နေပြီး၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုမှသည့် . . .

**(Microenvironment - စီးပွားရေးပတ်ဝန်းကျင်သေး)**

- SMEs အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ
- ဈေးကွက်အတွင်း ယှဉ်ပြိုင်နေသော လုပ်ငန်းများ
- Supplyer ချိတ်ဆက်နေသော ဈေးကွက်ပံ့ပိုးနေသူများ
- ဖောက်သည်များ၊ စားသုံးသူများ၏ အခြေအနေများ

စတဲ့ မိမိလုပ်ငန်းနှင့်သက်ဆိုင်သော စီးပွားရေးပတ်ဝန်းကျင်သို့ ထောက်ပံ့ ရပ်တည်နေလျှက်ရှိပါတယ်။

အိမ်တစ်လုံးသည် မြို့တစ်မြို့ပေါ်တွင် မှီခိုရပ်တည်နေရသလို၊ Macroenvironment နိုင်ငံစီးပွားရေး ဝန်းကျင်ကြီးပေါ်မူတည်ပြီး Microenvironment စီးပွားရေး ဝန်းကျင်ငယ်များ ရပ်တည်နေရတာမို့ နိုင်ငံတစ်ခု၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေဖို့အတွက် (Macroenvironment နှင့် Microenvironment) စီးပွားရေးပုံစံ (၂-ရပ်) လုံးမှာ အပြန်အလှန် အကျိုးပြုတည်ဆောက်ပြီး ပြောင်းလဲ စီမံဖန်တီးမှုသည် ဘက်စုံတိုးတက်သော စီးပွားရေးအသိုက်အဝန်းပုံစံကို ဖော် ဆောင်နိုင်မှာဖြစ်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Problem Case & Solving Effect

(ပြဿနာ နှင့် ဖြေရှင်းခြင်း ဥပဒေသ)

**Management is Problme Case**

**(စီမံမှုဆိုတာ ပြဿနာအပေါ် ရှာဖွေသုံးသပ်ပြီး)**

**Leadership is Solving Effect**

**(ခေါင်းဆောင်မှုဆိုတာ နည်းလမ်းရှာ ဖြေရှင်းခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"ပြဿနာအပေါ် ရှာဖွေသုံးသပ်ဖို့လိုအပ်သလို***

***နည်းလမ်းရှာ ဖြေရှင်းနိုင်ဖို့လည်း လိုအပ်တယ်"***

# Business Systems in World

## (ကမ္ဘာတဝှမ်းရှိ စီးပွားရေးစနစ်များ)



နိုင်ငံများ၏စီးပွားရေးစနစ်များသည် ထိုနိုင်ငံ၏ကြွယ်ဝချမ်းသာမှုများအား ဦးဆောင်ဖန်တီးပေးနိုင်မှုနှင့် လူနေမှုဘဝများ၏ အဆင့်အတန်းမြင့်မားမှုများ၊ ကမ္ဘာ့တဝှမ်းလုံးရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဖန်တီးကည်ဆောက်ပေးနိုင်ပါတယ်။

Economic Systems influence the creation of wealth, the quality of life, and the growth of business around the world. နိုင်ငံများ၏ စီးပွားရေးစနစ်များသည် ကြွယ်ဝချမ်းသာမှုများအား ဦးဆောင်ဖန်တီးပေးနိုင်မှုနှင့် လူနေမှုဘဝများ၏ အဆင့်အကန်းများ၊ ကမ္ဘာ့တဝှမ်းလုံးရှိ စီးပွားရေးဖွံ့ဖြိုး

**တိုးတက်မှုများကိုလည်း ဖန်တီးတည်ဆောက်ပေးနိုင်ပါတယ်။**

**Popular economic systems of the world ကမ္ဘာတွင် နာမည်ကြီးသော စီးပွားရေးစနစ်များထဲမှ အဓိက စနစ် (၃-မျိုး) ကို ရေးသားဖော်ပြပေးလိုက်ပါတယ်။**

1. **Capitalism (ဈေးကွက်အရင်းအနှီးဝါဒ)**
2. **Socialism (ဈေးကွက်ဆိုရှယ်လစ်ဝါဒ)**
3. **Communism (ဈေးကွက်ကွန်မြူနစ်ဝါဒ)**

**Capitalism (ဈေးကွက်အရင်းအနှီးဝါဒ)**

Capitalism creates a free market ဈေးကွက်အရင်းအနှီးဝါဒသည် လွတ်လပ်သောဈေးကွက်ကို ဖန်တီးပေးပြီး၊ Most of the factors of production and distribution are privately owned and operated for profit စီးပွားရေးလည်ပတ်မှု အကျိုးအမြတ်များ၏ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်း အများစုသော အစိတ်အပိုင်းများကို ပုဂ္ဂလိကလုပ်ငန်းများက ပိုင်ဆိုင်ကြသည်။ ဤစီးပွားရေးစနစ်ကို **US, England, Australia, Canada နိုင်ငံများနှင့် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများမှာ အသုံးပြုကြပါတယ်။**

> နိုင်ငံများ၏
> စီးပွားရေးစနစ်များသည်
> ကြွယ်ဝချမ်းသာမှုများအား
> ဦးဆောင်ဖန်တီးပေးနိုင်မှုနှင့်
> လူနေမှုဘဝများ၏
> အဆင့်အတန်းများ၊
> ကမ္ဘာ့တဝှမ်းလုံးရှိ
> စီးပွားရေးဖွံ့ဖြိုး
> တိုးတက်မှုများကိုလည်း
> **ဖန်တီးတည်ဆောက်ပေးနိုင်ပါတယ်**

**Socialism** (ဆိုရှယ်လစ် စီးပွားရေးဝါဒ)

Most businesses are owned by the government နိုင်ငံစီးပွားရေး အများစုကို အစိုးရက အဓိကပိုင်ဆိုင်ပြီး ပြည်သူလူထုသို့ ပြန်လည်အကျိုးအမြတ် မျှဝေပေးသော ဈေးကွက်ပုံစံဖြစ်ပါတယ်။ ဤ စနစ်ကို Europe (Sweden, Finland, Belgium) and Africa စတဲ့ နိုင်ငံတွေမှာ အသုံးပြုကြတာတွေ့ရပါတယ်။ စွန့်ဦးတီထွင်မှု၊ ဆန်းသစ်ဖန်တီးမှုများကို အားပေးမှုနည်းပါပြီး စီးပွားရေး လုပ်ငန်းစုများအား မြင့်မားသော အကောက်ခွန်စနစ် များထားရှိပြီး နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်ပေးမှု လုပ်ငန်းများတွင် ပြန်လည် အသုံးချတာတွေ့ရပါတယ်။

Communism (ကွန်မြူနစ် စီးပွားရေးဝါဒ)

Government owns most businesses and limits the freedom of choice of its people အစိုးရမှ စီးပွားရေးလုပ်ငန်း အများစုကို ပိုင်ဆိုင်ထားပြီး ပြည်သူလူထုမှ လွတ်လပ်စွာရွေးချယ်ခွင့်ကို အကန့်အသတ်ဖြင့်ထားရှိသည့် စနစ် ဖြစ်ပါတယ်။ ဤစနစ်ကို North Korea, Vietnam, Cuba and part of the Soviet Union နိုင်ငံများတွင် အသုံးပြုတာတွေ့ရပါတယ်။ (Demand & Supply) ဝယ်လိုအားနှင့် ရောင်းလိုအားပေါ် အခြေမခံထားပဲ ကုန်စည်များ၏ ဈေးနှုန်းသတ်မှတ်ချက်များအား အစိုးရမှသတ်မှတ်ထားပြီး ဈေးကွက်ဖွံ့ဖြိုး တိုးတက်မှုများကို အကန့်အသတ်ထားရှိသည့် စီးပွားရေးစနစ်ဖြစ်ပါတယ်။

တချို့သောနိုင်ငံများမှာလည်း စနစ်မျိုးစုံဖြင့် Capitalism (ဈေးကွက် အရင်းအနှီးဝါဒ)၊ Socialism (ဈေးကွက်ဆိုရှယ်လစ်ဝါဒ)၊ Communism (ဈေးကွက်ကွန်မြူနစ်ဝါဒ) များကို ပေါင်းစပ်ပြီး Mixed Economic (စီးပွားရေး စနစ်ရောနှောမှုပုံစံ) ဖြင့် နိုင်ငံ၏ စီးပွားရေးကို ဘက်စုံမှဖွံ့ဖြိုးတိုးတက်အောင်

စီးပွားရေးစီမံခန့်ခွဲလျှက်ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဈေးကွက်စီးပွားရေး အပြောင်းအလဲမှာ အသစ်ပေါ်ပေါက်လာနိုင်တဲ့ ဈေးကွက်ပုံစံများကို နားလည် တက်ကျွမ်းပြီး စီးပွားရေးပုံစံကို အလိုက်သင့်ဖန်တီးပုံဖော်နိုင်မှုနှင့်အတူ နိုင်ငံ တကာနှင့် ရင်ဘောင်တန်းယှဉ်ပြိုင်လာရတော့မည့် SMEs စီးပွားရေးလုပ် ငန်းများအတွက် အထောက်အကူပြုစေနိုင်ဖို့ စီးပွားရေးအကြံပြုရေးသားဖော်ပြ ပေးလျှက်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# မြန်မာ့စီးပွားရေး ဘာကြောင့်ကျသလဲ



စီးပွားရေးဆိုတာ အရာ (၂-ခု) ပဲ ရှိပါတယ်

Innovation-ဆန်းသစ်တီထွင်ရမယ်

Marketing-ဈေးကွက်ထိုးဖောက်ဖန်တီးရမယ်

**မြန်မာနိုင်ငံ၏ စီးပွားရေးကို အတက်အကျဖြစ်စေတဲ့ (အဓိက - ၃ ချက်)**

(၁) နိုင်ငံ၏ GDP

**(၂) အလုပ်အကိုင်ရှားပါးမှု နှင့်**

**(၃) ကုန်ဈေးနှုန်းတက်မှုနှင့် ငွေကြေးဖောင်းပွမှု**

**(၁) ဘာကြောင့် နိုင်ငံ၏ GDP ကျနေရသလဲ. . ?**

**GDP = C + I + G + X - M**

**နိုင်ငံသားအားလုံး၏ စားသုံးမှု၊ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု နှင့် အစိုးရ၏ ငွေကြေးသုံးစွဲမှုများ တိုးတက်သော်ငြားလည်း အဓိကတော့Export ကိုတိုးမြှင့်ပြီး၊ Import ကိုထိန်းဖို့လိုအပ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အလျောက် တခြားနိုင်ငံမှ တင်သွင်းမှု Import များနေခြင်းကြောင့် နှစ်စဉ် ကုန်သွယ်ရေးလိုငွေပြမှုများ**

ရှိနေခြင်းကြောင့် GDP တိုးတက်မှုကိုနည်းစေပြီး မြန်မာ့စီးပွားရေးကိုကျစေတဲ့ အကြောင်းတခုပင်ဖြစ်ပါတယ်။


(၂) ဘာကြောင့် **Unemployment** အလုပ်အကိုင်ရှားပါးသလဲ. . ?

**စီးပွားရေးကျဆင်းမှု၊ နည်းပညာအစားထိုးလာမှုနှင့် အလုပ်အကိုင်ဖန်တီးမှုနည်းခြင်း**

စီးပွားရေးကျဆင်းလာတာကြောင့် အလုပ်အကိုင်များလျှော့ချလာသလို၊ တဖက်မှာလည်း နည်းပညာများတိုးတက်လာတာကြောင့် လူအစား နည်းပညာများကို အစားထိုးလာတဲ့အခါ အလုပ်အကိုင်ရှားလာသလို၊ (အလုပ်ရှာသူ နှင့် အလုပ်ဖန်တီးသူ) စွန့်ဦးတီထွင် လုပ်ငန်းများဖန်တီးမှုနည်းခြင်းကြောင့် အလုပ်အကိုင်ရှားနေပြီး အလုပ်လက်မဲ့ဦးရေနည်းခြင်းဖြစ်နိုင်ပါတယ်။

(၃) ဘာကြောင့် **Inflation** ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းတက်နေရသလဲ. . ?

**ဝယ်သူ၏ ဈေးဆနှုန်းကိန်း (CPI) နှင့် ရောင်းသူ၏ ဈေးဆနှုန်းကိန်း** (PPI)၊ ဝယ်လိုအား (Demand Pull) နှင့် ရောင်းလိုအား (Cost Push)


Walter Gagehot

မင်းလုပ်နိုင်မှာမဟုတ်ဘူးဆိုတာကို
လုပ်ပြရတာ ဘဝရဲ့ အရာသာကြီးတစ်ခုဖြစ်တယ်

ရောင်းသူ၏ ဈေးဆနူန်းကိန်း (PPI) ထုတ်လုပ်သူများ၏ သတ်မှတ်သောဈေးနှုန်းမြင့်တင်လာပြီး၊ ဝယ်သူ၏ ဈေးဆနူန်းကိန်း (CPI) စားသုံးသူများ၏ လိုအပ်ချက်အလိုက် ဝယ်လိုအားများလာခြင်းကြောင့် ကုန်ဈေးနှုန်းများ တက်လာခြင်းဖြစ်ပါတယ်။ ဝယ်လိုအား (Demand Pull) နှင့် ရောင်းလိုအား (Cost Push) တွေမြင့်တက်လာတာကြောင့် ကုန်ဈေးနူန်းတက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုဖြစ်လာခြင်းဖြစ်ပါတယ်။

နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် (AIS) စနစ် (SIA) စနစ်

မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်ပုံစံသည် (AIS) စနစ်

- ❖ A - Agriculture (စိုက်ပျိုးရေး) ကို ပထမဦးစားပေးခြင်း
- ❖ I - Industry (စက်မှုလုပ်ငန်း) ကို ဒုတိယဦးစားပေးခြင်း
- ❖ S - Service (ဝန်ဆောင်မှု) ကို တတိယဦးစားပေးခြင်း

AIS စနစ်ဖြင့် ဈေးကွက်ဖော်ဆောင်မှုကြောင့် စီးပွားရေးတိုးတက်မှု နှေးနိုင်ပြီး. . .

စက်ဘပ္ပနိုင်ငံ၏ စီးပွားရေးစနစ်ပုံစံသည် (SIA) စနစ်

- ❖ S - Service (ဝန်ဆောင်မှု) ကို ပထမဦးစားပေးခြင်း
- ❖ I - Industry (စက်မှုလုပ်ငန်း) ကို ဒုတိယဦးစားပေးခြင်း
- ❖ A - Agriculture (စိုက်ပျိုးရေး) ကို နောက်ဆုံးဦးစားပေးခြင်း

SIA စနစ်ဖြင့် ဈေးကွက်စီးပွားရေးဖော်ဆောင်မှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်းမှာ မြန်ဆန်တိုးတက်နေခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်တွေ့ရှိပါတယ်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ လူမှုရေးအဆင့်အတန်းတိုးတက်ပြောင်းလဲလာမှု၊ နိုင်ငံသားအားလုံး၏ ကြွယ်ဝချမ်းသာမှုဖြင့် ဘက်စုံတိုးတက်မှုတွေကို ဖန်တီးလာနိုင်မှာဖြစ်တာမို့. . .

**အဆိုးမြင်သမားက ပေါ်လာတဲ့အခွင့်အလမ်းတိုင်းရဲ့ အခက်အခဲတွေကို မြင်တယ်။**
**အကောင်းမြင်သမားကတော့ အခက်အခဲတိုင်းမှာ အခွင့်အလမ်းကို မြင်တယ်။**

**(ဝင်စတန်ချာချီ)**

*နိုင်ငံသားအားလုံး ကြွယ်ဝချမ်းသာဖို့ စီးပွားရေးကို မြင့်တင်ကြနို့လား*

**မြန်မာနိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်စေတဲ့ (အချက် – ၃ ချက်)**

(၁) နိုင်ငံ၏ GDP

(၂) အလုပ်အကိုင်ရှားပါးမှု နှင့်

(၃) ကုန်ဈေးနှုန်းတက်မှုနှင့် ငွေကြေးဖောင်းပွမှု

စတဲ့ အချက် (၃) ချက်အပေါ် အခြေခံပြီး မြန်မာနိုင်ငံစီးပွားရေး တိုးတက်စေရန် MESI Business Institute မှ သုံးသပ်တင်ပြထားပါသည်။

ကမ္ဘာ့စီးပွားရေးပညာရှင်ကြီး Peter Druncker ရဲ့ အဆိုအမိန့်အရ
Business have only TWO things, Marketing and Innovation.

စီးပွားရေးဆိုတာ အရာ (၂-ခု) ပဲ ရှိပါတယ်. . .
Innovation ဆန်းသစ်တီထွင်ရမယ်. . .
Marketing ဈေးကွက်ထိုးဖောက်ဖန်တီးရမယ်. . .

နောက်တစ်ချက်ကတော့ အမေရိကန်ရဲ့ စီးပွားရေးပညာရှင် Jim Rohn ရဲ့ အဆိုအမိန့်အရ (အောင်မြင်တိုးတက်မှုမှာ). . .

20% is Skill - 80% is Strategy

၂၀ % ဟာ စွမ်းရည်ကြောင့်ဖြစ်ပြီး၊ ၈၀ % ဟာ မဟာဗျူဟာကြောင့် ဖြစ်ပါတယ်။

စီးပွားရေးပညာရှင်ကြီး (၂-ဦး) ရဲ့အကြံပေးချက်ကို အနှစ်ချုပ်လိုက်ရင်. . အောင်မြင်နိုင်သော မဟာဗျူဟာနဲ့ ဈေးကွက်ဖန်တီးတီထွင်ဖို့ဟာ အဓိက တိုးတက်မှုဖြစ်လာနိုင်မှာဖြစ်ပါတယ်. . .။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*

***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# International Trading
## (နိုင်ငံတကာ ကုန်သွယ်ရေး)




စီးပွားရေးစီမံခန့်ခွဲမှုရဲ့ (ထုတ်လုပ်ခြင်း)၊ (ကုန်သွယ်ခြင်း)၊ (ဝန်ဆောင်ခြင်း) စတဲ့ လုပ်ငန်းစဉ် (၃) ခုမှာ ကုန်သွယ်ရေးလုပ်ငန်းဟာ စီးပွားရေးတခုရဲ့ အရေး ကြီးတဲ့ အစိတ်အပိုင်းမှာပါဝင်နေပါတယ်။ Trading Partners အဖြစ်နဲ့ အဓိက မိတ်ဖက်ကုန်သွယ်နေတဲ့ တခြားနိုင်ငံတွေကတော့ (China, Thailand, Singapore, India, Malaysia, Hong Kong, Japan, Korea, Indonesia, Bangladesh and Germany) နိုင်ငံတို့ပဲ ဖြစ်ပါတယ်။

**Export Item to Other:** (တခြားနိုင်ငံများသို့ တင်ပို့မှုများ)

- Industrial Products (စက်မှုထုတ်ကုန်များ)
- Agricultural Products (စိုက်ပျိုးထွက်ကုန်များ)
- Mineral Products (သတ္တုတွင်းထွက်များ)
- Marine Products (ရေထွက်ပစ္စည်းများ)
- Forest Products (သစ်တောထွက်ကုန်များ)
- Animal Products (တရိစ္ဆာန်ထွက်ကုန်များ)
- Other Products (တခြားအသုံးအဆောင်ပစ္စည်းများ)

**Import Item from Other:** (တခြားနိုင်ငံများမှ တင်သွင်းမှုများ)

- Petroleum Products (ဓါတ်ဆီ-ဒီဇယ်ဆီပစ္စည်းများ)
- Machines & Spare-part (စက်နှင့် အပိုပစ္စည်းများ)
- Iron & Steel Materials (သံနှင့် စတီးပစ္စည်းများ)
- Oil & Fertilizer (ဆီ နှင့် ဓါတုမြေဩဇာပစ္စည်းများ)
- Pharmaceutical Products (ဆေးဝါးပစ္စည်းများ)
- Plastic Raw Materials (ပလက်စတစ်ကုန်ကြမ်းများ)
- Chemical Products (ဓါတုပစ္စည်းအမျိုးမျိုး)

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ စီမံဦးဆောင်တဲ့အခါ (Export တင်ပို့မှုကို မြင့်တင်ပြီး) + (Import တင်သွင်းမှုကို လျော့ချအောင်) မျှချေပြီး စီးပွားရေးကုန်သွယ်မှုကို ဟန်ချက်ညီအောင် စီမံဖို့လိုအပ်မှာဖြစ်ပါတယ်။

ယခင် (စီးပွားကူးသန်း အကြံပေးပုဂ္ဂိုလ်) ဒေါက်တာမောင်အောင်၏ အကြံပေးချက်မှာ ကုန်သွယ်မှုကိုတိုးမြင့်မှုဖြင့် စီးပွားရေးလုပ်ငန်းများအတွက် ထွန်းသစ်စမြန်မာနှင့် နိုင်ငံတကာခေတ်ပြိုင် စီးပွားရေးတွင်Export Led Grow Model ဈေးကွက်မဟာဗျူဟာများ ဖော်ဆောင်နိုင်စေဖို့ပင်ဖြစ်ပါတယ်။

Export Led Grow (ELG) Model ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံမှာ နိုင်ငံပို့ကုန်များကို အရေအတွက်၊ အရည်အသွေးနှင့် တန်ဖိုးမြင့်တက်စေခြင်းဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုမှတဆင့် နိုင်ငံ၏စီးပွားရေးကို တိုးတက်စေရန် မဟာဗျူဟာဖော်ဆောင်ခြင်းပင်ဖြစ်ပါသည်။ အာရှ၏ ပထမဆုံးနှင့် အဖွံ့ဖြိုးဆုံးသောနိုင်ငံဖြစ်သည့် ဂျပန်မှအစ၊ အာရှကျားလေးကောင်နှင့် အာရှကျားနီးပါးဖြစ်လာသည့် မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား နှင့်အတူ လက်ရှိအတိုးတက်ဆုံးသော တရုတ်နှင့် အိန္ဒိယနိုင်ငံများ၏ စီးပွားရေးများတိုးတက်ခဲ့ခြင်းသည် ELG ပုံစံဖြင့် စတင်ခဲ့ခြင်းဖြစ်ပါတယ်။

**ပို့ကုန်ဦးဆောင်သည့် တိုးတက်မှု ပုံစံတွင် အထူးအရေးကြီးပါသည့် ပို့ကုန် ဦးစားပေး စက်မှုလုပ်ငန်းများ ဖော် ဆောင်မှု အားဖြည့်ဖက် FDI များအား ဝင်ရောက်လာနိုင်ဖို့လိုအပ်ပြီး၊ အထူးစီး ပွားရေးဇုန် (SEZ) များ တည်ထောင်**နိုင်လေလေ နိုင်ငံတကာလုပ်ငန်းရှင်ကြီးများသို့ ပိုမိုဆွဲဆောင်နိုင်လေလေဖြစ်ပါသည်။ တဆက်တည်းမှာပဲ ပြည်တွင်း လုပ်ငန်းများအနေဖြင့် FDI လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်နိုင်မှု၊ အရင်း အနှီး၊ နည်းပညာ၊ စီမံအုပ်ချုပ်မှု၊ ဈေးကွက်ရရှိနိုင်မှု စသည့်အခွင့်အလမ်း အသစ်များကိုလည်း ဖန်းတီးတည် ဆောက်နိုင်ပြီး Win-Win Together မဟာဗျူဟာကို ဖော်ဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။

> နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးရန် အခြေခံလိုအပ်ချက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စသည်တို့ တည်ငြိမ်မှုရှိရမည်။ မတည်ငြိမ်မှုများ ရှိနေလျှင် တိုးတက်ဖွံ့ဖြိုးမှု မရနိုင်ပေ။

ELG ပုံစံ အကောင်အထည်ဖော်နိုင်ရေးအတွက် အထိရောက်ဆုံး တွန်းအားနှင့် ဆွဲဆောင်မှုများအနေဖြင့် နိုင်ငံတော်၏ လုပ်ထုံးလုပ်နည်းများပံ့ပိုးပေး ရန်လိုအပ်ပြီး၊ လက်ရှိ စီးပွားရေး လုပ်ငန်းများနှင့် မကြာမီ စီးပွားရေးနှင့် လုပ်ငန်းခွင်ဝင်ကြမည့် စွန့်ဦးတီထွင်သူများမှ တက်ကြွစွာကြိုးစားအားထုတ်မှုသည် အရေးကြီးလှပေ**သည်။ အစိုးရအနေဖြင့် Private လုပ်ငန်းရှင်များ တန်ဖိုးမြင့် ပို့ကုန်များ လက်တွေ့ဆောင်ရွက်နိုင်ရေး အတွက် အခြားနိုင်ငံများကဲ့သို့ ပို့ကုန် ဦးစားပေး စက်မှုလုပ်ငန်း ဥပဒေ (Export Oriented Industrial Law) သို့မဟုတ်**

တန်ဖိုးမြင့်ပို့ကုန် ဥပဒေ (Valued Added Export Law) များ ပြဋ္ဌာန်းပေးရန် လိုပြီး၊ လုပ်ငန်းရှင်များဘက်မှလည်း စွမ်းဆောင်ရည် (Capacity) ကျွမ်းကျင် တက်မြောက်မှု၊ အရင်းအနှီးပံ့ပိုးမှု၊ နည်းပညာသစ်ရရှိမှု၊ စီးပွားရေး ကျင့်ဝတ် လိုက်နာမှုများလိုအပ်မည်ဖြစ်ပေသည်။

AEC ခေတ်ပြိုင်အတွက် သွင်းကုန်မြင့်တက်လာမှုနှင့် စီးပွားရေး လုပ်ငန်းများ မထိခိုက်စေရေးအတွက် Antidumping (စီးပွားရေးအား လက်ဝါးကြီးအုပ်မှု) နှင့်အတူ Countervailing Duty ဟုခေါ်သော (တန်ပြန် အခွန်ကောက်မှု) မှုနှင့်အတူ WTO ၏ လုပ်ငန်းစဉ်များအတိုင်း ရှေးဦးအကြို ပြင်ဆင်ဆောင်ရွက်လျှက်ရှိပါတယ်။ လက်ရှိနိုင်ငံစီးပွားရေးအနေအထားမှာ ပို့ကုန်ပမာဏဟာ နည်းနေပြီး၊ သွင်းကုန်ပမာဏဟာ များနေသည့် ကုန်သွယ်ရေး အဟန့်အတားကိုလည်း Export Led Grow Model ပုံစံဖြင့် ကုန်သွယ်ရေး GDP တိုးတက်မှုကိုလည်း များစွာအထောက်အကူပြုစေနိုင်မှာဖြစ်ပါတယ်။

Globalization ခေတ် နိုင်ငံတိုင်းပြိုင်ဆိုင်ကြသည်မှာ စီးပွားရေး တိုးတက်မှုပင်ဖြစ်သည်။ တိုးတက်ဖွံ့ဖြိုးမှု ဖော်ဆောင်ရာတွင် ကုန်သွယ်မှုသည် ဦးဆောင်မှုဖြစ်ကြောင်းကို ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးနေသည့် နိုင်ငံများ၏ အတွေ့အကြုံများမှ ဖော်ပြနေပါတယ်။ တရားဖွင့်ကျင့်သုံးသည့် နိုင်ငံတိုင်းအတွက် တိုးတက်ဖွံ့ဖြိုးရေးလမ်းစဉ်မှာ ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံExport Led Growth Model ပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးရန် အခြေခံ လိုအပ်ချက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စသည်တို့ တည်ငြိမ်မှုရှိရမည် ဖြစ်သည်၊ မတည်ငြိမ်မှုများ ရှိနေလျှင် တိုးတက်ဖွံ့ဖြိုးမှုမရနိုင်ပေ။ ဒါကြောင့် ELG အတွက် အရေးအကြီးဆုံးမှာ တိုးပြည်အဆင့် စီးပွားရေး တည်ငြိမ်မှုအခြေအနေ (Macro – Economic Stability) ပင်ဖြစ်ပါသည်။

ယနေ့ခေတ်စီးပွားရေးမှာ Globilization နိုင်ငံတစ်ခုနဲ့ နိုင်ငံတစ်ခုဟာ ချိတ်ဆက်ကုန်သွယ်ပြီး စီးပွားရေးရပ်တည်နေရတာမို့ မကြာမီတိုးတက်လာမည့်

AEC, SEZ, AFTA, NES ESifhtwl Global Supply Chain ဆိုတဲ့ အနာဂတ်လုပ်ငန်းစဉ်များမှာ ကုန်သွယ်ရေးကို အဓိကထားဆောင်ရွက်ရမှာဖြစ်လို့ (တင်သွင်းကုန်၊ တင်ပို့ကုန်) ဆိုင်ရာ ဥပဒေများ၊ ကုန်သွယ်မှုလုပ်ငန်းစဉ် International Commerce Terms (Incoterm 2010) များကိုလေ့လာပြီး Global Supply Chain လုပ်ငန်းစဉ်များဖြင့် ကမ္ဘာတစ်ဝှမ်းသို့ ဈေးကွက်ချိတ်ဆက်ပြီး လုပ်ငန်းတိုးတက်အောင်မြင်နိုင်ဖို့ တင်ပြရေးသားအပ်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Physical Development & Mental Development

## (ရုပ်ပိုင်းဆိုင်ရာ တိုးတက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း ဥပဒေသ)

**Management is Physical Development**
**(စီမံခန့်ခွဲမှုဆိုတာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးပြီး)**

**Leadership is Mental Development**
**(ဦးဆောင်မှုဆိုတာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သို့ ဖန်တီးခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***“ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးဖို့ လိုအပ်သလို စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသို့ ဖန်တီးဖို့လည်း လိုအပ်တယ်”***

# What is FDI ..?

## (နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဟူသည်)



**What is Foreign Direct Investment - FDI?** နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုတာကတော့ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းတွေကို ပေါင်းစုပေးခြင်းဖြစ်တဲ့ စီးပွားရေးမဟာဗျူဟာတစ်ခုပဲဖြစ်ပါတယ်။ FDI ကြောင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများလာရောက်ပြီးတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပြင်၊ ရေရှည်ခံသော စီးပွားရေးဆက်သွယ်မှုပုံစံများ ဖြစ်ထွန်းလာနိုင်ပါတယ်။ နိုင်ငံတခုနှင့်တခုအကြား အသိပညာ၊ အတတ်ပညာများကို မျှဝေဖလှယ်ပြီး ပိုမိုတိုးတက်အောင် ခိုင်မာတည်ဆောက်ခြင်းလည်းဖြစ်ပါတယ်။ ထို့အပြင်မှာ အိမ်ရှင်နိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ထိုနိုင်ငံအတွင်း ထုတ်ကုန်များကို တမ္ဘာ့ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနိုင်အောင်

ဖန်တီးနိုင်စွမ်းရှိပြီး တိုးတက်ပြီးသောနိုင်ငံများတွင် အသုံးပြုခဲ့ကြတဲ့ စီးပွားရေး မဟာဗျူဟာပင်ဖြစ်ပါတယ်။

(FDI) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြုပ်နှံဖို့ဆိုရာမှာ အခြေခံအားဖြင့် လာရောက်ရင်းနှီးမြုပ်နှံကြမယ့် နိုင်ငံခြားရင်းနှီးမြုပ်နှံသူတွေအနေနဲ့ အဓိက အချက် (၅ ချက်) ကို မဖြစ်အနေကြည့်မှာဖြစ်ပါတယ်။

(၁) Political & Stability နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်မှု ဘယ်လောက်ရှိလည်းဆိုတာကြည့်မယ်။ ခိုင်မာသော၊ မျှတသော စီးပွားရေးလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အတူ Politic Economic လို့ခေါ်တဲ့ နိုင်ငံရေးကြောင့် စီးပွားရေးတိုးတက်မှု၊ စီးပွားရေးကြောင့် နိုင်ငံရေးတိုးတက်မှုဆိုတဲ့ ဒွန်တွဲနေတဲ့ စီးပွားရေး စနစ်များကို အဓိကဆန်းစစ်သုံးသပ်ပြီးမှသာ FDI လုပ်ငန်းတွေ ဝင်လာကြမှာဖြစ်ပါတယ်။

(၂) Economical Potential ထိုနိုင်ငံရဲ့စီးပွားရေးအလားအလာ ဘယ်လောက်ကောင်း လဲဆိုတာကြည့်မယ်။ နိုင်ငံမှာရှိတဲ့ Micro နှင့် Macro လုပ်ငန်းတွေရဲ့ လက်ရှိအနေအထား၊ အနာဂတ် စီးပွားရေးအလားအလာ Business Scale ကို ခန့်မှန်းပြီး၊ (ထုတ်လုပ်ရေးလုပ်ငန်းလိုအပ်သလား၊ ကုန်သွယ်ရေးလုပ်ငန်းလိုအပ်သလား၊ ဝန်ဆောင်မှုလုပ်ငန်းလိုအပ်သလား၊ ငွေကြေးဈေးကွက်လိုအပ်သလား) စတဲ့ စီးပွားရေးလိုအပ်မှုတွေကို ဖော်ဆောင်မှာဖြစ်ပါတယ်။

(၃) Geographic Location ထိုနိုင်ငံရဲ့ စီးပွားရေးဗဟိုချက်ကျမှု၊ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်း စတဲ့ နိုင်ငံရဲ့ ပထဝီကိုကြည့်မယ်။ သူတို့ဟာ နေရာတိုင်းကို FDI ဝင်ရောက်မှာ မဟုတ်ဘူး စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်မယ့်

ဈေးကွက်အားသာတဲ့ မြို့ကြီးတွေ နယ်ပယ်ဒေသတွေကိုပဲFDI ဝင်ရောက်မှာပါ။ ဥပမာ - အထူးစီးပွားရေးဇုန်တွေ၊ ဆိပ်ကမ်းနဲ့နီးတဲ့ဒေသတွေ စတဲ့ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကို ကြည့်မှာဖြစ်ပါတယ်။

(၄) Skill Labor ထိုနိုင်ငံရဲ့ အလုပ်အကိုင်နှင့် လုပ်သားအရင်းအမြစ်ကို ကြည့်မှာဖြစ်ပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံ၊ မဟာဗျူဟာ၊ လုပ်ငန်းဖန်တီးနိုင်တဲ့ လုပ်ငန်းသားအင်အားစုနဲ့အတူ လိုအပ်တဲ့နည်းပညာ ပေါင်းစပ်အသုံးပြုမှု၊ ရင်းနှီးကျွမ်းဝင်တက်မြောက်မှု၊ ထုတ်လုပ်မှုစွမ်းအား၊ လုပ်အားခလစာ စတဲ့အချက်တွေကိုကြည့်မှာ ဖြစ်ပါတယ်။

(၅) Infrastructure ထိုနိုင်ငံရဲ့ အဓိကစီးပွားရေးအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ မြေ၊ လျှပ်စစ်၊ အဆောက်အဦး၊ မြို့ပြစနစ်၊ သတင်းအချက်အလက်ဖြန့်ဝေမှုနှင့် Information Technology (IT) နည်းပညာအသုံးပြုမှု စတဲ့အပိုင်းတွေကိုလည်း အဓိကထားပြီးသူတို့ကြည့်မှာဖြစ်ပါတယ်။

ဒီ (အချက် - ၅) ချက်ရဲ့ ရလဒ် အချက်အလက်တွေကို ခြုံငုံသုံးသပ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI ဝင်ရောက်လာမှာပါဖြစ်ပါတယ်။ FDI ဝင်လာရင်ဘာဖြစ်လာမလဲဆိုတော့ အဓိကပြိုင်ဆိုင်မှုတွေ တိုးတက်လာမှာဖြစ်တယ်။ Private Orientation ပုံစံနှင့်အတူ လွတ်လပ်တဲ့ ဈေးကွက်မဟာဗျူဟာတွေဖြစ်လာနိုင်တယ်၊ ဈေးကွက်အချင်းချင်း ပေါင်းစပ်မှုများလာပြီး နိုင်ငံရဲ့ GDP တိုးတက်လာနိုင်မှာဖြစ်ပါတယ်။ အဓိတ FDI ဝင်ရောက်လာတဲ့လမ်းကြောင်းမှာ မြန်မာနိုင်ငံရဲ့ MIC, DICA, SEZ Committee, Related Ministry and Association တွေဟာ အဓိကအဆုံးအဖြတ်ပေးမဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ (မ-ဥလုံး) သော မှန်တန်တဲ့ FDI, မြန်ဆန်တဲ့ FDI, များစွာသော

FDI ဖြစ်လာဖို့ ဆိုရာဝယ် အထက်ပါ (အချက် - ၅) အပေါ်မူထည်ပြီး အဓိက Focal Organization တွေ၏ ညှိနှိုင်းဆွေးနွေးနှင့် ပေါင်းစပ်ဖော်ဆောင်မှုဟာ နိုင်ငံတခုရဲ့ စီးပွားရေးမဟာဗျူဟာအပြောင်းအလဲ FDI ဝင်ရောက်မှုကို ဖန်တီးစေနိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံစီးပွားရေးကို ပံ့ပိုးနိုင်မည့် မဟာဗျူဟာနှင့် စီးပွားရေးစွန့်ဦးတီထွင် မိတ်ဆွေလုပ်ငန်းများအတွက် ပေါင်းစပ်ဖန်တီးပုံဖော်ပေးမည့် နိုင်ငံစီးပွားရေး တစေ့တစောင်း FDI အကြောင်း မျှဝေရေးသားလျှက်၊ ဆက်လက်ကြိုးစားပါဦးမည်။

## International Business Ways

## (နိုင်ငံခြားမှ ဝင်ရောက်လာနိုင်မည့် စီးပွားရေးနည်းလမ်းများ)

**Importers and Exporters**

(တင်သွင်းသူ - တင်ပို့သူ ပုံစံဖြင့် နိုင်ငံခြားစီးပွားရေးများ ဝင်ရောက်လာမှု)

- Importers (ကုန်စည် တင်သွင်းသူများ)
- Exporters (ကုန်စည် တင်ပို့သူများ)
- Countertrade (တဆင့်ခံ တင်သွင်း/ တင်ပို့သူများ)

**Contractual Agreements**

(နှစ်ဦးပေါင်းစပ် သဘောတူညီမှုဖြင့် နိုင်ငံတကာစီးပွားရေးများ ဝင်ရောက်လာမှု)

- Franchising (အကျိုးတူ ပူးပေါင်းမှုပုံစံ)
- Foreign Licensing (နိုင်ငံခြား လိုင်စင်ယူဆောင်ရွက်မှု)
- Subcontracting (ကြားခံပြန်လည် ဆောင်ရွက်မှုပုံစံ)

**International Direct Investment**

(နိုင်ငံခြားလုပ်ငန်းများ တိုက်ရိုက်ပုံစံဖြင့် စီးပွားရေး ဝင်ရောက်လာမှု)

- Acquisitions (စီးပွားရေး ရင်းနှီးမြှုပ်နှံခြင်း)
- Joint Ventures (ဖက်စပ် ပေါင်းစပ်လုပ်ကိုင်ခြင်း)
- Multinational Corporation (လုပ်ငန်းခွဲများ ထူထောင်ခြင်း)

## International Business Term

**(နိုင်ငံတကာ စီးပွားရေးအသုံးအနှုန်းများ)**

| | | |
|---|---|---|
| SMEs | – | Small & Medium Enterprise |
| GDP | – | Gross Domestic Product |
| CSR | – | Corporate Social Responsibility (UNGC) |
| ISO | – | International Standard Organization |
| BOT | – | Building, Operating & Transferring |
| GSP | – | Generalized Systems of Preference |
| NES | – | National Export Strategy |
| INCOTERM | – | International Commence Terms |
| AFTA | – | ASEAN Free Trade Area |
| FDI | – | Foreign Direct Investment |
| JV | – | Joint Venture (51% - 49%) |
| MOU | – | Memorandum of Understanding |

***I am Leader** (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*

***I Can Do It** (ငါလုပ်နိုင်ပါတယ်)*

***I Must - I Can** (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*

***Living with Beliving** (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Focus Task & Focus Goal

(အလုပ်အပေါ် အာရုံစိုက်ခြင်း နှင့် ရည်မှန်းချက်အပေါ် အာရုံစိုက်ခြင်း ဥပဒေသ)

**Management is Focus on Task**

**(စီမံခန့်ခွဲမှုဆိုတာ အလုပ်အပေါ်မှာ အာရုံထားခြင်းဖြစ်ပြီး)**

**Leadership is Focus on Goal**

**(ဦးဆောင်မှုဆိုတာ ရည်မှန်းချက်အပေါ် အာရုံထားခြင်းဖြစ်ပါတယ်)**

ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်

*"အလုပ်အပေါ်မှာ အာရုံထားဖို့လိုအပ်သလို*

*ရည်မှန်းချက်အပေါ်မှာလည်း အာရုံထားဖို့ လိုအပ်တယ်"*

# Leadership Lesson - 3

## ခေါင်းဆောင်မှု သင်ခန်းစာ (၃)

### မိမိနိုင်ငံကို ဦးစွာကယ်တင်မှာလား (သို့မဟုတ်) ကမ္ဘာကြီးကို ကယ်တင်ဖို့ကြိုးစားမလား



မြန်မာနိုင်ငံမှာ တခေတ်တခါက လေယာဉ်မှူးဘဝနဲ့ ကြီးမားတဲ့ ရည်မှန်းချက်နဲ့ ကမ္ဘာကြီးကို ကယ်တင်မယ်ဆိုပြီး ရည်မှန်းကြိုးစားခဲ့သူတစ်ဦးရှိပါတယ်။ ကမ္ဘာကြီးကို ကယ်တင်မယ်ဆိုတဲ့ စိတ်နဲ့ လေယာဉ်မောင်းပညာတွေကို ထူးထူးချွန်ချွန်လေ့လာသင်ယူပြီး အမေရိကန်လေတပ်သို့ ရောက်နိုင်ဖို့ကြိုးစားခဲ့ပါတယ်။ နှစ်ကာလတစ်ခုကြာလာတဲ့အခါ သူနားလည်လာခဲ့တယ် ကမ္ဘာကြီးကို ကယ်တင်ဖို့ဆိုတာမဖြစ်နိုင်ဘူးပဲ။ ဒီအခါမှာ သူ့ရဲ့ရည်မှန်းချက်တွေကို ပြောင်းလဲခဲ့ပါတယ်။

ကမ္ဘာကြီးကို ကယ်တင်ဖို့မဖြစ်နိုင်ပေမယ့် ကိုယ့်နိုင်ငံကိုတော့ ကယ်တင်မယ်ဆိုပြီး မြန်မာနိုင်ငံကို ကယ်တင်မယ်ဆိုတဲ့ ခံယူချက်နဲ့ ဆက်လက် ကြိုးစားခဲ့ပြန်တယ်။ ဒီလိုနဲ့ပဲ အသက်အရွယ်ရလာပြီး နှစ်ကာလတစ်ခုကြာလာခဲ့တဲ့အခါ သူထပ်ပြီး နားလည်လိုက်တယ်။ နိုင်ငံကို ကယ်တင်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးဆိုတာပဲ။ ဒီလိုနဲ့ပဲ သူရဲ့ရည်မှန်းချက်တွေကို ဆက်ပြီးပြောင်းလဲခဲ့ပြန်ပါတယ်။

နိုင်ငံကို ကယ်တင်ဖို့ မဖြစ်နိုင်ပေမယ့် ကိုယ့်ရဲ့အဖွဲ့အစည်းကိုတော့ ကယ်တင်မည်ဆိုပြီး လေကြောင်းတက္ကသိုလ်ကြီးကို တယ်တင်မယ်ဆိုတဲ့ စိတ်နဲ့ ဆက်လည်ပြီးကြိုးစားခဲ့ပါတော့တယ်။ ဒီလိုနဲ့ အသက်အရွယ်ကြီးလာတဲ့အခါ

**စိန်ခေါ်မှုတွေကိုလက်ခံရင်ဆိုင်လိုက်စမ်းပါ။**
**ဒါမှ အောင်မြင်မှုကိုခံစားရတာ ပြည့်ပြည့်ဝဝရှိမယ်။**

**(ဗိုလ်ချုပ်ကြီးပတ်တန်)**

နှစ်ကာလတွေသာ ကုန်လာခဲ့ပြန်တယ်။ ကိုယ့်ရဲ့အဖွဲ့အစည်းကိုလည်း ကယ်တင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးပဲ. . ။ နောက်ဆုံးမှာတော့ သူရဲ့ရည်မှန်းချက်တွေကို ဆက်ပြီးပြောင်းလဲခဲ့ပါတော့တယ်။

အဖွဲ့အစည်းကို ကယ်တင်ဖို့မဖြစ်နိုင်ပေမဲ့၊ အကောင်းဆုံးကြိုးစားပြီး ကိုယ့်မိသားစုအတွက် ကယ်တင်မယ်ဆိုပြီး နောက်ဆုံးမှာတော့ ဆုံးဖြတ်ကြိုးစားခဲ့ပါတော့တယ်။ ဒီလိုနဲ့ပဲ အသက်အရွယ်တွေ ကြီးလာခဲ့ပြီး၊ အချိန်များစွာ ကုန်ဆုံးခဲ့ချိန်မှာ- ကမ္ဘာကြီးကို ကယ်တင်ဖို့စိတ်နဲ့ ကြိုးစားခဲ့သူဟာ (ကျွန်တော့်ကို ကယ်ပါ) ဆိုပြီး နောက်ဆုံးတော့ ကုမ္ပဏီတစ်ခုမှာ အကူအညီတောင်းရင်း အလုပ်လုပ်ဖို့ ကြိုးစားခဲ့ပါတော့တယ်။

သင်ခန်းစာရနိုင်တဲ့ အဖြစ်အပျက်ပင်ဖြစ်ပါတယ်။ (ကမ္ဘာကြီးကို ကယ်တင်ဖို့ဆိုတဲ့ လေယာဉ်မှူးကြီးအား) လေးစားမိသလို၊ အရှုံးမပေးသော စိတ်ဓါတ်ကိုလည်းဂုဏ်ယူမိပါတယ်။ ဒီအဖြစ်အပျက်မှ ဘာတွေသင်ခန်းစာ ရစေနိုင်လဲဆိုရင်. . .

မြန်မာစကားပုံအရ (အမေကျော် ဒွေးတော်လွမ်း) လို့မဖြစ်သင့်ပါဘူး။ မြတ်စွာဘုရားတော်မှ သတ္တဝါတွေကို ကယ်တင်ဖို့မှာ မိမိကိုယ်တိုင် တရားထူးတရားမြတ်ရအောင် ဦးစွာကျင့်ကြံပြီးမှ သတ္တဝါတွေကို ကျွတ်တမ်းဝင်ဖို့ တရားဟောခဲ့ပါတယ်။ အများကို အရိပ်မိုးဖို့ဟာ ကိုယ်တိုင်ဟာ အပင်ကြီးဖြစ်ဖို့လိုအပ်ပါတယ်။ မိမိကိုယ်တိုင် အကောင်းဆုံးဖြည့်ဆည်းကြိုးစားနိုင်ပြီး၊ တခြားသူတွေကို ကယ်တင်ခြင်းသာ မှန်ကန်သောနည်းလမ်းပင်ဖြစ်ပါတယ်။

ရည်မှန်းချက်ဆိုတာ အရေးကြီးသလို၊ ရွေးချယ်ကြိုးစားမှုဟာ ပိုပြီးအရေးကြီးတယ်ဆိုတာ သင်ခန်းစာယူနိုင်ဖို့ပါ။ (ဆိုပါတော့- လေယာဉ်မှူးကြီးသာ ကမ္ဘာကြီးကို ကယ်တင်ဖို့ စတင်မကြိုးစားသင့်ပဲ- မိမိအဖွဲ့အစည်းအတွက်၊ မိမိနိုင်ငံအတွက် ဦးစွာကြိုးစားပြီး အဆင့်ဆင့်အောင်မြင်မှသာ နောက်ဆုံးပန်းတိုင်ကို ရောက်နိုင်မှာ အသေအချာပင်ဖြစ်ပါတယ်။

ဦးဆောင်ကြိုးစားမှုမှာလည်း ရည်မှန်းချက်ကို ခဏခဏပြောင်းလဲခြင်းထက်၊ အောင်မြင်နိုင်ချေရှိတဲ့ လုပ်ဆောင်ကြိုးစားမှုပုံစံကို ပြောင်းလဲပြီးရည်မှန်းချက်ကို မပြောင်းမလဲ၊ အရှုံးမပေးကြိုးစားနိုင်သူတွေဟာ ကမ္ဘာကြီးကိုကယ်တင်နိုင်သူတွေပင်ဖြစ်ပါတယ်။ One Leader Can Change The World ခေါင်းဆောင်တစ်ဦးတိုင်းဟာ ကမ္ဘာကြီးကို ပြောင်းလဲခဲ့ကြပါတယ်. . .။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့ ခိုင်မာတဲ့ ယုံကြည်ချက်၊ ပြင်းပြတဲ့ စိတ်ဆန္ဒ၊ ဖြစ်နိုင်ချေရှိသော ကြိုးစားအားစိုက်မှုတို့နဲ့ (မိုင်ထောင်ချီခရီးတိုင်းကို ခြေတစ်လှမ်းတိုင်း ဆက်လျှောက်လှမ်းနေခြင်းသာ) မိုင်ထောင်ချီခရီးတွေကို အောင်မြင်နိုင်ခြင်းသာဖြစ်ပါတယ်။

လူသားတိုင်း ရည်မှန်းချက်ကြီးတွေရှိနိုင်မှာပါ- Vision ရေရှည်ရည်မှန်းချက်ကြီးတွေ အောင်မြင်ဖို့ဟာ၊ Mission ကာလတို ရည်မှန်းချက်လေးတွေကို အာရုံစိုက်ကြိုးစားသွားမှသာ (ကမ္ဘာကြီးကို ကယ်တင်နိုင်သူတွေ) ဖြစ်နိုင်မှာဖြစ်ပါတယ်။

(ခေါင်းဆောင်မှုအတွက် အကောင်းဆုံးသော သင်ခန်းစာ)

- ကိုယ်တိုင်ကယ်တင်နိုင်သူဖြစ်မှ
  အဖွဲ့အစည်းတွေကို ကယ်တင်ဖို့ကြိုးစားပါ။
- ကိုယ့်အဖွဲ့အစည်းကိုကယ်တင်နိုင်သူဖြစ်မှ
  နိုင်ငံကို ကယ်တင်ဖို့ကြိုးစားပါ။
- နိုင်ငံကိုကယ်တင်နိုင်သူဖြစ်မှ
  ကမ္ဘာကြီးကို ကယ်တင်ဖို့ကြိုးစားသွားဖို့ပါ။

ချစ်သောမြန်မာနိုင်ငံကို ကယ်ပြီးမှ ကမ္ဘာကြီးကို ကယ်တင်ပေးပါလို့
အကြံပေးရေးသားလိုက်ပါတယ်. . .၊
**We Can Change** (ကျွန်ုပ်တို့ပြောင်းလဲနိုင်ပါတယ်)

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

## Country Leadership Level (4) – ခေါင်းဆောင်မှုအဆင့် (၅)

### Country Leader Level - နိုင်ငံရေးရာ ဦးဆောင်မှုအဆင့်

| G (Goal)<br>ရည်မှန်းချက် | R (Reason)<br>အကြောင်းပြချက် | O (Opportunity)<br>အခွင့်အလမ်းများ | W (Ways)<br>လုပ်ဆောင်မည့်နည်းလမ်း | T (Time)<br>အချိန်ကာလသတ်မှတ်မှု | H (Help)<br>အချိန်ကာလသတ်မှတ်မှု |
|---|---|---|---|---|---|
| What<br>ဘာတွေဖြစ်ချင်လဲ | Why<br>ဘာကြောင့်ဖြစ်ချင်လဲ | Where<br>ဘယ်နေရာမှာရှိမလဲ | How<br>ဘယ်လိုလုပ်ဆောင်မလဲ | When<br>ဘယ်အချိန်ပြီးစီးမလဲ | Who<br>ဘယ်သူတွေမှ ကူညီမလဲ |
| နိုင်ငံတော်အဆင့် စီးပွားရေးဝန်ကြီး ဖြစ်ရန် | နိုင်ငံတိုးတက်ရေး အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသို့ | နိုင်ငံရေးအခွင့်အလမ်းများ အသင်းအဖွဲ့ ရာထူးကြီးများ မဲဆန္ဒနယ်ပြိုင်ဆိုင်မှုများ | နိုင်ငံရေးအတွေ့အကြုံရရန် နိုင်ငံရေး စီးပွားရေး လေ့လာရန် လူကြီးများနှင့် ဆက်သွယ်ရန် လူမှုဝန်းကျင် ယုံကြည်မှုရရန် | ယခု(၁–နှစ်)အတွင်း နိုင်ငံရေးလောကသို့ ဝင်ရန် လူမှုဖွံ့ဖြိုးရေးများ ပြုလုပ်ရန် | နိုင်ငံတော်အဆင့် အကြံအကဲများ နိုင်ငံရေးသမားများ ဝန်ကြီးအဆင့်များ |
| ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ | ------------<br>------------ |

GROWTH တိုးတက်ဖွံ့ဖြိုးမှုပုံစံဖြင့် မည်သည့်ရည်မှန်းချက်များမဆို ဖော်ပြထားသောနည်းလမ်းများအတိုင်း အဆင့် (၅) Country Leader အဆင့် ဦးဆောင်မှုများ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

> I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်) I Can Do It (ငါလုပ်နိုင်ပါတယ်)
> I Must = I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် = ငါဖြစ်နိုင်ပါတယ်)
> Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)

## BIG ကြီးကျယ်မြင့်မြတ်သော ဘဝကို ပိုင်ဆိုင်ဖို့

**B - Book** စာပေဖတ်ရှုလေ့လာပါ။


**I - Individual** မိတ်ဆွေအဆက်အသွယ်များထားရှိပါ။

**G - Goal** ရည်မှန်းချက် ကြီးမားပါစေ။

MESI

ZIN PHYO PAING

MESI Business Institute



# အပိုင်း (၆)

## နိုင်ငံ စီးပွားရေး၊ ပညာရေး အင်တာဗျူးမှတ်တမ်းများ

## ၂၀၁၆ အလွန် မြန်မာ့စီးပွားရေး အလားအလာ (City FM အင်တာဗျူး)



*(မေး) ။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာနှင့် ၂၀၁၆ အလွန် စီးပွားရေးသုံးသပ်ချက်များကို ဆွေးနွေးပေးစေချင်ပါတယ်။*

**(ဖြေ) ။ ။ လက်ရှိ မြန်မာ့စီးပွားရေးအလားအလာကို သုံးသပ်ဖို့ဆိုရင် ကျွန်တော်တို့အားလုံး ကြည့်ရမဲ့အပိုင်း (၄-ခု) ရှိပါတယ်။**

အချက် (၁) P – Political နိုင်ငံရေးအခြေအနေပါ။ (Politic Economic ဆိုတဲ့ နိုင်ငံရေးဟာ စီးပွားရေးနဲ့ ဒွန်တွဲနေပါတယ်၊ နိုင်ငံရေးရဲ့ အပြောင်းအလဲအပေါ် မူတည်ပြီး၊ စီးပွားရေးဟာ သေချာပေါက်ပြောင်း လဲလာမှာပါ)။ ပြည်တွင်းစီးပွားရေးတိုးတက်မှု၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာဖို့နဲ့ ငြိမ်းချမ်းစွာနဲ့ စီးပွားရေး တိုးတက်မှုကို ပံ့သွင်းဖော်ဆောင်နိုင်ဖို့ဆိုရာမှာ နိုင်ငံရေးရဲ့ မူဝါဒတွေ၊ ပံ့ပိုးမှုတွေ၊ မဟာဗျူဟာတွေလိုအပ်မှာဖြစ်ပါတယ်။

အချက် (၂) E – Economical စီးပွားရေးအခြေအနေပါ။ (Economic make country wealthy ဆိုတဲ့ စစ်မှန်တဲ့ စီးပွားရေးစနစ်ဖော်ဆောင်လာမယ် ဆိုရင် နိုင်ငံရဲ့စီးပွားရေးတိုးတက်လာနိုင်ပါတယ်၊ စီးပွားရေးစနစ် ပြောင်းလဲဖို့တော့ လိုပါတယ်၊ ယခင်က ဆိုရှယ်လစ် စီးပွားရေးစနစ်ကနေပြီး တံခါးဖွင့်စီးပွားရေးကို အားပေးတဲ့ ဈေးကွက်အရင်းအနှီးဝါဒဆိုတဲ့ Capitalism စနစ်မျိုးတွေဖြစ်လာပြီး ကာမငလအေန ရဲ့လုပ်ပိုင်ခွင့်တွေ၊ ပြည်သူရဲ့ လွတ်လပ်တဲ့ စီးပွားရေးဖော်ဆောင် မှုတွေ ဖန်တီးပေးလာနိုင်ရင်တော့ တိုးတက်လာနိုင်မှာပဲဖြစ်ပါတယ်။

အချက် (၃) Social လူမှုဝန်းကျင်အခြေအနေပါ။ (အသိပညာ-အတတ် ပညာ ဦးဆောင်ပြီး၊ နိုင်ငံတကာကို ဖိတ်ခေါ်နိုင်တဲ့ ပြည်ပဈေးကွက်ချိတ်ဆက်မှု နှင့် ပြည်ပအရင်းအနှီးရှာဖွေမှုတွေ၊ စီးပွားရေးအမြင်ကျယ်မှုနဲ့ တစ်ဦးချင်းရဲ့ ဝင်ငွေရှာဖွေမှု တိုးတက်လာခြင်းနှင့်အတူ ပြည်သူတွေရဲ့ မိရိုးဖလာစီးပွားရေး ပုံစံကနေ ဆန်းသစ်တဲ့ စီးပွားရေးပုံစံတွေကို ဖန်တီးလာခြင်းဟာလည်း စီးပွားရေး တိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမှာပါ။

အချက် (၄) Technology နည်းပညာတိုးတက်မှုအခြေအနေပါ။ (တိုးတက်ခဲ့တဲ့ နိုင်ငံတွေကို ကြည့်ရင် နည်းပညာအားသာချက်ကြောင့်ဖြစ်ပါတယ်။

လက်ရှိမှာ မိုဘိုင်းဖုန်းတွေကို တနိုင်ငံလုံးအဆင့်ဖြန့်ဝေပေးနိုင်တဲ့ အနေအထားမှာ သတင်းအချက်အလက်နဲ့ ဈေးကွက်အချိတ်အဆက်တွေဟာ ပိုမိုတွင်ကျယ်လာနိုင်သလိုပဲ၊ တခြားသော E-Commerce စနစ်တွေ၊ R&D စနစ်တွေ၊ စက်မှုလက်မှုလုပ်ငန်းတွေရဲ့ Technology တွေကို ပံ့ပိုးကူညီပေးနိုင်တဲ့ အခြေအနေဖြစ်လာရင် စီးပွားရေးတိုးတက်မှုဟာ ယခုထက်ပိုမိုမြန်ဆန်လာနိုင်ပါတယ်။

*(မေး) ။ ။ မကြာခင်မှာ စတင်လာတော့မယ့် ASEAN Economic Community (AEC) နဲ့ FDI တွေနဲ့ ပတ်သတ်ပြီး ဖြစ်လာနိုင်ချေရှိတဲ့ စီးပွားရေးအမြင်များကိုလည်း သုံးသပ်ပြစေချင်ပါတယ်။*

(ဖေး) ။ ။ AEC အာစီယံစီးပွားရေးအသိုက်အဝန်းက (၂၀၁၆ ကနေပြီး - ၂၀၂၅ အထိ) အာစီယံနိုင်ငံများ ပေါင်းစည်းပြီး ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိစေဖို့ ဖော်ဆောင်လိုက်တဲ့ မဟာဗျူဟာဖြစ်ပါတယ်။ AEC အာစီယံဈေးကွက်စီးပွားရေးရဲ့ အဓိကမျှော်မှန်းချက်ကတော့ အာစီယံနိုင်ငံများ စုပေါင်းပြီး Single Window Mart ပုံစံဖြင့် ဈေးကွက်တပုံစံတည်း One Vision – One Community ပုံစံဖော်ဆောင်ဖို့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

**AEC** ရဲ့ အဓိက လုပ်ငန်းစဉ်တွေမှာ-

(၁) Market & Production (Free Flows) ဈေးကွက်-ထုတ်ကုန်လွတ်လပ်စွာစီးဆင်းမှု၊

(၂) Competitive Economic Region (ဒေသတွင်း ဈေးကွက်ပြိုင်ဆိုင်တိုးတက်လာမှု)၊

(၃) SMEs Economic Development (SMEs လုပ်ငန်းများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု)၊

(၄) Integration into Global Economy (ကမ္ဘာ့စျေးကွက်သို့ စုစည်းချိတ်ဆက်ပေးနိုင်မှု)

ဆိုတဲ့ အာစီယံစီးပွားရေး Pillars (၄-ချက်) ကို အဓိကထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

AEC ဝင်လာတဲ့အခါမှာ Corporation ပုံစံနဲ့ စျေးကွက်ကိုပေါင်းစပ်ဖော်ဆောင်နိုင်သလိုCompetition ပုံစံနဲ့ စျေးကွက်ကိုယှဉ်ပြိုင်မှုဆိုတာ ဖြစ်လာနိုင်တယ်။ စျေးကွက်ခံစစ်ပုံစံနဲ့ AEC ကို Local Market အတွင်း ယှဉ်ပြိုင်မလား၊ စျေးကွက်တိုက်စစ်ပုံစံနဲ့ AEC ကို International Market သို့ ဝင်မလားဆိုတဲ့ ပြင်ဆင်သုံးသပ်မှုတွေနဲ့ အလိုက်သင့်ပြောင်းလဲရပ်တည်မှုတွေဟာ လိုအပ်လာနိုင်ပါတယ်။ AEC ဝင်လာရင် ဘာဖြစ်လာမလဲဆိုတော့ အဓိကပြိုင်ဆိုင်မှုတွေ တိုးတက်လာမှာဖြစ်တယ်။ လွတ်လပ်တဲ့ စျေးကွက်ပုံစံတွေကို ဖန်တီးလာမှာဖြစ်ပါတယ်။ ဒီအခါမှာ ပြင်ဆင်မှုအားသာတဲ့ မြန်မာ့လုပ်ငန်းစုတွေအတွက် အဆင်ပြေနိုင်ပြီး၊ ပြင်ဆင်မှုအားနည်းတဲ့ မြန်မာ့လုပ်ငန်းစုတွေ အတွက်တော့ စိုးရိမ်းစရာပါပဲ။ ပြင်ဆင်မှုဆိုတဲ့အပိုင်းမှာ ပြည်တွင်းစျေးကွက် တွေကို ရနိုင်သလောက်ချဲ့ထားနိုင်ဖို့၊

**ညှိနှိုင်းဆွေးနွေးနှင့် ပေါင်းစပ်ဖော်ဆောင်မှုဟာ နိုင်ငံတခုရဲ့ စီးပွားရေး မဟာဗျူဟာ အပြောင်းအလဲသည်သာ FDI ဝင်ရောက်မှုကို ဖန်တီးစေနိုင်မှာ ဖြစ်ပါတယ်။**

အာဝီယံဈေးကွက်တွေရဲ့လိုအပ်ချက်တွေကို ကြိုတင်လေ့လာထားနိုင်ဖို့၊ မိမိလုပ်ငန်းစုရဲ့ Supplier ဈေးကွက်အဆက်အသွယ် တွေကို ချိတ်ဆက်ထားနိုင်ဖို့၊ နည်းစနစ်ကျတဲ့ လုပ်ငန်းခွင်စီမံအုပ်ချုပ်မှုတွေကို မြှင့်တင်ထားနိုင်ဖို့၊ ဝန်ထမ်းစွမ်းရည်တွေကို မြှင့်တင်ထားနိုင်ဖို့နဲ့Supply Chain ဈေးကွက်ချင်းတူတဲ့ လုပ်ငန်းစုတွေနဲ့ ပေါင်းစည်းထားနိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

FDI နဲ့ ပတ်သက်ပြီး သုံးသပ်ရင် မြန်မာနိုင်ငံကို ဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့ အခြေခံအားဖြင့် အချက် ၅ ချက်ကိုကြည့်ပါတယ်။

(၁)အချက်က ကျွန်တော်တို့ နိုင်ငံရေးတည်ငြိမ်မှု ဘယ်လောက်ရှိလည်း ဆိုတာကြည့်မယ်။ ၂-အချက်က မြန်မာနိုင်ငံရဲ့စီးပွားရေးအလားအလာ ဘယ်လောက် ကောင်းလဲဆိုတာကြည့်မယ်။

(၃) အချက်က ကျွန်တော်တို့နိုင်ငံမှာချမှတ်ထားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အလုပ်သမားနဲ့ပတ်သက်တဲ့ အချက်တွေကိုကြည့်မယ်။


(၄) အချက်က FDI အတွက် ဈေးကွက်နေရာအားသာချက်ကို ကြည့်ပြီး၊ ဇုန်ကျတဲ့ နေရာတွေ၊ မြို့တွေမှာ ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ Infrastructure လမ်း၊ မြေ၊ လျှပ်စစ်၊ အဆောက်အဦး စတဲ့ ရရှိနိုင်မှုအပိုင်းတွေကို အဓိကထားပြီး ကြည့်မှာဖြစ်ပါတယ်။ FDI ဝင်လာဖို့အတွက် ဒီအချက် (၅-ချက်) သည်သာ အဓိကဖြစ်ပါတယ်။

အဓိက FDI ဝင်ရောက်လာတဲ့လမ်းကြောင်းမှာ မြန်မာနိုင်ငံရဲ့ MIC, DICA, SEZ Committee, Related Ministry and Association တွေဟာ အဓိကအဆုံးအဖြတ်ပေးမဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ (မ-၃လုံး) သော မှန်ကန်တဲ့ FDI, မြန်ဆန်တဲ့ FDI, များစွာသော FDI ဖြစ်လာဖို့ ဆိုရာမှာ အထက်ပါ (အချက် - ၅) အပေါ် မူတည်နေပြီး အဓိက Focal Organization

တွေ၏ ညှိနှိုင်းဆွေးနွေးနှင့် ပေါင်းစပ်ဖော်ဆောင်မှုဟာ နိုင်ငံတခုရဲ့ စီးပွားရေး မဟာဗျူဟာအပြောင်းအလဲသည်သာ FDI ဝင်ရောက်မှုကို ဖန်တီးစေနိုင်မှာ ဖြစ်ပါတယ်။

***I am Leader*** *(ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
***I Can Do It*** *(ငါလုပ်နိုင်ပါတယ်)*
***I Must - I Can*** *(ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
***Living with Beliving*** *(ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆




## The Law of IQ and EQ

(ဦးနှောက်စွမ်းရည်နှင့် နှလုံးသားစွမ်းရည် ဥပဒေသ)

Management is good IQ

(စီမံမှုဆိုတာ ဉာဏ်ရည်ကောင်းခြင်းဖြစ်ပြီး)

Leadership is good EQ

(ခေါင်းဆောင်မှုဆိုတာ နှလုံးရည်ပြည့်ဝခြင်းဖြစ်တယ်)

ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်

*"ဉာဏ်ပညာအရည်အချင်းကောင်းဖို့ လိုအပ်သလို*

*နှလုံးရည်ပြည့်ဝဖို့လည်း လိုအပ်တယ်"*

# မြန်မာ့စီးပွားရေးနှင့် ပညာရေးကဏ္ဍ
# ( Mizzima Media အင်တာဗျူး)




*(မေး) ။ ။ လက်ရှိအပြောင်းအလဲမှာ မြန်မာ့စီးပွားရေး SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သတ်ပြီး ယခင်အခြေအနေနဲ့ ယခုဖြစ်လာနိုင်ချေရှိတဲ့ SMEs လုပ်ငန်းများအတွက် အလားအလာများကို ဆရာ့အနေနဲ့ အကြံပြု ဆွေးနွေးပေးစေလိုပါတယ်။*

(ဖြေ) ။ ။ Mizzima Media ကို ယခုလိုအများပြည်သူအတွက် အင်တာဗျူး လာရောက်ပေးတဲ့အတွက် အားလုံးကိုယ်စား ဦးစွာကျေးဇူးတင်ကြောင်း ပြော ကြားလိုပါတယ်။ လက်ရှိအနေအထားမှာ အားလုံးသိတဲ့အတိုင်း အမေစု NLD

အစိုးရသစ်တက်လာတဲ့အခါမှာ များစွာတိုးတက်ပြောင်းလဲလာနိုင်ဖို့ကို အားလုံး သုံးသပ်နိုင်မှာဖြစ်ပါတယ်။ အမေစုရဲ့နိုင်ငံခြားရေးအဆက်အသွယ်နဲ့ ခန့်မှန်းလို့ မရတဲ့ မဟာဗျူဟာတွေ၊ အကြံဉာဏ်ကောင်းတွေဟာ များစွာတိုးတက်လာဖို့ကို ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ပြည်သူထဲက ပြည်သူတစ်ယောက် အနေနဲ့ လက်ရှိကြုံနေရတဲ့ စီးပွားရေးအခြေအနေတွေ၊ ဖြစ်သင့်တဲ့အချက်တွေ အပေါ် အားလုံးကိုယ်စား ဆွေးနွေးပေးချင်ပါတယ်။

မြန်မာနိုင်ငံတိုးတက်ဖို့ဆိုရင် SMEs လုပ်ငန်းများနဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဟာလည်း လွန်စွာအရေးကြီးပါတယ်။ ယခင်အစိုးရလက်ထက်မှာ အားလုံးသိတဲ့အတိုင်း ပံ့ပိုးကူညီမှုတွေ၊ ပြုပြောင်းပြောင်းလဲမှုတွေရှိခဲ့သော်လည်း တိုးတက်မှုအတွက်ရာ များစွာဆက်လက်ဆောင်ရွက်ရအုံးမှာဖြစ်ပါတယ်။ ဥပမာ ငွေကြေးချေးယူတဲ့ အနေအထားကို သုံးသပ်ကြည့်ရင်၊ လုပ်ငန်းကြီးတွေလောက်ပဲ ချေးငွေတွေကို ရရှိနိုင်ပြီး၊ လုပ်ငန်းအငယ်တွေမှာ ပံ့ပိုးမှုတွေ၊ ကူညီပေးမှုတွေဟာ မရသလောက်ဖြစ်ခဲ့တာတွေလည်းရှိပါတယ်။ လက်ရှိအနေအထားမှာ ဆရာတို့ သိသလောက်တော့ SMEs လုပ်ငန်းများအတွက် JICA မှတဆင့် 2-step Loan ပုံစံနဲ့ (5 Billion $) ထုတ်ချေးပေးမှုတွေ၊ CGI စနစ်စတင်မှုတွေ၊ ဆက်လက်ပြီး နောက်ပိုင်းမှာ World Bank နဲ့အတူ UNDP စတဲ့အဖွဲ့အစည်းတွေမှ တဆင့် လည်း SMEs လုပ်ငန်းများကို ဆက်လက်ပံ့ပိုးပေးမယ်လို့သိရပါတယ်။

NLD အစိုးရသစ်လက်ထက်မှာလည်း နိုင်ငံတကာအကူအညီတွေ၊ ပံ့ပိုးမှုတွေ၊ ချိတ်ဆက်ဆောင်ရွက်မှုတွေဟာလည်း များစွာဖြစ်လာဦးမှာပါ။ ဒီ အခါမှာ ဆရာတို့အနေနဲ့ဖြစ်စေချင်တာတော့ SMEs အားလုံးကိုခြုံငုံစဉ်းစား စေချင်ပါတယ်။ စီးပွားရေးလုပ်ငန်းများ အားလုံးထဲမှာမှတဆင့် ဘယ်လုပ်ငန်းတွေ ကို ဦးစားပေးရမလဲ၊ ဘယ်စီးပွားရေးလုပ်ငန်းတွေကို အဓိကထားပံ့ပိုးပေးမလဲဆို တာကို သိဖို့ဆိုရင် စာရင်းဇယားတွေ၊ လက်ရှိအချက်အလက်အမှန်တွေကို Survey ပြန်လုပ်ဖို့တော့လိုပါလိမ့်မယ်- (ဆက်လက်ဖော်ပြပေးသွားပါမည်)

*(မေး) ။ ။ မြန်မာနိုင်ငံရဲ့ပညာရေးဟာလည်း နိုင်ငံတကာနဲ့ယှဉ်လိုက်ရင် များစွာနိမ့်ကျနေတယ်ပေါ့လေ၊ ဒီအခါမှာ အစိုးရသစ်လက်ထက်မှာ အမေစုပညာရေးဝန်ကြီးဖြစ်လာတာနဲ့အတူ ပညာရေးနဲ့ပတ်သတ်ပြီး ဆရာ့ရဲ့ အကြံပေးချက်များကိုလည်း တင်ပြပေးစေလိုပါတယ်။*

(ဖြေ) ။ ။ Education for All ပေါ့နော်၊ ပညာရေးဟာ အားလုံးတိုးတက်ဖို့အတွက် အဓိကအုတ်မြစ်တွေဖြစ်ပါတယ်။ လူသားတွေဟာ အတူတူပါပဲ၊ သို့သော် အသိပညာတွေကွာခြားပြီး၊ ပြုမူဆောင်ရွက်မှုတွေ ကွဲလွဲသွားတာဖြစ်ပါတယ်။ နိုင်ငံတခုတိုးတက်ဖို့ဆိုရာမှာ တဦးချင်းရဲ့ အသိပညာတက်မြောက်မှုနဲ့ တိုင်းတာလို့ရပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ မြန်မာ့ပညာရေးမှာလည်း များစွာတော့ ပြင်ရအုံးမှာဖြစ်ပါတယ်။ လက်ရှိပညာရေးပုံစံကတော့ Top–down ပုံစံပေါ့နော်၊ အပေါ်ကချမှတ်ထားတဲ့အတိုင်းပဲ လိုလိုမလိုလိုသင်နေတာတွေရတယ်။ ဖြစ်သင့်တာတော့ Bottom-up စနစ်ကိုအားပေးပါတယ်။ ပညာသင်ပေးတယ်ဆိုတာ သင်ကြားတဲ့ဆရာတက်သိဖို့ထက်၊ သင်ကြားခံရတဲ့ တပည့်တွေ အသိပညာရရှိဖို့လိုအပ်ပါတယ်။ ဒီအခါမှာ အောက်ခြေမှာဘာတွေလိုအပ်နေလဲဆိုတာကို အခြေခံပြီး သင်ပေးဖို့တော့ လိုအပ်တာပေါ့။ လက်ရှိမြန်မာနိုင်ငံရဲ့ပညာရေးဟာ နိုင်ငံတကာနဲ့ယှဉ်လိုက်ရင် များစွာရှုပ်ထွေးပြီး၊ လက်တွေ့နယ်ပယ်အတွက် အသုံးပြုနိုင်တဲ့အနေအထားမှာ အားနည်းတာတွေ့ရပါတယ်။ ဥပမာ - မြန်မာစာဘွဲ့၊ အင်္ဂလိပ်စာဘွဲ့ စသဖြင့် ပြီးရင်ဘာလုပ်မလဲ ရလဒ်ကောင်းဖြစ်ဖို့နဲ့ အသက်မွေးဝမ်းကြောင်းအတွက် အာမခံချက်ရှိတဲ့ ပညာရေးဖြစ်ဖို့လိုတာပေါ့။ နိုင်ငံခြားမှာတော့ ရှင်းပါတယ်။ Vocational Education ကိုအားပေးပြီး၊ လက်တွေ့နယ်ပယ်ကိုလည်း လက်တွေ့သင်ကြားပေးမှုနဲ့အတူ ကျောင်းပြီးရင်လည်း အသက်မွေးဝမ်းပညာရေးဖြစ်လို့ အချိန်ကုန်ပေမယ့် အကျိုးရှိစေပါတယ်။

အမေစု ပညာရေးဝန်ကြီးဖြစ်လာရင်တော့ ပညာရေးဟာ များစွာ

တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတကာမှ ပညာရေးကျောင်းတွေဟာလည်း ပွံ့ပိုးကူညီမှုရလာနိုင်မှာဖြစ်ပါတယ်။ ဆရာတို့အနေနဲ့ အကြံပြုချင်တာတော့ ပညာရေးမြင့်မားဖို့အတွက် ပြည်တွင်းမှပညာရှင်တွေ၊ ပြည်ပမှ နိုင်ငံတကာရောက် မြန်မာ့ပညာရှင်တွေကိုလည်း ပါဝင်လာစေချင်တယ်။ ဆရာတို့သိရသလောက် နိုင်ငံခြားရောက်မြန်မာတွေဟာ (၃-သန်း မှ ၅-သန်း) လောက်ရှိတယ်လို့ဆိုပါတယ်။ ဒါဟာ ကြီးမားတဲ့ အခွင့်အရေးပါ၊ နိုင်ငံတကာမှ မျိုးစုံသော အသိပညာ၊ အတွေ့အကြုံတွေကို ရရှိနိုင်အောင် ကြိုးစားကြည့်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ပြန်လာပါလို့ ဆရာတို့မဆိုလိုပါဘူး၊ အားလုံးဟာ အထိုင်ကျပြီးသား ဖြစ်နေတော့လေ၊ သို့သော်လည်း ထိုနိုင်ငံမှာပဲနေရင်း တိုးတက်ရာ တိုးတက်မှုအတွက် အကြံပေးတာဖြစ်ဖြစ်၊ စီးပွားရေးချိတ်ဆက်ပေးတာဖြစ်ဖြစ်၊ နိုင်ငံအတွက် တခုခုအကျိုးပြုပေးနိုင်ရင်တော့ များစွာတိုးတက်လာဖို့မျှော်လင့်ပါတယ်။ ဥပမာနိုင်ငံခြားမှာ အသင်းအဖွဲ့တွေဖွဲ့စည်းပေးတာမျိုး ကြိုးစားကြည့်စေချင်ပါတယ်။ ဒါဆိုရင် နိုင်ငံတကာမှ အတက်ပညာတွေ၊ အတွေ့အကြုံတွေ၊ နည်းပညာတွေဟာ နိုင်ငံလက်ရှိအပြောင်းအလဲမှာ များစွာအကျိုးပြုပေးနိုင်မှာဖြစ်ပါတယ်။ -(ဆက်လက်ဖော်ပြပေးသွားပါမည်)

> **ယနေ့ထက်-မနက်ဖြန်သည်**
> **ပိုမိုကောင်းမွန်အောင်**
> **ကြိုးစားကြရမည်ဆိုတဲ့**
> **ပြည်သူအားလုံးအတွက်**
> **အားပေးထုတ်လွှင့်မှု**
> **အစီအစဉ်တွေဟာ**
> **လိုအပ်လာနိုင်ပါတယ်**

*(မေး) ။ ။ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကြံပြုချက်များကို လည်း ဖော်ပြပေးစေချင်ပါတယ်။*

(ဖြေ) ။ ။ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာ အားလုံးကို ခြုံငုံစဉ်းစားတဲ့ Public Private Partnership (P.P.P) အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ အားလုံး ပါဝင်တဲ့ စီးပွားရေးပုံစံဖော်ဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ အားလုံးထဲမှာမှ ဘယ် အချက်တွေကို ဦးစားပေးဖော်ဆောင်မလဲ ဆိုတာနဲ့အတူ Political Goal နိုင်ငံရေးမျှော်မှန်းချက်၊ Economical Goal စီးပွားရေးပန်းတိုင်၊ Social Goal ပြည်သူတွေရဲ့ မျှော်မှန်းချက်ပန်းတိုင်တွေဟာ အသီးသီးထားရှိရမှာဖြစ်ပါတယ်။ ပန်းတိုင်တခုကို ဦးတည်ဖော်ဆောင်မှသာ တိုးတက်မှုဆိုတာသေချာဖြစ်လာ နိုင်မှာပါ။

မြန်မာနိုင်ငံတိုးတက်ဖို့အတွက် နိုင်ငံခြားမှာရောက်နေတဲ့ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ မြန်မာနိုင်ငံသားတွေဟာလည်း ပါဝင်ကူညီပေးဖို့လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ သုံးနေတဲ့နည်းပညာတွေ၊ စနစ်ကောင်းတွေ၊ အတွေ့ အကြုံတွေဟာ မြန်မာ့အပြောင်းအလဲအတွက်တော့ တကယ်ကိုအသုံးဝင်စေနိုင်တဲ့ တန်ဖိုးတရားတွေဖြစ်ပါတယ်။ ဒီအတွက်လည်း လုပ်ပိုင်ခွင့်တွေ၊ စီစဉ်ဆောင်ရွက်မှု တွေကို တာဝန်ရှိသူတွေ၊ ဦးဆောင်နိုင်သူတွေက ကြိုးစားကြည့်ရမှာဖြစ်ပါတယ်။


ပြည်တွင်းမှာကြုံနေတဲ့ ငွေကြေးအခက်အခဲပြဿနာအတွက်လည်း ဘဏ်တွေမှာထားတဲ့ ငွေသေတွေကို စီးပွားရေးမှာ အသုံးချနိုင်ဖို့၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုအကူအညီနဲ့ ပြည်တွင်းငွေကြေးစီးဆင်းမှုများဖန်တီးပေးနိုင်ဖို့နဲ့ ပုံမှန်ဝင်ငွေရှိတဲ့ လူလတ်တန်းစားပြည်သူများအတွက် နိုင်ငံတကာမှာသုံးသလိုမျိုး Credit ကဒ်တွေနဲ့ စက္ကူကိုငွေအဖြစ်ဖော်ဆောင်ဖန်တီးပေးတဲ့ လုပ်ငန်းမျိုးတွေရှိ လာရင် ငွေကြေးစီးဆင်းမှုများပြားလာပြီး နိုင်ငံကြွယ်ဝချမ်းသာလာမှာဖြစ်ပါတယ်။

နိုင်ငံစီးပွားရေးတိုးတက်လာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေ၊

ငွေကြေးအခွင့်အလမ်းတွေ၊ စီးပွားရေးအခွင့်အလမ်းတွေဟာ ဒွန်တွဲပါလာနိုင်ပြီး ပေးလာတဲ့ အခွင့်အလမ်းတွေကို ပိုင်ဆိုင်နိုင်ဖို့တော့ အဆင့်သင့်ပြင်ဆင်ထားမှု သည်သာ တိုးတက်မှုကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အကြံပြု ချင်တာကတော့ ဂျပန်နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့တိုးတက်ရေးလမ်းစဉ်ဖြစ်တဲ့ ယနေ့ ထက်-မနက်ဖြန်သည် ပိုမိုကောင်းမွန်အောင် ကြိုးစားကြရမည်ဆိုတဲ့ ပြည်သူ အားလုံးအတွက် အားပေးထုတ်လွှင့်မှုအစီအစဉ်တွေဟာ လိုအပ်လာနိုင်ပြီး၊ နိုင်ငံသားအားလုံးမှ တူညီစွာဖြစ်ချင်နေကြတဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘက်စုံမှတာဝန်သိသိ၊ တာဝန်ရှိရှိကြိုးစားခြင်းဖြင့် ပိုမိုတိုးတက်သော မြန်မာနိုင်ငံဖြစ်လာနိုင်အရေး အားလုံးပါဝင်ဖန်တီးဖော်ဆောင်နိုင်ဖို့ နိဂုံးချုပ် ဆွေးနွေးတင်ပြအပ်ပါတယ်။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆




## The Law of Good & Grate

(ကောင်အောင်ကြိုးစားခြင်းနှင့် အကောင်းဆုံးဖြစ်ဖို့ကြိုးစားခြင်း
ဥပဒေသ)

**Management is work for Good**

**(စီမံမှုဆိုတာ ကောင်းဖို့ကြိုးစားခြင်းဖြစ်ပြီး)**

**Leadership is work for Grate**

**(ခေါင်းဆောင်မှုဆိုတာ အကောင်းဆုံးကြိုးစားခြင်းဖြစ်တယ်)**

**ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်**

***"ကောင်းဖို့ ကြိုးစားဖို့ လိုအပ်သလို
အကောင်းဆုံးကြိုးစားဖို့လည်း လိုအပ်တယ်"***

# စွန့်ဦးတီထွင်မှုနှင့် AEC ခေတ်ပြိုင်စီးပွားရေးကဏ္ဍ

## (ပြည်မြန်မာ အင်တာဗျူး)




*(မေး) ။ ။ ပထမဆုံးအနေနဲ့ အစ်ကိုတို့ စွန့်ဦးတီထွင်လုပ်ငန်းရှင်လို့ဆိုတဲ့ ဝေါဟာရ အဓိပ္ပာယ်ကို အများသိအောင် ရှင်းလင်းပြောကြားပေးပါ။*

(ဖြေ) ။ ။ စွန့်ဦးတီထွင်သူဆိုတာ မြန်မာနိုင်ငံမှာ ခေတ်စားလာပါပြီ။ အဓိက စွန့်ဦးတီထွင်သူဆိုတဲ့ အဓိပ္ပါယ်ကတော့ ပုံမှန်အားဖြင့် အခြားသောကုမ္ပဏီမှာ ဝန်ထမ်းလုပ်တာထက်စာရင် မိမိကိုယ်ပိုင်လုပ်ငန်းစတင်ထူထောင် ဆောင်ရွက်ကြတာကို စွန့်ဦးတီထွင်လုပ်တယ်လို့ခေါ်ပါတယ်။ စွန့်ဦးတီထွင်သူလို့ ပြောလိုက်တာနဲ့ စကားလုံး ၃ လုံး တွဲပါလာပါပြီ။ နံပါတ် ၁ က စွန့်စားနိုင်ရမယ်။ စွန့်စားတဲ့

နေရာမှာလည်း ပိုင်နိုင်တဲ့တွက်ချက်မှုမျိုးရှိရမယ်။ နံပါတ် ၂ က မိမိကိုယ်တိုင်ခေါင်းဆောင်နိုင်တဲ့လုပ်ငန်းမျိုး၊ ဦးစွာသူများမလုပ်ခင်မှာ လက်ဦးရယူ ဈေးကွက်ယူဖို့လည်းလိုပါတယ်။ နံပါတ် ၃ အချက်ကတော့ သူများညွှန်ကြားချက်မပါဘဲ ကိုယ်ပိုင်အတွေးအခေါ်နဲ့ တီထွင်ဖန်တီးနိုင်ရမယ်။ သူများမလုပ်နိုင်သေးတဲ့အရာကို လမ်းကြောင်းဖေါက်တီထွင်နိုင်ရမယ်။ စွန့်ဦးတီထွင်သူလုပ်မယ်ဆိုရင် အဓိက အတွေအခေါ်ကောင်းတွေရှိရမယ်။ ဖန်တီးနိုင်တဲ့စွမ်းအားတွေရှိရမယ်။ မိရိုးဖလာစီးပွားလုပ်ကိုင်လာသူမဟုတ်ဘဲ ကိုယ်ပိုင်စီးပွားရေးလမ်းကြောင်းသစ်ထိုးဖေါက်လုပ်ကိုင်နိုင်ရမယ်။ ဒါတွေက အခြေခံလိုအပ်တဲ့အချက်အလက်တွေပါဘဲ။ အခုလက်ရှိ မြန်မာနိုင်ငံကလည်း စီးပွားရေးလမ်းကြောင်းတွေ ပိုမိုတိုးတက်များပြားလာတဲ့အတွက် ရှိပြီးသားလုပ်ငန်းကြီးတွေနဲ့မလုံလောက်တော့ဘူး။ ထပ်ပြီးတော့ စွန့်ဦးတီထွင်လုပ်မဲ့ လူတွေ အများကြီးလိုအပ်လာပါတယ်။

*(မေး) ။ ။ စွန့်ဦးတီထွင်လုပ်ငန်း လုပ်ကိုင်သူတွေနဲ့ မိရိုးဖလာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေကြား ကြုံတွေ့နေရတဲ့ အခက်အခဲတွေဘယ်လိုကွာခြားမှုတွေရှိပါသလဲ။*

(ဖြေ) ။ ။ လက်ရှိအနေအထားမြန်မာနိုင်ငံမှာ တွေ့ရတာက စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေမှာ နှစ်မျိုးတွေ့ရတယ်။ မိရိုးဖလာလုပ်ကိုင်လာသူတွေရယ်၊ ဆန်းသစ်တီထွင်ပြီးတော့ စတင်လုပ်ကိုင်တဲ့သူဆိုပြီးတော့ရှိတယ်။ မိရိုးဖလာလုပ်ကိုင်လာသူဆိုရင်တော့ အားလုံးကတွေးလို့ရကယ်။ ဒီနေ့လည်း ဒီလမ်းပဲ မနက်ဖြန်လည်း ဒီလမ်းပဲ။ လမ်းဟောင်းအတိုင်းကို လျှောက်ရင်တော့ ပုံမှန်အတိုင်းပဲ ဖြစ်နေမှာ။ သို့သော် ဒီဘက်က စွန့်ဦးတီထွင်လုပ်မယ့်သူကျတော့ လမ်းသစ်တွေဖေါက်ကယ်၊ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ကိုယ်မလျှောက်ဖူးတဲ့

လမ်းတွေကနေ ဖေါက်လုပ်ပြီး လျှောက်တယ်။ အဲ့လိုပုံစံနဲ့ သွားတဲ့အခါမှာ မိရိုးဖလာလုပ်တဲ့သူတွေက တိုးတက်မှုသိပ်မရှိဘူး။ စွန့်ဦးတီထွင်လုပ်မယ့်သူတွေအတွက်ကတော့ အခက်အခဲအများကြီးရှိတယ်။ မိရိုးဖလာလုပ်ကိုင်သူတွေအတွက်က သာမန်အားဖြင့် ခန့်မှန်းလို့ရတဲ့ တိုးတက်မှုမျိုးနဲ့သွားတယ်။ စွန့်ဦးတီထွင်လုပ်ကိုင်သူတွေကျတော့ ပထမတစ်နှစ်မှာအမြတ်က သိန်း ၅၀ ဖြစ်ရင်ဖြစ်မယ်။ နောက်တစ်နှစ်မှာ သိန်း ၁၀၀၀ လည်းဖြစ်သွားနိုင်တယ်။ သူတို့တိုးတက်မှုနှုန်းက ပုံမှန်မရှိဘူး။ ဥပမာ ပြောရရင် ကမ္ဘာကျော်လုပ်ငန်းကြီးတွေဖြစ်တဲ့ Alibaba လုပ်ငန်းကြီးတွေမျိုးပေါ့။ ကျွန်တော်ကတော့ လူငယ်တွေအားလုံးကို စွန့်စားစေချင်တယ်။ စွန့်စားလို့ဆုံးရှုံးတယ်ဆိုတာ မရှိပါဘူး။ တစ်ခုမဟုတ်တစ်ခု ကိုယ့်အတွက် အမြတ် ဆိုတာရစမြဲပါ။

*(မေး)။ ။ မြန်မာနိုင်ငံကို အာဆီယံစီးပွားရေးကွန်ယက် အဖြစ် AEC စတင်ဆောင်ရွက်တဲ့အချိန်မှာ စွန့်ဦးတီထွင်သူအနေနဲ့ ရင်ဆိုင်ကြုံတွေ့ရမယ့် အခက်*

**စွန့်ဦးတီထွင်**
**သူတွေအနေနဲ့**
**စိတ်ဓါတ်ကျစရာမလိုဘူး။**
**ပိုက်ဆံမရှိပေမယ့်လည်း**
**လုပ်ငန်းသစ်တွေကို**
**အကောင်အထည်ဖေါ်**
**လုပ်ကိုင်နိုင်တာတွေ**
**အများကြီးရှိပါတယ်။**
**Alibaba ထူထောင်သူ**
**Jack Ma ဆိုရင်**
**သူဟာပိုက်ဆံမရှိပါဘူး။**
**သို့သော်. . .**
**အခုအချိန်မှာ**
**သန်းကြွယ်သူဌေး**
**ဖြစ်နေတယ်။**
**ဘာကြောင့်လည်းဆိုရင်**
**လုပ်တတ်ဖို့ပဲ**
**လိုအပ်တယ်။**

*အခဲတွေကို ပြောပြပေးပါ။*

(ဖြေ) ။ ။ AEC တရားဝင်လုပ်ငန်း မစတင်သေးပေမဲ့ လုပ်ငန်းသဘောအရ ၂၀၁၆ ဇန်နဝါရီ ၁ ရက်ကစပြီး အသက်စဝင်ပါပြီ။ အာဆီယံ ဒေသတွင်းမှာ ဈေးကွက်ပြိုင်ဆိုင်မှု ပုံစံတွေပေါ်လာမယ်။ SME မှာ အာဆီယံနိုင်ငံအချင်းချင်း တစ်ဖက်ကထုတ်လုပ်သူနှင့် တစ်ဖက်ကရင်းနှီးမြှုပ်နှံမှုတွေ ပူးပေါင်းလုပ်ကိုင်တာတွေတိုးမြင့်လာမယ်။ လက်ရှိပြည်တွင်း ဈေးကွက်မှာပဲဆိုရင် သန်း ၅၀ ပေါ့။ အာဆီယံ ဒေသတွင်းလွတ်လပ်စွာကုန်သွယ်မှုရရှိလာတဲ့အခါ သန်း ၆၀၀ ကျော် ကုန်သွယ်ခွင့်ရရှိမယ်။ ခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် ဈေးကွက်က အများကြီးကျယ်လာမယ်။ ဈေးကွက်ပုံစံမှာ အခွင့်အလမ်းတွေရော၊ စိန်ခေါ်မှုတွေရော ဒွန်တွဲလာပါမယ်။ တစ်ဖက်က စွန့်ဦးတီထွင်မှုနဲ့ ချိတ်ဆက်ပြီးတွေ့တဲ့အခါမှာ မူရင်း ရှိရင်းစွဲစီးပွားရေးလုပ်ငန်းတွေအပြင်မှာ စွန့်ဦးတီထွင်သူတွေ များများပေါ်ထွက်လာမှရမယ်။ အဲဒီ အတွက်လည်း ကျွန်တော်တို့အနေနဲ့ UN အဖွဲ့အစည်းတွေ၊ စီးပွားရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ (သင်တန်းပေးတာ + အကြံဉာဏ်ပေး + စီးပွားရေးတွေချိတ်ဆက်ပေး) အပြင်မှာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေဖြစ်တဲ့အထိ တာဝန်ယူပေးတဲ့ ဆောင်ရွက်ပေးနေပါတယ်။

အကြံပြုချင်တာကတော့ ပြည်တွင်းက စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ အားလုံး နိုင်ငံတကာနဲ့ရင်ပေါင်တန်းဆောင်ရွက်နိုင်ဖို့ အသစ်အဆန်းတွေ၊ အတွေးအခေါ်တွေပြောင်းလဲပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားသင့်ပါတယ်။ Think Global – Act Local ပေါ့ ပြည်တွင်းဈေးကွက်ကိုပဲ မကြည့်ဘဲ နိုင်ငံတကာ ဈေးကွက်ကိုပါ ကြိုတင်လေ့လာထားသင့်ပါတယ်။ နောက်တခုက စွန့်ဦးတီထွင်သူတွေအနေနဲ့ စိတ်ဓါတ်ကျစရာမလိုဘူး။ ပိုက်ဆံမရှိပေမယ့်လည်း လုပ်ငန်းသစ်တွေကို အကောင်အထည်ဖေါ်လုပ်ကိုင်နိုင်တာတွေ အများကြီးရှိပါတယ်။ Alibaba ထူထောင်သူ Jack Ma ဆိုရင် သူဟာပိုက်ဆံမရှိပါဘူး။ သို့သော်

အခုအချိန်မှာ သန်းကြွယ်သူဌေး ဖြစ်နေတယ်။ ဘာကြောင့်လည်းဆိုရင် လုပ်တတ်ဖို့ပဲ လိုအပ်တယ်။ လုပ်ငန်းတွေကို ဘယ်လိုပေါင်းစပ်လုပ်ကိုင်မလဲ၊ ကိုယ့်လုပ်ငန်းအတွက် အထောက်အကူပြုပေးနိုင်မယ့် အဆက်အသွယ်တွေ ဘယ်လိုချိတ်ဆက်မလဲ စတဲ့ ကိုယ့်ဘက်ကကျွမ်းကျင်မှုတွေ ပြည့်စုံဖို့လိုအပ်လာပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်စီးပွားရေးမှာ Economic Scale အလား အလာတွေဟာ အများကြီးဖြစ်လာသလို ထိုအခွင့်အလမ်းတွေကို ဖန်တီးပြီး အောင်မြင်တဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖြစ်စေဖို့ အကြံပြုအားပေးလျှက်ပါ။

*I am Lender (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆



## The Law of Outside-In (and) Inside-Out

(အပြင်မှတိုးတက်အောင်ပေါင်းထည့်ခြင်းနှင့်
အတွင်းမှထွက်အောင်ဖော်ထုတ်ခြင်း ဥပဒေသ)

**Management is Outside-In**

(စီမံခန့်ခွဲမှုဆိုတာ အပြင်မှတိုးတက်မှုကို ပေါင်းထည့်အားပေးခြင်းဖြစ်တယ်)

**Leadership is Inside-Out**

(ဦးဆောင်မှုဆိုတာ အတွင်းမှတိုးတက်လာအောင် ဖော်ထုတ်အားပေးခြင်းဖြစ်ပြီး)

ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုအတွက်
*"အပြင်မှ တိုးတက်မှုကို ပေါင်းထည့်အားပေးဖို့လိုအပ်သလို
အတွင်းမှ တိုးတက်လာအောင် ဖော်ထုတ်အားပေးဖို့လည်း
လိုအပ်တယ်"*

# Entrepreneur Myanmar Magazine

## နှင့်

## Interview




*(မေး) ။ ။ Entrepreneur ဆိုတဲ့ထုံးစံအတိုင်းပေါ့နော်။ ကိုယ်စွမ်း ကိုယ်စနဲ့ ကြိုးစားခဲ့ရတာဆိုတော့ ခရီးအစက အရမ်းစိတ်ဝင်စားဖို့ ကောင်းပါ တယ်ရှင့်။ အစ်ကိုစခဲ့ရတဲ့ခရီးအစလေးပေါ့နော်။ အခက်အခဲတွေ ဘယ်လို ကျော်ဖြတ်ခဲ့ရတယ်ဆိုတာ တစ်ချက်ပြောပြပေးပါဦး။*

**(ဖြေ) ။ ။ ဟုတ်ကဲ့ခင်ဗျ။ ညီမပြောသလိုပါပဲ အခက်အခဲကတော့ အများ ကြီးပါ။ကိုယ်ပဲ MD,ကိုယ်ပဲ Admin အကုန်တစ်ယောက်တည်းပဲလုပ်ခဲ့ရတာပါ။ ဝန်ထမ်းခန့်ဖို့ မထတ်နိုင်တော့ ကျွန်တော်ကျောင်းစဖွင့်ခဲ့တာ နယ်မှာပါ။**

ပုသိမ်မြို့မှာပါ။စချင်းတော့ ကျွန်တော် ဘာ Stategy ဆွဲလဲဆိုတော့ B2C ထက် B2B သွားတယ်။ Corporate ကိုသွားတာပေါ့နော်။အခုကတော့ စီးပွားကူးသန်းဝန်ကြီးဌာနရဲ့ကျေးဇူးပါ။ အဲ့ဒီနောက်Organization တွေ NGO တွေ၊ B2B တွေသွားပြီးချိတ်တာပေါ့နော်။ အဲလိုနဲ့ တဖြည်းဖြည်းအောင်မြင်လာတော့တခြားနယ်တွေ ထပ်ချဲ့တယ်။အခုကB2B Strategy အရမ်းမှန်သွားတယ်။ နောက်ပိုင်းကြတော့ နယ်ကကျောင်းတွေကို Franchise ပြန်ပေးတယ်။ကိုယ်က နာမည်ကြီးဆရာလဲမဟုတ်တော့ အစပိုင်းတော့တော်တော်ရုန်းကန်ရတယ်။ စီးပွားကူးသန်းတို့ NGO တို့ Organization တွေကိုကိုယ်တိုင်သွား Plan ချပြ၊ Marketing ဆင်း တစ်ယောက်တည်းလုပ်ရတာပေါ့နော်။ နောက်ပိုင်း ကိုယ်လုပ်နိုင်တာ သူတို့ကို သက်သေပြနိုင်တော့ ကျောင်းသာတွေပိုများလာတာပေါ့။

*(မေး) ။ ။ Entrepreneur ဖြစ်ချင်တဲ့လူငယ်တွေ အဓိကအသိချင်ဆုံးက Capital နည်းနည်းနှင့်ဘယ်လိုလုပ်ငန်းတစ်ခုရမလဲပေါ့နော်။ နောက်တစ်ခုက Capital ဘယ်လိုရှာရမလဲဆိုတာပါ။ အကို့အနေနဲ့လည်း ဘယ်လို Capital နဲ့ စတင်ခဲ့ပါသလဲ။*

(ဖြေ) ။ ။ စချင်းတုန်းက တကယ်ဘာမှမရှိပါဘူး။ ကျောင်းပြီးပြီးချင်း ပြန်လာကစဆိုတော့ ပုသိမ်မြို့မှာ စဖွင့်တဲ့အတွက်ဈေးလည်းဘာမှမကြီးဘူးပေါ့နော်။ နောက်တစ်ခုကျွန်တော်က Service Industry ဆိုတော့လေ၊ ကျွန်တော်ကိုယ်တိုင်သင်ခဲ့တာပါ။တစ်ယောက်တည်းပဲ။နည်းနည်းအဆင်ပြေ အောင်မြင်လာတော့ သူငယ်ချင်းတွေက ပိုက်ဆံထုတ်ပေးကြတယ်။ သူတို့ကို Bussiness Plan ချပြတာပေါ့နော်။ သူတို့ကိုသက်သေပြနိုင်တော့ သူတို့ကကျွန်တော့်ကို ယုံကြည်တယ်၊အားပေးတယ်။ အဲလိုနဲ့စရင်းနှင့်တိုးပွားလာတာပေါ့နော်။အခုက ကျွန်တော် လူငယ်တွေကိုပြောပါရယ်။ Entrepreneur သင်တန်းတက်တဲ့သူတွေကို

Entrepreneur တစ်ယောက်ဆိုတာ လေယာဉ်ပျံတစ်စီးလိုပါပဲ၊ အစပိုင်းခက်ခဲတယ်။ အားထည့်ရတယ်။ နောက်ပိုင်းသူ့ဟာနဲ့ သူအဆင်ပြေသွားပါတယ်။

*(မေး) ။ ။ ပုသိမ်မြို့မှာစဖွင့်တော့ Marketing ဘယ်လိုဆင်းခဲ့လဲ။ အစ်ကို နယ်ဘက်လူတွေဒီလိုသင်တန်းတွေကို Aware ဖြစ်အောင်လို့ပေါ့နော်။ပုသိမ်ဘက်မှာ Competitor တွေရှိခဲ့ပါသလား။*

(ဖြေ) ။ ။ ကျွန်တော်ပုသိမ်မြို့ကိုရွေးလိုက်တာမှန်တယ်ခင်ဗျ။ Competitor တွေ သိပ်မရှိခဲ့ဘူး။Marketing က သတင်းစာတွေထဲထည့်တယ်။ Company တွေကို ကိုယ်တိုင်သွားပြီး Marketing ဆင်းတယ်။ ပွဲတွေလုပ်တယ်။ Entrepreneur Success ဆိုပြီးပွဲတွေလုပ်တယ်။ အဲဒီတုန်းက ရောဝတီတိုင်းဝန်ကြီးချုပ်၊ NGO အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတော်တော်များများတက်ရောက်ကြတယ်။ အဲဒီမှာကျွန်တော်တို့ကျောင်းကို တော်တော်လူသိများသွားတယ်။

*(မေး) ။ ။ အစ်ကို Franchise လုပ်ဖို့စိတ်စိတ်ကူးရခဲ့ပုံလေးပြောပါဦးရှင်။*

(ဖြေ) ။ ။ အဓိက နယ်တွေက Demand တက်လာတယ်။ ပြီးတော့ကျွန်တော်မှာ Target ရှိတယ်။ ၂၀၁၆ မှာဘယ်နှစ်ကျောင်းဖွင့်ရမယ် ၂၀၁၇ မှာ ဘယ်နှစ်ကျောင်းဖွင့်ရမယ်ဆိုပြီးပေါ့နော်။ မြို့တော်တော် များများကို Cover မိဖို့ခုလို Frachise ကျောင်းတွေကိုဖွင့်ဖို့ဖြစ်လာတာပါ။ နယ်ကလူတွေဒီက ဒီလိုကျောင်းမျိုးတက်ချင်ရင် ရန်ကုန်လာရတယ်။ နေဖို့စားဖို့နဲ့ ကုန်ကျစရိတ်ပိုသွားတာပေါ့နော်။နယ်မှာဖွင့်တော့ သူတို့အတွက်ပိုအဆင်ပြေတယ်။ အဓိက ကျွန်တော်လူငယ်တွေကို အမြဲပြောတာလေးရှိပါတယ်။ Network ကောင်းဖို့ပါ။ ကျွန်တော်ဆိုလူက ရန်ကုန်မှာ ဒါပေမယ့် မုံရွာမှာ Network ရှိတော့ အဲမှာ

ကျောင်းဖွင့်ဖို့အဆင်ပြေကတယ်။

*(မေး) ။ ။ အစ်ကိုရဲ့ Role Model တွေပြောပေးပါဦးရှင့်။*

(ဖြေ) ။ ။ ပြည်တွင်းမှာဆို ဆရာကြီးအောင်ထွန်းသက်ပါ။ ကျွန်တော် ဆရာပါပဲ။ နောက်ဗိုလ်ချုပ်အောင်ဆန်းပေါ့နော်။ သူကငယ်ငယ်နဲ့ အလုပ်တွေ အလုပ်တွေ အများလုပ်ခဲ့တော့လေ။ ပြည်ပမှာဆို Jack Ma ပါ။ သူက ကျွန်တော့်လိုပဲ ၁၂ ကျပ်နဲ့စခဲ့တာပါ။ ဆင်းရဲတဲ့ကျောင်းဆရာလဲဖြစ်တယ်။ နောက် Coporate နဲ့ ချိတ်ပြီးအောင်မြင်ခဲ့တာလဲဆိုတော့လေ။ နောက် Steve Jobs ပါ။ သူက Passion ရှိတယ်။ Innovative ဖြစ်တယ်။

(မေး) ။ ။ ကိုယ်ပိုင်ဖြိုးပိုင်အနေနဲ့ အစ်ကို့လိုလူငယ် Entrepreneur တွေကို ဘယ်လို အကြံပေးချင်ပါလဲ အစ်ကို။ အားပေးစကားလေးတွေ ပြောပေးပါဦး ပြောပြပေးပါဦး။

(ဖြေ) ။ ။ အဓိက Entrepreneur ဆိုတည်းက Risk ကိုယူရတာပေါ့နော်။ ဝန်ထမ်းဆိုလည်း ဝန်ထမ်း Risk ဥပမာဒီနှစ် ၅ သိန်းရတယ်။ နောက်နှစ် ၁၀ သိန်း၊ နောက်နှစ် ၁၅ သိန်း အဲလိုပေါ့နော်။ Entrepreneur ကြတော့ ဒီနှစ် ၅သိန်း၊ နောက်သိန်း (၅၀) ဖြစ်နိုင်သလိုရှုံးတာလဲဖြစ်နိုင်တယ်။ အဲဒီ Risk ရှိတယ်။ ဒါပေမယ့် ယူရဲရမယ်ပေါ့နော်။နောက်အခက်အခဲကို ကျော်လွှားနိုင်ရင် Hero ဖြစ်မယ်၊ မကျော်လွှားနိုင်ပဲအရှုံး ပေးရင်တော့ Zero ဖြစ်မယ်။ကိုဝါသနာပါရာကိုလဲလုပ်စေချင်တယ်။ ကျွန်တော်ငယ်ငယ်ကတည်းက စာသင်ရတာ ဆရာလုပ်ရတာ ဝါသနာပါတယ်။ အခုဝါသနာနဲ့ လက်ရှိဈေးကွက်ကစ်ထပ်တည်းကျသွားတာပေါ့။ လူငယ်တွေကငွေကြေးအခက်အခဲရှိတယ် ပြောကြတယ်။

လုပ်ငန်းစရင်ကျွန်တော်ပြောချင်တာက ငွေဆိုတာထိုင်စောင့်နေလို့ ရောက်မလာတယ်ဆိုတာမရှိပါဘူး။ Idea & Sd ဖို့နဲ့အဲဒီ Idea ကိုအကောင်အထည်ဖော်ရဲဖို့ပါပဲ။ ကျွန်တော်လဲအစကပိုက်ဆံမရှိပါဘူး။ ဒါပေမယ့် သူများပိုက်ဆံတွေနဲ့ပဲ ကျောင်းတွေဖွင့်ခဲ့တယ်၊ ထပ်ချဲ့ဖို့လဲစီစဉ်နေပါတယ်၊ Entrepreneur ဆိုတာနိုင်ငံအသက်သွေးကြောပါ။ တိုင်းပြည်စီးပွားကောင်းဖို့ စီးပွားရေးဦးဆောင်နိုင်သူ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ အများကြီးလိုအပ်ပါတယ်။အဲဒီအတွက်လဲ ကျွန်တော် Myanmar Entrepreneur SME Institute က ကူညီဖို့အမြဲအသင့်ပါပဲ ခင်ဗျ။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆




Leader are Learner
Learn from Leader

(ခေါင်းဆောင်ဆိုတာ လေ့လာနေသူ
ခေါင်းဆောင်များထံမှ လေ့လာသင်ယူပါ)

MESI

ZIN PHYO PAING

MESI Business Institute

# အပိုင်း (၇)

နိဂုံးချုပ်

## 5 Level of Leadership
## အဆင့်အတိုင်း ပြောင်းလဲတိုးတက် စီမံခန့်ခွဲသွားဖို့

အဆင့် (၁) Job Seeker Level - ဘဝအတွက် အလုပ်ရှာဖွေနေသူ အဆင့်မှာ . . . (မိမိဘဝအတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ် ပါတယ်။

*အခွင့်အရေးရှိနေရုံနဲ့ မရနိုင်ပါဘူး*
*အခွင့်အရေးကို ရှာဖွေဖန်တီး ကြိုးစားခြင်းသာ*

အဆင့် (၂) Supervisory Staff Level - လုပ်ငန်းခွင်အတွက် ဝန်ထမ်းအဆင့်မှာ. . . (မိမိအတွက်) + (အလုပ်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

*ချစ်တဲ့အလုပ်ကို လုပ်ပါ - လုပ်တဲ့အလုပ်ကို ချစ်ပါ*
*ရထားတဲ့အလုပ်တွေကို တန်ဖိုးထားပါ*
*တန်ဖိုးထားတဲ့အလုပ်တွေကို ရယူဖို့ကြိုးစားပါ*

အဆင့် (၃) Staff Manager Level - အလုပ်နှင့် ဝန်ထမ်းများအတွက် စီမံခန့်ခွဲမှုအဆင့်မှာ. . .(မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများ အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

*မအောင်မြင်ခင်မှာ မိမိကိုယ်ကို ဦးဆောင်ပါ*
*အောင်မြင်လာချိန် တခြားသူတွေကို ဦးဆောင်ပါ*

အဆင့် (၄) Business Owner Level - စီးပွားရေးလုပ်ငန်းအားလုံး အတွက် ဦးဆောင်မှုအဆင့်မှာ. . .(မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများအတွက်) + (လုပ်ငန်းအဖွဲ့အစည်းအတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

*ခေါင်းဆောင်ဆိုတာ နောက်ကွယ်မှ အလုပ်တွေကိုပြီးမြောက်ဖို့*
*နောက်လိုက်တွေမွေးမြူပြီး ရှေ့ဆက်သွားမယ့် အလုပ်တွေ*
*အတွက် ခေါင်းဆောင်ကောင်းတွေ မွေးမြူဖို့လိုအပ်တယ်*

အဆင့် (၅) Country Leader Level - အများပြည်သူ နိုင်ငံနှင့် တိုင်းပြည်အတွက် ဦးဆောင်မှုအဆင့်မှာ. . .(မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများအတွက်) + (လုပ်ငန်းအဖွဲ့အစည်းအတွက်) + (နိုင်ငံတော်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

*နိုင်ငံက ကိုယ့်တွက် ဘာအကျိုးရမလဲဆိုတာကို မစဉ်းစားပဲ*
*ကိုယ်က နိုင်ငံကို ဘယ်လိုအကျိုးပြုမလဲဆိုတာကို စဉ်းစားပါ*

## 5 Level of Leadership (ခေါင်းဆောင်မှု အဆင့် ၅ ဆင့်)

Responsibility (တာဝန်ယူမှု)

| Leadership Level | မိမိဘဝ | အလုပ် | ဝန်ထမ်း | အဖွဲ့အစည်း | နိုင်ငံ |
|---|---|---|---|---|---|
| Country Leader | မိမိအတွက် | + အလုပ် | + ဝန်ထမ်း | + အဖွဲ့အစည်း | + နိုင်ငံ |
| Business Owner | မိမိအတွက် | + အလုပ် | + ဝန်ထမ်း | + အဖွဲ့အစည်း | |
| Staff Manager | မိမိအတွက် | + အလုပ် | + ဝန်ထမ်း | | |
| Supervisory Staff | မိမိအတွက် | + အလုပ် | | | |
| Job Seeker | မိမိအတွက် | | | | |

Change Management & Leadership

Other ( တခြားနှင့် ဆိုင်သော )

# The Law of Balance in Management & Leadership

## နှစ်ဖက်မျှတသော စီမံမှုနှင့် ဦးဆောင်မှု ဥပဒေသများ



စီမံဦးဆောင်မှုဆိုတာ
ချိန်ခွင်ဝမာ ညီညာသည်ရှိသော်
ပျော့လွန်းလျှင် ရှုံး
မာလွန်းလျှင် မုန်း
မလျှော့မတင်း ဦးဆောင်စီမံခြင်းသာ

စီမံဦးဆောင်မှုရဲ့ သဘောမှာ ချိန်ကွင်နှစ်ဖက်ကို မျှတစွာ ရပ်တည်စီမံနိုင်ဖို့ ဥပဒေသသဘောတရားဖြစ်ပါတယ်။ (ပျော့လွန်းလျှင် - ရှုံးတက်ပြီး) (မာလွန်းလျှင် - မုန်းတက်ပါတယ်)- မလျှော့မတင်း ဦးဆောင်စီမံခြင်း မျှတစွာ စီမံခြင်းသည်သာ Management & Leadership ရဲ့ အနှစ်ချုပ် နိယာမ သဘောပင်ဖြစ်ပါတယ်။

The law of balance နှစ်ဖက်မျှတမှု (မှန်လား၊ မမှန်းလား) ဆိုတာ ပတ်ဝန်းကျင်မှာဖြစ်ပျက်နေတဲ့ အခြေအနေ၊ ကိုယ်တိုင်အတွေ့အကြုံတွေကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး သင်ခန်းစာရယူနိုင်ပါတယ်။

လူမှုဝန်းကျင်မှာ ခေါင်းဆောင်မှုနှင့် စီမံမှုတို့ နှစ်ဖက်မညီမျှမိရင်-

- လူမှုဝန်းကျင်မှာ ကိုယ်ကြိုက်တာလုပ်နေပြီး၊ သူများမကြိုက်တာဖြစ်နေတက်ပါတယ်။

(ကိုယ့်အကြိုက်၊ သူတပါးအကြိုက် စီမံဦးဆောင်မှု မျှတစွာနေထိုင်မှသာ လူမှုဝန်းကျင်မှာအဆင်ပြေပါလိမ့်မယ်)

လုပ်ငန်းခွင်မှာ ခေါင်းဆောင်မှုနှင့် စီမံမှုတို့ နှစ်ဖက်မညီမျှမိရင်-

- အလုပ်အောင်မြင်မှုမှာ ကိုယ်လိုချင်တာဖန်တီးနေပြီး၊ အဖွဲ့အစည်းလိုအပ်ချက်တွေဖြစ်နေတက်ပါတယ်။

(ကိုယ်လိုချင်တာဖန်တီးရင်း၊ အဖွဲ့အစည်းလိုအပ်တာဖြည့်ဆည်းပြီး စီမံဦးဆောင်မှု မျှတစွာကြိုးစားမှသာ လုပ်ငန်းများတိုးတက်အောင်မြင်နိုင်ပါတယ်)

အခက်အခက်တွေမှာ ခေါင်းဆောင်မှုနှင့် စီမံမှုတို့ နှစ်ဖက်မညီမျှမိရင်-

- အခက်အခဲတွေမှာ ပြဿနာပဲစဉ်းစားနေပြီး၊ ဖြေရှင်းဖို့မကြိုးစားလျှင် မတိုးတက်မှုသာဖြစ်နေတက်ပါတယ်။

(ဖြစ်တဲ့ပြဿနာကိုစဉ်းစားရင်း၊ ဖြေရှင်းနိုင်တဲ့ နည်းလမ်းရှာကြိုးစားပြီး စီမံဦးဆောင်မှုမျှတစွာ ကြိုးစားမှသာ အခက်အခဲလွတ်မြောက် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်မှုနှင့် စီမံမှုတို့ နှစ်ဖက်မညီမျှမိရင်-

- အဖွဲ့အစည်းတွေမှာ ရုံးအထဲကိုသာကြည့်နေပြီး၊ ပြင်ပရေးရာကို မကြည့်ရင် လိုအပ်ချက်တွေရှိနေမှာဖြစ်ပါတယ်။

(ရုံးအတွင်းစီမံမှု၊ ရုံးအပြင်ဘက်အခွင့်အလမ်းရှာဖွေမှု စီမံဦးဆောင်မှု မျှတစွာကြိုးစားနိုင်မှသာ အဖွဲ့အစည်းများ တိုးတက်အောင်မြင်မှာဖြစ်ပါတယ်။

လူနဲ့အလုပ်တိုးတက်မှုမှာ ခေါင်းဆောင်မှုနှင့် စီမံမှုတို့ နှစ်ဖက်မညီမျှမိရင်-

- လူနဲ့အလုပ်တိုးတက်မှုမှာ အလုပ်တွေသာတိုးတက်နေပြီး၊ လူတွေမတိုးတက်ရင် ဖန်တီးမှုအားနည်းမှာဖြစ်ပါတယ်။

(အလုပ်တွေရင်းနှီးမြှုပ်နှံရင်း၊ လူတွေကိုတိုးတက်အောင်သင်ကြားရင်း စီမံဦးဆောင်မှု မျှတစွာကြိုးစားမှသာ ရေရှည်တိုးတက်သော လုပ်ငန်းကျင်တိုးတက်အောင်မြင်မှုသို့ ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။

The Laws of Balance (နှစ်ဖက်မျှတခြင်း ဥပဒေသ) သည်သာ အားလုံးသော လုပ်ငန်းကျင်၊ အဖွဲ့အစည်း၊ နိုင်ငံတိုင်းအတွက် ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့ ထာဝရမှန်ကန်နေမည်မှာ. . .။

*I am Leader (ငါသည် ခေါင်းဆောင်သူဖြစ်တယ်)*
*I Can Do It (ငါလုပ်နိုင်ပါတယ်)*
*I Must - I Can (ငါမဖြစ်ဖြစ်အောင်လုပ်ရင် - ငါဖြစ်နိုင်တယ်)*
*Living with Beliving (ယုံကြည်မှုနဲ့ ငါရှင်သန်နေတယ်)*

◆◆◆

# *The Law of Management & Leadership*
# *စီမံခန့်ခွဲမှု နှင့် ခေါင်းဆောင်မှု ဥပဒေသများ*

❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Doing Thing Right & Doing Right Thing
(အလုပ်ကို မှန်အောင်လုပ်ခြင်း နှင့် မှန်တဲ့အလုပ်ကိုလုပ်ခြင်း ဥပဒေသ)

Management is Doing Thing Right

(စီမံမှုဆိုတာ အလုပ်တွေကို မှန်အောင်လုပ်ခြင်းဖြစ်ပြီး)

Leadership is Doing Right Thing

(ခေါင်းဆောင်မှုဆိုတာ မှန်တဲ့အလုပ်တွေကို ပြုလုပ်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အလုပ်တွေကို မှန်အောင်လုပ်ပြီး မှန်တဲ့အလုပ်တွေကို ပြုလုပ်လျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Leading Other and Following Other

(အများနောက်လိုက်ခြင်းနှင့် အများအတွက်ဦးဆောင်ခြင်း ဥပဒေသ)

**Management is Following Other**

(စီမံမှုဆိုတာ အများနောက်လိုက် စီမံပေးခြင်းဖြစ်ပြီး)

**Leadership is Leading Other**

(ခေါင်းဆောင်မှုဆိုတာ အများအတွက်ရှေ့မှာနေပြီး ဦးဆောင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အများနောက်လိုက် စီမံပေးပြီး အများအတွက် ရှေ့မှာဦးဆောင်လျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Work Management & People Leading

(အလုပ်တွေကို စီမံခြင်း နှင့် လူတွေကို ဦးဆောင်ခြင်း ဥပဒေသ)

**Management is Managing Work**

(စီမံမှုဆိုတာ အလုပ်တွေကို စီမံခြင်းဖြစ်ပြီး)

**Leadership is Leading People**

(ခေါင်းဆောင်မှုဆိုတာ လူတွေကို ဦးဆောင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အလုပ်တွေကို စီမံပြီး လူတွေကိုဦးဆောင်လျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Working Brain & Working Hart

(ဦးနှောက်နဲ့အလုပ်လုပ်ခြင်းနှင့် နှလုံးသားနှင့် အလုပ်လုပ်ခြင်း ဥပဒေသ)

Management is working with Brain

(စီမံမှုဆိုတာ ဦးနှောက်နဲ့ဆုံးဖြတ် အလုပ်လုပ်ခြင်းဖြစ်ပြီး)

Leadership is working with Hart

(ခေါင်းဆောင်မှုဆိုတာ နှလုံးသားနဲ့ခံစား အလုပ်လုပ်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*ဦးနှောက်နဲ့ဆုံးဖြတ် အလုပ်လုပ်ပြီး နှလုံးသားနဲ့ခံစား အလုပ်လုပ်လျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Short-tem Mission and Long-term Vision

(ကာလတို ရည်မှန်းကြိုးစားခြင်းနှင့် ကာလရှည်မျှော်မြင်ကြိုးစားခြင်း ဥပဒေသ)

Management is Mission for Short-term

(စီမံမှုဆိုတာ ကာလတိုအတွက် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ပြီး)

Leadership is Vision for Long-term

(ခေါင်းဆောင်မှုဆိုတာ ကာလရှည်အတွက် မျှော်မှန်းကြိုးစားခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*ကာလတိုအတွက် ရည်မှန်းဆောင်ရွက်ပြီး ကာလရှည်အတွက်*
*မျှော်မှန်းကြိုးစားလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Curren Present and Creation Future

(လက်ရှိအတွက် ကြိုးစားခြင်းနှင့် အနာဂတ်ကို ပြောင်းလဲခြင်း ဥပဒေသ)

**Management is Current Present**

(စီမံမှုဆိုတာ လက်ရှိအခြေအနေကို စီမံဆောင်ရွက်ခြင်းဖြစ်ပြီး)

**Leadership is Creation Future**

(ခေါင်းဆောင်မှုဆိုတာ အနာဂတ်အတွက် ဖန်တီးဦးဆောင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်
လက်ရှိခြေအနေကို စီမံဆောင်ရွက်ပြီး အနာဂတ်အတွက် ဖန်တီးဦးဆောင်လျက်
နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Push Behind & Pull Infront

(အနောက်မှနေ၍ တွန်းပို့ခြင်းနှင့် အရှေ့မှနေ၍ ဆွဲခေါ်ခြင်း ဥပဒေသ)

**Management is Pushing from Behind**

(စီမံမှုဆိုတာ အနောက်မှနေ၍ တွန်းပို့အားပေးခြင်းဖြစ်ပြီး)

**Leadership is Pulling from Infront**

(ခေါင်းဆောင်မှုဆိုတာ အရှေ့မှနေ၍ လမ်းပြဆွဲခေါ်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်
အနောက်နေ၍ တွန်းပို့အားပေးပြီး အရှေ့မှနေ၍ လမ်းပြဆွဲခေါ်လျက်
နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Inside Looking & Outside Looking

(အတွင်းပိုင်းကြည့်ရှုသုံးသပ်ခြင်းနှင့် အပြင်ပိုင်းသုံးသပ်ကြည့်မြင်ခြင်း ဥပဒေသ)

Management is Looking Inside

(စီမံမှုဆိုတာ လုပ်ငန်းအတွင်းပိုင်းကို ကြီးကြပ်စီမံခန့်ခွဲမှုများပြီး)

Leadership is Looking Outside

(ခေါင်းဆောင်မှုဆိုတာ လုပ်ငန်းအပြင်ပိုင်းကို သုံးသပ်ဦးဆောင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*လုပ်ငန်းအတွင်းပိုင်း ကြီးကြပ်စီမံပြီး လုပ်ငန်းအပြင်ပိုင်းကို*
*သုံးသပ်ဦးဆောင်လျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Implementation Work and Inspiration People

(အလုပ်တွေကို ထူထောင်ခြင်းနှင့် လူတွေကို အားပေးခြင်း ဥပဒေသ)

Management is Implementation for Work

(စီမံမှုဆိုတာ အလုပ်တွေကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး)

Leadership is Inspiration for People

(ခေါင်းဆောင်မှုဆိုတာ လူတွေကို အားပေးတိုက်တွန်းပေးခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အလုပ်တွေကို အကောင်အထည်ဖော်ပြီး လူတွေကို အားပေးတိုက်တွန်းလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Administrator & Innovator

(အုပ်ချုပ်စီမံခြင်းနှင့် ဖန်တီးတီထွင်ခြင်း ဥပဒေသ)

**Management is Administration for Work**

(စီမံမှုဆိုတာ အလုပ်တွေကို စီမံအုပ်ချုပ်ခြင်းဖြစ်ပြီး)

**Leadership is Innovation for Thing**

(ခေါင်းဆောင်မှုဆိုတာ အရာတွေကို ဖန်တီးတီထွင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်
အလုပ်တွေကို စီမံအုပ်ချုပ်ပြီး အရာတွေကို ဖန်တီးတီထွင်လျှက်
နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Seeing Work and Findinig Way

(အလုပ်အပေါ်ကြည့်မြင်ခြင်းနှင့် နည်းလမ်းအပေါ်ရှာဖွေခြင်း ဥပဒေသ)

**Management is Seeing for Work**

(စီမံမှုဆိုတာ အလုပ်တွေကို ကြည့်မြင်လေ့လာခြင်းဖြစ်ပြီး)

**Leadership is Looking for Way**

(ခေါင်းဆောင်မှုဆိုတာ နည်းလမ်းတွေကိုရှာဖွေလေ့လာခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်
အလုပ်တွေကို ကြည့်မြင်လေ့လာပြီး နည်းလမ်းတွေကို ရှာဖွေလေ့လာလျှက်
နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Question What & Answer How

(ဘာလုပ်ရမလဲဆိုတာ မေးခြင်းနှင့် ဘယ်လိုလုပ်ရမလဲ ဖြေပေးခြင်း ဥပဒေသ)

Management is Question What

(စီမံမှုဆိုတာ ဘာတွေလုပ်မလဲ မေးခွန်းမေးခြင်းဖြစ်ပြီး)

Leadership is Answer How

(ခေါင်းဆောင်မှုဆိုတာ ဘယ်လိုလုပ်ရမလဲ အဖြေပေးနိုင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*ဘာတွေလုပ်မလဲ မေးခွန်းမေးပြီး ဘယ်လိုလုပ်ရမလဲ အဖြေပေးလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Position Power (and) Personal Power

(ရာထူးအာဏာရှိခြင်းနှင့် ကိုယ်တိုင်ဩဇာလွှမ်းမိုးခြင်း ဥပဒေသ)

Management is Position Power

(စီမံမှုဆိုတာ အထင်ကြီးလေးစားမှု ရာထူးအာဏာရှိခြင်းဖြစ်ပြီး)

Leadership is Personal Power

(ခေါင်းဆောင်မှုဆိုတာ ရှိသေလေးစားမှု ကိုယ်တိုင်ဩဇာရှိခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အထင်ကြီးလေးစားမှု ရာထူးအာဏာရှိပြီး ရှိသေလေးစားမှု*
*ကိုယ်တိုင်ဩဇာရှိလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Responsibility & Accountablity

(တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း ဥပဒေသ)

Management is Responsibility

(စီမံမှုဆိုတာ တာဝန်ယူခြင်းဖြစ်ပြီး)

Leadership is Accountability

(ခေါင်းဆောင်မှုဆိုတာ တာဝန်ခံခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*တာဝန်ယူပြီး တာဝန်ခံလျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of System & Strategy

(နည်းစနစ်စီမံခြင်းနှင့် မဟာဗျူဟာဦးဆောင်ခြင်း ဥပဒေသ)

Management is System

(စီမံမှုဆိုတာ နည်းစနစ်ကိုအခြေခံ စီမံခြင်းဖြစ်ပြီး)

Leadership is Strategy

(ခေါင်းဆောင်မှုဆိုတာ မဟာဗျူဟာကိုအခြေခံ ဦးဆောင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*နည်းစနစ်ကို အခြေခံစီမံပြီး မဟာဗျူဟာကို အခြေခံဦးဆောင်လျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Bottom & Top

## (အောက်ခြေစီမံမှု နှင့် ထိပ်ပိုင်းဦးဆောင်မှု ဥပဒေသ)

Management is Bottom Line Managing

(စီမံမှုဆိုတာ အောက်ခြေပိုင်းစီမံခြင်းဖြစ်ပြီး)

Leadership is Top Line Leading

(ခေါင်းဆောင်မှုဆိုတာ ထိပ်ပိုင်းဦးဆောင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အောက်ခြေပိုင်းကို စီမံပြီး ထပ်ပိုင်းကို ဦးဆောင်လျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of IQ and EQ

## (ဦးနှောက်စွမ်းရည်နှင့် နှလုံးသားစွမ်းရည် ဥပဒေသ)

Management is good IQ

(စီမံမှုဆိုတာ ဉာဏ်ရည်ကောင်းခြင်းဖြစ်ပြီး)

Leadership is good EQ

(ခေါင်းဆောင်မှုဆိုတာ နှလုံးရည်ပြည့်ဝခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*ဉာဏ်ရည်ကောင်းပြီး နှလုံးရည်ပြည့်ဝလျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Problem & Solving
(ပြဿနာ နှင့် ဖြေရှင်းခြင်း ဥပဒေသ)

Management is Problme Solving
(စီမံမှုဆိုတာ ပြဿနာကို မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်ခြင်းဖြစ်ပြီး)
Leadership is Decision Making
(ခေါင်းဆောင်မှုဆိုတာ ပြဿအနာအပေါ်မှာ မှန်ကန်စွာဆုံးဖြတ်နိုင်ခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်
ပြဿနာကို မှန်ကန်စွာ ဆုံးဖြတ်ချက်ချပြီး မှန်ကန်စွာဖြေရှင်းလျှက်
နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of bron Follower & born Leader
(နောက်လိုက်မွေးခြင်းနှင့် ခေါင်းဆောင်မွေးခြင်း ဥပဒေသ)

Management is born Follower
(စီမံမှုဆိုတာ နောက်လိုက်တွေကို မွေးခြင်းသဘောရှိပြီး)
Leadership is born Leader
(ခေါင်းဆောင်မှုဆိုတာ ခေါင်းဆောင်တွေကို မွေးခြင်းသဘောရှိတယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်
နောက်လိုက်တွေကို မွေးခြင်းသဘောရှိပြီး ခေါင်းဆောင်တွေကိုမွေးလျှက်
နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

### The Law of Good & Grate

(ကောင်းအောင်ကြိုးစားခြင်းနှင့် အကောင်းဆုံးဖြစ်ဖို့ကြိုးစားခြင်း ဥပဒေသ)

**Management is work for Good**

(စီမံမှုဆိုတာ ကောင်းဖို့ကြိုးစားခြင်းဖြစ်ပြီး)

**Leadership is work for Grate**

(ခေါင်းဆောင်မှုဆိုတာ အကောင်းဆုံးကြိုးစားခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*ကောင်းဖို့ကြိုးစားပြီး အကောင်းဆုံးကြိုးစားလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

### The Law of Outside-In (and) Inside-Out

(အပြင်မှတိုးတက်အောင်ပေါင်းထည့်ခြင်းနှင့် အတွင်းမှထွက်အောင် ဖော်ထုတ်ခြင်း ဥပဒေသ)

**Management is Outside-In**

(စီမံခန့်ခွဲမှုဆိုတာ အပြင်မှတိုးတက်မှုကို ပေါင်းထည့်အားပေးခြင်းဖြစ်တယ်)

**Leadership is Inside-Out**

(ဦးဆောင်မှုဆိုတာ အတွင်းမှတိုးတက်လာအောင် ဖော်ထုတ်အားပေးခြင်းဖြစ်ပြီး)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အပြင်မှ တိုးတက်မှုကို ပေါင်းထည့်အားပေးပြီး အတွင်းဘက်မှ*
*တိုးတက်လာအောင် ဖော်ထုတ်အားပေးလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Like to Do and Love to Do

(အလုပ်တိုကြိုက်နှစ်သက်ခြင်းနှင့် အလုပ်အပေါ်ချစ်မြတ်နိုးခြင်း ဥပဒေသ)

Management is Like to Do

(စီမံခန့်ခွဲမှုဆိုတာ အလုပ်အပေါ်မှာ ကြိုက်နှစ်သက်ခြင်းဖြစ်ပြီး)

Leadership is Love to Do

(ဦးဆောင်မှုဆိုတာ အလုပ်အပေါ်မှာ ချစ်မြတ်နိုးတန်ဖိုးထားခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အလုပ်အပေါ်မှာ ကြိုက်နှက်သက်ပြီး အလုပ်အပေါ်မှာ မြတ်နိုတန်းဖိုးထားလျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Big Size and High Speed

(အလုပ်အရွယ်အစားကြီးခြင်းနှင့် အလုပ်တိုးတက်မှုနှုန်းမြန်ခြင်း ဥပဒေသ)

Management is try to Big Size

(စီမံခန့်ခွဲမှုဆိုတာ အလုပ်၏ အရွယ်အစားကြီးဖို့ ကြိုးစားပြီး)

Leadership is try for High Speed

(ဦးဆောင်မှုဆိုတာ အလုပ်၏ တိုးတက်မှုနှုန်း မြန်ဆန်ဖို့ ကြိုးစားခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အလုပ်ရဲ့ အရွယ်အစားကြီးဖို့ကြိုးစားပြီး အလုပ်ရဲ့တိုးတက်မှုနှုန်း*
*မြန်ဆန်ဖို့ကြိုးစားလျှက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Physical Development & Mental Development

(ရုပ်ပိုင်းဆိုင်ရာ တိုးတက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖြိုးတိုးတက်ခြင်း ဥပဒေသ)

Management is Physical Development

(စီမံခန့်ခွဲမှုဆိုတာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးပြီး)

Leadership is Mental Development

(ဦးဆောင်မှုဆိုတာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသို့ ဖန်တီးခြင်းဖြစ်တယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*ရုပ်ပိုင်းဆိုင်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးပြီး စိတ်ပိုင်းဆိုင်ရာ*
*ဖွံ့ဖြိုးတိုးတက်အောင်ဖန်တီးလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Focus Task & Focus Goal

(အလုပ်အပေါ် အာရုံစိုက်ခြင်းနှင့် ရည်မှန်းချက်အပေါ် အာရုံစိုက်ခြင်း ဥပဒေသ)

Management is Focus on Task

(စီမံခန့်ခွဲမှုဆိုတာ အလုပ်အပေါ်မှာ အာရုံထားခြင်းဖြစ်ပြီး)

Leadership is Focus on Goal

(ဦးဆောင်မှုဆိုတာ ရည်မှန်းချက်အပေါ် အာရုံထားခြင်းဖြစ်ပါတယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အလုပ်အပေါ်မှာ အာရုံထားပြီး ရည်မှန်းချက်အပေါ် အာရုံထားလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of Imitate Copy & Real Original

(မိတ္တူနမူနာအတုယူခြင်းနှင့် မူရင်းအစစ်အမှန်ဖြစ်ခြင်း ဥပဒေသ)

**Management is Imitate Copy**

(စီမံခန့်ခွဲမှုဆိုတာ အတုယူ မိတ္တူကူးခြင်းဖြစ်ပြီး)

**Leadership is Real Original**

(ဦးဆောင်မှုဆိုတာ မူလအစစ်အမှန်ဖြစ်ခြင်း သဘောဖြစ်ပါတယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*မိတ္တူပုံစံ အတုယူခြင်းဖြစ်ပြီး ဦးဆောင်မှုဆိုတာ မူလအစစ်အမှန်ဖြစ်လျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Take Credit & Give Credit

(ဂုဏ်ဖော်နေရာယူခြင်း နှင့် ဂုဏ်ပြုနေရာပေးခြင်း ဥပဒေသ)

**Management is Take Credit**

(စီမံခန့်ခွဲမှုဆိုတာ ကိုယ်တိုင်ဂုဏ်ယူ နေရာယူခြင်းဖြစ်ပြီး)

**Leadership is Give Credit**

(ဦးဆောင်မှုဆိုတာ အများအတွက်ဂုဏ်ယူ နေရာပေးခြင်းဖြစ်ပါတယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*ကိုယ်တိုင်ဂုဏ်ယူနေရာယူပြီး အများအတွက် ဂုဏ်ယူနေရာပေးလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

## The Law of "Say Go" & "Let' Go"

(အမိန့်ပေးသွားခြင်းနှင့် အတူသွားကြစို့အားပေးခြင်း ဥပဒေသ)

Management is "Say Go"

(စီမံခန့်ခွဲမှုဆိုတာ သွားဟု အမိန့်ပေးခြင်းဖြစ်ပြီး)

Leadership is "Let' Go"

(ဦးဆောင်မှုဆိုတာ အတူတူသွားစို့ဟု အားပေးခြင်းဖြစ်ပါတယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*သွားဟု အမိန့်ပေးပြီး အတူသွားစို့ဟု အားပေးလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

❖❖❖❖❖❖❖❖❖❖❖❖❖❖❖

## The Law of Invest Thing & Invest People

(အရာဝတ္ထုတွေကို ရင်းနှီးမြှုပ်နှံခြင်းနှင့် လူတွေကိုရင်းနှီးမြှုပ်နှံခြင်း ဥပဒေသ)

Management is investing on Thing

(စီမံခန့်ခွဲမှုဆိုတာ အရာဝတ္ထုတွေကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး)

Leadership is investing on People

(ဦးဆောင်မှုဆိုတာ လူတွေကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါတယ်)

*"ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲမှုအတွက်*
*အရာဝတ္ထုတွေကို ရင်းနှီးမြှုပ်နှံပြီး လူတွေကို တိုးတက်အောင်ရင်းနှီးမြှုပ်နှံလျက်*
*နှစ်ဖက်မျှတစွာ စီမံခန့်ခွဲဦးဆောင်သွားဖို့ လိုပါတယ်"*

# ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့

(နေ့စဉ်ခေါင်းဆောင်စိတ်များ နှိုးကြားရေးသံမိဌါန်)



*ငါတန်ဖိုးထားသော ခေါင်းဆောင်တို့သည် ဘယ်လိုနေထိုင်ကြိုးစားခဲ့လဲ*

- ငါသည် (အကြီးအကဲ ဦးဆောင်သူဖြစ်နေလျှင်) ဘယ်လိုပြုမူကြိုးစားနေမလဲ။
- ငါသည် (အားလုံးအတွက် အဓိကပုဂ္ဂိုလ်ဖြစ်နေလျှင်) ဘယ်လိုဦးဆောင်ကြိုးစားနေမလဲ။
- ငါသည် (တန်ဖိုးရှိသော လူသားတစ်ဦးဖြစ်နေလျှင်) ဘယ်လိုအသက်ရှင်နေထိုင်သွားမလဲ။

ငါသည် တန်ဖိုးရှိပြီး အားလုံးအတွက်အရေးပါသော ဦးဆောင်သူ အကြီးအကဲဖြစ်တယ်ဆိုတဲ့ စိတ်နဲ့အတူ. . .

ထူးချွန်အောင်မြင်သော ခေါင်းဆောင်တွေကို အားကျအတုယူပြီး ပြောင်းလဲတိုးတက်သော စီမံဦးဆောင်သူအဖြစ်သို့ ကြိုးစားသွားမယ်။ မျှော်မှန်းရည်ရွယ်ထားသော အောင်မြင်မှုသို့ ယုံကြည်ချက်ထားပြီး ပြောင်းလဲတိုးတက်အောင် စီမံဦးဆောင်သွားဖို့ သံဓိဋ္ဌာန်ပြုပါတယ်။

I am Hero – Not Zero
(ငါသည် သုညမဟုတ်၊ ရဲစွမ်းသတ္တိရှိသူဖြစ်တယ်)

***"One Leader Can Change The World"***

*"ခေါင်းဆောင်တစ်ဦးဟာ*

*ကမ္ဘာကြီးကိုပြောင်းလဲနိုင်တယ်ဆိုတဲ့ယုံကြည်စိတ်နဲ့*

*ငါသည် ကိုယ်တိုင်အတွက်၊ အများအတွက် တန်ဖိုးရှိအောင်*

*ကြိုးစားဦးဆောင်သွားမယ်"*


I am Living with Believing
(ငါ၏ ယုံကြည်ချက်တို့နဲ့ အသက်ရှင်နေထိုင်တယ်)
I Must = I Can (မဖြစ်ဖြစ်အောင်လုပ်ရင် = ငါလုပ်နိုင်ပါတယ်)
Yes! I Can Do It (ငါလုပ်နိုင်တယ်- ယုံကြည်တယ်)


ဖေငြိမ်းဝိုင် (MESI)
**We Can Change** (ကျွန်ုပ်တို့ ပြောင်းလဲနိုင်ပါတယ်)



# ဆရာဇင်ဖြိုးပိုင်၏

# ထွက်ရှိပြီးသော စာအုပ်များ




**ZIN PHYO PAING**

**MESI Business Institute**